
www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဂမ္ဘီရဆန်းကြယ် စာရေးဆရာ

# တိက္ကဖ

ရှက္ခဝိညာဉ်မာယာရှင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၈၅၄၀၈၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၉၆၈၀၉၁၀ |
| စီစဉ်သူ | - | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | - | စက်တင်ဘာလ၊ ၂၀၁၀ ခုနှစ် |
| ကွန်ပျူတာစာစီ | - | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | - | ရွှေနော် |
| အဖုံးဖလင် | - | EMPIRE |
| အတွင်းဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | - | ဒေါ်ကြည်ပြာသွယ် (၀၉၁၇၂) |
| မျက်နှာဖုံးပုံနှိပ် | | ဝင်းတိုးအောင်ပုံနှိပ်တိုက်<br>အမှတ် ၁၈၁၊ လမ်း ၅၀၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | - | ဒေါ်သင်းသင်းမွန်<br>သင်းစာပေ (မြ-၀၄၂၃၂)<br>အမှတ် ၁၀ ၊ ရတနာမြိုင်လမ်း၊<br>လှည်းတန်း ၊ကမာရွတ်မြို့နယ်။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

### ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

တိက္ကမ

ရက္ခဝိညာဉ်မာယာရှင် / တိက္ကမ - ရန်ကုန်။

သင်းစာပေ၊ ၂၀၁၀။

၂၇၀ - စာ။ ၁၂ စင်တီမီတာ × ၁၈ စင်တီမီတာ


BURMESE CLASSIC .com

လူမိုက်များသည် ရန်သူကို တုန့်ပြန်ရာတွင် ၄င်းတို့၏ အပြုအမူများမှာ ထင်သာမြင်သာရှိ၏။ လူယုတ်မာများကတော့ ထိုသို့မဟုတ်။ နည်းပရိယာယ်များစွာ ခင်းကျင်းပြီး သူတို့၏လှုပ်ရှားမှုများကို ထင်သာမြင်သာမရှိအောင် လျှို့ဝှက်ကာ ရန်သူကို တစ်သက်လုံး နလန်မထူအောင် သုတ်သင်ရှင်းလင်းကြစမြဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

လူတိုင်းမှာ လွတ်လပ်စွာ ပြောခွင့်တွေးခွင့်ရှိပါတယ်။ လူတစ်ယောက်ရဲ့ဘဝကို ချုပ်ကိုင်လို့ ရချင်ရပေမယ့် အဲဒီလူရဲ့ အတွေးအခေါ်၊ အယူအဆတွေကိုတော့ ဘယ်လိုမှ ချုပ်ကိုင်လို့ မရပါဘူး။ အခုအိန္ဒိယနိုင်ငံ ဂ ကန္ဒီဆိုတဲ့ ပုဂ္ဂိုလ်ကြီးရဲ့ အဖြစ်ဟာလည်း အဲဒီ သဘောအတိုင်းပါပဲ။

သူဟာ ...သူ့အယူအဆ၊ အတွေး အခေါ်တွေကို လွတ်လပ်စွာ ဖော်ထုတ်နေတာပါ။ အဲဒီအတွက် သူ့ကို ဖမ်းချုပ်လို့ရမယ်။ သူ့ရဲ့လင်း လက်တောက်ပနေတဲ့ အမျိုးသားရေးစိတ်ဓါတ်၊ သူ့တိုင်းပြည်လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေတဲ့ စိတ်ဓါတ်ကိုတော့ သူအသက်သေတဲ့အထိ ဘယ်လိုမှ ရိုက်ချိုးဖျက်ဆီးနိုင်မှာ မဟုတ်ပါဘူး ...။

လောကမှာ ဘယ်လိုအတတ်ပညာဖြစ်ဖြစ်၊ အသိပညာဖြစ်ဖြစ် ငါသိတယ်၊ ငါတတ်တယ်၊ ငါ့လောက် ဘယ်သူမှ မသိမတတ် ဘူးလို့ ကိုယ့်ကိုယ်ကို ထင်မှတ်နေတဲ့ လူတွေဟာ ကျဲခြေရာ အိုင်ထဲရောက်နေတဲ့ ဖားသူငယ်လိုပဲ။ အဲဒီအဝန်းအဝိုင်းထဲက ဘယ်တော့မှ ရုန်းထွက်နိုင်မှာ မဟုတ်ဘူး။ ဘယ်သူက လက်တွဲ ခေါ်ခေါ် အချည်းနှီးဖြစ်နေမှာပဲ။ ဘာလို့လည်းဆိုတော့ သူ့ ဘဝကို သူ့ယုံကြည်ချက်တွေက ရုန်းမရအောင် တုတ်နှောင် ထားလို့ပေါ့ ...။

ငါ့အမြင်ကတော့ ရှင်းရှင်းလေးပဲ။ လောကမှာ ငါ ဘာမှမသိသေးဘူး၊ မတတ်သေးဘူး၊ အသက်တစ်ထောင် သက်တမ်းရှည်အောင်နေရရင်လည်း ငါသိချင်တတ်ချင်တာတွေ ရှိနေဦးမှာပဲ။ ဒါကြောင့် ငါမသိတာတွေ၊ မတတ်တာတွေ ငါ့အသိဉာဏ်ထဲကို အသစ်၊ အသစ်ဆိုတဲ့ အတွေးအခေါ်တွေ ဝင်ရောက်ဖို့ ငါ့ရဲ့ဉာဏ်မျက်စိကို အမြဲတမ်း တံခါးဖွင့်ထား တယ် ...။

www.burmeseclassic.com

www.burmeseclassic.com

ဒီမှာ မစ္စတာဘွန်ဘရောင်း ...ခင်ဗျားဟာ ဗြိတိသျှ လူမျိုးသီဝီ နိုင်ငံကြီးသား ပီသစမ်းပါ၊ မြန်မာကြည့်ဟာ ငါတို့ကျွန်ပြုထားတဲ့ ကိုလိုနီနိုင်ငံဖြစ်လို့ ငါလုပ်ချင် တိုင်း၊ ငါအနိုင်ကျင့်ချင်တိုင်း ကျင့်မယ်ဆိုတဲ့ အောက် တန်းကျတဲ့ အမူအကျင့်မျိုး မလုပ်ပါနဲ့ဗျာ ...။

အဲ့ ...ဒီပွဲမှာ ခင်ဗျားအရေးနိမ့်သွားတာ အားလုံး မျက်မြင်ပဲ၊ ဒီတော့ လျော်စရာရှိတာကို လျော်လိုက်ပါ၊ ကြောင်လိမ်၊ ကြောင်ဖားး မလုပ်ပါနဲ့ ...။

## အခန်း (၁)

BURMESE CLASSIC .com

တစ်ချိန်လုံး သာသာယာယာရှိနေသော ရာသီဥတုသည် ရုတ်တရက်ဆိုသလို အုံ့မှိုင်းညို့မှိုင်းကာ မှုံရီသွားလေ၏။ အနောက် တောင်အရပ်ဆီမှ တလိပ်လိပ်တိုးတက်လာသော တိမ်ညိုတိမ်မဲ များက အချိန်အနည်းငယ်အတွင်း ကောင်းကင်တခွင်ကို ဖြန့်ကျက် အုပ်မိုးလိုက်ကြ၏။

ထိုအခါ မိုးရနံ့ပါသော လေပြည်များ တိုက်ခတ်လာရာမှ မိုးစက်အချို့ ကျဆင်းလာပြီး တဖြည်းဖြည်း သည်းသည်းမဲမဲ ရွာ သွန်းလေတော့၏။

ကုန်းမို့မို့သုသာန်ဆီမှ လှမ်းမြင်နေရသော ကောင်းကင်



www.burmeseclassic.com

www.burmeseclassic.com



ပြင်ကြီးသည် လက်ဖျစ်တစ်တွတ်မျှသော ကာလအတွင်း အမျိုးမျိုး အဖုံဖုံ အသွင်ပြောင်းသွားတော့၏။

လွန်ခဲ့သော မိနစ်ပိုင်းခန့်ကပင် သာယာကြည်မြနေသော ကောင်းကင်တခွင်မှာ ပြုံမလိုမိုးကြောင့် ကြည်လင်မှုတို့ ပျက်ပြား ခဲ့ရလေပြီ။ သြော် . . . ဘယ်အရာမှ မမြဲသော လောကကြီးပင် မဟုတ်ပါလား . . .။

အနိစ္စဝတသင်္ခါရဟူသော ဆိုစကားအတိုင်းပင် . . .။ အဘွားဒေါ်နှင်းမှုံသည် သင်္ခါရတရားကို မလွန်ဆန်နိုင်စွာဖြင့် တမလွန်ခရီး ထွက်ခွာသွားလေပြီ။ အဘွားကား မြေပုံမို့မို့အောက်တွင် ထာဝရလဲလျောင်းခဲ့ရလေပြီ။

အဘွားဒေါ်နှင်းမှုံ၏ နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်ကြသော အသုဘရှု ပရိသတ်ကြီးမှာလည်း ရုတ်တရက် ရွာဟန်ပြင်သောမိုးကြောင့် ကသုတ်ကရက် ထွက်ခွာသွားကြပြီဖြစ်၏။ သုသာန်မြေတွင် ကျန်ရစ်သူဟူ၍ နှစ်ဦးသာရှိ၏။ တစ်ဦးမှာ ဒေါက်တာထင်အောင်ကျော်ဖြစ်ပြီး ကျန်တစ်ဦးမှာ သူ၏ဦးလေးတော်စပ်သူ ဦးဖိုးထောင်ဖြစ်၏။

သူတို့နှစ်ဦးသည် သည်းမဲစွာ ရွာသွန်းနေသည့် မိုးရေစက်များကို အံတုရင်း ဒေါ်နှင်းမှုံ၏မြေပုံကို နောက်ဆုံးအနေနှင့် ဦးခိုက်လိုက်ကြ၏။ ဦးဖိုးထောင်က သူ၏ပခုံးပေါ်မှ တဘက်ကိုယူ၍ သူ့တူတော်မောင် ဒေါက်တာထင်အောင်ကျော်၏ဦးခေါင်းတွင် ပတ်





ပေးလိုက်၏။

ထိုအပြုအမူမှာ သူတို့တူဝရီးလည်း ထွက်ခွာရန်သင့်ပြီဟု သတိပေးလိုက်ခြင်းဖြစ်၏။ ထင်အောင်ကျော်သည် မြေပုံအနီး ဒူးထောက်ထိုင်နေရာမှ ထရပ်လိုက်ပြီး ဦးလေးကို ရီဝေသော မျက်ဝန်းဖြင့် ကြည့်လိုက်၏။

နှစ်ဦးသား အကြည့်ဆုံမိသည်နှင့် ပြိုင်တူလို ဆတ်ကနဲ ဦးခေါင်းညိမ့်လိုက်ပြီးနောက် ထိုနေရာမှ ကျောခိုင်းထွက်ခဲ့တော့၏။

ဒေါက်တာထင်အောင်ကျော်သည် အပြန်လမ်းတလျှောက်တွင် ဦးခေါင်းငိုက်စိုက်ဖြင့် မိမိဘဝနှင့် မိဘမျိုးရိုးစဉ်ဆက် ရပ်တည်မှုများကို လေးနက်စွာ တွေးတောနေလေ၏။ လတ်တလော ဆုံးပါးသွားသည့် အဘွားဒေါ်နှင်းမှုံသည် သူတို့မျိုးရိုးအတွင်းမှ အသက်အရွယ်ကြီးရင့်ဆုံးနှင့် နောက်ဆုံးပုဂ္ဂိုလ်ဖြစ်၏။

သူ၏မိဘများမှာ တောပုန်းဓါးပြတို့၏ လက်ချက်ဖြင့် ကွယ်လွန်ခဲ့သည်မှာ ငါးနှစ်ခန့်ရှိခဲ့ပြီဖြစ်၏။ နယ်ချဲ့ကိုလိုနီယန္တရားကြီးလည်ပတ်ရန် ကောင်းစွာအမှုတော်ထမ်းခဲ့ခြင်းအကျိုးက ပုန်ကန်သူတို့၏အညိုးဖြင့် သတ်ဖြတ်ခံရခြင်းသာ ဖြစ်ခဲ့၏။

အင်စပက်တော် ဖိုးမောင်နှံဖြစ်သော ထင်အောင်ကျော်၏မိဘများ ကွယ်လွန်စဉ်က သူသည် အင်္ဂလန်နိုင်ငံအောက်(စ်)ဖို့ဒ်တက္ကသိုလ်တွင် ရုက္ခဗေဒအထူးပြုဘာသာရပ်နှင့် ပါရဂူဘွဲ့ယူ



www.burmeseclassic.com

www.burmeseclassic.com



ရန် ကြိုးစားဆဲကာလ ဖြစ်နေသောကြောင့် မိဘများ၏အလောင်းကိုပင် မြင်ခွင့်မရခဲ့ပေ။

အမိမြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်မှာလည်း တစ်နှစ်ခန့်မျှသာ ရှိသေး၏။ သူ၏ဘဝတွင် သွေးသားတော်စပ်သူဟူ၍ အဘွားဒေါ်နှင်းမှုံနှင့် ဦးလေးဖိုးထောင်သာလျှင် ရှိတော့၏။ သူသည် ရန်ကုန်မြို့ကြီးတွင် အတန်အသင့်ကျယ်ဝန်းသော မြေကွက်နှင့် တိုက်ခံအိမ်တစ်လုံးဝယ်ကာ အဘွားနှင့် ဦးလေးကို မိမိနှင့်အတူတကွ လာရောက်နေထိုင်ရန် ဖိတ်ခေါ်၏။

ထိုကိစ္စမှာ စကားစရုံနှင့် အောင်မြင်မှုမရခဲ့ပေ။ အဘွားဒေါ်နှင်းမှုံက တစ်ဦးတည်းသော မြေးဖြစ်သည့် သူ့ကို အမြတ်တနိုး သံယောဇဉ်ရှိသော်လည်း တစ်ဘဝလုံး အဆုံးသတ်ခေါင်းချရမည့် ကိစ္စဖြစ်သောကြောင့် သူမမွေးရပ်မြေမှလွဲ၍ မည်သည့်ဒေသကိုမှ ရွေးချယ်ခြင်းမပြုဟု ခေါင်းမာစွာ ငြင်းဆန်လိုက်သောကြောင့် ဖြစ်သည်။

ထင်အောင်ကျော်အဖို့ တစ်ခုတည်းသော ကောင်းမှုကိုသာလျှင် ပြုနိုင်ခဲ့သဖြင့် ထိုအဖြစ်ကိုသာတွေးရင်း စိတ်ကိုဖြေသိမ့်နေရ၏။ ၎င်းမှာ လွန်ခဲ့သော ခြောက်လခန့်က အဘွားနှင့်ဦးလေးကို ရန်ကုန်သို့ ကိုယ်တိုင်ကိုယ်ကျ ဖိတ်ခေါ်ပြီး ရွှေတိဂုံစေတီတော်မြတ်နှင့် အခြားသော စေတီပုထိုးများကို လိုက်ပါပို့ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။





ထိုစဉ်က အဘွားသည် ရွှေတိဂုံစေတီတော်မြတ်ကို အားပါးတရ ကြည်ညိုဖူးမြော်ခွင့် ရရှိခဲ့သည့်အတွက် ကြည်နူးပျော်ရွှင်နေသည့် ပုံရိပ်များကို အမှတ်ဆင်ထင် မြင်ယောင်နေမိသည်။

ထိုကိစ္စမှာ အဘွားနှင့်ပတ်သက်၍ မိမိပြုခဲ့သည့် တစ်ခုတည်းသော ကောင်းမှုကုသိုလ်သာလျှင် ဖြစ်ခဲ့ရလေ၏။

ဒေါက်တာထင်အောင်ကျော်သည် ဇာတ်သိမ်းမကောင်းသော မိဘတို့ကို အကြောင်းပြု၍ နယ်ချဲ့လက်ပါးစေ အုပ်ချုပ်ရေးဝန်ထမ်းဘဝကို လွန်စွာစိတ်နာခဲ့၏။ သို့ကြောင့်လည်း သူသည် အင်္ဂလန်ကဲ့သို့ အင်ပါယာနိုင်ငံကြီးမှ ပါရဂူဘွဲ့ရရှိခဲ့သော်လည်း ထိုခေတ်ထိုအခါက ခေတ်စားသော အိုင်စီအက်(စ်)အလုပ်၊ မြို့အုပ်မင်း၊ ဝန်ထောက်မင်း . . . စသည့်အလုပ်များကို ငြင်းပယ်ပြီး ရန်ကုန်ယူနီဘာစီတီကောလိပ်တွင် မိမိဝါသနာပါသော သုတေသနအလုပ်ကိုသာ ဇောက်ချလုပ်ကိုင်ခဲ့ခြင်း ဖြစ်သည်။

ထိုနေ့ညနေပိုင်းသို့အရောက်တွင် ဦးလေးဖိုးထောင်က တမှိုင်မှိုင်တွေတွေဖြစ်နေသော သူ့ကို ရင်းနှီးနွေးထွေးစွာဖြင့်-

"အမေနှင်းမှုံ ဆုံးပါးသွားတာကို ငါတို့ကြီး အလွန်ကိုနှမြောတသ ဖြစ်နေပုံရတယ်၊ အင်းပေါ့လေ . . . အသက်အရွယ်၊ အတွေ့အကြုံနဲ့ ကိုယ်ကြီးပြင်းခဲ့ရတဲ့ ပတ်ဝန်းကျင်က ဒီနိုင်ငံ၊ ဒီရေမြေဝန်းကျင်နဲ့ နှစ်ပေါင်းများစွာ ဝေးကွာခဲ့ရတာဆိုတော့ ငါတို့ရဲ့ အတွေးအခေါ် ခံစားမှုတွေလည်း ကွဲပြားခြားနားသွားတာ မထူး



www.burmeseclassic.com

www.burmeseclassic.com

ဆန်းပါဘူးလေ . . . ”

ဟုပြောပြီး ဦးလေးသည် အိမ်အနောက်ဖက်ဆီသို့ ထွက်သွားလေ၏။ ထင်အောင်ကျော်သည် ဦးလေးက ဘာကိုရည်ရွယ်ပြောလိုမှန်း ရှင်းလင်းစွာ မသိလိုက်ရသဖြင့် ဦးလေးကျောပြင်ကိုငေးကြည့်ရင်း ဦးလေးပြန်အလာကို စောင့်ဆိုင်းနေရ၏။

ဦးလေး၏ဘဝသည် သူ့နည်းသူ့ဟန်ဖြင့် စိတ်ကျေနပ်မှုရှိသော ဘဝရပ်တည်မှုဟု ယူဆရမည်ဖြစ်သည်။ မွေးချင်းထဲတွင်အငယ်ဆုံးဖြစ်၏။ အသက်အရွယ် ငါးဆယ်ကျော်သည့်တိုင်အောင်အိမ်ထောင်မပြုဘဲ တစ်ကိုယ်တည်း လူပျိုကြီးဘဝဖြင့် ဘဝကိုပေါ့ပေါ့ပါးပါး ဖြတ်သန်းနေသူဖြစ်သည်။

မိခင်ကြီးဒေါ်နှင်းမှုံနှင့် နေထိုင်ပြီး လယ်ယာလုပ်ငန်းဖြင့်အသက်မွေးဝမ်းကြောင်းပြုကာ ငှင်းလုပ်ငန်းမှလွဲ၍ မည်သည့်အလုပ်ကိုမှ စိတ်ဝင်စားသူ မဟုတ်ပေ။ အနေအထိုင် ရိုးရှင်းသည်။ အပြောအဆို ပွင့်လင်းသည်။

မည်သည့်အကြောင်းကိစ္စကိုမဆို ဦးလေးသည် ခေါင်းထဲထည့်ပြီး တွေးတောပူပန်တတ်သူ မဟုတ်။ တွေးပြီး စိတ်ဖိစီးခံသူမဟုတ်။ တွေးပြီး ထွေးထုတ်ပစ်လိုက်သည်ချည်း ဖြစ်၏။

ယခုလည်း သူ၏မိခင် ဆုံးပါးသွားခြင်းအပေါ်တွင် မှိုင်တွေနေခြင်းမရှိဘဲ နေမြဲသွားမြဲအတိုင်း လုပ်ကိုင်ဆောင်ရွက်၏။

ဦးလေး၏နေအိမ်သည် ကျယ်ဝန်းသော ခြံဝိုင်းကြီးအတွင်း





၌ တသီးတသန့် ဆောက်လုပ်ထားသည့် ခြေတံရှည်ပျဉ်ထောင်အိမ်ကြီးဖြစ်သည်။ အိမ်ကြီး၏အရှေ့တွင် ကွပ်ပြစ်ဝိုင်းရှိ၏။ ထင်အောင်ကျော်သည် ဦးလေးပြန်ထွက်အလာကိုစောင့်ရင်း အိမ်ကြီးကို ရိဝေသော မျက်ဝန်းဖြင့် ကြည့်နေမိ၏။

အဘွားဒေါ်နှင်းမှုံ မရှိတော့သော်လည်း အဘွား၏အငွေ့အသက်များ ရှင်သန်နေဆဲဟု ခံစားနေရ၏။

သို့ရှိနေစဉ်မှာပဲ ဦးလေးသည် ပြုံးရွှင်သော အမူအရာဖြင့်ပြန်လည်ရောက်ရှိလာ၏။ ဦးလေးက ဒေသထွက် ချက်အရက်ပုလင်းကို သွားယူလိုက်ခြင်းဖြစ်သည်။ ထိုပုလင်းကိုကြည့်ရင်း ထင်အောင်ကျော်သည် သဘောကျစွာ ပြုံးလိုက်မိ၏။

“အဘွားအတွက် ကျွန်တော်တို့ တူဝရီးနှစ်ယောက်ရဲ့ ဝမ်းနည်းခြင်းအထိမ်းအမှတ်ပေါ့”

ဟု ထင်အောင်ကျော်က ပြောပြီး ပုလင်းကို လှမ်းယူလိုက်ရာ ထိုစကားကြောင့် ဦးလေးသည် ခန္ဓာကိုယ်လှုပ်ခါရင်း တဟားဟား ရယ်လိုက်လေ၏။ သို့ရယ်နေလျက်က မလှမ်းမကမ်းရှိ ရေအိုးစင်အနီးမှ အမြည်းပန်းကန်နှင့် အရက်ငှဲ့သောက်ရန် ဝါးကျည်တောက်များကို ယူလေ၏။

ဦးလေးသည် ထိုအရက်နှင့် အကျွမ်းတဝင်ရှိပုံရ၏။ ထင်အောင်ကျော်ကိုပင် မစောင့်ဘဲ အရက်နှစ်ခွက်ကို ရှေ့နောက်ဆင့်၍ သောက်ချလိုက်ပြီး နှုတ်ခမ်းသားကို လျှာဖြင့်သပ်လျက်ပန်းကန်


www.burmeseclassic.com

www.burmeseclassic.com



ထဲမှ ငါးခြောက်ဖုတ်တစ်ကောင်ကို ကောက်ယူဝါးစားလိုက်၏။

ထင်အောင်ကျော်လည်း ဦးလေး၏ အမူအရာကိုကြည့်၍ ဟက်ကနဲ တစ်ချက်ရယ်လိုက်ပြီး အရက်တစ်ခွက်ငှဲ့ကာ တစ်ချက်တည်း မော့ချလိုက်၏။ ခါးသက်ပူပြင်းသည့် ခံစားမှုက လည်ချောင်းတလျှောက် စီးမျောသွားပြီး ရုတ်ချည်းပင် တစ်ကိုယ်လုံး ပူနွေးသွားလေ၏။

ထို့နောက်မှာတော့ သူတို့တူဝရီးနှစ်ယောက်သည် ချက်အရက်ကို ခွက်လှည့်သောက်ရင်း စထရင်းဟိုတယ်(လ်)ကြီးအပေါ်၌ စကားပြောနေရသကဲ့သို့ လွန်စွာခန့်ငြားသွားတော့၏။ ဒေါက်တာထင်အောင်ကျော်အဖို့ရာမှာလည်း လွန်စွာရိုးစင်းသည့် တောသားကြီးဦးဖိုးထောင်ထံမှ တစ်သက်လုံး သိခွင့်မရရှိခဲ့သည့် အကြောင်းအရာများကို သိရှိခဲ့ရသဖြင့် တန်ဖိုးဖြတ်မရလောက်အောင် ဖြစ်ရလေ၏။

အဘယ်ကြောင့်ဟူမူ နောက်ကာလအတန်ကြာတွင် ၎င်းအကြောင်းကိစ္စအပေါ်တွင် အခြေခံပြီး သူသည် အံ့သြဖွယ်ကောင်းသည့် စွန့်စားမှုခရီးစဉ်ကို အကောင်အထည် ဖော်နိုင်ခဲ့သောကြောင့် ဖြစ်သည်။

ထိုအကြောင်းကို မပြောသေးခင် ဦးလေးဖိုးထောင်သည် အဘွားဒေါ်နှင်းမှုံနှင့်ပတ်သက်၍ သူ၏အယူအဆကို ပြောပြလေ၏။ ရိုဝေဝေခံစားမှုက သူ၏စကားများကို ပို၍အသက်ဝင်လှုပ်ရှား





စေရန် တွန်းပို့နေသည်ထင်၏။

"ဒီလို . . . ငါ့တူရ . . ." ဟု စကားကို အစပျိုးလျက် အသင့်ငှဲ့ထားသည့် အရက်ခွက်ကိုယူ၍ တစ်ချိုင့်တည်းမော့သောက်လိုက်ပြီး . . .

"ငါ့တူက မြန်မာပြည်မှာ လူပျိုပေါက်အရွယ်လောက်နေထိုင်ပြီး ပင်လယ်ရပ်ခြားဒေသမှာ ပညာသင်ဖို့ ထွက်သွားခဲ့တယ်၊ ငါ့တူ သွားရောက်ပညာသင်တဲ့ နိုင်ငံကလည်း ဘိလပ် (အင်္ဂလန်) နိုင်ငံဖြစ်တော့ . . . အဲဒီတုန်းက ငါ့တူအတွက် ဦးလေးတို့ မိသားတစ်စုလုံး ဂုဏ်ယူမဆုံးတပြုံးပြုံးပေါ့ကွာ၊ ငါ့တူရဲ့ဖခင် ဦးလေးရဲ့အစ်ကိုကြီးစိုးအောင်ကတော့ ဝန်ထောက်မင်းဖြစ်လေတော့ မင်းစိုးရာဇာအသိုင်းအဝန်းကြားမှာ အလွန့်ကို မျက်နှာပွင့်လန်းခဲ့တာပေါ့"

"သားက ဘယ်ဆီနေမှန်းမသိ၊ ဘယ်အချိန်ပြန်လာမှန်းမသိပေမယ့် သားမက်အဖြစ် စရံသတ်ထားဖို့ ကမ်းလှမ်းလာတဲ့သူတွေကြားမှာ မင်းအဖေဟာ တပြုံးပြုံးနဲ့ ကျေနပ်မဆုံးဖြစ်နေတာပေါ့ကွာ၊ ဦးလေးဟာ ငယ်ငယ်တည်းက မွေးချင်းတွေနဲ့မတူတဲ့စရိုက်ရှိတယ်၊ အဲဒီစရိုက်ကြောင့်ပဲ ဦးလေးဟာ မိသားစုနဲ့ အနေအထိုင်အရရော အသက်မွေးဝမ်းကြောင်းအရပါ သွေဖယ်သွားခဲ့တယ်၊ မင်းအဖေ ဝန်ထောက်မင်းကြီးက ငါနဲ့ဆန့်ကျင်ဘက် အဖြစ်ဆုံးပေါ့ကွာ၊ သူက ကိုလိုနီအစိုးရဗျူရိုကရက်ယန္တရားကို အထင်ကြီးတယ်၊ ငါက ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးကို ဖိနှိပ်အုပ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



အမြတ်ထုတ်နေတဲ့ အဲဒီယန္တရားကြီးကို ခွေးတစ်ကောင်လောက်တောင် တန်ဖိုးထားတာ မဟုတ်ဘူး၊ အထင်ကြီးလေးစားဖို့တော့ ဝေးရောပေါ့ကွာ . . .။

ဒီလောက်ပြောရင်ပဲ မင်းအဖေနဲ့ ဦးလေးရဲ့ခံယူချက်တွေ ဘယ်လောက်ကွာခြားနေတယ်ဆိုတာ ငါ့တူသဘောပေါက်မှာပါ။ ဒါကြောင့်လည်း ညီအစ်ကိုချင်း ဆက်ဆံရေးမှာ သွေးကဖြစ်တဲ့ ညီရင်းအစ်ကိုသံယောဇဉ်ကတခြား၊ ဘဝရပ်တည်မှု အတွေးအခေါ်ကတခြား ဖြစ်နေတာကြောင့် တစ်ယောက်နဲ့တစ်ယောက် အနေစိမ်းသလို ဖြစ်ခဲ့ကြတယ်၊ စကားပြောရင် သူက ဗျူရိုကရက်လေနဲ့ ပြောတယ်၊ ဦးလေးက အဖိနှိပ်ခံအလုပ်သမား လူတန်းစားအမြင်နဲ့ ပြောတယ်၊ ငါ့တူက ဘိလပ်ကိုရောက်နေတော့ ဦးလေးတို့ညီအစ်ကိုနှစ်ဦးရဲ့ ဆက်ဆံရေးကို အသေးစိပ်တော့ ဘယ်သိနိုင်မလဲလေ . . .။

အင်း . . . ငါ့တူရှေ့မှာ ငါ့တူရဲ့မိဘအကြောင်းကို ပြောရတာ အားတော့နာသကွာ၊ သို့ပေမယ့် ပြောလက်စနဲ့ ပြည့်စုံအောင် ပြောရလိမ့်မယ်၊ ဦးလေးအမြင်ပြောရရင် ငါ့တူမိဘနှစ်ပါးဆုံးပါးခဲ့ရတဲ့ အဓိကအကြောင်းရင်းက ဗြိတိသျှအစိုးရကို အဖေလိုကိုးကွယ်ပြီး ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအပေါ်မှာတော့ လက်ဝေခံရာထူးရာခံအပေါ် သာယာပြီး ကျွန်လိုဖိနှိပ်အုပ်ချုပ်တဲ့ ညာဥ်ဆိုးကြောင့်ပဲ . . .၊ ခေတ်ဆိုးစနစ်ဆိုးရဲ့ သားကောင်အဖြစ် လူဆိုးလူမိုက်တွေရဲ့ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံလိုက်ရတာ၊ အဲဒီညာဥ်ဆိုးကြောင့်ပဲ၊ အဲဒီလို အဖြစ်ဆိုးနဲ့ ရင်ဆိုင်ခဲ့ရတော့ သူအားကိုးယုံကြည်တဲ့ ဗြိတိသျှတွေက ဘာများသူ့ကို ကာကွယ်ပေးနိုင်ခဲ့လို့လဲ၊ ဦးလေးတော့ အစ်ကိုကြီးအတွက် စိတ်မကောင်းဖြစ်ရသလို သူကိုးကွယ်ယုံကြည်တဲ့ ဗြိတိသျှခွေးတွေကို အလွန်မုန်းတီးမိတယ်။

အခု . . . အစ်ကိုကြီးရဲ့ တစ်ဦးတည်းသော မျိုးဆက်ဖြစ်တဲ့ ငါ့တူက ဘိလပ်မှာ ပညာသင်ခဲ့သူဖြစ်ပေမယ့် ကျွန်စိတ်မရှိဘူး၊ ကျွန်စော်မနံဘူး၊ အမျိုးချစ်စိတ် တိုင်းပြည်ချစ်စိတ် အပြည့်အဝနဲ့ ကိုယ့်ပညာကို အသုံးပြုနေတာသိရတော့ ကိုယ့်မျိုးဆက်အတွက် ဦးလေးအရမ်းကို ဂုဏ်ယူတယ် . . .”

ဟူ၍ ရှည်လျားစွာ ပြောခဲ့သော စကားကို အဆုံးသတ်လိုက်လေ၏။

ထို့နောက် ဦးလေးသည် ခါးပုံစအတွင်း လိပ်ထားသည့် ဆေးပြင်းလိပ်အတိုကို ထုတ်ယူလိုက်ပြီး မီးညှိဖွာရှိုက်လျက် အဝေးတစ်နေရာသို့ ငေးကြည့်နေလေ၏။

မိုးသက်ရန့်သင်းထုံသည့် လေပြေက ဝှေ့ဝှေ့ဝိုက်ဝိုက် တိုက်ခတ်နေသဖြင့် သစ်ကိုင်းသစ်ရွက်များ ယိမ်းထိုးလှုပ်ရှားကာ တရှဲရှဲအသံများ ထွက်ပေါ်နေလေ၏။ တောရွာတွေ၏ အငွေ့အသက်ရန့်က ထင်အောင်ကျော်၏ အာရုံခံစားမှုကို တစ်မျိုးတဖုံ ဆွဲဆောင်လျက်ရှိ၏။





ကြယ်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မြို့ပြ၏အငွေ့အသက်ကြားမှာ နှစ်ပေါင်းများစွာ ကျင်လည်နေထိုင်ခဲ့ရသည့် သူ့အဖို့ အစဉ်သဖြင့် မွန်းကြပ်မှုများနှင့်သာ ဖြတ်သန်းခဲ့ရ၏။ လောဘ၊ ဒေါသ၊ မောဟ တည်းဟူသော ခံစားမှုများနှင့် လောင်မြိုက်ခဲ့ရ၏။ ၎င်းအငွေ့အသက်များ ကင်းစင်သည့် ရိုးရှင်းသော တောလေနှင့် ထိတွေ့ခွင့်ရသည့် အခိုက်အတန့်လေးကို ခံစား၍မဝနိုင်အောင် ဖြစ်ရလေ၏။

အသွေးအသားထဲသို့ အတော်များများ ရောက်ရှိနေပြီဖြစ်သည့် ချက်အရက်၏အာနိသင်က သူ၏အာရုံခံစားမှုများကို သဘာဝတရားနှင့် တစ်သားတည်းကျရောက်စေရန် တွန်းပို့လိုက်လေပြီ။ ဦးလေး၏စကားများသည် ပါမောက္ခကြီးတစ်ဦးက သင်တန်းသားတစ်ဦးကို လက်ချာပေးနေသကဲ့သို့ လွန်စွာလေးနက်လှ၏။ မှတ်သားဖွယ် ကောင်းလှ၏။

အဘွားဒေါ်နှင်းမှုံ ဆုံးပါးသွားသည့် အပေါ်တွင်လည်း သူ၏အမြင်ကို ပွင့်လင်းစွာ ပြော၏။ ထိုစကားများကို နားထောင်ရင်း ထင်အောင်ကျော်သည် ဦးလေးဖိုးထောင်ကို အထင်ကြီးလေးစားသည့်အကြည့်ဖြင့် ကြည့်မိလေ၏။

အဘွားဒေါ်နှင်းမှုံသည် လူ့ဘဝသက်တမ်းကို ခွဲတမ်းအပြည့်နေထိုင်ခွင့်ရရှိခဲ့သည်ဟု ဦးလေးက ပြော၏။ အသက် (၈၀) ဟူသော သက်တမ်းကို ရည်ညွှန်းပြောလိုက်ခြင်းဖြစ်ကြောင်း ထင်အောင်ကျော် သိလိုက်၏။ ဘိုင်းတစ်ပါးလက်အောက်တွင်





ခေတ်ဆိုး၊ စနစ်ဆိုးကြား ရုန်းကန်ကြီးပြင်းခဲ့ရပြီး ၎င်းသက်တမ်းအထိ အသက်ရှင်ခွင့်ရရှိခြင်းမှာ လွန်စွာကုသိုလ်ထူးကြောင်း၊ အဘွားဒေါ်နှင်းမှုံသည် နောက်ဆုံးထွက်သက်အချိန်အထိ သက်တောင့်သက်သာ နေထိုင်ခွင့်ရရှိသွားသည်မှာ လွန်စွာကျေနပ်ဖွယ်ကောင်းကြောင်း စသဖြင့် ဂုဏ်ယူဝင့်ကြွားစွာ ပြောလေ၏။

ထင်အောင်ကျော်သည် နိုင်ငံရပ်ခြားတွင် နှစ်ကာလများစွာ နေထိုင်ခဲ့ရသဖြင့် ဦးလေးဖိုးထောင်နှင့် ဆက်ဆံရာတွင် အနေခိမ်းသလို ဖြစ်ခဲ့၏။ သို့သော်လည်း ထိုနေ့ညနေခင်းမှ အစပြု၍ သူတို့တူဝရီးနှစ်ယောက်သည် တကယ့်သွေးသားရင်းပမာ ချစ်ခင်ရင်းနှီးမှုမျိုး ပြန်လည်ရရှိသွားသည်ဟု ယူဆရမည်ဖြစ်သည်။

ချက်အရက်ကို ခွက်လှည့်သောက်ရင်းဖြင့် သူတို့နှစ်ဦးသည် တစ်ကြိမ်တစ်ခါမှ ပြောခဲ့ဖူးခြင်းမရှိသော အကြောင်းအရာများကို ရင်းနှီးပွင့်လင်းစွာ ပြောဆိုလျက်ရှိရာ အချိန်ကုန်လို့ ကုန်မှန်းမသိ ဖြစ်နေကြ၏။ အချိန်မှာလည်း ညဉ့်နက်ပိုင်းသို့ ရောက်မှန်းမသိ ရောက်လာပြီဖြစ်၏။ သို့တိုင် နှစ်ဦးသားသည် စကားဝိုင်းရုပ်သိမ်းဖို့ သတိမရနိုင်အောင် ဖြစ်နေကြ၏။

ထင်အောင်ကျော်၏ဘဝတွင် ထိုနေ့က ဦးလေးနှင့်ပြောခဲ့သည့် စကားဝိုင်းကို သူ့တစ်သက် ဘယ်တော့မှ မေ့ပျောက်နိုင်မည် မဟုတ်တော့ပေ။ အကြောင်းကား သူတစ်သက် ဘယ်တုန်းကမှ မသိရှိရသော မိဘမျိုးရိုးအစဉ်အလာအချို့ကို သိရှိခွင့်ရလိုက်



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ဖြစ်သည်။ ထိုအရာများတွင် သူ့အား အထိတ်တလန့် အံ့ဩသွားစေသည်မှာ အဘိုးဖြစ်သူ ဦးကျော်ဇံသာနှင့် ပတ်သက်သည့် အဖြစ်အပျက်များဖြစ်၏။

အဘိုးဦးကျော်ဇံသာသည် ကုန်သည်အဖြစ် အသက်မွေးဝမ်းကြောင်းပြုသူဖြစ်သော်လည်း သူအလွန်ဝါသနာပါသည့် ကိစ္စမှာ ရှေးဟောင်းပစ္စည်းများ လေ့လာစူးစမ်းပြီး ဝယ်ယူစုဆောင်းခြင်း ဖြစ်သည်။ စီးပွားရေးလုပ်ကိုင်ရာတွင် ခေတ်အမြင်၊ ခေတ်အတွေး ရှိသူဖြစ်သောကြောင့် သမာရိုးကျလုပ်ကိုင်ခြင်းမျိုးမပြုဘဲ အများမတွေးသည့် ရှုထောင့်မှ တွေးခေါ်လုပ်ကိုင်သဖြင့် အောင်မြင်မှုများစွာ ရရှိခဲ့၏။

စီးပွားရေးအရ အောင်မြင်သော်လည်း အကျိုးအမြတ်မှာ ထင်သလောက် ဖြစ်မလာခဲ့ပေ . . .။ ထိုသို့ ဖြစ်မလာရခြင်းမှာ အဘိုးသည် အခြားသော ကုန်သည်များကဲ့သို့ အပျော်အပါးလိုက်စားခြင်းကြောင့် မဟုတ်ဘဲ သူဝါသနာပါသည့် ရှေးဟောင်းပစ္စည်းများ ဝယ်ယူစုဆောင်းခြင်း ကိစ္စများတွင် ငွေကြေးအမြောက်အမြား သုံးစွဲသောကြောင့်ဖြစ်သည်။

ထိုကိစ္စကြောင့်ပင် အဘွားဒေါ်နှင်းမှုံနှင့် မကြာမကြာ ပဋိပက္ခဖြစ်ရလေ၏။ မည်သို့ပင်ဖြစ်ပစေ . . . အဘိုးသည် သူ၏ဝါသနာကို မစွန့်လွှတ် . . .။ မိသားစုနှင့် အတိုက်အခံပြုပြီး သူ့ဝါသနာအတိုင်း ပြုလုပ်မြဲဖြစ်၏။ အဘိုးအမြဲပြောသည့် လက်သုံး





စကားတစ်ခွန်းရှိ၏။

"လောကမှာ ဘယ်လိုအတတ်ပညာဖြစ်ဖြစ်၊ အသိပညာဖြစ်ဖြစ် ငါသိတယ်၊ ငါတတ်တယ်၊ ငါ့လောက် ဘယ်သူမှ မသိမတတ်ဘူးလို့ ကိုယ့်ကိုယ်ကို ထင်မှတ်နေတဲ့ လူတွေဟာ . . . ကျွဲခြေရာအိုင်ထဲရောက်နေတဲ့ ဖားသူငယ်လိုပဲ၊ အဲဒီအဝန်းအဝိုင်းထဲက ဘယ်တော့မှ ရုန်းထွက်နိုင်မှာ မဟုတ်ဘူး၊ ဘယ်သူက လက်တွဲခေါ်ခေါ် အချည်းနှီးဖြစ်နေမှာပဲ၊ ဘာလို့လည်းဆိုတော့ သူ့ဘဝကို သူ့ယုံကြည်ချက်တွေက ရုန်းမရအောင် တုတ်နှောင်ထားလို့ပေါ့၊ ငါ့အမြင်ကတော့ ရှင်းရှင်းလေးပဲ၊ လောကမှာ ငါဘာမှမသိသေးဘူး၊ မတတ်သေးဘူး၊ အသက်တစ်ထောင် သက်တမ်းရှည်အောင် နေရရင်လည်း ငါသိချင်တတ်ချင်တာတွေ ရှိနေဦးမှာပဲ၊ ဒါကြောင့် ငါမသိတာတွေ၊ မတတ်တာတွေ၊ ငါ့အသိဉာဏ်ထဲကို အသစ်,အသစ်ဆိုတဲ့ အတွေးအခေါ်တွေ ဝင်ရောက်ဖို့ ငါ့ရဲ့ဉာဏ်မျက်စိကို အမြဲတမ်းတံခါးဖွင့်ထားတယ်၊ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ သင်ကြားလေ့လာတယ်၊ ငါ့ဘဝတစ်ခုလုံးကို လေ့လာသင်ကြားမှုတွေနဲ့ တည်ဆောက်ထားသလို အဲဒီသင်ကြားမှုတွေနဲ့ပဲ အဆုံးသတ်ဖို့ ဆုံးဖြတ်ထားတယ် . . ."

အဘိုးသည် သူယုံကြည်သည့်အတိုင်းပင် သူ့ဘဝကို လေ့လာသင်ကြားခြင်းဖြင့် အဆုံးသတ်သွားသည်ဟု သတ်မှတ်ရမည်ဖြစ်၏။ အံ့ဩဖွယ်ကောင်းသလို ချီးကျူးဖွယ်ကောင်းသည့် ဖွဲ့သတ္တိ



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် အဘိုးသည် သူယုံကြည်ရာကို တစိုက်မတ်မတ် လုပ်ကိုင်သွားသူဖြစ်၏။

အဘိုး၏စွန့်စားခန်းများကို နားထောင်ရင်းဖြင့် ထင်အောင်ကျော်သည် ကြက်သီးဖြန်းဖြန်း ထလောက်အောင် ဝမ်းမြောက်ကြည်နူးဖြစ်မိ၏။ ဂုဏ်ယူတျေနပ်မိ၏။ ဒါမှ ငါ့အဘိုးကွ . . . ဟု ရင်၌ဟစ်ကြွေးလိုက်ချင်၏။ ထိုသို့ သတ္တိဗျတ္တိနှင့်ပြည့်ဝပြီး လူစွန့်စားပုဂ္ဂိုလ်ကြီး၏ မြေးဖြစ်ရသည့်အတွက် မိမိဘဝအပေါ် ဂုဏ်ယူကျေနပ်မှုဖြစ်မိ၏။

အဘိုး၏စွန့်စားခန်းများမှာ အမျိုးမျိုးအဖုံဖုံ ထူးဆန်းလှပေ၏။ အဘိုးသည် မိမိအတွက် စွန့်စားသည်။ မိမိဝါသနာအတွက် စွန့်စားသည်။ လိုအပ်ပါက သူတစ်ပါးအတွက်လည်း ကိုယ်ကျိုးစွန့် အနစ်နာခံစွန့်စား၏။ အမျိုး၊ ဘာသာ၊ သာသနာအရေးနှင့် ကြုံလာလျှင် ဘယ်တော့မှ ရှောင်ဖယ်သူမဟုတ်။

အဆန်းတကြယ်ကိစ္စဟူသမျှ လွန်စွာဝါသနာပါသူဖြစ်ရာ ၎င်းဝါသနာနှင့်ပတ်သက်ပြီး အဘိုးသည် ဘယ်လောက်ပင် ဘေးအန္တရာယ်များပြားပါစေ စွန့်စားလုပ်ကိုင်သူဖြစ်၏။ အဘိုး၏စွန့်စားခန်းများစွာအနက် ထင်အောင်ကျော်၏ စိတ်နှလုံးကို အထူးတုန်လှုပ်ခြောက်ခြားစေခဲ့သည့် အကြောင်းအရာမှာ အသက်နှင့်ရင်းပြီး စွန့်စားသွားရောက်ခဲ့သည့် ခရီးစဉ်တစ်ခုဖြစ်သည်။ ထိုခရီးမှာ အံ့သြဖွယ် အဖြစ်အပျက်များ ပြည့်နှက်နေပြီး ၎င်းခရီးကြောင့်





ပင် အဘိုးသည် အသက်ဇီဝိန်ချုပ်ငြိမ်းခဲ့ရ၏။

ထိုခရီးစဉ်တွင် အဘိုးသည် အချိန်ကာလအားဖြင့် တစ်နှစ်ခန့်ကြာမြင့်ခဲ့၏။ အဘိုးသည် အသက်ရှင်လျက် ပြန်လည်ရောက်ရှိလာသော်လည်း သေသူနှင့်မခြား ရောဂါဝေဒနာ အပြင်းအထန်ခံစားနေရ၏။ တစ်နည်းဆိုရသော် သူခေါင်းချမည့်နေရာကို စိတ်အားတင်းလျက် အရောက်ပြန်ခဲ့ခြင်းပင် ဖြစ်၏။

အဘိုးခံစားနေရသည့် ဝေဒနာမှာ လွန်စွာပြင်းထန်သည့် ငှက်ဖျားရောဂါဖြစ်သည်။ သမာရိုးကျဖြစ်လေ့ရှိသည့် ငှက်ဖျားဝေဒနာမျိုး မဟုတ်သဖြင့် မည်သို့ပင် ငွေကုန်ကြေးကျခံပြီး ဆေးဝါးကုသသော်လည်း အလျဉ်းပျောက်ကင်းခြင်း မရှိပေ။

အဘိုးသည် ထိုဝေဒနာကို တစ်နှစ်ခန့်ခံစားခဲ့ရပြီး ဆုံးပါးသွားခြင်းဖြစ်သည်။ သို့သော်လည်း အဘိုးသည် လွန်စွာအဖိုးမဖြတ်နိုင်သည့် မှတ်တမ်းကို ၎င်းဝေဒနာခံစားနေလျက်က ကြိုးစားရေးသားပြုစုသွားခဲ့၏။ ဝေဒနာခံစားနေဆဲမှာပဲ အဘိုးသည် သူဖြတ်သန်းခဲ့ရသည်များကို ကယောင်ကတန်း ပြောလေ၏။

လွန်စွာကြီးမားသည့် မြွေများ . . ။ အနီရောင်သစ်ခွများအကြောင်းကို အကြိမ်ကြိမ် ပြောလေ၏။ သူကြုံတွေ့ခဲ့ရသည့် အလွန်ထိတ်လန့်ဖွယ် အဖြစ်အပျက်များလည်း ပါဝင်၏။

ထင်အောင်ကျော်သည် ထိုစကားများ ကြားလိုက်ရသည်နှင့် ရီဝေခံစားမှုများပင် ရုတ်ချည်းကွယ်ပျောက်သွားသလို ခံစား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရ၏။ သူ၏ဝါသနာ၊ သူကျင်လည်နေသည့် သုတေသနလုပ်ငန်းများမှာ အဘိုး၏စွန့်စားမှုမှတ်တမ်းနှင့် တစ်ထပ်တည်းတူညီနေသောကြောင့် ဖြစ်သည်။

တောရိုင်းတိရစ္ဆာန်တို့သည် သဘာဝပင်ကိုယ်သိစိတ်ဖြင့် တိကျစ်မြေ၊ ဆားမြေတို့ကို ရှာဖွေပြီး ဆေးအလို့ငှာ စားသုံးကြစမြဲဖြစ်သည်။ သို့သော်လည်း အဘိုး၏စွန့်စားမှု အဖြစ်အပျက်ထဲမှ သစ်ခွစားသည့် တိရစ္ဆာန်များအကြောင်းမှာ သူ့အတွက် လွန်စွာအထူးအဆန်း ဖြစ်နေ၏။

ထိုအကြောင်းနှင့်ပတ်သက်၍ ဒေါက်တာထင်အောင်ကျော်သည် စေ့စေ့ပေါက်ပေါက် သိလို၏။ သို့သော်လည်း သူ့ဆန္ဒပြည့်ဝခြင်း မရှိခဲ့ . . . ။ ဦးလေးဖိုးထောင်မှာ အဘိုးကျော်ဇံသာလုပ်သမျှ စိတ်ဝင်စားမှုမရှိဘဲ မိရိုးဖလာ လယ်ယာအလုပ်ကိုသာ စိတ်ဝင်စားသူဖြစ်၍ ထိုသို့ပြောပြနိုင်ခြင်းမရှိ ဖြစ်ရလေ၏။

သို့ကြောင့် အားမလို၊ အားမရ ဖြစ်သွား၏။ ထိုအဖြစ်ကို သိလိုက်သည့် ဦးလေးဖိုးထောင်က သူ့တစ်သက် သိမ်းဆည်းလာခဲ့သည့် အဘိုး၏မှတ်တမ်းများကို ထုတ်ပေးမည်ဟုပြောရာ ထင်အောင်ကျော်မှာ အိုင်ယာလန်ထီပေါက်သူကဲ့သို့ နေရာမှ ခုန်ထမတတ် ဝမ်းမြောက်ပျော်ရွှင်သွားတော့၏။

နောက်တစ်နေ့နံနက်တွင် ဦးလေးဖိုးထောင်သည် တူဖြစ်သူ ထင်အောင်ကျော်ကို စိတ်အေးသက်သာစွာ နေထိုင်ဖို့ ပြောဆို





ပြီး အဘွား၏ဝေယျာဝစ္စများကို သူတစ်ဦးတည်း တာဝန်ယူဆောင်ရွက်လေ၏။ ထင်အောင်ကျော်မှာ ကိုယ်နှင့်အကျွမ်းတဝင်မရှိသည့် အရပ်ဒေသဖြစ်၍ ကူညီဆောင်ရွက်ပေးလိုသော်လည်း သူ့အနေဖြင့် ဘာကိုလုပ်၍ လုပ်ပေးရမှန်းမသိ ဖြစ်ရလေ၏။ ထိုအဖြစ်ကို ဦးလေးဖိုးထောင်လည်း ရိပ်မိပုံရ၏။

ထိုနေ့က ဦးလေးဖိုးထောင်သည် ပြောခဲ့သည့်ဂတိအတိုင်း နှစ်ကာလများစွာ ထိန်းသိမ်းစောင့်ရှောက်ထားခဲ့သည့် သူ့ဖခင်၏အခန်းကို ဖွင့်ပေးပြီး ထင်အောင်ကျော်အား စိတ်ကြိုက်မွှေနှောက်ခွင့်ပြုခဲ့၏။ ဦးလေးဖိုးထောင်သည် သူ့ဖခင်၏အခန်းကို အမြတ်တနိုးဖြင့် ဂရုတစိုက် သန့်ရှင်းရေးပြုလုပ်ထားပုံရ၏။

အခန်းအတွင်းရှိ ပစ္စည်းပစ္စယများကိုကြည့်ရင်း အဘိုးကျော်ဇံသာ၏ စိတ်နေသဘောထားဝါသနာကို ကောင်းစွာခန့်မှန်းမိလေ၏။ အဘိုးသည် မကြာခဏ ခရီးသွားပြီး သူဝါသနာပါသည့် ရှေးဟောင်းပစ္စည်းများကို ရှာဖွေစုဆောင်းခဲ့သည်ကို တွေ့ရလေ၏။

ထိုမျှသာမက ရှားပါးတိရစ္ဆာန်တို့၏ အကောင်မပျက် ရုပ်ကြွင်းများကိုလည်း တွေ့ရ၏။ လွန်စွာစိတ်ဝင်စားဖွယ်ကောင်းသည့် ပဋိကတ်တိုက်အတွင်း ဝင်ရောက်လေ့လာနေသကဲ့သို့ မြင်ရသမှ အရာဝတ္ထုတိုင်း စိတ်ဝင်စားဖွယ် ကောင်းနေတော့သည်။ အချို့သော အရာဝတ္ထုများမှာ စိတ်ဝင်စားဖွယ် ကောင်းနေသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သူ၏စိတ်ခံစားမှုကို ဆွဲဆောင်နိုင်စွမ်းမရှိလှပေ။

သူသည် တစ်စုံတစ်ခုကို အာသာငမ်းငမ်း ရှာဖွေနေသောကြောင့် ဖြစ်သည်။ ဦးလေးဖိုးထောင်သည် သူ့အား ထိုအခန်းတွင်းသို့ ပို့ဆောင်ပေးပြီး အဘွား၏ဝေယျာဝစ္စများ ဆောင်ရွက်ရန် ထွက်ခွာသွားပြီဖြစ်၏။ သူသည်လည်း ထိုနေ့တစ်နေ့တာအဖို့ ၎င်းအခန်းတွင်းမှ ထွက်ခွာနိုင်စွမ်းရှိတော့မည် မဟုတ်ပေ။

အခန်းတွင်း လှည့်ပတ်ကြည့်ရှုရင်းဖြင့် အချိန်အနည်းငယ်အတွင်းမှာပဲ သူတောင်းတနေသည့် အရာဝတ္ထုကို တွေ့လိုက်ရ၏။ သံသေတ္တာလေးအတွင်း၌ တွေ့လိုက်ရခြင်း ဖြစ်သည်။ အဘိုးရေးသားခဲ့သည့် မှတ်စုမှတ်တမ်းများဖြစ်၍ ထင်အောင်ကျော်သည် အားရဝမ်းသာဖြင့် စိတ်ဝင်တစား ဖတ်ရှုလေတော့၏။

အကြောင်းအရာ အမျိုးမျိုးကို နေ့စွဲအလိုက် မှတ်တမ်းပြုစုထားခြင်း ဖြစ်သည်။ ထင်အောင်ကျော်သည် ၎င်းစာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် အသေးစိတ်ဖတ်ရှုနေရင်းက အပြာရောင်ကဒ်ထူဖုံးအုပ်ထားသည့် မှတ်တမ်းစာအုပ်ကို ဖတ်ရှုမိသည်နှင့် ထိုင်ရာက ထခုန်တော့မတတ် ပျော်ရွှင်သွားလေ၏။

ထိုစာအုပ်မှာ သူလွန်စွာ စိတ်ဝင်စားသော သစ်ခွနီအကြောင်းဖြစ်ပြီး ၎င်းသစ်ခွနှင့်ပတ်သက်၍ အဘိုးကျော်ဇံသာ၏ စွန့်စားခန်းများဖြစ်ကြောင်း သိရှိလိုက်၍ဖြစ်သည်။ သူ၏အာရုံခံစားမှုများသည် ထိုအခိုက်အတန့်မှာပဲ ၎င်းစာအုပ်အတွင်းသို့





ငုံးနစ်စွာ ကျရောက်သွားတော့၏။

အဘိုး၏စွန့်စားခန်းများမှာ သူ့တစ်သက်တွင် ဘယ်တုန်းကမှ မကြားဖူးသော၊ ယုံကြည်ရန်ခက်ခဲသော အံ့ဩဖွယ် အဖြစ်အပျက်များ ဖြစ်၏။ ထိုအခါမှ သူသိလိုသော သစ်ခွအကြောင်းကို စတင်မြည်းစမ်းခွင့်ရတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

အဘိုးကျော်ဇံသာသည် ပုတာအိုမှတစ်ဆင့် မလိခမြစ်ကြောင်းအတိုင်း အထက်သို့ ဆန်တက်ကာ ခရီးထွက်ခဲ့ရာမှ ထိုသစ်ခွကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က အဘိုးနှင့်အတူ အသက် (၂၅) နှစ်အရွယ် ကြံ့ခိုင်သန်စွမ်းသည့် လူငယ်လေးတစ်ဦး လိုက်ပါခဲ့၏။ ထိုလူငယ်အမည်မှာ မောင်ဒေဝဟူ၍ ဖြစ်၏။

နောင်အခါတွင် ၎င်းလူငယ်သည် တိုင်းရင်းဆေးဆရာကြီးဦးဒေဝအဖြစ် အသက်မွေးဝမ်းကြောင်းပြုနေကြောင်း အဘိုးက ဖော်ပြထား၏။ အဘိုးသည် ထိုလူငယ်၏ ကိုယ်စွမ်းကိုယ်စကို ယုံကြည်သောကြောင့် သူ၏ခရီးစဉ်တွင် လိုက်ပါခွင့်ပြုခဲ့ခြင်း ဖြစ်





သည်။

သူတို့နှစ်ဦးတွေ့ဆုံကြသည့် အဖြစ်မှာလည်း လွန်စွာထူးဆန်း၏။ ထိတ်လန့်ဖွယ်ကောင်းသလို ထိုအဖြစ်ကြောင့်ပင် မောင်ဒေဝသည် အသက်သေဆုံးဖွယ် ဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့ရခြင်း ဖြစ်သည်။

မောင်ဒေဝသည် အစွမ်းထက်သည့် ဆေးဖက်ဝင်သစ်မြစ်၊ သစ်ဥ၊ ဂမုန်းမျိုးနွယ်များ၊ ခန်းတောက်မြစ် အစရှိသည့် သယံဇာတပစ္စည်းများကိုရှာဖွေရင်း တောနက်ပိုင်းအတွင်းသို့ ရောက်မှန်းမသိဝင်ရောက်မိခဲ့၏။ သူ့အဖို့ရာမှာလည်း ၎င်းပစ္စည်းများ အများအပြား လိုအပ်နေသည့် အကြောင်းကိစ္စရှိနေသဖြင့် သူသည် လောဘတကြီး ရှာဖွေနေခြင်းဖြစ်၏။

သူသည် နက်ရှိုင်းသည့် လျှိုမြောင်များ၊ တောက်ကမ္ဘားရုံများကို ဖြတ်ကျော်ရင်းဖြင့် ဆေးဖက်ဝင်သယံဇာတများကို လုံလောက်သည့်အနေအထား ရရှိခဲ့သော်လည်း တောနက်အတွင်း၌ မျက်စေ့လည်လမ်းမှားပြီး တဝဲလည်လည် ဖြစ်နေခဲ့၏။ အပြန်ခရီးကို မှန်းဆနိုင်စွမ်းမရှိဘဲ ရက်အတော်ကြာမျှ ထိုသို့ဖြစ်နေရာ တစ်နေ့တွင် လွန်စွာကြီးမားသည့် တောကြီးမြွေဟောက်တစ်ကောင်နှင့် ရင်ဆိုင်ခဲ့ရပြီး အသက်အန္တရာယ်ဆုံးရှုံးမည့် အခြေအနေမျိုး ကျရောက်ခဲ့၏။

သို့သော် သူသည် အသက်သေဆုံးမည့် အခြေအနေမှ



www.burmeseclassic.com

www.burmeseclassic.com



လက်မတင်လေး လွတ်မြောက်ခဲ့ရ၏။ အသက်အရွယ်နှင့် မလိုက်အောင် ကြံ့ခိုင်သန်စွမ်းသည့် တောမုဆိုးကြီးက ငှင်းမြွေဆိုးကို လှျပ်တစ်ပြက်အတွင်း တိုက်ခိုက်သတ်ဖြတ်လိုက်သောကြောင့် ဖြစ်သည်။ ထိုမုဆိုးကြီးမှာ အသက်အရွယ် (၅၀) ကျော်ခန့်ရှိပြီဖြစ်သည့် ယင်အောင်ကျော်၏အဘိုး ဦးကျော်ဇံသာ ဖြစ်လေ၏။

သူတို့နှစ်ဦးသည် ၎င်းဖြစ်ပျက်မှုကို အကြောင်းပြု၍ လွန်စွာခင်မင်သွားကြ၏။ တစ်ဦးနှင့်တစ်ဦး ဝါသနာ၊ စရိုက်သဘာဝ တူညီကြလေရာ မောင်ဒေဝမှာ သူ၏အသက်သခင်ကျေးဇူးရှင်ဖြစ်သည့် အဘိုးနှင့်အတူလိုက်ပါရန် ဆုံးဖြတ်လိုက်လေ၏။

ထို့နောက် သူတို့သည် တောင်စဉ်တောင်တန်းများ၊ လျှိုမြောင်ချိုင့်ဝှမ်းများ၊ မြစ်ချောင်းအသွယ်သွယ် စသည့်ခက်ခဲကြမ်းတမ်းသော ခရီးကို ရက်ကာလအတန်ကြာ ခရီးဆက်ကြလေ၏။ သူတို့သည် အဘယ်မျှကြမ်းတမ်းခက်ခဲသော ခရီးဖြစ်ပါစေ . . . အနည်းငယ်မျှ စိတ်ပျက်အားငယ်ခြင်း မရှိကြပေ။

အခက်အခဲ အတားအဆီး ဟူသမျှကို မျှော်လင့်ချက်တည်းဟူသော စိတ်အားသတ္တိက ကျော်လွှားနိုင်စမြဲ မဟုတ်ပါလား။ အဘိုးသည် သူယုံကြည်ချက်အတိုင်း တစ်နေ့နေ့၊ တစ်နေရာရာတွင် တန်ဖိုးဖြတ်မရလောက်အောင် လွန်စွာအဖိုးတန်သည့် အနီရောင်သစ်ခွများ တွေ့ရမည်ဟု အခိုင်အမာ မျှော်လင့်ထား၏။

နွေဦးရာသီအစဖြစ်၍ ဝန်းကျင်တစ်ခွင်လုံး ပြာလဲ့ကြည်





စင်လျက်ရှိ၏။ ဆောင်း၏အကြွင်းအကျန် မြူနှင်းများလည်း တဖြည်းဖြည်း ပါးလှပ်လို့လာ၏။ အအေးဓာတ်လျော့ပါးသွားသဖြင့် ခရီးသွားရသည်မှာ သက်တောင့်သက်သာရှိလှ၏။

ထိုရာသီအစ နေ့တစ်နေ့တွင် သူတို့နှစ်ဦးသည် လွန်စွာမတ်စောက်သည့် ချောက်ကမ်းပါးယံတစ်ခုအနီးသို့ ရောက်ရှိခဲ့ကြ၏။ ချောက်တစ်ဖက်ကမ်းကို ဖြတ်ကျော်ရန် နှစ်ဦးသားဆွေးနွေးနေစဉ်မှာဘဲ တစ်ဖက်ချောက်ကမ်းပါးယံတွင် ရှင်သန်ဖူးပွင့်နေသည့် အနီရောင်ပန်းများကို အမှတ်မထင် တွေ့လိုက်ရ၏။

ထိုမြင်ကွင်းကြောင့် အဘိုးနှင့်မောင်ဒေဝသည် တစ်ဦးနှင့်တစ်ဦး စကားပြောဖို့ကိုပင် မေ့လျော့လျက် တအံ့တသြ ဖြစ်နေကြ၏။ ထိုအနီရောင်ပန်းပွင့်များမှာ တစ်နည်းအားဖြင့် သူတို့ခရီးစဉ်အတွက် အဆုံးစွန်မျှော်လင့်ခဲ့ကြသည့် ပတ္တမြားသစ်ခွများပင် ဖြစ်၏။

ထို့နောက်မှာတော့ သူတို့နှစ်ဦးသည် စခန်းချရပ်နားရန် စိတ်မကူးတော့ဘဲ တစ်ဖက်ချောက်ကမ်းပါးဆီသို့ အရောက်သွားရန် ကြံစည်ကြတော့၏။ ထိုသို့စီစဉ်နေသည့် အခိုက်အတန့်မှာပဲ လွန်စွာထိတ်လန့်ဖွယ်အဖြစ်ကို မြင်လိုက်ရပြန်၏။ ထိုအဖြစ်ကြောင့် ဝန်းကျင်တခွင်လုံးသည် ကမ္ဘာပျက်သည့်အလား ဝုန်းဒိုင်းကျဲသွားတော့၏။

သူတို့သည် များစွာနောက်ကျသွားလေပြီ။ ရှဉ့်များ၊ မျောက်



www.burmeseclassic.com

www.burmeseclassic.com



များ၊ ကျေးငှက်များနှင့် မြေသတ္တဝါများသည် ၎င်းအနီရောင်ပန်းများကို အမဲဖျက်သည့်အလား အလုအယက် စားသောက်ကြရာမှ အစာအတွက် မာန်တက်ပြီး အချင်းချင်း တိုက်ခိုက်သတ်ဖြတ်ကြတော့၏။ ထိုအခြေအနေကို အကဲခတ်ရုံမျှနှင့် ၎င်းပန်းသည် သတ္တဝါတို့အတွက် အဘယ်မျှအကျိုးများသည့် ပန်းဖြစ်ကြောင်း သိရှိနိုင်ပေ၏။

အဘိုးနှင့် မောင်ဒေဝသည် အချိန်ဖင့်နွှဲမနေတော့ဘဲ လက်ဦးမှုရယူရန် ချောက်တစ်ဖက်သို့ သက်စွန့်ဆံဖျားကူးကြလေ၏။ ထိုသတ္တဝါများကို တိုက်ခိုက်ရှင်းလင်းရန်အတွက် သေနတ်နှင့် ဓါး၊ လှံတို့ကို အပါယူပြီး ပန်းများပွင့်ရာ တစ်ဖက်ကမ္ပါးယံသို့ ရောက်ရှိသည်တွင် သူတို့အတွက် မျှော်လင့်ချက် အနည်းငယ်မျှသာရှိတော့ကြောင်း တွေ့လိုက်ရ၏။

ပန်းပွင့်များသည် အားလုံးလောက်နီးပါး ပျက်စီးနေပြီဖြစ်၏။ သူတို့အတွက် မျှော်လင့်စရာဟူ၍ ပွင့်ဖတ်များကြွေပြီး မျိုးဥမပျက်စီးသေးသည့် အပင်တစ်ပင်သာ ရှိတော့၏။ ထိုအပင်ကိုရရှိဖို့ဆိုတာကလည်း မျှော်လင့်ချက်ရေးရေးမျှသာ ရှိ၏။ အကြောင်းကား လွန်စွာကြီးမားသော မြွေတစ်ကောင်က အခြားတိရစ္ဆာန်များကို တိုက်ခိုက်ပြီး ၎င်းအပင်ကို စားသောက်ရန် မာန်ပြင်နေသောကြောင့် ဖြစ်သည်။

သူတို့နှစ်ဦးမှာလည်း အခြားသော တိရစ္ဆာန်များကို





ချောက်လှန့်တိုက်ခိုက်နေရသဖြင့် ရှေ့မတိုး၊ နောက်မဆုတ်သာဖြစ်နေ၏။ သူတို့အဖြစ်မှာ တောမုဆိုးဘဝမှ တိရစ္ဆာန်များ၏ သားကောင်အဖြစ်သို့ ရောက်ရှိသွားသလို တိရစ္ဆာန်များ၏ ဝန်းရံရန်ပြုခြင်းကို ခံနေရ၏။

သေနတ်နှင့်ပစ်၊ ဓါးနှင့်ခုတ်၊ လှံနှင့်ထိုး စသဖြင့် အပြင်းအထန်တိုက်ခိုက်ပြီး အဆုံးသတ်မျှော်လင့်ချက်နှင့် လက်တစ်ကမ်းအလိုမှာပဲ တစ်ဖက်ရန်သူက ထိုမျှော်လင့်ချက်များကို အဆုံးတိုင်ဖျက်ဆီးလိုက်လေ၏။ လွန်စွာကြီးမားသော မြွေသည် ထိုပန်းပင်နှင့်မျိုးဥကို လက်မတင်လေး ဝါးမြိုစားသောက်လိုက်သောကြောင့်ဖြစ်သည်။

ထိုအဖြစ်ကြောင့် သူတို့နှစ်ဦးသည် ခြေကုန်လက်ပန်းကျလျက် သေချင်စိတ်ပင် ဖြစ်ပေါ်သွား၏။ သို့သော်လည်း သူတို့အား သေမင်းတံခါးဝသို့ အမှန်တကယ် ပို့ဆောင်ပေးမည့်အဖြစ်နှင့် ရုတ်ချည်းရင်ဆိုင်ရပြန်၏။ ၎င်းပန်းပင်နှင့်မျိုးဥကို ဝါးမြိုစားသောက်လိုက်သည့် မြွေကြီးက သူတို့အား အန္တရာယ်ပြုရန် ချဉ်းကပ်လာခြင်းဖြစ်၏။

အဘိုးသည် လျင်သောအသိဖြင့် ထိုအကောင်ကြီးကို ရိုင်ဖယ်ဖြင့် ပစ်ခတ်လေ၏။ ကံဆိုးစွာပင် ရိုင်ဖယ်ကျည်ဆံကုန်နေလေရာ သူတို့လည်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြပြီး နောက်သို့ဆုတ်ရင်းက တစ်ကြိမ်တွင် မောင်ဒေဝက လှံတံဖြင့် မြွေဦးခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ လှဲပစ်လိုက်၏။ လက်မှန်းလက်ဆ ကောင်းမွန်လှသဖြင့် လှံတံသည် မြွေဦးခေါင်းကို ထုတ်ချင်းခတ်ဖောက်ဝင်သွားပြီး ၎င်း ဒဏ်ရာကြောင့် မြွေကြီးမှာ ရှေ့ဆက်မတိုးနိုင်တော့ဘဲ မြေတွင် လူးလိမ့်သွားလေ၏။

သို့သော်လည်း အခိုက်အတန့်မျှသာ ဖြစ်သည်။ မြွေကြီး သည် ရှူးရှူးရဲရဲအသံပြုကာ ဒေါသတကြီးဖြင့် သူတို့နောက်သို့ လိုက်လေ၏။ သူတို့နှစ်ဦးမှာလည်း ရရှိလာသည့် အခွင့်အရေးကို လက်လွှတ်မခံဘဲ အသက်လုပြေးလွှားကြရာ ၎င်းအန္တရာယ်မှ ကံ ကောင်းထောက်မစွာ လွတ်မြောက်ခဲ့လေ၏။

အပြန်ခရီးမှာ သူတို့အတွက် မျှော်လင့်ချက်မဲ့သော ခရီး ဖြစ်သည်။ သေနတ်သာရှိပြီး ပစ်ခတ်ရန် ကျည်ဆံမရှိတော့သဖြင့် အပိုသက်သက်ဖြစ်နေသည့် သေနတ်ကို လွှတ်ပစ်ခဲ့ရလေ၏။ အန္တရာယ်ကို ရင်ဆိုင်ရန်နိုင်အတွက် သူတို့တွင် ဓါးတစ်လက်သာ ကျန်ရှိတော့၏။

ခရီးလမ်းကြမ်းတမ်းခြင်း၊ ရက်ကာလကြာမြင့်စွာ ဖြတ်သန်း ရခြင်း၊ အဆိုးဝါးဆုံးမှာ မျှော်လင့်ချက်ကုန်ဆုံးပြီဟူသော စိတ်ဓါတ် ကျဆင်းခြင်းက သူတို့အတွက် အပင်ပန်းအဆင်းရဲဆုံး ဖြစ်သည်။

ဆိုးဝါးသည့် ရာသီဥတုနှင့်လည်း ရင်ဆိုင်ခဲ့ရသေး၏။ မောင်ဒေဝမှာ အဘိုး၏ကယ်တင်စောင့်ရှောက်မှုကြောင့် အသက် ဆုံးရှုံးရမည့်အဖြစ်မှ နှစ်ကြိမ်တိုင် ကျော်လွှားနိုင်ခဲ့၏။





တစ်နေ့တွင် သူတို့နှစ်ဦးသည် အမှုမဲ့ဖြစ်သွားပြီး တော ခိုင်းဆင်တစ်ကောင်နှင့် ထိပ်တိုက်တိုးရာ တိုက်ခိုက်ရန် မစွမ်းသာ သဖြင့် ကိုယ်လွတ်ရုန်းထွက်ပြေးရ၏။ ၎င်းသတ္တဝါကြီး၏ အန္တရာယ် မှ လွတ်ကင်းခဲ့ကြသော်လည်း မောင်ဒေဝသည် ပြေးရင်းလွှားရင်း ခြေဖဝါးငုတ်စူးကာ ဒဏ်ရာရရှိခဲ့၏။

ဆေးဝါးများလည်း မပါရှိတော့သဖြင့် ၎င်းဒဏ်ရာမှာ အနာရှိန်တက်ပြီး ငန်းဖျား,ဖျားလေတော့၏။ ကယောင်ကတမ်း ဖြင့် သတိလက်လွှတ်ဖြစ်နေသော်လည်း အဘိုးသည် မိတ်ဆွေ ကောင်းပီသစွာ ပြုစုစောင့်ရှောက်ရင်းဖြင့် မိမိနေရပ်သို့ အရောက် ခေါ်ဆောင်ခဲ့လေ၏။

သို့ကြောင့်လည်း မောင်ဒေဝသည် ဒုတိယအကြိမ်မြောက် အသက်ဆုံးရှုံးဖွယ် အခြေအနေမှ လွတ်မြောက်သွားခြင်းဖြစ်သည်။

သစ်ခွအကြောင်း မှတ်တမ်းမှာ ထိုမျှသာ ဖြစ်၏။ ထိုမှတ် တမ်း၏ အဆုံးသတ်အောက်ခြေတွင် ရေးထားသည့် အကြောင်း အရာကို တဆက်တည်းဖတ်ရှုလိုက်ရာ ၎င်းမောင်ဒေဝဟူသော သူငယ်သည် တိုင်းရင်းဆေးဆရာအဖြစ် ရန်ကုန်မြို့ကြီးတွင် အသက် မွေးဝမ်းကြောင်းပြုလျက်ရှိကြောင်းနှင့် ၎င်း၏လိပ်စာကိုလည်း တွေ့ရှိလိုက်သဖြင့် ထင်အောင်ကျော်သည် ထိုလိပ်စာကို ကောက် ကာငင်ကာ ရေးမှတ်လိုက်လေ၏။

ဒေါက်တာထင်အောင်ကျော်သည် ထိုမှတ်တမ်းကိုကိုင်



www.burmeseclassic.com

www.burmeseclassic.com



လျက် အတန်ကြာမျှ ငိုင်တွေစဉ်းစားနေ၏။ သူ့အဖို့ အဖြေမရှိသည့် ပုစ္ဆာတစ်ပုဒ်ကို စဉ်းစားနေသလို မွန်းကြပ်နေရ၏။ စိတ်ဝင်စားဖွယ်ကောင်းသော်လည်း စိတ်ကျေနပ်မှုကင်းမဲ့နေသလို ခံစားနေရ၏။

ထိုခံစားမှုများကို အဆုံးစွန်ဖြည့်ဆည်းပေးနိုင်သူမှာ အဘိုးကယ်တင်ခဲ့သည့် ဆေးဆရာဒေဝဟူသော ပုဂ္ဂိုလ်သာလျှင် ရှိပေတော့မည်။

အဘိုးသည် ၎င်းမှတ်တမ်းကို မနုဇီဝပတ္တမြားသစ်ခွမှတ်တမ်းဟူ၍ အမည်ပေးထား၏။ ဒေါက်တာထင်အောင်ကျော်သည် အောက်စဖို့ဒ်တက္ကသိုလ်တွင် ပညာသင်ကြားစဉ်က ၎င်းသစ်ခွနှင့်ပတ်သက်၍ အထိုက်အလျောက် လေ့လာမှတ်သားဖူး၏။ လွန်စွာလည်း စိတ်ဝင်စားခဲ့၏။ သို့ကြောင့်လည်း သူသည် ထိုသစ်ခွမျိုးနွယ်စု၏ မျိုးဗီဇရှင်သန်ကြီးထွားပုံ၊ မည်သို့မည်ပုံ အကျိုးအာနိသင်ရှိပုံ စသဖြင့် အခြားသော အချက်အလက်များစွာကို ရှာဖွေလေ့လာခဲ့၏။

သစ်ခွမုဆိုးများက ထိုသစ်ခွ၏ဇာတိကို အမေဇုံတောဟု ညွှန်းဆိုထား၏။ မိမိတို့ မြန်မာ့ရေမြေသဘာဝတွင်လည်း တွေ့ရှိနိုင်ကြောင်း မည်သည့်ပညာရှင်မှ ဖော်ထုတ်မထားပေ။

အဘိုးမှတ်တမ်းအရ ၎င်းသစ်ခွသည် မြန်မာနိုင်ငံတွင်း၌လည်း ပေါက်ရောက်ရှင်သန်ကြောင်း အခိုင်အမာ ယူဆရပေတော့





မည်။ ထိုသို့ တွေးမိသည်နှင့် ထင်အောင်ကျော်သည် ရင်၌လှိုက်လှိုက်လှဲလှဲ ကြည်နူးပျော်ရွှင်သွား၏။ ထို့အတူ အဘိုး၏သွေး၊ အဘိုး၏မျိုးဆက်ဖြစ်သည့် မိမိသည်လည်း အဘိုး၏တာဝန်ကို အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဟု အခိုင်အမာဆုံးဖြတ်လိုက်လေ၏။

များသောအားဖြင့် သစ်ခွနှင့်ပတ်သက်၍ ပညာရှင်များလက်ခံထားကြသည်မှာ အပူပိုင်းမိုးသစ်တောအတွင်းရှိ ကပ်ပါးပန်းပင်ဟုသာ ထင်မှတ်ထားကြ၏။

အမှန်တကယ်တွင် သစ်ခွလောကမှာ ထို့ထက်မက ကျယ်ဝန်းလွန်းလှ၏။ အနည်းငယ် ဥပမာပြရသော် . . . လူအများ နှစ်ခြိုက်စွာ စားသုံးကြသည့် ဗနီယာရေခဲမုန့်ကိုစားလျှင် သစ်ခွပင်ကို စားသုံးနေခြင်းပင် ဖြစ်၏။ ပြင်သစ်နိုင်ငံထုတ် အလှကုန်များကို သုံးစွဲလျှင်လည်း သစ်ခွကို လိမ်းချယ်နေခြင်းသာ ဖြစ်၏။

သို့ဖြစ်လျှင် လူ့လောကဝန်းကျင်တွင် သစ်ခွသည်လည်း မြေအောက်သယံဇာတများဖြစ်သော ရေနံ၊ ကျောက်သံပတ္တမြား၊ ဓါတ်သတ္တုများကဲ့သို့ အကျိုးများလှသော သဘာဝလက်ဆောင်တစ်ခုပင် မဟုတ်ပါလား . . .။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဒေါက်တာထင်အောင်ကျော်သည် အဘွားဒေါ်နှင်းမှုံ၏နာရေးကိစ္စပြီး၍ လုပ်ငန်းခွင်ပြန်ဝင်သည်နှင့် သူ၏အလုပ်စားပွဲပေါ်တွင် တောင်လိုပုံနေသည့် အလုပ်ကြွေးများက ဆီးကြိုနေလေ၏။

သူသည် အကြွေးဆိုလျှင် မည်သည့်အကြွေးကိုမှ နှစ်သက်သူမဟုတ်ပေ . . .။

သုတေသနလုပ်ငန်းတွင် တာဝန်အရှိဆုံးဖြစ်၍လည်း လုပ်ငန်းနှင့်ပတ်သက်လာလျှင် လွန်စွာသတိထားလုပ်ကိုင်ရ၏။ လက်အောက်ငယ်သားများနှင့်လည်း အဆင်ပြေအောင် ပေါင်း





သင်းဆက်ဆံရ၏။ နိုင်ရာတာဝန်များကိုလည်း ခွဲဝေပေးရင်း စီမံကိန်းလုပ်ငန်းများ ပြီးမြောက်အောင် ဆောင်ရွက်ရ၏။

အပင်ပန်းခံရသလို အနစ်နာခံစရာရှိလျှင်လည်း ကိုယ်ကသာလျှင် အလျှော့ပေးရစမြဲ ဖြစ်သည်။

သုတေသနလုပ်ငန်းဖြစ်သော်လည်း လက်ရှိကိုလိုနီအစိုးရ၏ အထောက်အပံ့ကို အဓိက‌အားထားမှီခိုနေရ၏။ ထိုလုပ်ငန်းသည် ရင်းနှီးမြှုပ်နှံမှု ပမာဏကြီးမားသလို စီမံကိန်းလုပ်ငန်းများပြီးမြောက်ပါက တိုက်ရိုက်အကျိုးသက်ရောက်မှုမှာ အစိုးရသာလျှင်ဖြစ်၏။

ပြည်သူလူထုအကျိုးဟူသည်မှာ အစိုးရက ပြည်သူအပေါ်ထားသည့် စေတနာ၊ သဘောထားအပေါ်တွင် မူတည်၏။ ဗြိတိသျှအစိုးရသည် ကိုလိုနီကျွန်ပြုထားသည့် မြန်မာနိုင်ငံနှင့် ပြည်သူလူထုအပေါ်တွင် မည်သို့သဘောထားသနည်း။

လူမပြောနှင့် အနိမ့်ကျဆုံး သတ္တဝါဖြစ်သည့် ခွေးဝဲစားပင် သဘောပေါက်နားလည်ပါလိမ့်မည်။ မြန်မာနိုင်ငံနှင့် ပြည်သူလူထုအပေါ်တွင် အကျိုးပြုဖို့ဟူ၍ အသံကောင်းဟစ်နေသော်လည်း လက်တွေ့မှာတော့ ၎င်းတို့အုပ်ချုပ်ရေးယန္တရား ရည်ရှည်တည်မြဲဖို့အတွက်သာ အသုံးချနေခြင်း ဖြစ်သည်။

မြန်မာ့မြေပေါ်က သံယံဇာတပစ္စည်းများကို ထုတ်ယူသလို လူ့စွမ်းအားအရင်းအမြစ်များကိုလည်း ကျွန်လို မည်သို့အမြတ်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ရမလဲဟု အာရုံစိုက်နေကြသူများ ဖြစ်သည်။

ငင်းတို့၏ကိုလိုနီစနစ် သက်ဆိုးရှည်ဖို့အတွက် ကျွန်ပညာရေးစနစ်ကို ပြဋ္ဌာန်းပြီး ပြည်သူလူထု၏ အသိဉာဏ်ကို ရိုက်ချိုးထားခြင်းဖြစ်၏။

ဒေါက်တာထင်အောင်ကျော်သည် အခြေအနေအရ ၎င်းတို့နှင့် တွဲဖက်လုပ်ကိုင်နေရသော်လည်း အမျိုးသားရေးစိတ်ဓါတ်ဖြင့် မိမိတိုင်းပြည်နှင့် လူမျိုးအတွက် မည်သို့အကျိုးပြုရမလဲဟု အမြဲပင် စိတ်ကူးနေသူဖြစ်၏။ ထိုသို့ အကျိုးပြုနိုင်ရေးအတွက် တစ်ခုတည်းသော နည်းလမ်းမှာ မိမိပညာကို ပိုမိုတောက်ပြောင်အောင် မပြတ်ကြိုးစားခြင်းပင် ဖြစ်၏။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ၎င်းတိုင်းပြည်တွင်းရှိ ပြည်သူလူထုအတွင်း၌ ပညာရှင်များ၏ အခန်းကဏ္ဍမှာ အံ့မိကကျကြောင်း သိရှိထားသောကြောင့် ဖြစ်သည်။

လုပ်ငန်းခွင်သို့ ဒေါက်တာထင်အောင်ကျော် ပြန်လည်ဝင်ရောက်သည့်နေ့မှစ၍ သူ၏လက်အောက်ငယ်သားများလည်း ကိုယ်စီတာဝန်ဖြင့် မအားလပ်နိုင်ဖြစ်နေကြ၏။ ထိုသို့ဖြင့် ဒေါက်တာထင်အောင်ကျော်သည် သူ၏ပတ္တမြားသစ်ခွအရေးကိစ္စကို ခေတ္တလစ်လျူရှုထားရလေ၏။

တစ်လနီးပါးမျှ အချိန်ယူလုပ်ကိုင်ပြီးသည်တွင် ၎င်းအလုပ်ကြွေးများမှာ မဆိုစလောက်သာ ကျန်ရှိတော့သဖြင့် အတော်အတန်





စိတ်သက်သာမှု ရရှိသွား၏။ နောက်ရက်အနည်းငယ်အတွင်း သူသည် ပတ္တမြားသစ်ခွနှင့် ပတ်သက်သည့် သိသင့်သိထိုက်သည်များကို ရှာဖွေလေ့လာတော့မည်ဟု ဆုံးဖြတ်ထားလေ၏။

ထိုကိစ္စနှင့်ပတ်သက်၍ သူသည် မည်သူတစ်ဦးတစ်ယောက်နှင့်မျှ ဖွင့်ဟတိုင်ပင်ခြင်းမပြုဘဲ လျှို့ဝှက်ထား၏။

ဒေါက်တာထင်အောင်ကျော် တာဝန်ယူရသည့် သုတေသနဌာနတွင် အဓိကအားထားရသည့် လုပ်ဖော်ကိုင်ဖက်သုံးဦးရှိ၏။ ထိုသူတို့မှာ လုပ်ဖော်ကိုင်ဖက်များဖြစ်သလို လက်အောက်ငယ်သားများလည်း ဖြစ်၏။ အခြားသော အောက်ခြေဝန်ထမ်းများရှိသော်လည်း လုပ်ငန်းနှင့်ပတ်သက်၍ အဓိကအရေးပါသူမှာ ၎င်းတို့သုံးဦးသာလျှင် ဖြစ်တော့၏။

အသက်သုံးဆယ်အရွယ် အောင်ငွေတိုးဟူသည့် လူငယ်မှာ ထင်အောင်ကျော်ပြီးလျှင် အဓိကတာဝန်အရှိဆုံးဖြစ်သည်။ ရည်မွန်ခန့်ငြားသည့် ရုပ်ရည်ရှိပြီး ခေတ်ပညာတတ်လူငယ်ပီပီ ဘိုးတက်ကြီးပွားလိုသည့် စိတ်အားထက်သန်သူဖြစ်သည်။

သူနှင့် ဒေါက်တာထင်အောင်ကျော်သည် အသက်အရွယ်အားဖြင့် ငါးနှစ်ခန့်သာ ကွာခြား၏။ ပညာအရာမှာတော့ ထင်အောင်ကျော်ကိုလိုက်မီရန် အလှမ်းကွာဝေး၏။ အကြောင်းမှုကား သူသည် ရန်ကုန်ယူနီဘာစီတီကောလိပ်မှ ရုက္ခဗေဒအထူးပြုဘာသာရပ်ဖြင့် ဒီဂရီဘွဲ့မျှသာရရှိခဲ့ပြီး ထင်အောင်ကျော်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



အောက်စဖို့ဒ်တက္ကသိုလ်မှ ဒေါက်တာဘွဲ့ကို အသက်အရွယ်ငယ်ငယ်နှင့် ရရှိထားသူဖြစ်သောကြောင့် ဖြစ်သည်။

ထိုပညာအဆင့်အတန်းမျိုး ရရှိဖို့ဆိုတာ စိတ်ကူးယဉ်အိပ်မက်မျိုး တွေးယူခံစားရုံကလွဲပြီး လက်တွေ့မှာ ဖြစ်လာနိုင်စရာမရှိပေ။

ဒေါက်တာထင်အောင်ကျော်သည် အသက်အရွယ်နှင့် မလိုက်အောင် ဂုဏ်ထူးဝိသေသ မြင့်မားသော်လည်း ဘဝင်မြင့်ခြင်း၊ အကြောင်းမဲ့ ဟိတ်ဟန်လုပ်ခြင်း၊ လက်အောက်ငယ်သားများအပေါ် နိုင်ထက်စီးနင်း ဆက်ဆံခြင်းမျိုးမရှိဘဲ မိသားစုသဖွယ် ရင်းနှီးနွေးထွေးစွာ ဆက်ဆံသဖြင့် ထင်အောင်ကျော်အပေါ်တွင် များစွာလေးစားကြည်ညိုကြ၏။

နောက်နှစ်ဦးမှာ လှပသိမ်မွေ့သည့် မိန်းမချောလေးနှစ်ဦးဖြစ်သည်။ တစ်ဦးမှာ ဘိုကပြားမလေး ရှယ်လီစတုန်းဖြစ်ပြီး၊ နောက်တစ်ဦးမှာ ကရင်တိုင်းရင်းသူလေး နော်ရှီးတို့ဖြစ်၏။ သူမတို့နှစ်ဦးမှာ အသက်နှစ်ဆယ့်ငါးနှစ်အရွယ်မျှရှိကြပြီး ရက္ခပေဒဘာသာရပ်ဖြင့် ကိုယ်စီဘွဲ့ရရှိထားကြ၏။

ဒေါက်တာထင်အောင်ကျော်သည် ဆောင်ရွက်ဆဲဖြစ်သည့် စီမံကိန်းလုပ်ငန်းပြီးပြတ်ပါက သူလွန်စွာစိတ်ဝင်စားသည့် ပတ္တမြားသစ်ခွအကြောင်းကို အချိန်တစ်ခုသတ်မှတ်ပြီး လေ့လာစူးစမ်းမည်ဟု ဆုံးဖြတ်ထား၏။ သူသည် အဘိုး၏မှတ်တမ်းကိုဖတ်ရှုပြီး ထိုကိစ္စ





အပေါ်တွင် ဘဝင်မကျဖြစ်ခဲ့ရ၏။

အဘိုးက ၎င်းမှတ်တမ်းကို အကျဉ်းရုံးမျှသာ ရေးသားသားသောကြောင့် ဖြစ်သည်။ တွေ့ရှိသည့်အရပ်ဒေသကို ဖော်ပြသားသော်လည်း ခရီးစဉ်မြေပုံ ရေးမှတ်ထားခြင်း မရှိပေ။ ပညာရှင်ရှုထောင့်က ချဉ်းကပ်လေ့လာပါက အချက်အလက် ခိုင်မာမှုမရှိသည့် ပြဿနာဟု ယူဆရမည်ဖြစ်သည်။

ထိုပြဿနာကို အသေးစိတ်သိရှိသူမှာ ဆေးဆရာကြီးဦးဒေဝတစ်ဦးသာလျှင် ရှိ၏။ ကောင်းပြီ . . . ဆေးဆရာကြီးကိုတွေ့၍ အချက်အလက် အသေးစိတ်သိရဦးတော့ . . . ထိုမျှဘေးအန္တရာယ်များပြီး ငွေကုန်ကြေးကျ လွန်စွာများသည့်ခရီးကို သူ့အနေဖြင့် မည်သို့သွားရောက်မည်နည်း . . .။

တွေးကြည့်လျှင် တွေးမဆုံးအောင် ရင်မောဖွယ်ကောင်းသည့် ကိစ္စဖြစ်သည်။ ထိုပြဿနာများ ပြေလည်ရန် နည်းလမ်းတော့ရှိ၏။ အကြောင်းအချက် ခိုင်လုံမှုရှိအောင် တည်ဆောက်ပြီးဗြိတိသျှအစိုးရထံ တင်ပြအကူအညီတောင်းပါက အစိုးရအထောက်အပံ့ဖြင့် အဆင်ပြေသွားနိုင်၏။

အဆင်ပြေရုံမက ထိုမျှရှားပါးအဖိုးတန်သည့် ဆေးဖက်ဝင်ပတ္တမြားသစ်ခွကို ရှာဖွေဖော်ထုတ်တင်ပြသည့်အတွက် ဘုရင်မင်းချီးမြှင့်မည့် သူကောင်းပြုတံဆိပ်ပင် ရရှိသွားမှာ သေချာ၏။ ဗြိတိသျှအစိုးရသည် မြန်မာ့မြေပေါ်က သယံဇာတများကို ရသည့်



www.burmeseclassic.com

www.burmeseclassic.com



နည်းဖြင့် ထုတ်ယူသုံးစွဲလျက်ရှိရာ ၎င်းသစ်ခွမျိုးဗီဇကို ရရှိပါက ရုက္ခဗေဒနည်းပညာနှင့် ပေါင်းစပ်ပြီး ၎င်းတို့အကျိုးအတွက် အသုံးပြုပေလိမ့်မည်။

ဒေါက်တာထင်အောင်ကျော်သည် မြန်မာ့မြေပေါ်က သယံဇာတကို မြန်မာပြည်သူလူထုသာလျှင် ပိုင်ဆိုင်အသုံးပြုစေလိုသည်။ သို့ကြောင့်လည်း အကောင်အထည်ဟူ၍ ဘယ်လိုမှန်း မသိသေးသော ထိုကိစ္စကို မိမိမှလွဲ၍ ဘယ်သူမှမသိအောင် လျှို့ဝှက်ထားခြင်းဖြစ်သည်။

သို့သော် ထိုရက်အတွင်းမှာပဲ မထင်မှတ်သည့် အခြေအနေတစ်ခုကြောင့် သူ၏အကြံအစည်ကို အကောင်အထည်ဖော်ရန် အခွင့်အလမ်း ရရှိသွားလေ၏။ ထိုနေ့က ထင်အောင်ကျော်သည် အစည်းအဝေးတွင် အားချင်းတင်ပြရမည့် အချက်အလက်များကို မှတ်တမ်းပြုစုနေရသဖြင့် အိပ်ယာထနောက်ကျသွားရာ ရုံးတက်ချိန် အနည်းငယ်နောက်ကျသွား၏။

သူရုံးသို့ရောက်သည်နှင့် ရန်ကုန်ယူနီဘာစီတီကောလိပ် ရုက္ခဗေဒဌာနမှူး ဒေါက်တာဖရန့်စစ်ဝီလျံသောမတ်(စ်)က အရေးတကြီး အစည်းအဝေးပြုလုပ်ရန် သုတေသနပညာရှင်များအား သူ၏ရုံးခန်းသို့ခေါ်ထားကြောင်း သိရလေ၏။ သူ၏လက်အောက်မှ အောင်ငွေတိုးနှင့် ရှယ်လီစတုန်း၊ နော်ရှိုးတို့မှာ ဝီလျံသောမတ်(စ်)ရုံးခန်းသို့ ရောက်နေကြပြီဖြစ်ကြောင်း ရုံးအကူဝန်ထမ်းက သတင်း





ပို့လေ၏။

ထင်အောင်ကျော်သည် အနည်းငယ် တွန့်ဆုတ်သွား၏။ မျက်နှာဖြူအရာရှိ ဝီလျံသောမတ်(စ်)၏ စိတ်နေသဘောထားကို သိထား၍ဖြစ်သည်။ သူသည် မိမိလူမျိုးကလွဲလျှင် အခြားလူမျိုးကို အထင်ကြီးသူ မဟုတ်၊ အမြဲပင် နှိမ့်ချဆက်ဆံသူဖြစ်၏။ သူတို့လူမျိုးမှာ ကမ္ဘာပေါ်တွင် ပညာဉာဏ်အမြင့်ဆုံးဟု ယုံကြည်ပြီး ဘဝင်လေဟပ်နေသူဖြစ်သည်။

လက်အောက်ငယ်သားများနှင့် ဆက်ဆံရာတွင် တစ်ပါးသူ၏ အားနည်းချက်ကိုနင်း၍ အသာစီးယူတတ်စမြဲ ဖြစ်သည်။ ထို့ကြောင့်လည်း ၎င်းနှင့်ပြောဆိုဆက်ဆံရန် လူအများက ကြောက်ရွံ့တွန့်ဆုတ်ကြသည်မှာ မထူးဆန်းလှပေ။

ထိုသို့ တွန့်ဆုတ်ကြောက်ရွံ့ခြင်းမရှိဘဲ လက်ရေတပြင်တည်း ပြောဆိုဆက်ဆံဝံ့သူမှာ ဒေါက်တာထင်အောင်ကျော်တစ်ဦးသာလျှင် ရှိ၏။ ထင်အောင်ကျော်သည် အလုပ်နှင့်ပတ်သက်၍ တိကျပြတ်သားသလို မျက်နှာဖြူအရာရှိများနှင့် ပြောဆိုဆက်ဆံရာတွင်လည်း မျက်နှာလိုမျက်နှာရ ဆက်ဆံသူမဟုတ်။ အရိုးရှင်းဆုံးနှင့် အထိရောက်ဆုံး ပြောဆိုဆက်ဆံသူဖြစ်၏။

ဝီလျံသောမတ်(စ်)သည် ထင်အောင်ကျော်၏ စိတ်နေသဘောထားကို မနှစ်မြို့သော်လည်း မြန်မာလူမျိုးထဲ၌ ထွန်းစွာ ရှားပါးသည့် ပညာရှင်တစ်ဦးဖြစ်၍ အောင့်သက်သက်ဖြင့် အလျော့



www.burmeseclassic.com

www.burmeseclassic.com



ပေးရစမြဲဖြစ်သည်။

ထိုတစ်ကြိမ်မှာလည်း ရုံးတက်ချိန် အနည်းငယ်နောက်ကျပြီး ရောက်ရှိလာသည့် ထင်အောင်ကျော်ကို တစ်စုံတစ်ရာ အပြစ်တင်ပြောဆိုခြင်းမပြုဘဲ ပြုံးရွှင်သော မျက်နှာထားဖြင့် ဖိတ်ခေါ်လေ၏။

လက်ထောက်သုတေသနမှူး အောင်ငွေတိုးနှင့် အကူလက်ထောက်များဖြစ်သည့် ရှယ်လီစတုန်းနှင့် နော်ရှီးတို့လည်း ဝီလျံသောမတ်(စ်)၏ အမူအရာကို မြင်လိုက်ရသဖြင့် ထင်အောင်ကျော်အတွက် စိုးရိမ်မှုများ ပျောက်ကွယ်သွားတော့၏။

ဝီလျံသောမတ်(စ်)သည် ထင်အောင်ကျော်ကို နှုတ်ခွန်းဆက်စကားပြောပြီး သူနှင့်မျက်နှာချင်းဆိုင် ကုလားထိုင်တွင် နေရာပေးလိုက်ပြီး . . .

"အရေးပေါ်ကိစ္စတစ်ခုက မနေ့ညသန်းခေါင်အချိန်မှာ ကျွန်တော့်ဆီ အကြောင်းကြားလာလို့ အစည်းအဝေးကို ခုလိုအားချင်းစီစဉ်လိုက်ရတာပါ၊ ဒီကိစ္စက ကျုပ်တစ်ယောက်တည်းနဲ့ ပြီးမယ့်ကိစ္စမဟုတ်ဘူး၊ ကျုပ်တို့ နေမဝင်အင်ပါယာကြီးအကျွက်အလွန့်ကို အရေးကြီးတဲ့ကိစ္စဖြစ်နေတယ်၊ ပြီးတော့ ကျွန်ုပ်တို့ဌာနနဲ့လည်း အဓိကသက်ဆိုင်နေတယ်၊ ရက္ခဗေဒသုတေသနနယ်ပယ်မှာ လူကလေးထင်အောင်ကျော်ဟာ ဘယ်လောက်အစွမ်းအစရှိတယ်ဆိုတာ ကျွန်ုပ်သိပြီးဖြစ်လို့ အထူးပြောမနေတော့ဘူး၊ ဒါကြောင့်





လည်း ဒီတာဝန်နဲ့ အသင့်လျော်ဆုံးဖြစ်မယ့် လူကလေးကို တာဝန်ပေးဖို့ ကျွန်ုပ်ဆုံးဖြတ်လိုက်ခြင်း ဖြစ်တယ်"

ဟူ၍စကားကို အစပျိုးလိုက်ပြီး သူ၏မျက်ဝန်းပြာကြီးများဖြင့် စူးစိုက်ကာ အကဲခတ်လေ၏။

ဒေါက်တာထင်အောင်ကျော်က သဘောပေါက်နားလည်ကြောင်း ဦးခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ပြီး ဂိုးဖလိတ်စီးကရက်ဘူးထဲမှ တစ်လိပ်ကိုထုတ်ကာ မီးညှိဖွာရှိုက်လျက် ဆက်ပြောလာမည့် သူ၏စကားများကို စိတ်အေးလက်အေး စောင့်ဆိုင်းနေလိုက်၏။

ဒေါက်တာဝီလျံသောမတ်(စ်)က အနည်းငယ်ပြုံးလိုက်ပြီး ဆက်လက်ပြောလာသည့် စကားများကို ကြားလိုက်ရသည့်အခါ ဒေါက်တာထင်အောင်ကျော်နှင့် အဖွဲ့သားများသည် တအံ့တသြဖြစ်သွားကြ၏။

"၁၉၂၂ ခုနှစ်၊ နှစ်ဆန်းပိုင်းမှာ ကျွန်ုပ်တို့ နေမဝင်အင်ပါယာကြီးရဲ့အရှင်သခင် ပဉ္စမမြောက်ဂျော့ဘုရင်မင်းမြတ်ရဲ့သားတော် အိမ်ရှေ့စံဝေလမင်းသားဟာ သူဆက်လက်အုပ်ချုပ်ရမည့် အင်ပါယာကြီးကို တိုင်းခန်းလှည့်လည်ကြည့်ရှုရင်း မြန်မာပြည်ကို ရောက်ရှိလာမှာ ဖြစ်တယ်၊ အိန္ဒိယကတဆင့် မြန်မာပြည်ကို လာမှာဖြစ်တယ်၊ အဲဒီခရီးစဉ်အတွက် အိန္ဒိယနိုင်ငံမှာ အလွန်အလုပ်ရှုပ်နေကြတယ်၊ ဝေလမင်းသားကို တခမ်းတနား ကြိုဆိုဖို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ် စီမံကိန်းရေးဆွဲပြီး ပြင်ဆင်နေကြပြီလို့ ကျွန်ုပ် သတင်းရရှိတယ်"

အောင်ငွေတိုးနှင့် မိန်းမသားနှစ်ဦးမှာ အံ့သြဖွယ်သတင်း စကားကြောင့် ပါးစပ်လေးတွေ ဟသွားကြ၏။ ဒေါက်တာထင် အောင်ကျော်မှာတော့ တင်းမာသော မျက်နှာထားဖြင့် အမိုးမျက်နှာ ကြက်ကို ကြည့်နေလေ၏။ စိတ်ထဲတွင်လည်း တင်းခနဲ ခံစားလိုက် ရ၏။ ၎င်းတို့ကတော့ သူတို့၏ နေမဝင်အရှင်သခင်ဖြစ်သော်လည်း မိမိတို့ မြန်မာပြည်သူလူထုအတွက်တော့ မကောင်းဆိုးဝါးသတ္တဝါ ကြီးဟု သတ်မှတ်ရပေလိမ့်မည်။

အမွေကျူးကျော်စစ်ပွဲများဖြင့် ကမ္ဘာ့နိုင်ငံအတော်များများ ကို ကိုလိုနီများထူထောင်ပြီး ထိုနိုင်ငံများသို့ အနာဂတ်ဘုရင်တစ် ပါးက တိုင်းခန်းလှည့်လည်မည်ဟူသော သတင်းမှာ လွန်စွာစက် ဆုပ်ဖွယ် ကောင်းလှပေ၏။

၎င်းဝေလမင်းသား ရောက်လာခြင်းကြောင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရမည်ဆိုလျှင် ဘယ်လောက်များ ကောင်းမလိုက် မလဲ . . .။

"အခုရက်ပိုင်းအတွင်း အလွန်စိတ်ပျက်ဖို့ကောင်းတဲ့ သတင်းတစ်ခုလည်း ကျွန်ုပ်ရထားတယ်၊ ဘုံဘေနဲ့ ကလကတ္တား မှာ ဟိုအကောင်ရွှေနေအစုတ်ပလုတ် ဂန္ဒီလို့ခေါ်တဲ့ကောင်က အိန္ဒိယကို အိမ်ရှေ့စံမင်းသားရောက်လာရင် လုံးဝမကြိုဆိုရဘူး ဆိုပြီး လူထုကို လှည့်လည်စည်းရုံးဟောပြောနေတယ်၊ အလွန့်ကို အောက်တန်းကျတဲ့ ပုဂ္ဂိုလ်ပဲ၊ ဒီလူတွေဟာ ကိုယ့်ဘဝကိုယ်မသိ တဲ့ သနားစရာကောင်းတဲ့ သတ္တဝါမျိုးတွေပဲ၊ ကျွန်ုပ်တို့ဟာ နိုင်ငံ အတော်များများကို သိမ်းပိုက်ချင်လို့ သိမ်းပိုက်ထားတာ မဟုတ် ဘူး၊ အဲဒီနိုင်ငံတွေက ပြည်သူလူထုတစ်ရပ်လုံး အသိဉာဏ်မြင့်မား ဖို့ လူနေမှုအဆင့်အတန်းမြင့်မားဖို့ ပံ့ပိုးကူညီပေးနေတာကို နား မလည်ဘဲ ကျွန်ုပ်တို့ကို အချေမင် ဆက်ဆံချင်ကြတယ် . . .။

လူကလေးတို့ကို ဗဟုသုတရစေချင်လို့ ကျွန်ုပ်ပြောပြတာ ပါ၊ နောက်ပြီး သင်ခန်းစာလည်း ရစေချင်တယ်၊ အဲဒီ အူကြောင် အားပုဂ္ဂိုလ်လိုအဖြစ်မျိုး အတုယူမမှားစေချင်တာလည်း ပါတာ ပေါ့၊ ဘာလို့လဲဆိုတော့ သူ့လုပ်ရပ်တွေက အချည်းနှီးဖြစ်သွားတဲ့ အပြင် သူ့လူမျိုးတွေကပဲ သူ့ကို ပြစ်တင်ဝေဖန်ကြလို့ပေါ့၊ အဲဒီ အဖြစ်ကြောင့် ဂန္ဒီဆိုတဲ့ ရှေ့နေ,ခွေးဝဲစားဘဝကို ရောက်သွားပြီ လေ . . ."

ဟုပြောလိုက်ပြီး ဒေါက်တာဝီလျံသောမတ်(စ်)သည် သဘောကျစွာ ရယ်လိုက်လေ၏။ အခြားသူများမှာ မည်သို့ဖြစ် မည်မသိသော်လည်း ဒေါက်တာထင်အောင်ကျော်မှာတော့ ဝီလျံ သောမတ်(စ်)၏ ရှုတ်ချပြစ်တင်သည့် စကားအပေါ် ဘဝင်မကျ ဖြစ်သွား၏။

ဝီလျံသောမတ်(စ်)သည် စကားကိုမဆက်သေးဘဲ ပြောခဲ့







www.burmeseclassic.com

www.burmeseclassic.com



သည့် သူ့စကားအပေါ်တွင် သဘောကျလျက် ရှိနေလေ၏။

ဒေါက်တာထင်အောင်ကျော်သည် သောက်လက်စ,စီးကရက်ကို အဆုံးသတ်ဖွာရှိုက်လိုက်ပြီး ဆေးလိပ်ခံခွက်အတွင်း စီးကရက်ကို ထိုးချေလိုက်၏။ တစ်ပြိုင်နက်တည်းဆိုသလို ဝီလျံသောမတ်(စ်)၏မျက်လုံးကို စူးစိုက်ကြည့်လိုက်ပြီး . . .

"နိုး . . ."

ထိုအပြောနှင့်အတူ ဦးခေါင်းကို ခပ်ဖြည်းဖြည်းခါရမ်းလျက် နောက်တစ်ကြိမ် "နိုး . . ." ဟူ၍ ပြောလိုက်ရာ ဝီလျံသောမတ်(စ်)နှင့်တကွ အခန်းထဲရှိနေသူများအားလုံး တအံ့တဩဖြစ်သွားကြ၏။

ဝီလျံသောမတ်(စ်)၏ မျက်ဝန်းများမှာ ထင်မှတ်မထားသော စကားကို ကြားလိုက်ရသည့်အတွက် ပြူးကျယ်သည့် မျက်ဝန်းဖြင့် ဒေါက်တာထင်အောင်ကျော်ကို စူးစူးရဲရဲ ကြည့်လေ၏။

အောင်ငွေတိုးနှင့် လက်အောက်ငယ်သားနှစ်ဦးမှာတော့ ဒေါက်တာထင်အောင်ကျော်ကို စိုးရိမ်တကြီး ကြည့်နေကြ၏။

"လူကလေးထင်အောင်ကျော် . . . မောင်မင်းက ကျွန်ုပ်စကားကို မယုံကြည်တာလား၊ ဒါမှမဟုတ် ပြက်ရယ်ပြုတာလား"

ထိုအခါ ဒေါက်တာထင်အောင်ကျော်သည် မဆိုင်းမတွဆိုသလိုပင် အထက်တွင်ပြောခဲ့သည့် စကားအတိုင်းထပ်မံ၍ "နိုး . . . နိုး . . ." ဟုပြောလိုက်ရပြန်၏။





ထိုသို့ပြောပြီးသည်နှင့် သူသည် လွန်စွာရှင်းလင်းပြတ်သားသည့် အင်္ဂလိပ်စကားသံဖြင့် . . .

"ဒေါက်တာယူဆသလိုအတွေးမျိုး ကျွန်တော့်မှာ ဘယ်ဘုန်းကမှ မရှိပါဘူး၊ ကျွန်တော့်အတွေးက ဒေါက်တာယူဆပုံနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတဲ့အတွက် စိတ်တော့မကောင်းပါဘူး၊ ကျွန်တော် အဲဒီလိုပြောလိုက်တာကလည်း ကျွန်တော့်အယူအဆကို ပြောချင်လို့ပါ၊ ပြောခွင့်ရှိမယ်ဆိုရင် ပြောချင်ပါတယ်"

ဟုပြောလိုက်ရာ ဝီလျံသောမတ်(စ်)လည်း အကျိုးအကြောင်းဆီလျော်သည့် ဒေါက်တာထင်အောင်ကျော်၏စကားကို ငြင်းပယ်ရန် အခက်တွေ့သွား၏။

သူ့စကားနှင့်သူ တုပ်နှောင်မိသလို အီလည်လည် ဖြစ်သွားလေ၏။ သူသည် ဘယ်လိုမှ ထင်မှတ်မထားသည့် တုန့်ပြန်မှုအတွက် ဘဝင်မကျဖြစ်သွားသည်မှာ ၎င်းအမူအရာများက ဖော်ပြနေ၏။

ဒေါက်တာထင်အောင်ကျော်က တင်းမာခြင်းမရှိသလို အညှဲ့ခံတိုးလျှိုးခြင်းလည်းမရှိသော လေသံဖြင့် . . .

"အခု ကျွန်တော်ပြောမယ့်စကားတွေကို ဒေါက်တာသောမတ်(စ်)အနေနဲ့ ဘယ်လိုမှ ဘဝင်ကျမှာ မဟုတ်ဘူး၊ သို့သော်လည်း ကျွန်တော်တို့ဟာ အစိုးရအုပ်ချုပ်ရေးယန္တရားနဲ့ ကင်းကွာတဲ့ ပညာရှင်တွေဖြစ်လို့ သူ့အမြင်ကိုယ့်အမြင် လွတ်လပ်စွာ ပြောတဲ့သဘော



www.burmeseclassic.com

www.burmeseclassic.com

ပါ၊ လုံတိုင်းမှာ လွတ်လပ်စွာ ပြောခွင့်၊ တွေးခေါ်ခွင့် ရှိပါတယ်၊ လူတစ်ယောက်ရဲ့ဘဝကို ချုပ်ကိုင်လို့ရချင်ရပေမယ့် အဲဒီလူရဲ့ အတွေးအခေါ်၊ အယူအဆတွေကိုတော့ ဘယ်လိုမှ ချုပ်ကိုင်လို့ မရပါဘူး၊ အခု အိန္ဒိယနိုင်ငံက ဂန္ဒီဆိုတဲ့ ပုဂ္ဂိုလ်ကြီးရဲ့အဖြစ်ဟာလည်း အဲဒီသဘောအတိုင်းပါပဲ၊ သူဟာ သူ့အယူအဆ၊ အတွေးအခေါ်တွေကို လွတ်လပ်စွာ ထုတ်ဖော်နေတာပါ၊ အဲဒီအတွက် သူ့ကိုဖမ်းချုပ်လို့ရမယ်၊ သူ့ရဲ့လင်းလက်တောက်ပနေတဲ့ အမျိုးသားရေးစိတ်ဓါတ်၊ သူ့တိုင်းပြည်လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေတဲ့ စိတ်ဓါတ်ကိုတော့ သူ့အသက်သေတဲ့အထိ ဘယ်လိုမှ ရိုက်ချိုးဖျက်ဆီးနိုင်မှာ မဟုတ်ပါဘူး”

ဟု တည်တည်ငြိမ်ငြိမ်ဖြင့် ပြောလိုက်ရာ ဒေါက်တာသောမတ်(စ်)လို ပုဂ္ဂိုလ်မျိုးကို ထိုသို့ရဲရဲဝံ့ဝံ့ ဆန့်ကျင်ပြောလိုက်သည့် ဒေါက်တာထင်အောင်ကျော်ကို အံ့ဩတုန်လှုပ်သည့် မျက်ဝန်းများဖြင့် ကြည့်လိုက်ကြ၏။ ရင်းနှီးခင်မင်သူများက ၎င်းအတွက် စိုးရိမ်မိကြသလို အချို့ကတော့ ‘ဒီကောင်တော့ ရာထူးကျရင်ကျ၊ မကျရင်တော့ နယ်ပြောင်းရပြီ’ ဟူ၍ ကြိတ်၍ဝမ်းသာနေကြ၏။

အခန်းတွင်း၌ အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်နေလေ၏။ ဒေါက်တာထင်အောင်ကျော်သည် ဂိုး(လ်)ဖလိပ်စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်ပြီး . . .

“ကျွန်တော့်စကားကြောင့် ဒေါက်တာသောမတ်(စ်) စိတ်





အနှောက်အယှက်ဖြစ်သွားရင် ကျွန်တော်တောင်းပန်ပါတယ်၊ အခုလို ပြောမိတာကလည်း မိမိအထက်အရာရှိတစ်ဦးကို မလေးမစားသဘောမျိုး ဆန့်ကျင်ပြောဆိုနေတာ မဟုတ်ပါဘူး၊ အယူအဆတစ်ခုကို လွတ်လပ်စွာ တင်ပြနေခြင်း ဖြစ်ပါတယ်”

ဟုပြောလိုက်ပြီး နှုတ်ခမ်းထောင့်စွန်းကလေးကို တွန့်ကွေးပျက် ပြုံးလိုက်လေ၏။ ဒေါက်တာထင်အောင်ကျော်သည် အထက်ပါစကားကို အကြောင်းမဲ့ပြောလိုက်ခြင်း မဟုတ်ပါ။ စိတ်ကူးတည့်သည့် လမ်းကြောင်းအတွက် ပါးပါးနပ်နပ် ခင်းကျင်းလိုက်ခြင်း ဖြစ်သည်။

မျက်နှာဖြူအရာရှိကြီး ဒေါက်တာသောမတ်(စ်)အဖို့ ဒုတိယအကြိမ်မြောက် ဘေးကျပ်နံကျပ် ဖြစ်သွားရပြန်၏။ တစ်ဖက်က စိတ်ပါဝင်စားစွာ ဆွေးနွေးလာသည့် အကြောင်းအရာအပေါ်မှာ ဘယ်လိုမှ လစ်လျူရှု၍ မဖြစ်နိုင်တော့ . . .။ နိုင်ငံကြီးသားဟူသည့် ဂုဏ်သိက္ခာအတွက် အောင့်အီးသီးခံရပေတော့မည်။

သို့သော် တစ်ဖက်က ပြောလာသမျှ ငြိမ်ကာသီးခံနေရခြင်းထက် မိမိကလည်း တန်ပြန်ချေပပြောဆိုမှ ဖြစ်ပေလိမ့်မည်။ တစ်ဖက်က အသာစီးယူသမျှ ခံနေရသည့်အဖြစ်မှာ လွန်စွာခံပြင်းဖွယ်ကောင်းလှ၏။

ဖြစ်နိုင်လျှင် မိမိရှေ့မှာ ရိုကျိုးမှုမရှိဘဲ မိန့်မိန့်ကြီးထိုင်နေသည့် ထင်အောင်ကျော်ဟူသည့် မြန်မာအစုတ်ပလုတ်ကောင်ကို



www.burmeseclassic.com

www.burmeseclassic.com



အမှုန့်ချေပစ်လိုက်ချင်သည်။ ခက်တာက ဒီကောင်ကလည်း အတော် အဆိပ်ပြင်းတဲ့ကောင် . . .။ သူ့ရဲ့ဉာဏ်ပညာကို လက်နက်လို အသုံးချနိုင်စွမ်းတဲ့ ကောင်မျိုး . . .။ မြန်မာနိုင်ငံမှာ ဒီလိုကောင် မျိုးတွေ အများအပြားရှိလာရင် အတော့်ကို ထိန်းရသိမ်းရခက်မှာ သေချာတယ် . . .။

ဒီကောင့်ကို စည်းအပြင်ထုတ်ထားဖို့ကလည်း မဖြစ်နိုင် ပြန်ဘူး။ ဌာနမှာ ဖြေရှင်းလို့မရတဲ့ ပြဿနာဆိုရင် ဒီကောင်ကြောင့် အဆင်ပြေတာချည်းပဲ။ ဒါကြောင့်လည်း ဒီကောင် . . . ဘဝင် လေဟပ်နေတာပေါ့။ ကိစ္စမရှိပါဘူးလေ . . . ဌာနတစ်ခုလုံးမှာ ဒီကောင့်ကလွဲရင် အားလုံးဟာ ငါ့ကိုမော်ကြည့်ဝံ့ကြတာ မဟုတ် ဘူး။ ဒီတော့ ငါ့စကားနဲ့ သူ့စကား ဘယ်သူ့စကားကို အလေး ထားထောက်ခံကြမယ်ဆိုတာ တွေ့ကြသေးတာပေါ့။

ဟူ၍ ဒေါက်တာသောမတ်(စ်)သည် စိတ်၌တွေးရင်း ပြုံး လိုက်လေ၏။ ထို့နောက် သူ၏အသံသြသြကြီးဖြင့် . . .

"လူကလေးထင်အောင်ကျော် . . ကျွန်ုပ်ရဲ့လက်အောက် အမှုထမ်းဖြစ်လို့ လူကလေးစကားကို ကျွန်ုပ်လက်ခံနားထောင် နေတာကို အဟုတ်ကြီးမထင်ပါနဲ့၊ လူကလေး . . . ကျွန်ုပ်တို့ ဗြိတိသျှနေမဝင်အစိုးရကို ထိပါးစော်ကားသလို ဖြစ်နေတယ်၊ သို့ပေမယ့် ကျွန်ုပ်သဘောထားကြီးစွာ ခွင့်လွှတ်ပါတယ်၊ ပြီးတော့ လက်အောက်ငယ်သားတစ်ယောက်ရဲ့ မှားယွင်းနေတဲ့ အယူအဆ၊





တွေးအခေါ်တွေကို တည့်မတ်ပေးဖို့ ကျွန်ုပ်မှာ တာဝန်ရှိပါ ယ်၊ လူကလေးစိတ်ထဲမှာ စွဲထင်နေတဲ့ အဲဒီအယူအဆတွေကို နေရာ၊ ဒီအချိန်ကစပြီး အဆုံးတိုင်ဖယ်ရှားလိုက်ပါလို့ ကျွန်ုပ် ပြောရလိမ့်မယ်၊ အဲဒီအယူအဆတွေဟာ အနာဂတ်လူကလေး ာအတွက် အလွန့်ကို ကြီးမားတဲ့ဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရ အောင် တွန်းပို့မယ့် အဆိပ်အတောက်တွေ ဖြစ်နေလို့ပဲ"

ထိုအခါ ဒေါက်တာထင်အောင်ကျော်က အနည်းငယ်မျှ ောင့်ဆိုင်းခြင်းမပြုဘဲ . . .

"အခုလို စေတနာနှင့် သတိပေးတဲ့အတွက် ဒေါက်တာ့ကို ျေးဇူးအထူးတင်ပါတယ်၊ ဒေါက်တာသတိပေးသလို ကျွန်တော့် အနာဂတ်ဘဝခရီးကို ဘေးအန္တရာယ်ကင်းကင်းနဲ့ တည်ဆောက် င်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်စကားတွေအပေါ်မှာ ဒေါက်တာ့ ထင်အမြင် တိမ်းစောင်းသွားတဲ့အတွက် ကျွန်တော်အလွန်ပဲ မ်းနည်းမိပါတယ်၊ အဲဒီသံသယတွေ ကင်းရှင်းသွားဖို့ ကျွန်တော် အနည်းငယ် ရှင်းပြရပါလိမ့်မယ်"

ဟုပြောလိုက်ရာ ဒေါက်တာသောမတ်(စ်)သည် ရုတ်ချည်း မျက်မှောင်ကျုံ့သွားလေ၏။ သူသည် ဘဝင်မကျသည့် အမူအရာ ဖြင့် ကြည့်လိုက်လေ၏။ ဒေါက်တာထင်အောင်ကျော်က အနည်း ငယ်မျှ တွန့်ဆုတ်ခြင်းမရှိဘဲ . . .

"အဓိကပြောချင်တာက ကျွန်တော်ဟာ နိုင်ငံရေးသမား



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး၊ ပညာရှင်တစ်ယောက်ပါ၊ စောစောက ဒေါက်တာ ပြောခဲ့တဲ့ စေတနာစကားတွေဟာ နိုင်ငံရေးသမားတွေနဲ့ အဓိက သက်ဆိုင်ပါတယ်၊ ဂန္ဓီဆိုတဲ့ ရှေ့နေကြီးဟာ နိုင်ငံရေးသမားဖြစ် ပါတယ်၊ သူလိုပုဂ္ဂိုလ်မျိုးဟာ အမြဲတမ်း အစိုးရနဲ့ ထိပ်တိုက်ပြဿနာ ဖြစ်နေမှာပဲ၊ အနိုင်ကျင့်စော်ကားသူနဲ့ အစော်ကားခံရသူဟာ ကမ္ဘာ တည်သ၍ ပဋိပက္ခဖြစ်နေမှာ မဆန်းပါဘူးလေ၊ ဆန်းတာက အဲဒီ လူရဲ့ခံယူချက်နဲ့ ရဲစွမ်းသတ္တိဖြစ်ပါတယ်၊ သူ့လုပ်ရပ်တွေကို မှား တယ်လို့ ယူဆလို့မရသလို ဗြိတိသျှအစိုးရရဲ့ လုပ်ရပ်ကိုလည်း အပြစ်လို့ သတ်မှတ်လို့ မရပါဘူး၊ သူ့ရှုထောင့်နဲ့သူ မှန်ကန်တဲ့ သဘောတရားတွေပါပဲ"

"ကိုယ့်အတွက် အနည်းငယ်မှ အကျိုးမရှိဘဲ အုတ်နံရံကို ခေါင်းနဲ့တိုက်နေတဲ့ စဉ်းစားဆင်ခြင်ဉာဏ်ကင်းမဲ့တဲ့ လူမိုက်တွေရဲ့ လုပ်ရပ်ကို လူကလေးက ဘာလို့ခေါင်းထဲထည့်နေရတာလဲ"

"ခေါင်းထဲထည့်နေတာ မဟုတ်ပါဘူး၊ နှလုံးသားထဲ ထည့် နေတာပါ၊ ဒေါက်တာပြောတဲ့ အုတ်နံရံဆိုတာ သူ့တိုင်းပြည်၊ သူ့ လူမျိုးအတွက် အသည်းအကြွေခံပြီး တိုက်နေတဲ့ အုတ်နံရံမျိုးပါ"

ထိုအခါ ဒေါက်တာသောမတ်(စ်)သည် သဘောကျစွာ တဟားဟား ရယ်မောလိုက်ပြီး . . .

"အခု အတိုက်ကောင်းလို့ သူဘာဖြစ်နေပြီလဲ၊ ဟား . . ဟား . . . ဟား . . . ဒီးတော့ သူ့နောက်မှာ ဘယ်သူတွေက





လိုက်ပါကြလို့လဲ၊ ဘယ်လိုမှ ကျောထောက်နောက်ခံ မပြုနိုင်တဲ့ သူတောင်းစားအပေအတေ လူတန်းစားတွေပဲရှိတယ်၊ တကယ့်ကို ရယ်စရာကောင်းတယ်၊ မဟာရာဂျာတွေ၊ မင်းစိုးရာဇာတွေ၊ လူကုန် ထံအသိုင်းအဝန်းတွေက ဒီကောင့်ကို အလကားအမှိုက်ကောင် ဆိုပြီး နှိမ့်ချပြစ်တင်နေကြတယ်၊ အခုဆိုရင် မဟာရာဂျာတွေဟာ ဝေလမင်းသားကိုဆက်သဖို့ အဖိုးတန်စိန်ရွှေရတနာတွေ စုဆောင်း နေကြပြီ၊ ဝေလမင်းသားကသာ လက်ခံမယ်ဆိုရင် သူတို့ရဲ့သမီး ကညာ အပျိုစင်လေးတွေကို ပန်းဦးဆက်သဖို့ စီစဉ်နေတယ်လို့တောင် ကျွန်ုပ်သတင်းကြားရတယ်၊ အိုး . . . ဘယ်လောက်များ ဘုန်းတန်ခိုးကြီးတဲ့ ကျွန်ုပ်တို့အင်ပါယာလဲ၊ တွေးရုံနဲ့ အလွန့်ကို သားရေကျစရာ မကောင်းဘူးလား"

"မှန်ပါတယ် ဒေါက်တာ၊ အလွန့်ကို သားရေကျစရာပါပဲ၊ သို့ပေမယ့် အဲဒီပုဂ္ဂိုလ်တွေလည်း ခေတ်အဆက်ဆက် ရှိနေကြမှာ ပါပဲ၊ သူတို့ကိုယ်ကျိုးစီးပွားကလွဲရင် မိမိတိုင်းပြည်နဲ့ လူမျိုးအပေါ် မှာ ကျွန်လို၊ နွားလိုခိုင်းစားဖို့ ဝန်မလေးကြသူတွေပါ၊ အဲဒီအဖြစ် ဟာ အိန္ဒိယတစ်နိုင်ငံတည်းမှာမှ မဟုတ်ပါဘူး၊ ကျွန်တော်တို့မြန်မာ နိုင်ငံမှာလည်း ဒီလိုပဲ ရှိနေကြမှာပါပဲ၊ သို့ပေမယ့် အချိန်ကာလ ရွေ့လျောမှုနဲ့အတူ ခေတ်စနစ်တွေလည်း ပြောင်းလဲလာကြမှာ မလွဲသေချာပါတယ်၊ သူတို့ရဲ့ရာဇဝင်ကို ပြည်သူလူထုက ဆုံးဖြတ် သွားပါလိမ့်မယ်၊ ဒီနေရာမှာ ကျွန်တော်ဖော်ကြည်တာကို ပြောရရင်



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာပြောတဲ့ အဲဒီဂန္ဓီဆိုတဲ့ ရှေ့နေကြီးဟာ အိန္ဒိယနိုင်ငံရဲ့ သမိုင်းစာမျက်နှာမှာ အလွန်ကို ထူးမြတ်တဲ့ပုဂ္ဂိုလ်ကြီး ဖြစ်လာလိမ့်မယ်ဆိုတာပါပဲ၊ ထို့အတူပဲ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း အဲဒီလိုပုဂ္ဂိုလ်မျိုး အနေးနဲ့အမြန် ထင်ရှားပေါ်ထွက်လာလိမ့်မယ်လို့ ကျွန်တော်အခိုင်အမာ ယုံကြည်ပါတယ်"

* * * *



## အခန်း (၄)

လွန်စွာသာယာသည့် အစိုးရရုံးပိတ်ရက် တနင်္ဂနွေနေ့ ဖြစ်သည်။

ဒေါက်တာထင်အောင်ကျော်သည် ထိုနေ့မနက်တွင် ယခင်နေ့များကထက် အနည်းငယ်စောပြီး အိပ်ယာမှထခဲ့၏။ ထို့နောက်သူသည် နေ့စဉ်ပြုနေကျဖြစ်သည့် ကိုယ်လက်လေ့ကျင့်ခန်းကို ယခင်နေ့များကထက် ပို၍ပြုလုပ်လေ၏။

သန့်ရှင်းလတ်ဆတ်သည့်လေကို တစ်ဝရှူရှိုက်ရင်း ကိုယ်လက်လေ့ကျင့်ခန်းကို အပြင်းအထန် ပြုလုပ်နေသည့် သူ၏အမူအရာများကို မောင်တိုးဟူသော လူငယ်လေးမှာ အကဲခတ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



နားမလည်နိုင်ဖြစ်နေလေ၏။

ထိုလူငယ်မှာ ဒေါက်တာထင်အောင်ကျော်နှင့် အတူတကွ နေထိုင်ပြီး ၎င်း၏ဝေယျာဝစ္စများကို ဆောင်ရွက်ပေးသည့် လူငယ်လေးဖြစ်သည်။ ရိုးသားပြီး အကျင့်စာရိတ္တကောင်းမွန်သဖြင့် ဒေါက်တာထင်အောင်ကျော်က သူ့ကို ကျွေးမွေးစောင့်ရှောက်ထားခြင်း ဖြစ်သည်။ ထိုမျှသာမက ပညာလည်း သင်ကြားပေး၏။

မောင်တိုးသည် သူ၏ဆရာအရိပ်အကဲကို ကောင်းစွာသိနားလည်၏။ ဒေါက်တာထင်အောင်ကျော်အပေါ်တွင် မိဘသဖွယ် ယုံကြည်ကိုးစား၏။ ချစ်ခင်တွယ်တာ၏။ သို့ကြောင့်လည်း သူတတ်စွမ်းသမျှ အလုပ်အကျွေးပြု၏။

မနေ့ညနေကတည်းက သူ၏ဆရာ ဒေါက်တာထင်အောင်ကျော်၏ အမူအရာများကို သတိထားလိုက်မိ၏။ ဆရာက နောက်တစ်နေ့မနက်ခင်း နံနက်စာကို ယခင်နေ့များနှင့်မတူ ထူးခြားစွာ ပြင်ဆင်ခိုင်း၏။ ထိုကိစ္စမှာ သူ့အဖို့ အပန်းကြီးသော ကိစ္စမဟုတ် . . .။ အမှားအယွင်းမရှိ စီစဉ်နေကျကိစ္စဖြစ်သည်။

ထူးဆန်းသည်က ၎င်းပြင်ဆင်ခိုင်းသည့် စားသောက်ဖွယ်ရာများ ဖြစ်သည်။ လွန်စွာအဟာရပြည့်ဝသည့် ကြက်ဥ၊ နွားနို့နှင့် လတ်ဆတ်သော သစ်သီးဝလံများကို ရွေးချယ်ပြင်ဆင်ခိုင်းပြီး အံ့သြဖွယ်စကားကိုလည်း မှာကြားပြန်၏။ သူ၏ဆရာ ထင်အောင်ကျော်က ထိုနေ့မှစ၍ နောက်ပိုင်းနေ့ရက်များတွင်လည်း ၎င်းကဲ့သို့





အဟာရပြည့်ဝမည့် အစားအသောက်များကိုသာ ရွေးချယ်ပြင်ဆင်ပေးရမည်ဟု ညွှန်ကြားလိုက်သောကြောင့် ဖြစ်သည်။

မောင်တိုးသည် ဆရာညွှန်ကြားသည့်အတိုင်း ၎င်းအစားအသောက်များကို တစ်ပတ်စာအတွက် အလျှင်အမြန် ဝယ်ယူခဲ့ရ၏။ သူ၏ဆရာသည် ထိုသို့ညွှန်ကြားပြီးသည်နှင့် သွားလာလှုပ်ရှားမှုများမှာလည်း ရုတ်ချည်းပင် ပြောင်းလဲသွား၏။

ပြိုင်ပွဲဝင်မည့် စစ်သူရဲတစ်ဦးလို အမြဲပင် စိတ်အားတက်ကြွနေတော့၏။ ထို့နေ့မနက်ခင်းမှာပဲ မောင်တိုးကိုယ်တွေ့မြင်နေရ၏။ ဆရာသည် အချိန်ကြာမြင့်စွာ ကိုယ်လက်လှုပ်ရှားမှုများကို အပြင်းအထန်ပြုလုပ်နေ၏။

မြန်မာ့ရိုးရာသိုင်းကစားခြင်း၊ ဗန်တိုဗန်ရှည်တိုက်ကွက်များ သရုပ်ဖော်ခြင်း၊ တုတ်တိုနှစ်ချောင်းဖြင့် ဓား့ယမ်းသရုပ်ပြခြင်း . . . စသဖြင့် ကိုယ်ခံပညာရပ်များကို အပြင်းအထန်လေ့ကျင့်နေလေ၏။

ကျယ်ဝန်းသော ခြံကြီးအတွင်း၌ မနက်ခင်းမြူနှင်းများဝေ့ဆိုင်းကျဆင်းလျက်ရှိ၏။ မြူနှင်းများကြား ယိမ်းနွဲ့လှုပ်ရှားနေသည့် ဒေါက်တာထင်အောင်ကျော်၏ ယောကျ်ားပီသခန့်ငြားသည့် ရုပ်သွင်ကိုကြည့်ရင်း မောင်တိုးသည် ကြည့်၍မဝနိုင်အောင် ဖြစ်နေတော့၏။

ခန္ဓာကိုယ်မှ ချွေးများမှာ ရေနှင့် ပက်ဖြန်းထားသကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ရွှဲရွှဲစိုနေသောကြောင့် အပေါ်ယံအင်္ကျီကိုချွတ်ကာ အနီးရှိသစ်ပင် ကိုင်းတွင် ချိတ်ထားလေ၏။ ထိုအခါ ချွေးများဖြင့် ရွှဲနေသော သူ့ဆရာထင်အောင်ကျော်၏ ခန္ဓာကိုယ်အလှမှာ အထင်းသား ပေါ်လွင်နေတော့၏။ ရင်အုံနှင့် လက်မောင်း၊ လက်ဖျံတို့ရှိ ကြွက် သားတို့မှာ ဖုထစ်ကြွရွလျက်ရှိ၏။

ထိုအခြေအနေကိုကြည့်၍ မောင်တိုးသည် တစ်ခုခုတော့ ထူးခြားနေပြီဟု မှန်းဆမိလိုက်၏။

သူသည် နံနက်စာပြင်ဆင်ထားပြီး ဒေါက်တာထင်အောင် ကျော်ကို စောင့်ဆိုင်းနေလိုက်၏။ ဒေါက်တာထင်အောင်ကျော် သည် ပုံမှန်အချိန်အတိုင်း နံနက်စာ စားသောက်ရန် ရောက်ရှိလာ သည်တွင် မှာကြားသည့်အတိုင်း စနစ်တကျ စီစဉ်နိုင်စွမ်းသည့် အတွက် မောင်တိုးကို ချီးကျူးစကားပြောလိုက်လေ၏။

ထို့နောက် အစားအသောက်များကို အားပါးတရ စား သောက်လေ၏။ မောင်တိုးသည် ထွက်ခွာမသွားသေးဘဲ ရိုကျိုးစွာ ရပ်မြဲရပ်လျက် သူ့ဆရာကို တစေ့တစောင်း အကဲခတ်နေလေ၏။ တစ်စုံတစ်ခုအတွက် ချည်တုံချတုံ ဖြစ်နေပုံလည်းရ၏။

ဒေါက်တာထင်အောင်ကျော်သည် သူ၏နောက်ကျော တွင် ရပ်လျက်ရှိနေသည့် မောင်တိုးကို လှည့်မကြည့်ဘဲ . . .

"မောင်တိုး . . ." ဟု လှမ်းပ်တပြတ်ခေါ်လိုက်ရာ မောင်တိုး မှာ ကြောင်တောင်တောင်ဖြင့် ဘာပြောလို့ပြောရမှန်းမသိ ဖြစ်





သွားလေ၏။ ဒေါက်တာထင်အောင်ကျော်က လေသံပျော့ပျော့ဖြင့် နောက်တစ်ကြိမ်ခေါ်လိုက်တော့မှ . . .

"ဟုတ် . . . ဟုတ်ကဲ့ . . . အမိန့်ရှိပါ အဘ . . ."

ဟု ကတုန်ကရီပြောရင်း ရှေ့သို့တိုးလာလေ၏။ ထိုအခါ ဒေါက်တာထင်အောင်ကျော်သည် သဘောကျသွားပြီး တဟား ဟား ရယ်လိုက်လေ၏။ ရယ်ပြီးနောက် အစားအသောက်ကို ခပ် ဖြည်းဖြည်း စားသောက်ရင်း . . .

"ဒီနေ့ မင်းအမူအရာတွေက တယ်ထူးခြားနေပါလား၊ ကြောင်ရှေ့ရောက်နေတဲ့ ကြွက်စုတ်လို ကုတ်ချောင်းချောင်း လုပ် မနေစမ်းပါနဲ့ကွာ၊ ပြောစရာရှိတာ ပြောလိုက်စမ်းပါ"

"ဟို . . . ဟို . . . ပြော . . . ပြောချင်ပေမယ့် ပြောမ ထွက်လို့ပါ"

"ခွေးကောင် . . . မင်း ငါ့ကို ဦးနှောက်လာစားနေပြန်ပြီ၊ မင်းလို စာကလေးအရှုံးပေးလောက်အောင် ပေါက်ပေါက်ဖောက် သလို စကားများတဲ့အကောင်က ပြောမထွက်ဘူးဆိုတော့ မဟုတ် သေးလွဲရော . . . မင်းအပေါက်ကို မိုးနတ်မင်းက ဗူးဆို့နဲ့ ပိတ်သွား တာဖြစ်မယ် . . . ဟား . . . ဟား . . . ဟား . . ."

ဒေါက်တာထင်အောင်ကျော်က ထိုသို့ရင်းနှီးပွင့်လင်းစွာ စကားဆိုလိုက်သည့်အတွက် မောင်တိုးလည်း ရှိုးတိုးရှန့်တန့်ဖြစ် မနေတော့ဘဲ သူ၏အမြင်များကို ပွင့်လင်းစွာ ပြောလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုလူငယ်လေး မေးလာမည့်စကားများကို မှန်းဆထားပြီးဖြစ်၍ ဒေါက်တာထင်အောင်ကျော်သည် ပြုံးလျက်နားထောင်နေလိုက်၏။ စကားပြီးဆုံးသည်နှင့် . . .

"မင်းက လက်ဦးမှုယူပြီး မေးလိုက်တော့လည်း ငါ့အနေနဲ့ အချိန်ကုန်သက်သာသွားတာပေါ့ကွာ၊ တကယ်တော့ မင်းက မေးမလာခဲ့ရင်လည်း ငါက မင်းကိုရှင်းပြဖို့ ဆုံးဖြတ်ပြီးသားပါ"

ဟုပြောလိုက်ပြီး မောင်တိုးကို စူးစိုက်ကြည့်လိုက်လေ၏။ ထိုသို့ကြည့်နေရင်းက . . .

"မင်းက ငါ့အပြုအမူတွေအပေါ်မှာ နားမလည်နိုင် ဖြစ်သွားတာ မထူးဆန်းပါဘူးလေ၊ ဒါက လူတိုင်းလူတိုင်း ဖြစ်လေ့ဖြစ်ထရှိတဲ့သဘာဝပါ၊ မင်းလည်း တစ်ချိန်ချိန်မှာ အဲဒီလိုအဖြစ်မျိုး မကြုံဖူးလို့ မပြောနိုင်ဘူးလေ၊ လူ့ဘဝဆိုတာ ဘယ်တော့မှ တစ်သမတ်တည်း ရှိမနေဘူးကွ၊ အနိမ့်၊ အမြင့်၊ အတက်၊ အကျ၊ အချိုးအကွေ့၊ အလှည့်အပြောင်းဆိုတာ ရှိစမြဲပဲ၊ အခု ငါ့ဘဝလည်း အဲဒီသဘောတရားတွေထဲက တစ်ခုဖြစ်တဲ့ အလှည့်အပြောင်းနဲ့ ကြုံတွေ့ရပြီလေ၊ ဒါကြောင့်လည်း ငါ့အပြုအမူတွေ ပြောင်းလဲသွားတာပေါ့"

ဟု စကားကို အစပျိုးလိုက်သည်နှင့် မောင်တိုးသည် ဟန်ပင်မဆောင်နိုင်လောက်အောင် စိတ်ဝင်တစား ဖြစ်သွားလေ၏။ သူက ခါတ်ပူးအတွင်း ထည့်ထားသည့် နွားနို့ကို ဖန်ခွက်အတွင်း





ငှဲ့ထည့်ပေးရင်း . . .

"ဒီနေ့ကြားရတဲ့ အဘစကားတွေက ကျွန်တော့်အတွက် တကယ့်ကို ထူးဆန်းနေတယ်၊ အဘပြောတဲ့ အပြောင်းအလဲဆိုတာ သိခွင့်ရှိရင် သိချင်တယ် အဘရယ်"

ဟု စိတ်အားထက်သန်စွာ မေးလေ၏။

မောင်တိုးသည် ဆယ်ကျော်သက်အရွယ် သူ၏အသိဉာဏ်င့် တွေးမမှီနိုင်ဖြစ်နေ၏။ ထင်အောင်ကျော်ထံသို့ သူရောက်ရှိဉ်က သူသည် ထင်အောင်ကျော်ကို အများက ခေါ်ပြောသလိုာရာဟူ၍ ခေါ်ပြော၏။ ကာလအတန်ကြာမျှနေထိုင်ပြီး အနေစပ်လာသောအခါ သူခေါ်ပြောသည့် အသုံးအနှုန်းမှာ ရုတ်ချည်းပြောင်းလဲသွား၏။

ထို့ကြောင့် ထင်အောင်ကျော်လည်း ရုတ်တရက်တော့းမလည်နိုင်ဖြစ်သွား၏။ သူခေါ်ပြောသည့် အသုံးအနှုန်းမှာရာမဟုတ်တော့ဘဲ 'အဘ' ဟူ၍ ပြောင်းလဲသွားသောကြောင့်သည်။ ထိုစဉ်က မောင်တိုးသည် တစ်ကြိမ်စမ်းသပ်ခေါ်ပြော လွန်စွာခံတွင်းတွေ့သွားပုံရ၏။ သူသည် အဘ,အဘဟူ၍င့်ကာ,ဆင့်ကာခေါ်ရင်း သဘောကျစွာ ရယ်နေသဖြင့် ထင်အောင်ကျော်လည်း မျက်မှောင်ကျုံ့ရင်း . . .

"ဟေ့ကောင် . . . မောင်တိုး၊ မင်းက ငါ့ကို ယဉ်ယဉ်ကျေး စော်ကားလိုက်တာပေါ့ ဟုတ်လား၊ ငါ့အသက်အရွယ်



www.burmeseclassic.com

www.burmeseclassic.com



က အဘခေါ်ရလောက်အောင် အိုမင်းရင့်ရော်နေလို့လား၊ မိန်းမချောလေးတွေက မင်းအဲလိုခေါ်တာကို ကြားလိုက်ရင် ငါ့အနား တောင် ကပ်မှာမဟုတ်ဘူး၊ အဲဒီ အသုံးအနှုန်းကို မင်းချက်ချင်း ပြန်ရုတ်သိမ်းလိုက်စမ်း"

ထိုအခါ မောင်တိုးသည် ခွက်ထိုးခွက်လန် ရယ်မောလိုက်ပြီး သူ၏ကျောင်းလွယ်အိတ်ထဲမှ တစ်စုံတစ်ခုကို နှိုက်ယူလိုက်ပြီး ထင်အောင်ကျော်ကို တရိုတသေ ကမ်းပေးလိုက်၏။ ထိုတစ်ကြိမ်မှာလည်း ထင်အောင်ကျော်သည် စိတ်ရှုတ်ထွေးသွားပြန်၏။

ထိုချာတိတ်၏ အပြုအမူတွေက သူ့အဖို့ အံ့သြစရာချည်း ဖြစ်နေ၏။ သူကမ်းပေးလိုက်သည့်အရာမှာ မိမိလွန်စွာနှစ်ခြိုက်သည့် ဂိုးလ်ဖလိပ်စီးကရက် ဖြစ်၏။ သူသည် ထိုစီးကရက်ကို သူ၏မုန့်ဖိုးထဲမှ စီးကရက်တစ်ဗူးတန်ဖိုးပြည့်အောင် စုဆောင်းပြီး ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ စီးကရက်တစ်ဗူးပေးရခြင်းမှာ ထင်အောင်ကျော်အား သူခေါ်ပြောသည့်အမည်ကို ပြောင်းလဲမှာဖြစ်၍ အထိမ်းအမှတ်အနေဖြင့် ပေးခြင်းဖြစ်ကြောင်း ရှင်းပြလေ၏။

ပြီးနောက် သူ၏အယူအဆကိုလည်း အခုလို ရှင်းပြလေ ၏။

"ကျွန်တော်ဟာ အဲဒီနာမည်ကို ခေါ်ချင်လို့ အချိန်ယူခဲ့ တာကြာပါပြီ အဘရယ်၊ ရုတ်သိမ်းဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ် နိုင်တော့ဘူး၊ ဘာကြောင့် အဲဒီလိုခေါ်ရတယ်ဆိုတာ ကျွန်တော်





ှင်းပြပါ့မယ်၊ ကျွန်တော်တို့ရွာမှာ ရွာသူကြီးကို တစ်ရွာလုံးက ခင်ကြီးလို့ ခေါ်ကြတယ်၊ သူ့ရဲ့သားဖြစ်တဲ့ ဦးတာနေ့ာဆိုတဲ့ ကိုလ်ကြီးကိုတော့ အဘလို့ခေါ်ကြတယ်၊ အဲဒီ ဦးတာနေ့ာက ရွာ ာ ဆယ်အိမ်ခေါင်း၊ ရာအိမ်ခေါင်းတွေကို အုပ်ချုပ်ပါတယ်၊ သူ့ အဖေသူကြီးက သူ့သားကို ရာထူးခွဲဝေပေးထားတဲ့ သဘောပေါ့၊ အရင်တုန်းက သူကြီးတွေလက်ထက်မှာ သူကြီးကို သူကြီးလို့ပဲ ခေါ်ကြပါတယ်၊ သူ့လက်ထက်ရောက်မှပဲ အဲဒီလို အခေါ်အပြော ာ ပြောင်းသွားတာပါ"

"လူကြီးတွေပြောပြလို့ ကျွန်တော်သိရတာက တစ်နေ့မှာ ာကို အင်္ဂလိပ်အရေးပိုင်ပုဂ္ဂိုလ်ကြီး ရောက်လာတယ်၊ အဲဒီ မျက် ာဖြူပုဂ္ဂိုလ်ကြီးကို တစ်ရွာလုံး ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ရှိ သေကြရတယ်၊ အဲဒီပုဂ္ဂိုလ်ကြီးဟာ အရပ်က အရှည်ကြီး . . . ၊ က်သိုးကြီးတစ်ကောင်လို ခန္ဓာကိုယ်ကလည်း အကြီးကြီးပဲ၊ ပြီး ော့ သူ့အသားရောင်က ပေါင်မုန့်ကြီးလို ဖြူဆွတ်ဆွတ်၊ ပွစိစိနဲ့ ာက အပျိုတော်ထွေးညိုတို့က အဲဒီပုဂ္ဂိုလ်ကြီးကို ဧည့်ခံကျွေးမွေး ့ အနီးကပ်တာဝန်ယူရတယ်၊ အဲဒီအရေးပိုင်မျက်နှာဖြူကြီးဟာ ကျွန်တော်တို့ရွာမှာ သုံးညအိပ် စခန်းချသွားတယ်၊ တစ်ရွာလုံး းအုံးအုံးထနေတာပဲ၊ မိုးပေါ်က သကြားမင်း တိုင်းခန်းလှည့်လည် ာ ကျနေတာပဲ၊ အနီးအပါးက ရွာတွေကလည်း ရွာချင်းတူပါ လျက် မျက်နှာဖြူအရာရှိကြီးက ကျွန်တော်တို့ရွာကိုမှ ရွေးချယ်



www.burmeseclassic.com

www.burmeseclassic.com



စခန်းချတဲ့အတွက် အထင်ကြီးအားကျလို့ပေါ့၊ ကျွန်တော်တို့ ရွာသူ
ရွာသားတွေလည်း မော်ကြွားမဆုံးဖြစ်နေတာပေါ့၊ ရွာက အပျိုချော
တွေဆိုတာလည်း အဲဒီမျက်နှာဖြူကြီးကို ဧည့်ခံချင်လွန်းလို့ အလု
အယက် ဖြစ်နေကြတယ်။

ကျွန်တော်တို့ရွာ အနီးတဝိုက်က ရွာသူကြီးတွေဟာ
တိုင်းလိုလို ကျွန်တော်တို့ရွာကို ရောက်လာကြပြီး မျက်နှာဖြူပုဂ္ဂိုလ်
ကြီးကို တွေ့ဆုံကြရတယ်၊ ကျွန်တော်တို့ ရွာသူကြီးဆိုတာ သူကြီး
ချင်းအတူတူ အလွန့်ကို ဘုန်းတန်ခိုးကြီးနေတာပေါ့၊ အဲဒီသူကြီး
တွေဟာ မျက်နှာဖြူကြီးနဲ့ စကားပြောတဲ့အခါ ဒူးထောက်ထိုင်ပြီး
အရိုအသေပြုရတယ်၊ ပြီးတော့ သခင်ကြီးလို့ ခေါ်ရတယ်၊ အဲဒီ
သခင်ကြီးက သူတို့ကို ခေါ်တဲ့အခါ သူတို့က ဟုတ်ပါ့ဘုရား၊ မှန်ပါ့
ဘုရားလို့ ပြောရတယ်၊ အတွေ့အကြုံမရှိတဲ့ သူကြီးတွေဖြစ်တော့
တစ်ချို့သူကြီးတွေဆို အဲဒီမျက်နှာဖြူကြီးနဲ့ ဓတွေ့ဆုံနေရင်း
အကြောက်လွန်ပြီး ချေးထွက်၊ သေးထွက်တဲ့ အဖြစ်မျိုးတော
ရှိကြတယ်၊ ရွာသူကြီးတွေကို အဆင်ပြေပြေဖြစ်စေဖို့ ကြိုတ
ဇာတ်တိုက်သလို သင်ကြားပေးတာက မျက်နှာဖြူအရာရှိကြီးဘေး
နားမှာ အိမ်မွေးတိရစ္ဆာန်လို လိုက်ပါလာတဲ့ ဝန်ထောက်မင်းဆိုတဲ့
ပုဂ္ဂိုလ်ကြီးပေါ့၊ သူက မြန်မာလူမျိုးဖြစ်တော့ ဘယ်လိုပြောရမယ်
ဘယ်လိုနေထိုင်ရမယ်လို့ မျက်နှာဖြူကြီးနဲ့ မတွေ့ခင်မှာ သေချာ
သင်ကြားပေးတယ်၊ နို့မဟုတ်လို့ကတော့ ရွာသူကြီးတွေ အတော်





တို ဒုက္ခများကြမှာ သေချာတယ်။

အဲဒီဝန်ထောက်မင်းကိုကျတော့ ရွာသူကြီးတွေက ပုံစံ
ဘစ်မျိုးခေါ်ပြောကြရတယ်၊ မျက်နှာဖြူကြီးကိုတော့ သခင်ကြီး၊
သူ့ကိုတော့ 'အဘ' လို့ ပြောဆိုရတယ်၊ အဲဒီ 'အဘ' က သူတို့ကို
ခေါ်တဲ့အခါ သခင်ကြီးလို မှန်ပါ့၊ ဟုတ်ပါ့ဘုရားလို့ မပြောရဘူး၊
ဟုတ်ကဲ့ခင်ဗျ၊ အမိန့်အတိုင်းပါခင်ဗျ လို့ပြောရတယ်၊ အဲဒီအချိန်
ကာန်းကဆိုရင် ရွာသူကြီးတွေဟာ စာမေးပွဲဖြေရတော့မယ့် ကျောင်း
သားတွေလို ဟုတ်ပါ့ဘုရား၊ မှန်ပါ့ဘုရား၊ ဟုတ်ကဲ့ခင်ဗျ၊ အမိန့်
အတိုင်းပါခင်ဗျ . . . ဆိုတဲ့စကားတွေကို အလွတ်ကျက်နေလိုက်
ကြတာ ရှုတ်ရှက်ကိုခတ်နေတာပဲ”

ဟူ၍ မျက်နှာကိုရှုံ့မဲ့ရင်း ပြောလိုက်ရာ ထိုအခါမှာတော့
ဒေါက်တာထင်အောင်ကျော်သည် ဘယ်လိုမှ အောင့်အီးနိုင်စွမ်းမရှိ
တော့၍ သဘောကျစွာ တဟားဟား ရယ်လေတော့၏။ မောင်တိုး
သည် ဆယ်ကျော်သက်အရွယ် လူငယ်ပီပီ စကားပြောရာတွင်
နှုတ်သားပွင့်လင်း၏။ နှုတ်သွက်၏။ အကြောင်းအရာတစ်ခုကို သူ
နားလည်သလို ရိုးရှင်းစွာ ပြောဆိုစမြဲဖြစ်၏။

ဘာရယ်မဟုတ်ပြောဆိုသည့် သူ့စကားတွေကို နားထောင်
ရင်း ဒေါက်တာထင်အောင်ကျော်သည် တဖြည်းဖြည်း စိတ်
တစား ဖြစ်သွားလေ၏။ အထူးအဆန်း ဖြစ်ရလေ၏။

တကယ်တော့ မောင်တိုးဟူသော လူငယ်လေးသည် သူ



www.burmeseclassic.com

www.burmeseclassic.com



ဦးတည်သည့် အကြောင်းကိစ္စကို ခိုင်မာမှုရှိစေရန် သူ၏ကိုယ်တွေ့ အချက်အလက်များဖြင့် သိုင်းဝန်းပြနေခြင်း ဖြစ်သည်။

ထပ်မံ၍ ပြောလာသည့် စကားများက ထင်အောင်ကျော် အဖို့ ပို၍ပင် တအံ့တသြ ဖြစ်ရလေ၏။ ငိုရအခက်၊ ရယ်ရအခက် ဆိုသလို အတော့်ကို အောင့်သက်သက် ခံစားလိုက်ရ၏။

မောင်တိုးတို့ရွာမှ ငှင်းမျက်နှာဖြူအရေးပိုင်မင်းနှင့် ဝန် ထောက်မင်းတို့ပြန်သွားပြီး ရက်အနည်းငယ်အကြာတွင် ရွာသူကြီး သည် ရွာသားများကို တစ်အိမ်တစ်ယောက် ဆင့်ခေါ်လေ၏။ အကြောင်းကတော့ သူ့ကို တစ်ရွာလုံးက ခေါ် ပြောကြသည့် သူကြီး ဟူသော အသုံးအနှုန်းကို ထိုနေ့ကစ၍ ပယ်ဖျက်ကြောင်း၊ သူ့အား သခင်ကြီးဟူ၍ ခေါ် ပြောရမည်ဖြစ်ကြောင်း၊ ထိုမျှသာမက သူ၏ သားဖြစ်သူ တာနောကိုလည်း သူကြီးသားလို့ မသုံးနှုန်းဘဲ 'အဘ' လို့ ခေါ် ပြောရမည်ဖြစ်ကြောင်း၊ ထိုသို့ ခေါ် ပြောသည့်အတွက် နောက်နောင်အရေးပိုင်မင်းတို့ ရောက်ရှိလာသည့်အခါ အထူး တလည် လေ့ကျင့်ရန်မလိုဘဲ ဒါလေ့အကျင့် ဖြစ်သွားမည်ဟု အမိန့် ထုတ်လေတော့၏။

အမိန့်နှင့်အတူ ပြစ်ဒဏ်ကိုလည်း ထုတ်ပြန်ကြေညာ၏။ ထိုသို့ ခေါ် ပြောခြင်းမပြုသူကို ဒဏ်ကြေးသတ်မှတ်လေ၏။ သို့နှင့် ရွာလူထုမှာလည်း ထိုနေ့ကစလို့ သူကြီးကို သခင်ကြီးဟူ၍လည်း ကောင်း၊ သူကြီး၏လက်ဝေခံ အာဏာရရှိသည့် သူကြီးသားကို





အဘ' ဟူ၍လည်းကောင်း ခေါ် ပြောကြရာမှာ ကာလကြာသည် ၌ ရွာလူထု၏နှုတ်မှာ အလေ့အကျင့် ဖြစ်သွားတော့၏။

"ကောင်းပါပြီ မောင်တိုးရာ၊ မင်းက ငါ့ကို 'အဘ' လို့ခေါ် င်ဘာနဲ့ ရှင်းပြလိုက်တာ အဘိဓါန်စာအုပ်ကြီး ဖွင့်ပြသလိုပဲ၊ မင်း တွေ့မှပဲ ငါလည်း တကယ့်ဇဟုသုတဟင်းလေးအိုးကြီး ဖြစ်တော့ ယ်၊ ပြောလက်စနဲ့ ငါသိချင်တာလေးတွေ ဆက်မေးပါရစေဦး၊ ဒါအရေးပိုင်မင်းက မင်းတို့ရွာမှာ ဘယ်နှစ်ရက်စခန်းချသွား သလဲ"

"သုံးရက်ပါ 'အဘ' . . ."

"ဟုတ်ပြီ၊ သုံးရက်စခန်းချသွားတယ်ဆိုတော့ မင်းတို့ရွာရဲ့ ်းတက်ရာ တိုးတက်ကြောင်းတွေကို ပံ့ပိုးဖြည့်ဆည်းသွားမှာပေါ့"

ထိုအခါ မောင်တိုးသည် ရုတ်တရက် ငြိမ်ကျသွားပြီး မျက် မောင်ကျုံ့လျက် တစ်စုံတစ်ရာကို အလေးအနက် တွေးနေလေ၏။ ်သို့ရှိနေရာက သူသည် ဦးခေါင်းကို ဖြည်းလေးစွာ ခါယမ်းပြီး ပြောလိုက်သည့်စကားကြောင့် ထင်အောင်ကျော်သည် နေရာမှ ခုန်ထွက်သွားမတတ် အံ့သြတုန်လှုပ်သွားတော့၏။

"ဟေ . . . ဘယ် . . . ဘယ်လို . . ."

မျက်ဝန်းတွေ ပြူးလျက် တအံ့တသြ ဖြစ်သွားသည့် မောင်တိုးက မရှင်းမလင်း ဖြစ်သွားသည်ထင်ပြီး ဒုတိယ ကြိမ် မြောက် ပြည့်စုံစွာ ရှင်းပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . အဘ၊ ကျွန်တော့်အမြင်မှာတော့ ရွာ
က ထူးထူးခြားခြား ပြောင်းလဲမသွားပါဘူး၊ သိသိသာသာ ပြောင်း
လဲတာဆိုလို့ ဒေါ်ချက်ကြီးဆိုတဲ့ လက်သည်မိန်းမကြီးတစ်ဦးပဲ
ရှိတယ်၊ အရင်တုန်းက အဲဒီမိန်းမကြီးဟာ ခနော်ခနဲ့ တဲအိမ်လေးမှာ
စားရမယ့်သောက်ရမယ့် ဘဝမျိုးပါ၊ မျက်နှာဖြူအရေးပိုင်ကြီးတို့
ပြန်သွားပြီး လအနည်းငယ်အတွင်း ခြံကြီးဝန်းကြီးနှင့် လေးပင်တိုင်
ပျဉ်ထောင်အိမ်ကြီးနဲ့ တကယ့်ကို ပြောင်းလဲသွားတယ်လေ"

"အတော်ထူးဆန်းပါလား မောင်တိုးရာ၊ အမွေရတာတို့
ဒါမှမဟုတ် ထီပေါက်လို့ဖြစ်ဖြစ် ပြောင်းလဲသွားတာရော မဖြစ်နိုင်
ဘူးလား"

ထိုအခါ မောင်တိုးက သဘောကျစွာ တဟားဟား ရယ်
မောရင်း ဦးခေါင်းကိုလည်း ခပ်သွက်သွက် ခါယမ်းလိုက်ပြီး . . .

"ဘယ်ဟုတ်ပါ့မလဲ အဘရယ်၊ ရွာက မိန်းမချောလေး
ယောက် ရုတ်တရက် ဗိုက်ပူလာတာကို ဆေးကုပေးလိုက်လို့ပေါ့

"ဟေ . . ."

မောင်တိုးစကားများကို နားထောင်ရင်း ထင်အောင်ကျော်
၏ခန္ဓာကိုယ်သည် တအံ့တဩ ဖြစ်ရသည်ကြောင့် မကြာခဏ
မြောက်ကြွနေတော့၏။ မောင်တိုးက သူနားလည်သည့်အတွေး
ဖြင့် ဆက်လက်ပြောပြသည်ကို ကြားရပြီးနောက်မှာတော့ သူ၏
ခန္ဓာကိုယ်မှာ မြောက်ကြွသွားတာမျိုး မဖြစ်တော့ဘဲ ကြီးမားလေ





လံသော လေပူကို အားပါးတရ မှုတ်ထုတ်ရင်း စိတ်ပျက်လက်ပျက်
ငြိမ်သက်သွားတော့၏။

"အဲဒီမိန်းမချောလေးယောက်က မျက်နှာဖြူအရေးပိုင်မင်း
နှင့် ဝန်ထောက်မင်းတို့ ရောက်လာတုန်းက ကျွေးမွေးဧည့်ခံဖို့ ရွာ
သူကြီးက တာဝန်ပေးထားတာပေါ့၊ ရွာက အပျိုချောတွေထဲမှာ
လက်ရွေးစင် တာဝန်ပေးခြင်းခံရတဲ့ မိန်းမချောတွေ ဖြစ်တယ်၊
အဲဒီတုန်းကဆိုရင် တစ်ရွာလုံးက အမျိုးသမီးတွေ အားလုံးက
သူတို့လေးယောက်ကို အထင်ကြီးအားကျလို့ပေါ့၊ မျက်နှာဖြူအရေး
ပိုင်ကြီးကလည်း တကယ့်ကောင်းပေ့၊ ညွန့်ပေ့ဆိုတဲ့ ပိုးထည်တွေ
လက်ဆောင်ပေးပြီး, ဝတ်ဆင်ခိုင်းတော့ သူတို့လေးယောက်ဟာ
လှပြည်က ချက်ချင်းနတ်ပြည်ရောက်သွားသလို နတ်စည်းစိမ်
အပြည့်နဲ့ပေါ့၊ မျက်နှာဖြူပုဂ္ဂိုလ်ကြီးပြန်သွားတော့လည်း သူတို့ဟာ
ငွေကြေးအမြောက်အမြားနဲ့ လက်ဆောင်ပစ္စည်းတွေလည်း အများ
ကြီးရလိုက်ကြတယ်၊ အဲ . . . မကြာပါဘူး၊ လအနည်းငယ် အကြာ
မှာပဲ သူတို့ဗိုက်တွေဟာ အသီးသီး ပူထွက်လာကြတယ်။

ရွာကလူတွေလည်း တဖြည်းဖြည်း သတိပြုမိလာကြတယ်၊
အားလုံးထဲမှာ တန်းကနဲ သတိပြုမိသူက လက်သည်ဒေါ်ချက်ကြီး
ပေါ့၊ အဲဒီနောက်ပိုင်း ဒေါ်ချက်ကြီးလည်း ဘဝအခြေအနေ ပြောင်း
လဲသွားတော့တာပဲ၊ တစ်နေ့မှာ အဲဒီမိန်းမချောလေးယောက်နဲ့
ဒေါ်ချက်ကြီး၊ ပြီးတော့ သူကြီးသား အဘတာနေတို့ ရွာက



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားကြတယ်၊ သူတို့ပြောတာကတော့ မျက်နှာဖြူအရေး
ပိုင်မင်းကြီးက သူရုံးစိုက်ရာ ပြည်မြို့ကို အလည်ခေါ်လို့ သွားကြ
တယ်ပေါ့၊ တစ်လလောက်အကြာမှာ သူတို့ပြန်ရောက်လာကြတယ်
မိန်းမချောလေးဦးကတော့ ချုံးချုံးကျပြီး ဖြူဖတ်ဖြူရော်နဲ့ ကျန်းမာ
ရေးမကောင်းတဲ့ပုံမျိုး ဖြစ်နေတယ်၊ သူကြီးသား အဘတာနောက
တော့ အရေးပိုင်မင်းကြီးကို နေ့မနားညမနား ဧည့်ခံပြုစုခဲ့ရလို့
ပင်ပန်းနွမ်းနယ်ခဲ့တာလို့ ပြောတယ်၊ သူတို့ထဲမှာ အထူးခြားဆုံးက
လက်သည်ဒေါ်ချက်ကြီးပဲ၊ အဲဒီမိန်းမကြီးဟာ အမြဲတမ်းမှုန်ကုတ်
ပြီး အတော့်ကို အကြည့်ရဆိုးပါတယ်၊ ဒါပေမယ့် အဲဒီအချိန်မှာ
တော့ အမြင်ကတ်လောက်အောင် ပျော်တပြုံးပြုံး ဖြစ်နေတယ်

အဲဒီနောက်ပိုင်း ကာလအနည်းငယ်အတွင်းမှာပဲ ဒေါ်ချက်
ကြီးလည်း နေ့ချင်းညချင်း ကြီးပွားသွားတော့ ရွာက စဉ်းစားဉာဏ်
ရှိတဲ့ ပုဂ္ဂိုလ်တွေက သူတို့အခြေအနေကို စောင့်ကြည့်ရင်းက ရက်
အတော်ကြာတော့ အဖြစ်မှန်ကို သိလိုက်ကြတယ်၊ သူတို့က အရေး
ပိုင်မင်းကြီးထံ ရောက်ရှိသွားတာမှန်ပေမယ့် အရေးပိုင်မင်းကြီးက
ဗိုက်ပူနေတဲ့ မိန်းကလေးကို သူ့ဆီခေါ်လာတဲ့အတွက် အဘတာနော
ကို ဆူပူကြိမ်းမောင်းကြောင်း၊ ပြီးတော့ အဲဒီပူနေတဲ့ဗိုက်တွေကို
ပြန်ပိန်သွားအောင် ဖြေရှင်းနိုင်တဲ့ ဒေါ်ချက်ကြီးကို ငွေကြေး
အမြောက်အမြားပေးပြီး စေခိုင်းလိုက်ကြောင်း၊ အဲဒါနဲ့ သူတို့ဟာ
ရွာကိုပြန်မလာသေးဘဲ ရွာတစ်ရွာမှာ နေထိုင်ရင်း အဲဒီကိစ္စ





ပြုလုပ်ကြကြောင်း၊ ရွာပြန်ရောက်တော့ ဘယ်လိုပဲ လိမ်ညာပြော
ပေမယ့် သတင်းကတော့ ထွက်လာတာပဲလေ၊ ဒါကြောင့် ရွာက
...ာမှမပြောင်းလဲပေမယ့် ဒေါ်ချက်ကြီးကတော့ တကယ့်ကို ပြောင်း
...ဲသွားတယ်လို့ ကျွန်တော်ပြောတာပေါ့"

ဟူ၍ သူ၏စကားကို အဆုံးသတ်ရင်း ပြုံးနေလေ၏။

ဒေါက်တာထင်အောင်ကျော်သည် မည်သည့်စကားမျှ
ဆိုနိုင်အောင် အတန်ကြာမျှ ငိုင်နေလေ၏။ သူ၏အတွေးများမှာ
...ောက်ကိုရှုတ်ထွေးနေ၏။ ရင်ထဲ၌လည်း ပူလောင်ပြင်းပြ ခံစား
နေရ၏။ သူသည် အဖြေမရှိသည့် ပုစ္ဆာကို အဖြေရှာဖော်ထုတ်
နေသကဲ့သို့ စဉ်းစားရင်း မကြာခဏ ပင့်သက်ရှိုက်နေမိ၏။

သို့ဖြစ်လေတိုင်း သူသည် စီးကရက်ဖွာရှိုက်သည့် အကျင့်
...သူဖြစ်၍ သူ၏အရိပ်အကဲကို ကောင်းစွာနားလည်နေသော
...ောင်တိုးက စီးကရက်ဗူးကိုဖောက်၍ တစ်လိပ်ကို ထုတ်ယူလိုက်
... သူ့ထံကမ်းပေးလေ၏။ ထိုအပြုအမူကြောင့် ထင်အောင်ကျော်
...သည် ရုတ်တရက်ကြောင်သွားပြီး မောင်တိုးကို ကြည့်လိုက်၏။
...ါ်ထဲ၌ ရှုတ်ထွေးနေသည့် အတွေးများမှာ မောင်တိုး၏ ပြီတီတီ
...ပြုံးအောက်တွင် အလုံးစုံကွယ်ပျောက်သွားတော့၏။ သို့နှင့်
...သည် လွတ်လပ်ပေါ့ပါးစွာ ရယ်လိုက်ပြီး ငှင်းကမ်းပေးလာသည့်
...ာရက်ကို ယူလိုက်ပြီး မီးညှိဖွာရှိုက်လိုက်ရာ မောင်တိုးက
...ဘောကျစွာ လက်ခုပ်တီးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းစီးကရက်မှာ မောင်တိုးဝယ်ခဲ့သည့် ဂိုးလ်ဒင်းဖလိပ် စီးကရက်ဗူးထဲမှ စီးကရက်တစ်လိပ်ဖြစ်၏။ ထိုစီးကရက် သောက်လိုက်ခြင်းကြောင့် မောင်တိုးသည် သူသတ်မှတ်သည့်အမည်ကို ဒေါက်တာထင်အောင်ကျော်က သဘောတူလက်ခံကြောင်း အတည်ပြုလိုက်ပြီဟု ယူဆလိုက်သဖြင့် ထိုသို့ပျော်ရွှင်ဝမ်းမြောက်သွားခြင်း ဖြစ်သည်။

ဒေါက်တာထင်အောင်ကျော်လည်း မည်သို့မှမပြောသာဘဲ ရှိနေရာ ဘစ်စုံတစ်ခုကို တွေးမိလိုက်သဖြင့် . . .

"ကောင်းပြီ မောင်တိုးရာ၊ ဒီနေ့ မင်းဆီက ကြားလိုက်ရတဲ့ သည်းထိတ်ရင်ဖိုဇာတ်လမ်းက ငါ့ဘဝအတွက် တကယ့်အမှတ်တရပါပဲကွာ၊ ဒါနဲ့ မင်းငါ့ကိုခေါ်မယ့် 'အဘ' ဆိုတာကြီးနဲ့ပတ်သက်ပြီး ငါသဘောမပေါက်ဘူး ဖြစ်နေတယ်၊ အဲဒီနာမည်က မင်းတို့ရွာက သူကြီးသားကို မင်းတို့တစ်ရွာလုံးခေါ်တဲ့ အမည်မဟုတ်လား၊ မင်းက အဲဒီအမည်ကို ငါ့ကိုခေါ်မယ်ပေါ့"

"ဟုတ်ပါတယ်၊ ကျွန်တော်အရင်စဉ်းစားမိတာက သူကြီးကိုခေါ်သလို သခင်ကြီးလို့ ခေါ်မလို့ပါပဲ၊ နောက်တော့မှ ဆရာ့အရွယ်က သူကြီးလို အိုမင်းရွတ်တွနေတာ မဟုတ်ဘူးလေ၊ သူ့ရဲ့ သားသမီးအရွယ်ဖြစ်တော့ သူ့သားကိုခေါ်တဲ့ 'အဘ' ဆိုတဲ့ အမည်ကိုပဲ ရွေးလိုက်တာပေါ့"

"ကဲ . . . ထားပါတော့လေ၊ မင်းတို့တစ်ရွာလုံးက အဘ





လို့ခေါ်ကြတဲ့ အဲဒီသူကြီးသားက စိတ်သဘောထား တည်ကြည် ဖြောင့်မတ်ပြီး ရပ်အကျိုး၊ ရွာအကျိုးကို ကိုယ်ကျိုးစွန့်လုပ်ကိုင်တဲ့ သူပေါ့၊ ဒါကြောင့် မင်းတို့က လေးစားကြည်ညိုပြီး 'အဘ' လို့ ချစ်စနိုးခေါ်ကြတာပေါ့"

ဒေါက်တာထင်အောင်ကျော်က ထိုသို့စိတ်အားထက်သန် စွာ ပြောလိုက်သည်ကို မောင်တိုးက မျက်နှာကို အစွမ်းကုန်ရှုံ့မဲ့ လိုက်ပြီး ရုတ်ချည်းပင် ပြန်ဖြေလေ၏။ ထိုစကားကို နားထောင် ပြီးနောက် ထင်အောင်ကျော်သည် မျက်ဝန်းတွေ ပြူးကျယ်သွား ပြီး နှုတ်ကလည်း "ဘာကွ . . . " ဟူ၍ အသံထွက်သွားလေ၏။

မောင်တိုးပြောပြသည့် စကားများမှာ ထင်အောင်ကျော် ၏ ယူအဆနှင့် ဖြောင့်ဖြောင့်ကြီး လွဲချော်သွား၏။ သူကြီးသား 'အဘ' မှာ လက်ဝေခံရာထူးဖြင့် ရွာလူထုအပေါ်တွင် အနိုင်ကျင့် ပြီး ကိုယ်ကျိုးရှာနေသူဖြစ်ကြောင်း၊ ဆိုးသွမ်းမိုက်ကန်းနေ သူများကို တပည့်မွေးပြီး ထင်ရာစိုင်းနေသူဖြစ်ကြောင်း၊ အချို့ သူ့မပျိုလေးများကို အဓမ္မစော်ကားရုံသာမက သူအလိုရှိပါက လင်ရှိမယားကိုပင် ရှောင်သူမဟုတ်ကြောင်း စသဖြင့် ပြောပြလေ ၏။

ထိုအခါ ထင်အောင်ကျော်သည် မျက်မှောင်ကိုကျုံ့ရင်း ငြိမ်ကျမနေပ်လေသံဖြင့် . . .

"ဒီလောက် ဆိုးသွမ်းမိုက်ရိုင်းတဲ့ အကောင်ကိုမင်းတို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာလုံးက 'အဘ' လို့ခေါ်တာကြီးကို မင်းက ငါ့ကို အဲဒီလိုခေါ် မယ်ဆိုတော့ ငါ့အဖြစ်က လူယုတ်မာနဲ့ တူမနေဘူးလား"

ဆောင့်ကြီးအောင့်ကြီး ပြောလိုက်ရာ မောင်တိုးက သူ၏ သဘောထားကို ဟျာဟျာသလဲ ဖြေရှင်းလေ၏။

"ဟား . . . မဟုတ်ဘူး . . . မဟုတ်ဘူး၊ အဲဒီသဘော ထားမျိုး ကျွန်တော့်စိတ်ထဲမှာ မြူတစ်မှုန်စာတောင် မရှိပါဘူး အဘရယ်၊ 'အဘ' လို့ ခေါ်တာချင်းတူပေမယ့် လေးနက်မှုချင်း မတူပါဘူး၊ သူကြီးသားဦးတာနောကို ခေါ်တဲ့အရသာနဲ့ အဘ ထင်အောင်ကျော်ကို ခေါ်တဲ့အရသာ အပုံကြီးကွာခြားပါတယ် ဟိုလူကြီးကိုခေါ်ရတာ အော့နှလုံးနာတဲ့စိတ်၊ ကြောက်ရွံ့တဲ့စိတ် ခေါ်ရတာ၊ အဘထင်အောင်ကျော်ကိုခေါ်ရတာ စိတ်နှလုံးမှာ အေးချမ်းပြီး ချစ်ခင်ကြည်ညိုတဲ့စိတ် ဖြစ်ရတယ်လေ၊ အသံ့ချင်တ ပေမယ့် အနှစ်သာရချင်းက အပုံကြီးကွာခြားပါတယ် အဘရယ်

ထိုအခါမှာတော့ ထင်အောင်ကျော်သည် အနည်းငယ် ပင် တုန့်ပြန်ပြောဆိုနိုင်စွမ်းမရှိတော့ဘဲ မောင်တိုးဟူသော ချာတိ လေးကို အရှုံးပေးရလေတော့၏။ ထိုအချိန်မှစ၍ ငှင်းလူငယ်လေ သည် ဒေါက်တာထင်အောင်ကျော်ကို သူရွေးချယ်လိုက်သည 'အဘ' ဟူသောအမည်ဖြင့် ပြောဆိုခဲ့ခြင်းဖြစ်သည်။

ဒေါက်တာထင်အောင်ကျော်သည် ဘယ်လိုမှ မရည်ရွ ဘဲ ထိုအဖြစ်အပျက်လေးကို တွေးမိလိုက်သဖြင့် သဘောကျ





ပြုံးလိုက်လေ၏။ မောင်တိုးသည် မိမိအပေါ်တွင် လွန်စွာလေးစား ချစ်ခင်ကြောင်း အနည်းငယ်မျှ သံသယမရှိပေ။ ပြောဆိုဆက်ဆံ ရာတွင်လည်း ရိုးသားပွင့်လင်း၏။

ထိုအခါမှာလည်း သူသည် မိမိအမူအရာများ ရုတ်ချည်း ပြောင်းလဲသွားသည်ကို နားမလည်နိုင်ဖြစ်နေပြီး သူ့စိတ်ထဲရှိသည့် အတိုင်း မေးမြန်းနေခြင်းဖြစ်သည်။

ဒေါက်တာထင်အောင်ကျော်သည် အဟာရပြည့်ဝသည့် အစားအသောက်များကို လွန်ကဲမှုမရှိစေရန် သင့်တင့်မျှတရုံ စား သောက်ပြီး လက်စသတ်လိုက်လေ၏။ မောင်တိုးသည် သူ့စိတ် ထဲမှာ မရှင်းမလင်းဖြစ်နေသည့် အလှည့်အပြောင်းဟူသော ဘာမှန်း သိသည့် စကားလုံးအတွက် ဘဝင်မကျဖြစ်နေပုံရ၏။ သူ့အဘ ကလည်း ရှင်းလင်းချက်မပေးဘဲ အီလည်လည် လုပ်နေသဖြင့် အားမလိုအားမရ ဖြစ်ရပြန်၏။

ထင်အောင်ကျော်သည် ရိုးတိုးရွတာဖြစ်နေသည့် မောင်တိုး ကိုကြည့်၍ ပြုံးလိုက်မိ၏။ သူသည် စားသောက်ပြီးတိုင်း ပြုနေကျ အကျင့်ဖြစ်သည့် ဂိုးဒင်းဖလိပ်စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက် လိုက်ပြီး . . .

"ကဲ . . . မောင်တိုး၊ ငါပြောခဲ့တဲ့ လူ့ဘဝရဲ့ အလှည့် အပြောင်းဆိုတဲ့ စကားကြီးကို မင်းဘဝင်မကျဖြစ်နေတာ ငါသိပါ တယ်၊ ငါမွေးလိုက်တဲ့ မီးကို ငါကိုယ်တိုင်ပဲ ငြိမ်းသတ်ရတော့မှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွာ"

ဟုပြောလိုက်ပြီး ထိုင်ရာကထလျက် မောင်တိုးကို စေ့စေ့ ကြည့်ရင်း . . .

"ငါဟာ နောက်ရက်အနည်းငယ်အတွင်း ရန်ကုန်မြို့နဲ မိုင်ရာချီဝေးတဲ့ ခရီးကို ထွက်ခွာရမယ်၊ အဲဒီခရီးဟာ တောတောင် ထူထပ်ပြီး အလွန်ဘေးအန္တရာယ်များတဲ့ ခရီးဖြစ်လို့ နေ့ရက်ဘယ် လောက်ကြာမယ်ဆိုတာ ခန့်မှန်းဖို့ခက်တယ်၊ အဲဒီခရီးဟာ ငါ့ဘ အတွက် အလွန်လေးနက်သလို ဒီထက်လေးနက်အောင်ပြောရရင် ငါ့ဘဝရဲ့ မှတ်တိုင်တစ်ခုပဲ၊ ပြီးတော့ အပြောင်းအလဲတစ်ခုပဲ၊ အဲဒီ အပြောင်းအလဲနောက်ပိုင်းမှာ ငါ့ဘဝဟာ ဘယ်လိုအခြေအနေမျိုး ဖြစ်သွားမလဲဆိုတာ ငါ့ကိုယ်ငါ မှန်းဆလို့မရဘူး၊ ဒီတော့ ငါ့ကို မှီခိုနေရတဲ့ မင်းဘဝလည်း ဘယ်လိုပြောင်းလဲသွားမလဲဆိုတာ မင်း တွေးကြည့်ပေါ့"

ဟုထပ်ပြီးပြောလိုက်ရာ ထိုအခါမှာတော့ မောင်တိုးသည် ရုတ်ချည်းပင် သဘောပေါက်နားလည်သွားပြီး သူ့ကို လွန်စွာ အဓိပ္ပါယ်လေးနက်သည့် မျက်ဝန်းဖြင့် ကြည့်လေ၏။ သူသည် အသက်အရွယ်ငယ်သော်ငြား လွန်စွာဉာဏ်ရည်ထက်မြက်သည့် ကလေးဖြစ်သည်။ ကျိုးကြောင်းဆက်စပ်ပြီး တွေးခေါ်နိုင်စွမ်း သလို ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်းသူဖြစ်ကြောင်း ပြောလာသည့် သ စကားများက သက်သေပြသလို ရှိနေတော့၏။





"ကျွန်တော် အသေအချာ သဘောပေါက်သွားပြီ အဘ၊ အဘ . . . စကားတွေက ထူးဆန်းသလို ထင်ရပေမယ့် တကယ့် ကို လက်တွေ့ကျတဲ့ စကားတွေပါ၊ ပြီးတော့ တစ်ကောင်ကြွက် ဦးကိုးရာမဲ့နေတဲ့ ကျွန်တော့်အတွက် စေတနာစကားတွေဖြစ်လို့ အဘကို ကျေးဇူးတင်ပါတယ်၊ အဘ . . . ကျွန်တော့်ကို မကြာ ခဏ ဆုံးမဖူးပါတယ်၊ လူ့ဘဝဆိုတာ ဘယ်တော့မှ တသမတ် တည်း ရှိမနေဘူး၊ အပြောင်းအလဲဆိုတာ မျက်စိတစ်မှိတ်၊ လျှပ် တစ်ပြက်အတွင်းမှာ ဖြစ်ချင်ဖြစ်သွားတတ်တာကြောင့် လူတိုင်း ဟာ ကိုယ့်ကိုယ်ကို ပြင်ဆင်မှုတွေ မပြတ်ပြုလုပ်ထားရမယ်ဆိုတဲ့ စကားကို ကျွန်တော်အမြဲအမှတ်ရမိပါတယ်၊ ဒါပေမယ့် အဘတစ်ခု သတိမပြုမိလိုက်တာ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်၊ အပြောင်းအလဲ ပိုင်းမှာ အခြေအနေနဲ့ အချိန်အခါဆိုတာ ရှိစမြဲပဲလေ၊ လက်ရှိ အခြေအနေမှာ ကျွန်တော့်အတွက် ထူးထူးခြားခြား ပြောင်းလဲစရာ မရှိပါဘူး"

ထိုစကားကိုတော့ မောင်တိုးသည် အပြုံးတစ်ဝက်ဖြင့် ပြော သ၏။ ထင်အောင်ကျော်သည် ပါမောက္ခကြီးတစ်ဦးက သင်တန်း သားတစ်ဦးကို လက်ချာပေးနေသကဲ့သို့ ပြောနေသည့် မောင်တိုး ၏ စကားများကို ချေပပြောဆိုနိုင်စွမ်းမရှိဘဲ ငြိမ်သက်နေရ၏။

"အဘ . . . ခရီးသွားနေတဲ့ ကာလအတွင်းမှာ ကျွန်တော် ဟာ အန္တရာယ်ကို ရှောင်တိမ်းနိုင်သမျှ ရှောင်တိမ်းနေရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



လိုက်လျောညီထွေ နေထိုင်ရမယ်၊ အထူးသဖြင့် ကျွန်တော့်အပေါ်
အမြဲလိုနိုင်ထက်စီးနင်းဆက်ဆံတဲ့ ထမင်းချက်ကြီး ဒေါ်လုံးတင်ကို
အဲဒီလိုသဘောထားမျိုးနဲ့ ဆက်ဆံရမယ်၊ အဘ . . . အားကိုးနဲ့
ကျွန်တော် ဘဝင်လေဟပ်နေလို့ မရတော့ဘူးလေ၊ အဲ . . . အဘ
ပြန်ရောက်လာတဲ့အချိန်မှာ အဘဟာ အဘပြောခဲ့သလို ဘယ်လို
အနေအထားမျိုး ပြောင်းလဲသွားမလဲ မသိဘူး၊ ဒီကိစ္စအတွက်
လည်း ကျွန်တော်အခိုင်အမာ ဆုံးဖြတ်ပြီးသားပါ၊ အဘဟာ
ဘယ်လိုအခြေအနေမျိုးရောက်ရောက် ကျွန်တော်အဘအနားမှာ
အရိပ်လို အမြဲရှိနေမှာဖြစ်လို့ ရေမြင့်ရင် ကြာတင့်တယ်ဆိုသလိုပေါ့
အဘရယ် . . . ဟဲ . . . ဟဲ၊ တကယ်လို့ ကံအကြောင်းမလှလို့
ရေနိမ့်သွားရင်လည်း အဲဒီရေကို မှီခိုနေရတဲ့ မောင်တိုးဆိုတဲ့ ကျွန်
တော်ကြာပွင့်လေးလည်း အူကြောင်ကျားဘဝမျိုး ရောက်သွားမှာ
ပေါ့ အဘရယ်"

မောင်တိုးသည် စားပွဲပေါ်ရှိ ပန်းကန်ခွက်ယောက်များကို
သိမ်းဆည်းနေလျက်က ထိုသို့ပြောနေခြင်း ဖြစ်သည်။ ပြီးသည်နှင့်
သူသည် မီးဖိုချောင်ဆီသို့ ထွက်ခွာသွားလေရာ ဒေါက်တာထင်
အောင်ကျော်မှာ ငှင်းနေရာမှာပဲ အူတိအူကြောင် ကျန်ရစ်ခဲ့လေ
၏။

ရုက္ခဗေဒပညာရှင် ဒေါက်တာသောမတ်(စ်)ဟူသော
မျက်နှာဖြူပုဂ္ဂိုလ်ကြီးကို အချေအတင် ပြောဆိုအနိုင်ယူခဲ့သော





သူ့ကို ထိုလူငယ်လေးက ကောင်းကောင်းပညာပြသွားလေပြီ၊ သူ
တွေးမိသော၊ သတိမပြုမိသော အယူအဆများဖြင့် သုံးသပ်ပြော
ဆိုသွားသဖြင့် သူသည် ပါမောက္ခကြီးရှေ့သို့ ရောက်နေသည့်
ကျောင်းသားပမာ ငြိမ်သက်နားထောင်နေခဲ့ရ၏။

သူသည် ထိုအဖြစ်ကို တစိမ့်စိမ့်တွေးမိရင်း သဘောကျစွာ
ပြုံးနေရာမှ မောင်တိုးဝင်ရောက်သွားသည့် မီးဖိုချောင်ဆီသို့
အမှတ်မထင် ကြည့်လိုက်မိရာ တွေ့လိုက်ရသည့် မြင်ကွင်းကြောင့်
ဘယ်လိုမှ အောင့်အီးမနေနိုင်တော့ဘဲ အားပါးတရ ရယ်လေတော့
၏။ ထိုသို့ရယ်ရင်း ထိုင်ရာမှထလျက် . . .

"အင်း . . . မောင်တိုး . . . မောင်တိုး၊ ဒီမနက်မှာ မင်းရဲ့
စကားတွေ၊ အပြုအမူတွေဟာ ငါ့အတွက်တော့ တကယ့်ပါမောက္ခ
ကြီးတစ်ဦးနဲ့ တွေ့လိုက်သလိုပဲ၊ ဒါပေါ့ကွာ . . . ယူတတ်ရင် ပညာ
ရတယ်ဆိုသလိုပေါ့၊ ကောင်းပြီလေ . . . မင်းက မင်းဘဝရဲ့
အပြောင်းအလဲကို အချိန်မဆိုင်းဘဲ ပြင်ဆင်မှုတွေ လုပ်နေမှတော့
ငါကလည်း ဒီနေ့ ဒီအချိန်ကစပြီး လုပ်ရတော့မှာပေါ့ကွာ"

ဟူ၍ တစ်ကိုယ်တည်းပြောရင်း အဝတ်အစားလဲခန်း
အတွင်းသို့ ဝင်ရောက်သွားတော့၏။

မှန်ပေသည်။ မောင်တိုးသည် သူ၏စကားအတိုင်းပင်
အပြောင်းအလဲကို ထိုနေ့မနက်မှာပဲ စတင်လိုက်ခြင်းဖြစ်သည်။
အသေးအဖွဲ့ဟု ယူဆနိုင်သော်လည်း သူ့အဖို့တော့ အကြီးအမား



www.burmeseclassic.com

www.burmeseclassic.com

ပြဿနာတစ်ခုပင် . . .။ သူသည် ထင်အောင်ကျော်၏ စောင့်
ရှောက်မှုဖြင့် ရပ်တည်နေထိုင်ရသူဖြစ်သည်။ စား၊ ဝတ်၊ နေရေး
ကိုသာမက ပညာသင်ကြားရေးကိုလည်း ထင်အောင်ကျော်က
ဖြည့်ဆည်းပေးထား၏။

မောင်တိုးသည် ထိုအိမ်တွင် သက်တမ်းအနုဆုံး မိသားစု
ဝင်တစ်ဦးဖြစ်သည်။ သက်တမ်းနုသော်လည်း အိမ်ကြီးသခင်
ထင်အောင်ကျော်၏ မျက်နှာသာပေး အရေးတယူဆက်ဆံခြင်းကို
အခြားသူများထက် ပိုမိုရရှိသူဖြစ်၏။ အိမ်မှုကိစ္စတာဝန်မှာလည်း
အနည်းဆုံးဖြစ်၏။

အသက်ငါးဆယ်ကျော်အရွယ် ဒေါ်လုံးတင်ဟူသော မိန်း
ကြီးမှာ ထိုအိမ်ကြီးတွင် မီးဖိုချောင်တာဝန်ယူရသူဖြစ်၏။ မာလီ
ခြံစောင့် . . . စသဖြင့် ရှိကြသော်လည်း ထိုသူများမှာ မောင်တိုး
နှင့် ဆက်ဆံရေးပြေပြစ်ကြ၏။ မောင်တိုးနှင့် အမြဲလိုလို ပဋိပက္
ဖြစ်သူမှာ ဒေါ်လုံးတင်သာလျှင် ဖြစ်၏။

ထင်အောင်ကျော်က မျက်နှာသာပေးထား၍သာ မောင်တိုး
အဖို့ အနေချောင်နေခြင်း ဖြစ်သည်။ ထင်အောင်ကျော် ခရီးရှည်
ထွက်ခွာသည့် ကာလအတွင်း မောင်တိုးသည် အခြားသူများနှင့်
စာလျှင် ထိုမိန်းမကြီးနှင့် လိုက်လျောညီထွေ နေထိုင်ရပေတော့
မည်။ သူ့အဖို့ အားကိုးအားထားပြုရာ သူ့အဘမရှိသည်နှင့်
ထိုမိန်းမကြီးက သူမ၏ ဒေါင်းတင်မောင်းတင် ခန္ဓာကိုယ်ကြီးဖြင့်





နိုင်ထက်စီးနင်း ပြောဆိုဆက်ဆံပေတော့မည်။

ယခင်ကဆိုလျှင် ပန်းကန်ခွက်ယောက် ဆေးကြောခြင်း
ကိစ္စများမှာ ထိုမိန်းမကြီး၏ တာဝန်များဖြစ်၏။ မောင်တိုးသည်
အနည်းငယ်မျှ ဝင်ရောက်ကူညီလုပ်ကိုင်ခြင်းမျိုး မရှိခဲ့ . . .။ ထို
မိန်းမကြီးကလည်း အပြောအဆိုမတတ် . . .။ အိမ်ကြီးရှင်လေသံ
ဖြင့် မောက်မာစွာ ပြောသောကြောင့် မောင်တိုးကလည်း အမြင်
တပ်ကပ်ဖြင့် မသိချင်ယောင်ဆောင်နေစမြဲ ဖြစ်သည်။ ကာလကြာ
သည်တွင် ထိုအိမ်ကြီး၌ ဒေါ်လုံးတင်ကြည့်မရဆုံးသူမှာ မောင်တိုး
ဖြစ်သွားလေ၏။

မောင်တိုးအပေါ် မကျေမနပ်ဖြစ်လေတိုင်း သူမကြိမ်း
မောင်းစမြဲဖြစ်သည့် စကားမှာ . . .

"မိုးကောင်းတုန်း ရွာထားဦးပေါ့ မသာကောင်လေးရယ်"
ဟူ၍ဖြစ်၏။ ထိုသို့ ကြိမ်းမောင်းလေတိုင်း မောင်တိုးဟူသော
ကောင်လေးကလည်း ထိမထင်အပြုံးဖြင့် "ဟဲ . . . ဟဲ . . .
ရေမြင့်လို့ ကြာတင့်တာ မနာလိုမဖြစ်ပါနဲ့ မသာမကြီးရယ်" ဟူ၍
မကြားတကြား တုန့်ပြန်စမြဲဖြစ်သည်။

ထင်အောင်ကျော် ကာလကြာရှည်စွာ ခရီးထွက်နေသည့်
ကာလအတွင်းမှာတော့ မောင်တိုးသည် သူပြောခဲ့သလို 'ကြာ'
တင့်နိုင်ပါဦးမလား . .။ ဒေါ်လုံးတင်ကြိမ်းမောင်းသလို မိုးကောင်း
နိုင်ပါဦးမလား . . .။ သေချာတာကတော့ ဒေါ်လုံးတင်သည်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းနေသော မိုးကို ရပ်တန့်ပေလိမ့်မည်။ တင့်တယ်နေသည့်
'ကြာ' ကို ဆယ်ယူချေမွပေလိမ့်မည်။

ထိုအဖြစ်ကို မောင်တိုးသည် ကြိုတင်ရိပ်မိလိုက်ပြီဖြစ်၏
သို့ကြောင့်လည်း သူသည် ဘယ်တုန်းကမှ စိတ်မကူးခဲ့သည့်
ပန်းကန်ခွက်ယောက် ဆေးကြောသည့်အလုပ်ကို ထိုနေ့မနက်မှာပဲ
လုပ်ကိုင်ရင်းဖြင့် သူ့အပေါ် အမြဲပင် မနာလိုမရှုစိမ့်ဖြစ်နေသည့်
ထမင်းချက်ကြီးဒေါ်လုံးတင်ကို ငြိမ်းချမ်းရေးကမ်းလှမ်းပြီးဖြစ်
ကြောင်း သက်သေပြလိုက်ခြင်း ဖြစ်သည်။

ထင်အောင်ကျော်သည် မောင်တိုး၏လိမ္မာပါးနပ်သည့်
ပရိယာယ်ကို အမှတ်မထင် သတိပြုမိလိုက်သဖြင့် လွန်စွာသဘော
ကျသွားပြီး အားပါးတရ ရယ်လိုက်တော့၏။

* * * *



## အခန်း (၅)

ထင်အောင်ကျော်သည် အဝတ်အစားလဲလှယ်ပြီး မိနစ်
ဆယ်ခန့်ကြာမြင့်သည်တွင် လွန်စွာလူရှုတ်ထွေးသည့် ရွှေဂုံတိုင်
ရပ်သို့ ရောက်ရှိခဲ့လေ၏။ နံနက်ခင်း လင်းအာရုဏ်သန်းစပြု
ပြီဖြစ်ရာ မြို့နေလူထုသည် ပုရွက်ဆိတ်ပုံကို တုတ်နှင့်ထိုးလိုက်
လို လှုပ်လှုပ်ရွရွ လှုပ်ရှားသွားလာလျက်ရှိ၏။

သန့်ရှင်းသပ်ရပ်သည့် လမ်းမကြီးများ၊ လူနေအဆောက်
အအုံများကို သတိထားကြည့်မိရင်းက သူသည် တစ်စုံတစ်ခုကို
လိုက်မိ၏။ မိမိရပ်တည်ရာ ရန်ကုန်မြို့တော်ကြီးသည် အရှေ့
တောင်အာရှနိုင်ငံများမှ မြို့တော်များတွင် အလှပဆုံးမြို့တော်



www.burmeseclassic.com

www.burmeseclassic.com







အဖြစ် ကျော်ကြားသည့် ဂုဏ်သတင်းဖြစ်၏၊ အမှန်တကယ်လည်း
အံ့သြဖွယ်ကောင်းအောင် ကျက်သရေရှိလှပေ၏။

အကွက်အကွင်းကျသည်။ လူနေရပ်ကွက်များ ဖော်ထုတ်
ထားမှု စနစ်ကျသည်။ လမ်းများ သပ်ရပ်ကောင်းမွန်သည်။ ထို
အရာများကို တွေ့ရပြန်တော့ အင်္ဂလိပ်တို့၏ ဉာဏ်ပညာကြီးမား
တီထွင်ကြံဆကြိုးပမ်းမှု၊ ဘယ်ကိစ္စမဆို ပြီးမြောက်အောင်မြင်
ဖွဲ့နဘဲထက်သန်စွာ ဆောင်ရွက်တတ်မှု၊ စည်းစနစ်ကြီးမားမှုတို့ကို
အထင်ကြီးလေးစားမိပြန်၏။

အိန္ဒိယမှ ခေါ်ဆောင်လာခဲ့သည့် ကုလားအလုပ်သမား
များလည်း ကျွန်ကုလား၊ မယားတောသူ ဟူ၍စာဆိုရသည်အထိ
သစ္စာရှိရှိနှင့် အလုပ်ကြိုးစားသူများဖြစ်သည်။ အင်္ဂလိပ်တို့က သ
ပြခိုင်းစေသည့်အတိုင်း တိကျသေသပ်စွာ လုပ်နိုင်စွမ်းရှိကြ၏။

ရန်ကုန်မြို့နီစပယ်မင်းကြီး၏ လက်အောက်တွင် အိန္ဒိယ
လူမျိုးအလုပ်သမား ထောင်ပေါင်းများစွာ ရှိ၏။ ထိုသူတို့သည်
မြန်မာလူမျိုးများမလုပ်သည့် အောက်ခြေသိမ်းအလုပ်ဟူသမျှ
ထရိုက်ယူထားသကဲ့သို့ အားတက်သရော လုပ်ကိုင်ကြ၏။ ရှ
ကြောက်မှုမရှိ။ ရွံရှာမှုမရှိ။ ကြုံသလိုစား၊ ဖြစ်သလိုနေထိုင်ရင်းပြ
ဝမ်းပန်းတသာ လုပ်ကိုင်ကြ၏။

ရန်ကုန်မြို့ကြီး သန့်ရှင်းသပ်ရပ်နေခြင်းမှာ ၎င်းတို့၏
အစွမ်းအစကြောင့်ဟု အခိုင်အမာ ပြောရပေလိမ့်မည်။ လန်ချာ



ဆွဲသူအများစုမှာလည်း ၎င်းတို့သာလျှင် ဖြစ်၏။ တရုတ်လန်ချား
သမားအချို့ရှိသော်လည်း အများအားဖြင့် ၎င်းတရုတ်များမှာ မြန်မာ
ပြည်ကို နောက်ဖေးပေါက်မှ ခိုးဝင်လာပြီး အပွကြံရန် ချောင်း
မြောင်းနေသူများဖြစ်၏။

ဒေါက်တာထင်အောင်ကျော်သည် ကုလားဆွဲသော လန်
ချားကိုစီးရင်း ရောက်တတ်ရာရာ တွေးနေရင်းက ကျောက်မြောင်း
ဈေးကွက်သစ်လမ်းသို့အရောက်တွင် သူ့လက်အောက်တွင် အမှု
ထမ်းသော လက်ထောက်သုတေသနမှူး အောင်ငွေတိုးကို အမှတ်
မထင် တွေ့လိုက်ရသဖြင့် လန်ချားကုလားကို ကပျာကယာ ရပ်
ခိုင်းလိုက်ရ၏။

အောင်ငွေတိုးသည် ပလက်ဖောင်းပေါ်တွင် ခေါင်းငိုက်
စိုက်ဖြင့် လမ်းလျှောက်နေရာမှ သူ့အနီးမှာ ထိုးရပ်လိုက်သည့်
လန်ချားကိုကြည့်ရင်း တအံ့တသြဖြစ်သွားရာမှ ၎င်းလန်ချားပေါ်
တွင် ဒေါက်တာထင်အောင်ကျော်ကို သတိပြုမိသွားပြီး အားရ
ဝမ်းသာ နှုတ်ဆက်လေ၏။

"ဟာ . . . ဆရာထင်အောင်ကျော်၊ ရုတ်တရက်ဆိုတော့
လူတောင်မှားသွားတယ် ဆရာရယ်၊ ဆရာ့ဒီဇိုင်းက ဘိုင်စကုတ်
မင်းသားတောင် အရှုံးပေးရလောက်တယ်၊ ဒီလိုမြင်ရတော့လည်း
ကိုယ့်ဆရာက တကယ့်လူပုံချောပဲ"

အောင်ငွေတိုးက လန်ချားအနီးကပ်၍ ပြောလိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ဖုံးဖိမရသည့် ချဉ်စူးစူးအနံ့က ထိုစကားနှင့်အတူ ပျံ့ ထွက်လာသည်ကြောင့် ထင်အောင်ကျော်လည်း မျက်မှောင်ကျုံ့ လျက် စိုက်ကြည့်လိုက်ရင်း . . .

"ဟ . . . ဘယ်လိုများဖြစ်ရတာလဲ အောင်ငွေတိုးရာ၊ မနက်စောစော အရက်ချက်စက်ရုံက ထွက်လာတာကျနေတာပဲ၊ ကိုယ့်ကိုယ်ကိုလည်း သတိထားပါဦး"

ဟုပြောလိုက်ရာ အောင်ငွေတိုးသည် မျက်နှာကို အစွမ်း ကုန်ရှုံ့မဲ့လိုက်ပြီး . . .

"ကျွန်တော် သတိထားပါတယ် ဆရာရယ်၊ ဒီနေ့က ရုံး ပိတ်ရက်ဖြစ်တော့ နားရမှာဖြစ်လို့ မနေ့ကတစ်နေ့လုံး စိတ်လွတ် ကိုယ်လွတ် ကဲပစ်လိုက်တာ၊ ဟဲ . . . ဟဲ . . . ကျွန်တော့်နှလုံး သားကို ဖြေဆေးကြွေးလိုက်တာပေါ့ ဆရာရယ်"

ထိုစကားကြောင့် ထင်အောင်ကျော်သည် ပုခုံးတစ်ချက် တွန့်သွားပြီး အောင်ငွေတိုးကို နားမလည်သည့် မျက်ဝန်းဖြင့် ကြည့် လိုက်၏။ ထိုနေ့မှာတော့ ထင်အောင်ကျော်သည် ထူးဆန်းသည့် စကားများကိုသာ ကြားနေရ၏။ အိမ်က မထွက်ခင်မှာ မိမိကျွေးမွေး စောင့်ရှောက်ထားသည့် လူငယ်လေးမောင်တိုးကလည်း အထူး အဆန်းစကားများကို ပြောခဲ့၏။

ထိုတစ်ကြိမ်မှာလည်း အောင်ငွေတိုးစကားများက သူ့အာ ထူးဆန်းနေပြန်၏။





အောင်ငွေတိုးသည် အသက်သုံးဆယ်ဝန်းကျင်အရွယ် ဖြစ်ပြီး ပညာတတ်လူငယ်တစ်ဦးဖြစ်၏။ အလုပ်လုပ်ရာတွင် ခိုကပ် ခြင်းမရှိဘဲ အားတက်သရော လုပ်ကိုင်သူဖြစ်၏။ သပ်ရပ်ခန့်ငြား သည့် ရုပ်ရည်ရှိသူဖြစ်ရာ အချို့မိန်းမချောလေးများက အောင်ငွေ တိုးကို စိတ်ဝင်စားကြ၏။

သို့သော်လည်း အောင်ငွေတိုးသည် အလုပ်အကိုင်နှင့် သူ့ဘဝမြင့်မားရေးကိုသာ အာရုံစိုက်ခဲ့ပြီး ထိုမိန်းမချောလေးများ ကို အလုပ်သဘောမှလွဲ၍ စိတ်ဝင်စားမှု မရှိခဲ့ပေ။ သို့ကြောင့်လည်း သူသည် အသက်သုံးဆယ်အရွယ်တိုင်အောင် ရည်းစားမရှိ တစ် ကိုယ်တည်း လူပျိုကြီးဖြစ်နေခြင်းဟု ယူဆရမည်ဖြစ်သည်။

လူသားတွေအဖို့ အသက်အရွယ်မရွေး၊ အချိန်အခါမရွေး၊ နေရာဒေသမရွေး ဖြစ်ပေါ်လာတတ်သည့် အချစ်ဟူသော ဘာမှန်း မသိသည့် အရာကြီးက ထိုအသက်အရွယ်ရောက်မှ သူ့ကိုကောင်း ကော ဒုက္ခပေးလာတော့၏။ တစ်ချိန်လုံး လက်မထောင်ခဲ့သည့် အောင်ငွေတိုးအဖို့ ထိုတစ်ကြိမ်မှာတော့ ဦးကျိုးသလိုအဖြစ်မျိုး ငင်ဆိုင်ရတော့၏။

အောင်ငွေတိုးသည် သူ့ဘဝကို ကိုယ့်ဒူးကိုယ်ချွန် ကြိုးစား ခဲ့ရ၏။ အသိုင်းအဝန်းမရှိ၊ ငွေကြေးအင်အားမရှိ . . .။ ပညာ အဆင့်အတန်းနှင့် ရာထူးအရှိန်အဝါလေးသာ ရှိ၏။ သို့ကြောင့် လည်း အောင်ငွေတိုးက သူ့ဘဝမြင့်မားဖို့ တစ်ခုတည်းသော ထွက်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်မှာ အရာရှိအရာခံဖြစ်ဖို့ တစ်ခုတည်းသာလျှင်ဖြစ်၏။

အထက်အရာရှိများကို ကျိုးနွံစွာ ဆက်ဆံသည်။ ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သည်။ ပဋိပက္ခဖြစ်မည့် အပြောမျိုး၊ အပြုအမူမျိုး ဘယ်တော့မှ မပြုလုပ်။ လက်အောက်ငယ်သားများက မကျေနပ်လျှင်ရှိမည်။ အထက်အရာရှိများကတော့ သူ့အပေါ် စိတ်ကျေနပ်စမြဲဖြစ်သည်။

သို့ကြောင့်လည်း သူသည် သာမန်ရက္ခဗေဒဘွဲ့ရချင်းအတူတူ လက်ထောက်သုတေသနမှူးရာထူးသို့ နှစ်အနည်းငယ်အတွင်း တိုးမြှင့်ခန့်အပ်ခံရခြင်း ဖြစ်သည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်ခန့်က ၎င်းတို့သုတေသနဌာနသို့ လွှန်စွာလှပပြီး ချစ်စဖွယ်မိန်းမချောလေးတစ်ဦး ဝင်ရောက်အမှုထမ်းခဲ့၏။ ထိုမိန်းကလေးမှာ အသက်နှစ်ဆယ်ကျော်အရွယ်မျှသာရှိပြီး ရုပ်ရည်ချောမောလှပသကဲ့သို့ အသိုင်းအဝန်းအင်အားလည်း ကြီးမား၏။ ရက္ခဗေဒအထူးပြုဘာသာရပ်ဖြင့် ရန်ကုန်ယူနီဘာစီတီကောလိပ်မှ ဒီဂရီဘွဲ့ရရှိပြီး ဆက်လက်ပညာဆည်းပူးရန်အတွက် အတွေ့အကြုံနှင့် ဗဟုသုတရရှိလို၍ ခေတ္တဝင်ရောက်အမှုထမ်းခြင်း ဖြစ်သည်။

ထူးခြားသည်မှာ သူမသည် ဘိုကပြားမလေး ဖြစ်နေခြင်းပင်။ ရွှေအိုရောင်ဆံနွယ်၊ မြင့်မားသည့် အရပ်အမောင်း၊ တင်းရင်းဖွံ့ထွားသည့် ခန္ဓာကိုယ်တည်ဆောက်မှုတို့ဖြင့် ယောကျ်ားသားတော





၏ အာရုံခံစားမှုဟူသမျှကို တဒင်္ဂအတွင်း ဆွဲယူသိမ်းပိုက်နိုင်လောက်အောင် ဆွဲဆောင်မှုရှိသည့် အလှမျိုးဖြစ်သည်။

သူမသည် မျက်နှာဖြူအရာရှိ ဒေါက်တာသောမတ်(စ်)၏ ပံ့ပိုးကူညီမှုဖြင့် ထိုဌာနတွင် ဝင်ရောက်အမှုထမ်းခဲ့သူဖြစ်၏။ ထိုဗိုလ်ကြီးနှင့် ဆွေမျိုးမကင်းတော်စပ်သည်ဟုပင် အများက ပြောကြ၏။

ဘိုမလေးရှယ်လီစတုန်းသည် အပြောအဆိုမှအစ အမူအရာအဆုံး ရဲတင်းပွင့်လင်းသူဖြစ်ရာ ဌာနအတွင်း၌ လူချစ်လူခင်ပေါများသလို ယောကျ်ားပျိုလေးများ၏အသည်းစွဲ ဖြစ်ခဲ့လေ၏။ သူမအနီး၌ ပျားပုတုန်းပမာ ခိုတွယ်ချဉ်းကပ်ကြသည့် ယောကျ်ားပျိုများမှာ အများအားဖြင့် လူကုန်ထံအသိုင်းအဝန်းမှ ဖြစ်ကြ၏။

အောင်ငွေတိုး၏ ဘဝအခြေအနေမှာ ထိုသူများနှင့် နှိုင်းယှဉ်လျှင် လွန်စွာနိမ့်ပါး၏။ အသက်သုံးဆယ်အရွယ်အထိ မိမိနှလုံးသားကို ထိန်းချုပ်နိုင်ခဲ့သော အောင်ငွေတိုးအဖို့ ထိုလိပ်ပြာမလေးနှင့် တွေ့ဆုံတော့မှ ထိန်းမနိုင်၊ သိမ်းမရ ဆိုသလို ဖြစ်သွားတော့၏။ လိပ်ပြာမလေးကလည်း လည်သည်၊ သွက်သည်၊ ပါးနပ်သည်။

သူ့အနီးသို့ ချဉ်းကပ်လာသည့် ပုတုန်းကောင်တွေကို ဘယ်တော့မှ ပြတ်ပြတ်ခါခါ ငြင်းပယ်တာမျိုး မပြုလုပ်။ သားရေကွင်းကဲ့သို့ ဆွဲချည်၊ ဆန့်ချည်၊ ရှုံ့ချည်၊ နှပ်ချည် သဘောမျိုး ဆက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ပုတုန်းကောင်များမှာ သူမ၏မေတ္တာပန်းကို ရတော့မလို၊ မရတော့မလိုဖြင့် အူကြောင်ကြောင် ဖြစ်ကြရလေ၏။ အောင်ငွေ တိုးအဖြစ်မှာလည်း ထိုသဘောအတိုင်းဖြစ်နေရာ သူသည် ကာလ ကြာလာသည်နှင့်အမျှ နေမြင့်လေ၊ အရှူးရင့်လေဆိုသလို ဖြစ်နေ တော့၏။

အောင်ငွေတိုးမှာ ငွေကြေး၊ အသိုင်းအဝန်း နိမ့်ပါးသည့် အားနည်းချက်တစ်ခုသာလျှင်ရှိရာ မိတ်ဆွေအပေါင်းအသင်းများ က စိတ်ဓါတ်မကျဖို့ မေတ္တာပန်းကိုအရယူဖို့ ဘေးတီး (တိုက်တွန်း) ပေးကြ၏။ အောင်ငွေတိုးကလည်း ဖွဲ့မလျှော့ . . . ။ အခွင့်သင့် လျှင်သင့်သလို ရှယ်လီစတုန်းအနီး ချဉ်းကပ်ပြီး သူမမေတ္တာပန်းကို ရရှိဖို့ ကြိုးစားစမြဲဖြစ်သည်။

ထိုသို့ ကြိုးစားနေသည်မှာ နှစ်နှင့်ချီ၍ ကြာမြင့်ခဲ့သော် လည်း နေမြဲအတိုင်း တိုးတက်မှုမရှိသဖြင့် အောင်ငွေတိုးသည် ရှယ်လီစတုန်းအပေါ်တွင် နားလည်နိုင်စွမ်းမရှိတော့ဘဲ တနုပ်နုပ် ခံစားနေရ၏။ အစိုးရရုံးပိတ်ရက်မှလွဲ၍ နေ့စဉ်ရုံးတက်ရုံးဆင်း လုပ်ငန်းသဘောအရ အမြဲပင် ထိတွေ့ဆက်ဆံနေရသဖြင့် အနေ နီးစပ်မှုက ၄င်းခံစားမှုကို ပိုပြီးကြီးထွားသလို ဖြစ်နေတော့၏။

အောင်ငွေတိုးနှင့် ရှယ်လီစတုန်းဟူသော ဘိုမလေးတို့ သည် ဒေါက်တာထင်အောင်ကျော်၏လက်အောက်တွင် တာဝန် ထမ်းဆောင်ကြသည့် အမှုထမ်းများ ဖြစ်ကြသည်။ အမြဲပင် ထိတွေ့





ဆက်ဆံနေရသဖြင့် သူတို့နှစ်ဦး၏ အရိပ်အခြေကို သိတန် သလောက် သိထား၏။ သို့သော်လည်း အနည်းငယ်မျှ စူးစမ်းမေး မြန်းခြင်းမျိုး မပြုလုပ်ခဲ့ပေ။

အထက်အရာရှိပီပီ လုပ်ငန်းနှင့်မပတ်သက်သည့် ကိုယ် ရေးကိုယ်တာကိစ္စဖြစ်၍ မသိချင်ယောင်ပင် ဆောင်နေခဲ့၏။ မည် သို့ပင်နေသော်လည်း ဌာနတစ်ခုတည်းဖြစ်သောကြောင့် လူငယ် သဘာဝ တီးတိုးပြောဆိုကြသည့် စကားများကို ကြားနေရသဖြင့် အပြည့်အဝ မသိသည့်တိုင်အောင် သူတို့နှစ်ဦး၏ အခြေအနေကို ကောင်းစွာအကဲခတ်နိုင်ခြင်း ဖြစ်သည်။

ချောင်ထဲရောက်နေသည့် တိရစ္ဆာန်လေးတစ်ကောင်က တတ်တရက် ထွက်ပေါက်တွေ့သွားသလို အောင်ငွေတိုးသည် သူ့ ရင်တွင်း၌ မွမ်းကျပ်ခံစားမှုများကို အစွမ်းကုန်ဖွင့်ထုတ်နေသဖြင့် ထင်အောင်ကျော်အဖို့ အခက်တွေ့နေတော့၏။

လန်ချားဆွဲသည့် ကုလားမှာလည်း ခါးပုံစထဲက ဆေးရွက် ကြီးတစ်ဖွဲ့ကို ငုံလိုက်ပြီး သူတို့နှစ်ဦးကို မသိမသာ အကဲခတ်နေ၏။ ထိုကုလား၏ အမူအရာကိုကြည့်ရင်း ထင်အောင်ကျော်သည် စားတုံ့အားနာ ဖြစ်သွား၏။ လန်ချားကုလားသည် အချိန်ဖင့်နွဲ့ နေပါက သူ၏အလုပ်ချိန်နစ်နာသွားမည်ကို စိုးရိမ်နေပုံရ၏။ ကက်ခင်းလူစည်ကားသော အချိန်များမှာ လန်ချားကုလားများအဖို့ ဂိုလ်ဝိရိယအပြည့် စိုက်ထုတ်ရသည့် အချိန်များဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ပါက ဒေါက်တာထင်အောင်ကျော်သည် မိမိ
လက်အောက်ငယ်သားဖြစ်သလို ရင်းနှီးခင်မင်မှုလည်းရှိသော
အောင်ငွေတိုး၏ ရင်ဖွင့်သံများကို အချိန်ပေးပြီး နားထောင်ချင်ပါ
၏။ အခြေအနေကလည်း ဘယ်လိုမှ မဖြစ်နိုင်အောင် ရှိနေလေရာ

"နေ . . . နေပါဦး ဆရာထင်အောင်ကျော်ရယ်၊ ဒီ
ဟာ ကျွန်တော်တို့အတွက် ဟောလီးဒေး (ရုံးပိတ်ရက်) မဟုတ်
လား၊ ကိုယ့်ညီရင်းအစ်ကိုလို ခင်မင်တဲ့ ဆရာ့ကို ကျွန်တော်ရင်ဖွင့်
ပြောပြချင်တယ်၊ ဒီလိုကြုံကြိုက်ဖို့ဆိုတာ မလွယ်ပါဘူး ဆရာရယ်
ကျွန်တော်တို့ ဆိုင်တစ်ဆိုင်ဆိုင်မှာ သွားထိုင်ရအောင် ဆရာရယ်"

ဟူ၍ ကျွန်တော်၏ အလျှင်စလို အမူအရာကို သတိပြု
မိသွားပြီး ထိုသို့ကဂျီကဂျောင်လုပ်ပြန်၏။ လန်ချားကုလားမှာ သ
သိသာသာပင် မျက်နှာပျက်နေလေပြီ။ အောင်ငွေတိုးသည် ရွှေ
တိုင်အရပ်ရှိ 'လင့်ဟိုတယ်' တွင် တစ်ညလုံးသောက်စားပျော်ပါး
ခဲ့ပုံရ၏။ ထို့နေ့မနက်မှာပင် လုံးလုံးလျားလျား အမူးမပြေသေးဘဲ
အရက်နံ့များပင် ထွက်ပေါ်နေဆဲဖြစ်၏။

ထင်အောင်ကျော်သည် ထို့ထက်ပို၍ အချိန်တုံ့ဆိုင်း မနေ
လိုတော့သဖြင့် . . .

"ကဲ . . . အောင်ငွေတိုး၊ ငါ့ညီရဲ့စကားကို အစ်ကိုအလေး
အနက် နားထောင်ချင်ပါတယ်၊ ပြဿနာက အစ်ကို့မှာ အချိန်မ
ဘူး ဖြစ်နေတယ်၊ မင်းစကားကို ငါနားထောင်ဖို့ဆိုတာ လောလော





ယ် ငါ့ဆန္ဒကို မင်းအရင်လိုက်လျောရလိမ့်မယ်"

ဟုပြောလိုက်ရာ အောင်ငွေတိုးကလည်း ချက်ချင်းပင်
ဘောတူကြောင်း ပြောဆိုလေရာ ထင်အောင်ကျော်က ဆက်ပြီး-

"ငါ့မှာ အရေးကြီးတဲ့ ကိစ္စတစ်ခုအတွက် ဓမ္မစိန္တာလမ်းကို
သွားစရာရှိတယ်၊ မင်းတစ်နေရာကနေ ငါ့ကိုစောင့်နေပါ၊ ငါကိစ္စ
ပြီးတာနဲ့ မင်းဆီကို အရောက်လာခဲ့မယ်၊ အလွန်ဆုံးနှစ်နာရီလောက်
ပဲ"

ထိုစကားကို ကြားလိုက်သည်နှင့် အောင်ငွေတိုးသည်
မျက်မှောင်ကြုတ်လျက် ဇဝေဇဝါဖြစ်သွားပြီး . . .

"ဘယ် . . . ဘယ်လို ဆရာက ကျောက်မြောင်းက ဓမ္မ
န္တာလမ်းကို သွားမလို့ဟုတ်လား၊ ဟာ . . . အဆင်သင့်လိုက်တာ
ရာရယ်၊ အဲဒီလမ်းက ကျွန်တော့်အိမ်နဲ့ တစ်လမ်းကျော်ပဲ၊ နို့
နေပါဦး . . . ဆရာက အဲဒီလမ်းထဲက ဘယ်သူ့အိမ်သွားမလို့လဲ"

ထင်အောင်ကျော်သည် မထင်မှတ်သော စကားကို ကြား
လိုက်ရသဖြင့် အားရဝမ်းသာဖြစ်သွားပြီး . . .

"အဆင်သင့်လိုက်တာ အောင်ငွေတိုးရာ၊ မင်း . . . အဲဒီ
ကွက်မှာနေတာကို ငါသတိမထားမိလိုက်ဘူး၊ အဲဒီလိုမှန်းသိရင်
စောကြီးကတည်းက မင်းကို ငါအကူအညီတောင်းမိမှာ၊ မင်း
မလားတော့ မသိဘူး၊ အဲဒီလမ်းထဲမှာ တိုင်းရင်းဆေးဆရာကြီး
ဒေဝနေအိမ်ရှိတယ်၊ ဦးဒေဝနေအိမ်ကို ငါသွားမလို့ဘဲ၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ဆေးဆရာကြီးကို မင်းသိလား"

"ကျွန်တော်နဲ့တော့ မရင်းနှီးပေမယ့် ဆေးဆရာကြီးရှိတာ တော့ အမှန်ပဲ၊ တိုင်းရင်းဆေးလောကမှာတော့ တကယ့်ကို နာမည် ရတဲ့ ပုဂ္ဂိုလ်ကြီးပါပဲ၊ အဲဒီလမ်းထဲရောက်ရင်တော့ သူ့အိမ်ကို ရှာရတာ မခက်ပါဘူး၊ သူ့အိမ်အရောက် ကျွန်တော်လိုက်ပို့ပေးပါ့ မယ်"

ထင်အောင်ကျော်သည် အိမ်ကထွက်လာကတည်းက မိမိ တစ်ကြိမ်တစ်ခါမှ မရောက်ဘူးသော ဆေးဆရာကြီးဦးဒေဝ၏ နေအိမ်ကို ရှာလို့တွေ့ပါ့မလားဟု စိုးရိမ်ခဲ့ရ၏။ အခုတော့ မထင် မှတ်ဘဲ အောင်ငွေတိုးနှင့် တွေ့လိုက်ရပြီး ထိုကိစ္စမှာ အဆင်ပြေ လွယ်ကူသွားပြီဖြစ်ရာ အောင်ငွေတိုးကို ကျေးဇူးတင်စကားပြော ဆိုပြီး . . .

"ကဲ . . . အောင်ငွေတိုး၊ မင်းက ငါ့အခက်အခဲကို အဆင် ပြေအောင် ကူညီပေးမှတော့ ငါကလည်း မင်းပြဿနာကို အတတ် နိုင်ဆုံး ဉာဏ်စွမ်းရှိသမျှ တွေးတောပေးရမှာပေါ့၊ ဒါဆိုရင် လန်ချား စီးရင်း စောစောက မင်းပြောချင်တဲ့ ရင်တွင်းဖြစ်ရင်ခုန်သံတွေကို အားရပါးရ ပြောပေတော့"

ထိုစကားကြောင့် အောင်ငွေတိုးသည် ဟန်မဆောင်နိုင် လောက်အောင် ကျေနပ်ပျော်ရွှင်သွားပြီး . . .

"ဆရာရယ် . . . ကျွန်တော့်စကားတွေကို ဦးနှောက်





မခံစားပါနဲ့၊ နှလုံးသားနဲ့ နက်နက်ရှိုင်းရှိုင်း ခံစားနားထောင်ပေးရ မယ်နော်"

ထိုစကားကြောင့် ထင်အောင်ကျော်လည်း ပခုံးတစ်ချက် ဘွန့်လိုက်ပြီး သဘောကျစွာ ရယ်လိုက်လေ၏။

လန်ချားကုလားသည် လူနှစ်ယောက်အလေးချိန်ကို အနည်း ငယ်မျှ ညည်းညူခြင်းမရှိဘဲ အားစိုက်ဆွဲလေ၏။ Passenger (ပါစင်ဂျာ) တစ်ဦးကနေ နှစ်ဦးဖြစ်သွားသည့်အတွက် ဝမ်းမြောက် ဝမ်းသာ ဖြစ်သွားပုံရ၏။

လန်ချားကို အခန့်သားစီးရင်းဖြင့် အောင်ငွေတိုးပြောသမျှ စကားများကို ထင်အောင်ကျော်သည် စိတ်ဝင်တစား နားထောင် လေ၏။ အောင်ငွေတိုးသည် သူလွှန်စွာ စွဲလန်းနှစ်သက်သော ဘိုမလေးရှယ်လီစတုန်းအပေါ် လွန်စွာမကျေမနပ် ဖြစ်နေပုံရ၏။

ထင်အောင်ကျော်အပါအဝင် သူတို့သုတေသနဌာနမှ အဖွဲ့ဝင်များသည် မကြာမီကာလအတွင်း မြန်မာပြည်မြောက်ပိုင်း သို့ ခရီးထွက်ခွာရမည်ဖြစ်သည်။ ပါမောက္ခဒေါက်တာသောမတ်(စ်) က ဝေလမင်းသားတိုင်းခန်းလှည့်လည်ရင်း မြန်မာပြည်သို့ရောက် ရှိသည့်အခါ လွန်စွာရှားပါးသည့် အဖိုးတန်သစ်ခွမျာကို လက် ဆောင်အဖြစ်ပေးအပ်ရန် ထိုသို့ခရီးထွက်ခွာရမည်ဖြစ်ကြောင်း တာဝန်ပေးစေခိုင်းထားပြီး ဖြစ်၏။

၄င်းအဖွဲ့တွင် ဒေါက်တာထင်အောင်ကျော်မှာ အဖွဲ့ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ဖြစ်ပြီး သူနှင့်အတူ အောင်ငွေတိုး၊ ဘိုမလေးရှယ်လီစတုန်း နှင့် ကရင်တိုင်းရင်းသူလေး နော်ရှိုးတို့မှာ အဖွဲ့ဝင်အဖြစ် လိုက်ပါ ကြမည်ဖြစ်သည်။ ၄င်းတာဝန်လက်ခံပြီးသည့် အချိန်မှစ၍ ခရီး စဉ်နှင့်ပတ်သက်သည့် စီစဉ်ဆောင်ရွက်စရာရှိသည်များကို ထင် အောင်ကျော်က လက်အောက်ငယ်သားများအား အသီးသီးတာဝန် ခွဲဝေပေးခဲ့၏။

အရေးကြီးသည့် လုပ်ငန်းတာဝန်များကို ၄င်းကိုယ်တိုင် တာဝန်ယူပြီး အဖွဲ့ဝင်များကိုတော့ သူတို့စွမ်းဆောင်မှု အရည် အချင်းအပေါ်မူတည်ပြီး တာဝန်ပေးထား၏။ အောင်ငွေတိုးသည် ထိုခရီးစဉ် ဖြစ်ပေါ်လာသည့်အတွက် လွန်စွာဝမ်းမြောက်ပျော်ရွှင် လျက်ရှိ၏။ အကြောင်းကား သူလွန်စွာ စွဲလန်းနှစ်သက်သော မိန်း ခလေးရှယ်လီစတုန်းနှင့် ခရီးတစ်ခုတည်း သွားရောက်ရမည် ဖြစ်၍ ရင်ခုန်ပျော်ရွှင်နေသောကြောင့် ဖြစ်သည်။

သို့သော် သူ၏ရင်ခုန်ခံစားမှုများမှာ ခရီးစတင်ခြင်းမပြု ခင်မှာဘဲ ပျောက်ဆုံးရသည့်အဖြစ်မျိုး ဆိုက်ရောက်သွားတော့၏။

"ငါ့အနေနဲ့ မင်းလုပ်ရပ်တွေအပေါ်မှာ မှားတယ်၊ မှန်တယ် လို့ မဝေဖန်ချင်ဘူး၊ ဝေဖန်ရလောက်အောင်လည်း မင်းတို့လို ခံစား မှုမျိုး ငါမကြုံခဲ့ဖူးဘူး၊ ငါ့အဖြစ် ငါ့အယူအဆကိုပြောရရင် မင်း လုပ်ရပ်က အရမ်းကို ဆန္ဒစောလွန်းမနေဘူးလား၊ နောက်ပြီး အဲ ခံစားမှုအပေါ်မှာ မင်းက မကျေမနပ်ဖြစ်ပြီး မင်းနှလုံးသားထဲ





ခင်းပြောသလို ဖြေဆေးလုပ်လိုက်တဲ့ လုပ်ရပ်ဟာ သိပ်ကိုပြင်းထန် လွန်းတယ်လို့ ငါယူဆတယ်၊ ယောကျ်ားအချင်းချင်း ယောကျ်ား သဘာဝ ဖြစ်လေ့ဖြစ်ထရှိတဲ့သဘောကို ငါမျှဝေခံစားနိုင်ပါတယ်၊ ဒါပေမယ့် ကိုယ့်ခံစားမှုဟာ အဲဒီလိုလုပ်လိုက်လို့ ပျောက်ကွယ် သွားဘဲ အဲဒီလုပ်ရပ်ကြောင့် ကိုယ့်ဘဝတစ်ခုလုံး နစ်နာဆုံးရှုံး သွားမယ့် ကိစ္စမျိုးတော့ မဖြစ်သင့်ဘူး"

ထင်အောင်ကျော်က စကားကို ရပ်တန့်လိုက်ပြီး အောင် ငွေတိုးကို အကဲခတ်ကြည့်လိုက်၏။ တစ်ဆက်တည်းပင် ဂိုးဖလိပ် စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်၏။ အောင်ငွေတိုးသည် စကားတစ်စုံတစ်ရာ တုန့်ပြန်မပြောဘဲ ငေးငိုင်လျက် ရှိနေလေ၏။

ထိုအမူအရာကိုကြည့်၍ ထင်အောင်ကျော်က ပြုံးလိုက် ပြီး . . .

"ဒီနေရာမှာ ငါ့အမြင်ကိုပြောရရင် မိန်းကလေးတွေဟာ ယောကျ်ားလေးတွေနဲ့ မတူတဲ့ အရည်အချင်းတွေ အများကြီး ရှိတယ်၊ အထူးသဖြင့် ခံစားမှုကို ဒို့ယောကျ်ားသားတွေထက် ပိုပြီး ထိန်းချုပ်နိုင်ကြတယ်၊ ဒါကလည်း မျိုးဗီဇမတူတဲ့ သဘာဝကြောင့်လို့ ပြောရမှာပေါ့၊ သူတို့ရင်ထဲမှာ ဘယ်လောက်ပဲ ခံစားမှုတွေ ပြင်း ထန်နေပါစေ၊ သူတို့အမူအရာမှာ ထင်ဟပ်မနေအောင် ထိန်းချုပ် နိုင်ကြတယ်၊ ဆိုပါတော့ အောင်ငွေတိုးရာ . . .

ရှယ်လီစတုန်းက မင်းအပေါ်မှာ တိမ်းညွတ်စိတ်ယိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် အဲဒီခံစားမှုကို မင်းအကဲဖမ်းလို့မရအောင် ထိန်းချုပ်ထား
နိုင်တယ်၊ မင်းမသိနိုင်တဲ့ မင်းအကဲဖမ်းလို့မရနိုင်တဲ့ အချိန်မျိုး
ဒါမှမဟုတ် နေရာတစ်ခုခုမှာတော့ သူ့ခံစားမှုတွေကို သူ့နည်းသူ့
ဟန် ဖွင့်ထုတ်လိမ့်မယ်၊ အဲဒီလိုနေထိုင်ရင်း လုံလောက်တဲ့အချိန်
တစ်ခုခုမှာ သူတကယ်ချစ်မြတ်နိုးတဲ့သူကို မိန်းမသားတွေရဲ့ အစ
အကျင့်အတိုင်း အရိပ်အယောင်ပြလာလိမ့်မယ်၊ ငါအကြံပြုချင်
တာကတော့ မင်းအနေနဲ့ စိတ်ရှည်သည်းခံဖို့နဲ့ ကိုယ်အမှန်တကယ်
ချစ်မြတ်နိုးကြောင်း သူသိအောင် ဖွဲ့ကောင်းကောင်းနဲ့ ချဉ်းကပ်
လိမ့်မယ်"

အောင်ငွေတိုးသည် ငူငူငိုင်ငိုင်ဖြစ်နေရာမှ ထင်အောင်
ကျော်က စကားအဆုံးသတ်လိုက်သည်နှင့် ဝေါက်ခနဲဖြစ်သွားပြီး
တအံ့တသြမျက်ဝန်းဖြင့် ထင်အောင်ကျော်ကို ကြည့်လေ၏။

"ဟာ . . . ဆရာ၊ ဒီသဘောတရားတွေကို ဆရာဘယ်
တုန်းကများ သိနေပါလိမ့် ဆရာရယ်၊ ဆရာ ဒီလိုပြောလာလိမ့်
မယ်လို့ ကျွန်တော်လုံးဝထင်မထားဘူး၊ ဆရာ့စကားတွေကိုကြား
ရတာ အုံ့မှိုင်းနေတဲ့ မိုးသားတိမ်စိုင်တွေ ရုတ်တရက် လွင့်စင်သွား
ပြီး နေခြည်ဝင်းပလာသလို ကျွန်တော့်ရင်ထဲမှာ ခံစားလိုက်ရတယ်
ဟုတ်တာပေါ့ ဆရာရယ်၊ ရှယ်လီ ကျွန်တော့်ကို ဘယ်လိုမာယာ
ပရိယာယ်မျိုးနဲ့ ရှောင်တိမ်းနေပါစေ၊ ကျွန်တော်စိတ်မပျက်ဘူး
ဇွဲမလျှော့ဘူး၊ ကျွန်တော်စိတ်ရှည်သည်းခံပြီး ဒီဘိုမလေးရဲ့ မေတ္တာ





ပ်န်းကို မရရအောင် ဆွတ်ခူးမယ်"

ဟူ၍ ဝမ်းသာအားရပြောလိုက်ရာ ထင်အောင်ကျော်လည်း
သဘောကျစွာ ရယ်လိုက်ပြီး . . .

"ဒီစကားတွေပြောလို့ ငါ့ကို အထင်မကြီးပါနဲ့ အောင်ငွေ
တိုးရာ၊ မင်းက ငါ့ကို ဦးနှောက်နဲ့မခံစားဘဲ နှလုံးသားနဲ့ ခံစားပါ
ဆိုလို့ ငါလည်း နှလုံးသားနဲ့ခံစားပြီး ပြောလိုက်မိတာပေါ့ . . .
ဟား . . . ဟား . . . ဟား . . ."

အောင်ငွေတိုးကလည်း ထင်အောင်ကျော်နှင့်အတူ လိုက်
ပါရယ်မောလေ၏။ ထိုအချိန်မှာပဲ လန်ချားသည် ကျောက်မြောင်း
ဈေးကွက်သစ်လမ်းထဲ ချိုးကွေ့ပြီး ခေတ္တရပ်တန့်သွားလေ၏။
ပေါ်တ်ရထားဖြတ်သွားသဖြင့် ထိုသို့စောင့်ဆိုင်းနေရခြင်း ဖြစ်သည်။

မကြာမီ ဓမ္မစိန္တာလမ်းထိပ်သို့ ရောက်ရှိကြလေ၏။ လမ်း
ထိပ်သို့ရောက်သည်နှင့် လန်ချားကုလားကို အခကြေးငွေပေးလိုက်
ပြီး လမ်းအတွင်းသို့ နှစ်ဦးသားလျှောက်လှမ်းလာခဲ့ကြ၏။ လမ်းမှာ
သန့်ရှင်းသပ်ရပ်ပြီး တစ်ဖက်တစ်ချက်တွင် ခြံဝင်းကျယ်ကြီးများ
နှင့် ဆိတ်ငြိမ်ရပ်ကွက်တစ်ခုဖြစ်သည်။

လမ်းမကြီးမှာ တစ်ဖြောင့်တည်းတည်ရှိပြီး လမ်းသွယ်
တ်လမ်းလေးများကို တစ်ခုပြီးတစ်ခု ကျော်ဖြတ်ပြီး တစ်ခုသော
မ်းချိုးသို့အရောက်တွင် ညာဖက်သို့ ချိုးကွေ့ပြီး ကိုက် ခန့်
လျှောက်လှမ်းပြီးသော် အတော်အတန်ကျယ်ဝန်းသည့် ခြံဝင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ရွှေ့သို့ ရောက်ရှိလာခဲ့ကြ၏။

ခြံတံခါးတိုင်မှာ အုတ်တိုင်ဖြစ်ပြီး အုတ်တိုင်ထိပ်တွင် 'ဦးဒေဝ' တိုင်းရင်းဆေးဆရာကြီး ဟူသောအမည်ကို အဖြူရောင် ကျောက်ပြားပေါ်တွင် ထုထားသည်ကို တွေ့လိုက်ရ၏။ ခြံတံခါးမှာ သော့ခတ်ထားခြင်းမရှိဘဲ စေ့ရုံသာ စေ့ထားလေရာ အောင်ငွေတိုး က ဦးဆောင်ပြီး တံခါးရွက်ကို အသာတွန်းဖွင့်၍ အထဲဝင်လိုက်၏။

ခြံဝင်းအတွင်းရောက်သည်နှင့် အမျိုးအမည်စုံလင်သော သစ်ပင်မြောက်မြားစွာကို တွေ့လိုက်ရ၏။ ရုက္ခဗေဒပညာရှင်များ ဖြစ်၍ အမျိုးအနွယ်စုံလင်သော သစ်ပင်များကိုကြည့်၍ တအံ့ တသြ ဖြစ်သွားကြ၏။ သစ်ပင်အများစုသည် ဆေးဖက်ဝင်သစ်ပင် များဖြစ်ကြောင်း တွေ့ရှိရလေ၏။

ဆေးဆရာကြီး၏နေအိမ်မှာ ထိုသစ်ပင်များကြားတွင် ပျောက်ကွယ်လုနီးပါး ဖြစ်နေသည်ကို တွေ့ရ၏။ သူတို့နှစ်ဦးသည် ကျောက်စရစ်လမ်းကလေးအတိုင်း ကိုက် ၃၀ မျှ လျှောက်လှမ်း သွားရာ နေအိမ်တံခါးဝသို့ ရောက်ရှိသွားလေ၏။

ထိုအခါ သူတို့နှစ်ဦး၏အကြည့်များက နေအိမ်ညာဖက် မြေကွက်လပ်တွင် သစ်သားစင်များဖြင့် စနစ်တကျ စိုက်ပျိုးထား သော ဆေးဖက်ဝင်ဂမုန်းမျိုးနွယ်ပင်များဆီသို့ စူးနစ်ကျရောက်သွား လေ၏။ သူတို့သည် ရုက္ခဗေဒပညာရှင်များဖြစ်ကြ၍ ထိုသစ်ပင် များသည် အဘယ်မျှတန်ဖိုးကြီးမားကြောင်း ခန့်မှန်းသိရှိလိုက်ရ





ထိုဆေးဆရာကြီးအပေါ်တွင် လွန်စွာအထင်ကြီးလေးစားသွားလေ၏။

ထိုသို့ ငေးမောနေစဉ်မှာပဲ အိမ်တံခါးဝတွင်ရပ်လျက် ပင်နီ အင်္ကျီ၊ ချည်ကြမ်းလုံချည် ဝတ်ဆင်ထားသည့် အသက်ငါးဆယ် ကျော်အရွယ် ပုဂ္ဂိုလ်ကြီးက တံခါးရွက်နောက်ကွယ်မှ သူတို့အား အကဲခတ်ကြည့်ရှုနေသည်ကို သူတို့သတိမပြုမိကြပေ . . .။ ထို ပုဂ္ဂိုလ်ကြီးက ဆင်စွယ်ရိုးတပ်ဆေးတံကို ဖွာရှိုက်လိုက်ပြီး . . .

"မောင်ရင်တို့က ဘယ်သူတွေများလဲ၊ ဆေးကုဖို့လာတဲ့ သူနာတော့ ဟုတ်ဟန်မတူဘူး"

"ခင်ဗျာ . . ."

ထိုအသံမှာ သူတို့နှစ်ဦး၏နှုတ်မှ တစ်ပြိုင်နက်ဆိုသလို အထိတ်တလန့် ထွက်ပေါ်သွားခြင်းဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြီး၏ ကိုယ်ဟန်အမူအရာကို အကဲခတ်ရင်း ဆေးဆရာကြီးဦးဒေဝပင် ဖြစ်မည်ဟု တွေးထင်လိုက်ကြ၏။

ထိုအတိုင်းပင် အမှန်ဖြစ်နေလေ၏။ ထင်အောင်ကျော် မှာ မိမိအဖိုးနှင့်အတူ တစ်ချိန်က စွန့်စားခဲ့သည့် ဆေးဆရာကြီးကို ကြည့်ရင်း အံ့သြငေးမောနေမိ၏။

အောင်ငွေတိုးက သွက်လက်ချက်ချာသော စကားဖြင့် ဆေးဆရာကြီးကို နှုတ်ဆက်ပြီး ထင်အောင်ကျော်နှင့် မိတ်ဆက် စကားပြောလေ၏။ ထိုအခါမှ ထင်အောင်ကျော်လည်း မိမိအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုမိမိ သတိပြုမိသွားပြီး ရင်းနှီးဖော်ရွေစွာ ပြုံးလျက် . . .

"အဘနဲ့ ခုလိုတွေ့ရတာ အရမ်းကို ဝမ်းသာကြည်နူးမိ
တယ်၊ အဘနဲ့ ဆိုက်ဆိုက်မြိုက်မြိုက်မှ တွေ့ရပ်ါမလားလို့ စိုးရိမ်
နေမိတယ်"

"အဘက တစ်ခါတစ်လေ ခရီးတော့ထွက်ဖြစ်တယ်၊ အ
မောင်ရင်တို့ တွေ့ရတာလည်း အဘခရီးမထွက်တဲ့ အချိန်နဲ့ကြုံ
ပေါ့"

ဒေါက်တာထင်အောင်ကျော်သည် တွေ့ဆုံသည့်တခဏ
မှာပဲ ဆေးဆရာကြီးကို အကဲခတ်လိုက်မိသည်။ ဆေးဆရာကြီးမှ
အသက်အရွယ် ကြီးရင့်နေပြီဖြစ်သော်လည်း အသက်နှင့်မလို
အောင် တောင့်တင်းကြံ့ခိုင်သော ခန္ဓာကိုယ်နှင့် ဖျတ်လတ်သွ
လက်စွာ လှုပ်ရှားနိုင်စွမ်းရှိကြောင်း တွေ့ရသဖြင့် လွန်စွာကျေ
သွားလေ၏။ အတန်ကြာမျှ စကားပြောဆိုပြီးနောက် ဆေးဆ
ကြီးက မိမိထံရောက်ရှိလာသည့် အကြောင်းကိုစွကို မေးလေ
ဒေါက်တာထင်အောင်ကျော်ထံမှ ကြားလိုက်ရသည့် စကားမှ
ကြောင့် လွန်စွာအံ့သြတုန်လှုပ်သွားပြီး လက်ထဲတွင်ကိုင်ထားသ
ဆေးတံမှာ ကြမ်းပြင်သို့ ဒုဒေါက်ခနဲ ပြုတ်ကျသွားတော့၏။

"ဘာ . . . ဘယ် . . . ဘယ်လို . . . မောင်ရင်က မုဒ
ကြီးဦးကျော်ဇံသာရဲ့မြေး ဟုတ်လား၊ အို . . . ဘုရား . . . ဘုရ

* * * *



# အခန်း (၆)

ဇန်နဝါရီလ၏ နွေဦးနံနက်ခင်းအချိန်တွင် ဖြစ်သည်။
ဖွင်းနေ့မနက်တွင် နှင်းမှုံးများ ကျဆင်းသည် ထင်၏။
င်းစက်နှင်းမှုန်များကို တွေ့ထိခံစားရသည်မှာ အေးစက်မွေးမြ
နေသယောင် ကြည်နူးဖွယ်ကောင်းလှ၏။

မျက်လုံးများမှာ နှင်းစက်နှင်းမှုန်တို့ကြောင့် ကြည်လင်
တောက်ပလာသလို ခံစားရ၏။

ထိုနေ့မနက်ခင်းမှာပဲ အထုပ်အပိုး၊ ဝန်စည်စလွယ် အမျ
များဖြင့် လူတစ်စုသည် ကွမ်းခြံဘူတာရုံအတွင်း စုရုံးရောက်ရှိ
ကြ၏။ ထိုသူတို့၏ အနီးတဝိုက်တွင်လည်း လိုအပ်သည်များ



www.burmeseclassic.com

www.burmeseclassic.com



ကူညီဆောင်ရွက်ပေးရန် အစိုးရအမှုထမ်းလုပ်သားများ ဝန်းရံလျက် ရှိကြ၏။

ထိုလူတစ်စုမှာ ငြိတိသျှအစိုးရယန္တရားတွင် လွန်စွာအရေး... ပါသည့် ကိစ္စတစ်ခုကို ဆောင်ရွက်ရန်အတွက် အထူးတာဝန်ပေး... အပ်ခြင်းခံရသည့် ပုဂ္ဂိုလ်များဖြစ်ကြ၏။ မြန်မာပြည်သို့ တိုင်းခန်း... လှည့်လည်ရောက်ရှိလာမည့် အိမ်ရှေ့စံဝေလမင်းသားအား အစို... တန်သစ်ခွများ ဆက်သရန် ၎င်းသစ်ခွများ ပေါက်ရောက်ရှင်သန်... ရာ မြန်မာပြည်မြောက်ပိုင်းဒေသသို့ သွားရောက်ကြမည့် ရုက္ခဗေဒ... ပညာရှင်များ ဖြစ်ကြ၏။

ဗျူရိုကရေစီ ကြိုးနီစနစ်သည် ၎င်းတို့အကျိုးအတွက်ဆို... လျှင် မကြုံစဖူးထူးကဲစွာ မြန်ဆန်သွက်လက်လှပေ၏။

ထိုခရီးစဉ်တွင် ပါဝင်သည့် အဖွဲ့ဝင်အားလုံးအတွက်လည်း... ဆုတော်ငွေများစွာ ချီးမြှင့်ဂုဏ်ပြုမည်ဖြစ်၏။ ခရီးစဉ်မစတင်မီ... မနေ့ညက ရုက္ခဗေဒပညာရှင် ပါမောက္ခဒေါက်တာသောမတ်(စ်)... ကိုယ်တိုင် အခန်းအနားဖြင့် ဂုဏ်ပြုညစာကျွေးမွေးဧည့်ခံပြီး အရေး... တယူ ဧည့်ခံခဲ့လေ၏။

ရန်ကုန်မှ မန္တလေးအထိ မီးရထားခရီးစဉ်အတွက် အထက်... တန်းအိပ်ခန်းတွဲများတွင် တသီးတသန့် စီစဉ်ပေးထား၏။

ခရီးစဉ်တွင် လိုက်ပါမည့်သူများကို ရွေးချယ်သည့်အခါ... အချို့သူများကို အကန့်အသတ်နှင့် ချန်ခဲ့ရပြီး သုတေသနအဖွဲ့မှ...





...ရေးကြီးသူများကိုသာ ရွေးချယ်ခဲ့ကြသည်။

ဒေါက်တာထင်အောင်ကျော်မှာ အဖွဲ့၏ခေါင်းဆောင်ဖြစ်... အဖွဲ့ဝင်များမှာ အောင်ငွေတိုး၊ ရှယ်လီစတုန်း၊ နော်ရှိုးတို့... ...ကြ၏။ ထိုသူများမှာ ၎င်းကိစ္စတွင် အဓိကတာဝန်ရှိသူများ... ...ကြ၏။ ထိုသူတို့နှင့် လိုအပ်သည်များ ဆောင်ရွက်ပေးရန် အစေ... ...စ်ဦးလည်း လိုက်လာကြ၏။

အစားအသောက်ကိစ္စများ ဆောင်ရွက်ရန် ကာစင်ဟူ... ...သော ကုလားတစ်ဦးကိုလည်းကောင်း၊ လက်တိုလက်တောင်းခိုင်း... ...စရန်အတွက် ချိုကြီးဟူသော လူငယ်တစ်ဦးကိုလည်းကောင်း... ...သွားရမ်းခေါ်ဆောင်ခဲ့ကြ၏။

သူတို့အဖွဲ့တွင် ထူးခြားစွာ လိုက်ပါလာသည့် ပုဂ္ဂိုလ်တစ်... ...မှာ အသက် (၅၀) လောက်အရွယ် ဦးဒေဝဟူသော ဆေးဆရာ... ...ကြီးဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြီးသည် ၎င်းခရီးတွင် အဖွဲ့ခေါင်းဆောင် ...ဒေါက်တာထင်အောင်ကျော်၏ ဖိတ်ခေါ်မှုကြောင့် လိုက်ပါလာခဲ့... ...ခြင်းဖြစ်သည်။

သူသည် ရိုးသားသည့် တောသူတောင်သားဖြစ်ပြီး တိုင်း... ...ရင်းဆေးပညာကို တစိုက်မတ်မတ် လေ့လာလိုက်စားသူဖြစ်၏။ ...ငြိတိသျှအုပ်ချုပ်ရေးယန္တရားနှင့် ထိတွေ့ဆက်ဆံဖူးသူ မဟုတ်... ...သဖြင့် ထိုသို့တခန်းတနား ခရီးသွားရမည့် အခြေအနေမျိုးတွင် ...နေတတ်မထိုင်တတ် ဖြစ်နေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ဒေါက်တာထင်အောင်ကျော်ကသာ သူ့အား ဖေးမကူညီမှုမရှိခဲ့ပါက သူ့အဖို့ ၄င်းအသိုင်းအဝန်းအတွင်း၌ လိုက်လျောညီထွေနေထိုင်ဖို့ များစွာအခက်တွေ့မှာ သေချာသည်။ အင်း . . . ဘယ်လိုဘဝရေစက်ကြောင့်များ ထိုပညာတတ်လူငယ်လေးနှင့် တွေ့ဆုံရပါလိမ့်။ လူ့ဘဝရဲ့ ကံကြမ္မာဆိုတာကလည်း ခက်သား . . .။ မထင်မှတ်တဲ့အချိန်မှာ မထင်မှတ်တဲ့ အကြောင်းတရားတွေနဲ့ တွေ့ဆုံတတ်ပါလား။

၄င်းပညာတတ်လူငယ်လေးနှင့် တွေ့ဆုံလိုက်ရခြင်းသည် သူ့တစ်သက်မှာ ဘယ်လိုအကြောင်းနှင့်မှ ပြန်ရဖို့မရှိတော့သည့် အိပ်မက်ကို အကောင်အထည်ဖော်ခွင့်ရရှိလိုက်ခြင်းပင် ဖြစ်သည်။

ထိုလူငယ်လေးနှင့် တွေ့ဆုံခဲ့ရသည့်နေ့ကို ဦးဒေဝသည် မမေ့နိုင်အောင် အမှတ်ရနေမိ၏။ ထိုစဉ်က သူသည် မိမိအသက်သခင်ကျေးဇူးရှင်၏ တစ်ဦးတည်းသော မျိုးဆက်သွေးအဖြစ် သိလိုက်သည်နှင့် ခန္ဓာကိုယ်က ရုတ်ချည်းပင် ကြက်သီးမွေးညင်းထသွားသည်အထိ အံ့သြဝမ်းသာ ဖြစ်ခဲ့လေ၏။

သူနှင့်အဖော်လိုက်ပါလာသည့် လူငယ်မှာ မိမိနှင့် မိတ်ဆက်စကားပြောဆိုပြီး မိနစ်အနည်းငယ်အတွင်း အကြောင်းကိစ္စရှိသည်ဟု ခွင့်ပန်ကာ ထွက်ခွာသွားလေရာ သူတို့နှစ်ဦးမှာ အားပါးတရ စကားပြောဆိုဖြစ်ကြ၏။

ထိုလူငယ်၏စကားများကို နားထောင်ရင်းဖြင့် ဦးဒေဝ





သည် ၄င်း၏အဖိုးဖြစ်သူ မုဆိုးကြီးကျော်ဇံသာကို သတိတရ မြင်ယောင်နေမိသည်။ အပြောအဆို၊ အမူအရာများကလည်း သူ၏အဖိုးကဲ့သို့ ရိုးရှင်းပွင့်လင်းလှပေ၏။ အတွေးအခေါ်၊ အယူအဆများကို သိလိုက်ရသည့်အခါ ဦးဒေဝသည် လှိုက်လှိုက်လှဲလှဲ ချီးကျူးမိတော့၏။

“ဒီခရီးစဉ်ဟာ သာမန်အားဖြင့်တော့ ဗြိတိသျှအကျိုးစီးပွားအတွက် ဖြစ်ပေမယ့် သူတို့အကျိုးစီးပွားကို ဆောင်ရွက်ရင်း ကျွန်တော်တို့ ရည်ရွယ်ချက်ကိုလည်း အကောင်အထည်ဖော်နိုင်ဖို့ အခွင့်အလမ်း ရရှိနိုင်ပါတယ်၊ အဖိုးနဲ့အဘတို့ စွန့်စားရှာဖွေခဲ့တဲ့ ဘဏ္ဍာများသစ်ခွဟာ တကယ့်ကို တန်ဖိုးမဖြတ်နိုင်တဲ့ သဘာဝသယံဇာတဖြစ်တာကို သစ်တောသစ်ပင်တွေနဲ့ အကျွမ်းတဝင်ရှိတဲ့ အဘဒေဝလည်း သိပါလိမ့်မယ်၊ ဒီလိုသံယံဇာတမျိုး ကျွန်တော်တို့ တိုင်းပြည်ထဲမှာရှိတာကို ဗြိတိသျှတွေသာ သိသွားရင် ဘယ်လိုမှ လက်လွှတ်ခံမှာ မဟုတ်ဘူး၊ မရ,ရအောင် ရှာဖွေသိမ်းယူကြမှာပဲ၊ ငွေကြေးအင်အား၊ ခေတ်မီလက်နက်ကရိယာ ပြည့်စုံနေတော့ မြေလှန်ရှာဖွေဖို့တောင် ဝန်လေးမှာ မဟုတ်ဘူး၊ ကျွန်တော်တို့ အဘတို့လိုမှုဆိုးတွေအဖို့တော့ တွေ့ရှိရာယ်ပဲထားဦး၊ ဒီလောက် ဘေးအန္တရာယ်များပြားပြီး နက်ရှိုင်းတဲ့ တောနက်ကြီးအတွင်း စွန့်စားသွားရောက်ဖို့ဆိုတာ အတွေးနဲ့တောင် ရင်မောစရာ ကောင်းလှပါတယ် . . .။

အဖိုးနဲ့အဘတို့ သွားရောက်ခဲ့တဲ့ မှတ်တမ်းကိုတော့ရတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်အလွန့်ကို အံ့သြခဲ့ရတယ်၊ အဘတို့နှစ်ဦးရဲ့ ရဲစွမ်းသတ္တိ
ကိုသိရတော့ တကယ့်ကို အံ့သြချီးကျူးမိတယ်၊ ကျွန်တော်ဟာ
ရက္ခဗေဒပညာရှင်တစ်ယောက်ဖြစ်လို့ အဘတို့တွေ့မြင်ခဲ့တဲ့ ပတ္တမြား
သစ်ခွအကြောင်းကို သိရတာနဲ့ အလွန့်ကို စိတ်ဝင်တစား ဖြစ်မိ
တယ်၊ အဲဒီသစ်ခွကို အရယူနိုင်ခဲ့ရင် ရက္ခဗေဒသုတေသနပညာ
ရပ်နဲ့ ပေါင်းစပ်ပြီး လူသားအကျိုးပြုဆေးဝါးတွေ အများအပြား
ဖော်ထုတ်နိုင်မယ်လို့ ယုံကြည်မိတယ်၊ တကယ်လို့များ အဲဒီလိုသာ
ဆောင်ရွက်နိုင်မယ်ဆိုရင် ကျွန်တော်တို့တိုင်းပြည်ဟာ အလျင်အမြန်
ကြီးပွားသွားမှာ အမှန်ပဲ၊ ဒါပေမယ့် ဝမ်းနည်းစရာကောင်းတာက
ကျွန်တော်တို့တိုင်းပြည်ဟာ သူ့ကျွန်ဘဝရောက်နေတော့ အဲဒီ
ကြွယ်ဝချမ်းသာမှုဟာ ကျွန်တော်တို့ပြည်သူတွေအတွက် ဖြစ်လာ
မှာမဟုတ်ဘူး၊ ဗြိတိသျှအစိုးရကသာ လက်ဝါးကြီးအုပ်သွားမှာ
သေချာတယ်၊ ဒါကြောင့်လည်း ကျွန်တော်ဟာ အဲဒီအကြောင်းကို
ဘယ်သူ့ကိုမှ ဖွင့်ဟမပြောခဲ့တာပေါ့"

ထိုစကားကို ကြားလိုက်ရသည်နှင့် ဦးဒေဝသည် သူစိုးရိမ်
နေသည့်အရာနှင့် လွဲချော်သွားသည့်အတွက် ကျေနပ်ဝမ်းသာသွား
လေ၏။ သူသည်လည်း မုဆိုးကြီးဦးကျော်ဇံသာ ဆုံးပါးသွားသည့်
နောက်ပိုင်း ၎င်းကိစ္စကို မည်မျှပင် ရင်းနှီးကျွမ်းဝင်သည့် မိတ်ဆွေ
ဖြစ်စေ အနည်းငယ်မျှ ဖွင့်ပြောခြင်းမပြုခဲ့ပေ။

ထိုသို့ လျှို့ဝှက်ထားခြင်းမှာလည်း ဘဝတကွေ့တွင် က





အကြောင်းအပေါင်းသင့်၍ ထိုသို့အခွင့်အခါ ကြုံကြိုက်လာပါက
၎င်းပတ္တမြားသစ်ခွကို အရယူရန် ဆုံးဖြတ်ထားသောကြောင့် ဖြစ်
သည်။

ထိုလူငယ်ပညာတတ်ကလေး၏ စရိုက်သဘာဝနှင့် အတွေး
အခေါ်၊ အယူအဆများမှာ မိမိနှင့် တစ်ထပ်တည်း တူညီနေသည့်
အတွက် ဦးဒေဝသည် ကျေနပ်မဆုံးဖြစ်ရလေ၏။ မိမိလွန်စွာ
ချစ်ခင်လေးစားခဲ့ရသော မုဆိုးကြီးကျော်ဇံသာသည် သူ့မအောင်
မြင်ခဲ့သည့်ကိစ္စကို သူ၏မျိုးဆက်သွေးဖြစ်သည့် သူ့မြေးအား
တာဝန်ပေးအပ်လိုက်သလို ထင်မှတ်ခံစားရလေ၏။

ထိုလူငယ်လေး ရောက်ရှိလာခြင်းသည် နှစ်ကာလများစွာ
မျှော်လင့်နေခဲ့သည့် အိပ်မက်ကို လက်တွေ့အကောင်အထည်ဖော်
ခွင့် ရရှိလိုက်ခြင်းပင် ဖြစ်သည်။ ထိုနေ့က သူတို့နှစ်ဦးသည် အချိန်
တစ်နာရီခန့် ကြာမြင့်သည်အထိ အလေးအနက် ဆွေးနွေးပြောဆို
ခဲ့ကြ၏။ နှစ်ဦးစလုံးမှာလည်း အတွေးတူ၊ ခံယူချက်များ တူညီနေ
သကဲ့သို့ ရှိနေလေရာ အထူးတလည် ညှိနှိုင်းအဖြေရှာခြင်းမျိုး မပြု
ရဘဲ ဦးတည်ချက်တစ်ခုကို ဆုံးဖြတ်နိုင်ခဲ့ကြ၏။

၎င်းဆုံးဖြတ်ချက်မှာ မိမိတို့ အသက်နှင့်အမျှရင်းပြီး လျှို့
ဝှက်ထားရမည့် ကိစ္စဖြစ်သည်။ မိမိကိုယ်ကျိုးအတွက် ပဓါနမထား
ဘဲ အနာဂတ်မြန်မာနိုင်ငံ၏ တိုင်းပြည်နှင့် လူမျိုးအတွက် လွန်စွာ
အရေးပါသည့် ဆုံးဖြတ်ချက်ဟု ယူဆရမည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းပတ္တမြားသစ်ခွ အကြောင်းကိစ္စကို သူတို့နှစ်ဦးမှလွဲ၍
မည်သူ့ကိုမျှ အသိပေးပြောဆိုခြင်းမပြုဘဲ အထူးလျှို့ဝှက်ထားကြ
မည်ဟူ၍ ဖြစ်၏။ ထိုတွေ့ဆုံမှုနောက်ပိုင်းတွင် ဆေးဆရာကြီး
ဦးဒေဝမှာ ဒေါက်တာထင်အောင်ကျော်၏ ထောက်ခံချက်ဖြင့် ၄င်း
ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါခဲ့ခြင်း ဖြစ်သည်။

အဖွဲ့ဝင်များမှာလည်း ၄င်းတို့၏အဖွဲ့ခေါင်းဆောင်ဖြစ်
သော ဒေါက်တာထင်အောင်ကျော်ကိုယ်တိုင် တလေးတစား နေရာ
ပေးဆက်ဆံသည်ကို တွေ့မြင်ရသဖြင့် ၄င်းတို့ကလည်း ဒေါက်တာ
ထင်အောင်ကျော်ကဲ့သို့ပင် နွေးထွေးပျူငှာစွာ ဆက်ဆံကြလေ၏။
ထိုမျှသာမက အသက်အရွယ်၊ အတွေ့အကြုံနှင့် ဒေသန္တရဗဟု
သုတကြွယ်ဝသည့် ၄င်းထံမှ သူတို့သိလိုသမျှကို ရင်းနှီးပွင့်လင်းစွာ
မေးမြန်းကြရင်း အချိန်တိုတိုအတွင်းမှာပဲ ဦးဒေဝနှင့် ထိုသူတို့မှာ
မိတ်ဆွေရင်းချာများသဖွယ် ရင်းနှီးခင်မင်သွားတော့၏။

မီးရထားရုံပိုင်ကြီးသည် အဖွဲ့သားများ စုံညီစွာ ရောက်
သည်နှင့် ဘူတာရုံနှင့် ကပ်လျက်ဖွင့်လှစ်ထားသည့် အထက်တန်း
စားသောက်ဆိုင်တွင် စားသောက်ဖွယ်ရာများဖြင့် ၄င်းကိုယ်တိုင်
ဖွယ်ဖွယ်ရာရာ ညှော်ခံကျွေးမွေးလေ၏။ ထိုသို့ဧည့်ခံကျွေးမွေးခြင်း
မှာ ဗြိတိသျှအစိုးရ၏ အမြင့်ဆုံးတာဝန်အဖြစ် ခရီးထွက်ခွာကြမည့်
ဒေါက်တာထင်အောင်ကျော်တို့အဖွဲ့ကို ခရီးမထွက်မီ လိုလေသေး
မရှိ ဧည့်ခံကျွေးမွေးရန် ပါမောက္ခဒေါက်တာသောမတ်(စ်)က ညွှန်





ကြားထားသောကြောင့် ဖြစ်သည်။

၄င်းတို့အဖွဲ့လိုက်ပါမည့် လော်ကယ်ရထားမှာ ဘူတာ
အတွင်း အသင့်ဆိုက်ကပ်ထားပြီး ဖြစ်၏။ သိပ်သည်းစွာ ကျဆင်း
နေသည့် မြူနှင်းများလည်း နံနက်ခင်းနေရောင်ထိုးဖောက်မှုကို
ကြာရှည်တောင့်ခံနိုင်စွမ်းမရှိဘဲ တဖြည်းဖြည်း ကျဲပါးလျက်ရှိ၏။

ရုံပိုင်ကြီးသည် မျက်နှာဖြူအရာရှိကြီးများ၊ အိုင်စီအက်(စ်)
များ၊ ဝန်ထောက်မင်းများသာ စီးခွင့်ရှိသည့် အထူးတွဲပေါ်သို့ ၄င်း
ကိုယ်တိုင်လိုက်ပါပြီး စီစဉ်နေရာချပေးလေ၏။ မီးရထားထွက်ခွာ
ချိန်ရောက်ရှိရန်မှာလည်း ဆယ်မိနစ်ခန့်မျှသာ လိုတော့သဖြင့်
သူတို့အဖွဲ့သည် ဘူတာရုံအဝင်ပေါက်ဆီသို့ စိုးရိမ်တကြီး ကြည့်နေ
မိကြသည်။

ပြဿနာမှာ ပေါ့သေးသေးမဟုတ်။ အနည်းငယ်လွဲချော်
၍လည်း မဖြစ်သည့်ကိစ္စမျိုးဖြစ်၍ အဖွဲ့တွင် တာဝန်အရှိဆုံးဖြစ်
သည့် ဒေါက်တာထင်အောင်ကျော်မှာ အခြားသူများထက်ပို၍
စိုးရိမ်နေမိသည်။ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် အောင်ငွေတိုးသည်
ယနေ့အချိန်တိုင်အောင် ရောက်ရှိမလာခြင်းကြောင့် ဖြစ်သည်။

အဖွဲ့ဝင်များမှာ အမျိုးမျိုးတွေး၍ စိုးရိမ်ပူပန်နေကြ၏။
ဘူတာရုံသို့လာရင်း လမ်းခရီးမှာ တစ်စုံတစ်ရာများ ဖြစ်နေလို့လား။
သို့မဟုတ် ခရီးထွက်ခါနီး မိသားစုဝင်တစ်ဦးဦး ဒါမှမဟုတ် ၄င်း
ကိုယ်တိုင် ကျန်းမာရေးဘေးဥပါဒ်တစ်မျိုးမျိုး ကြုံတွေ့နေရလို့လား



www.burmeseclassic.com

www.burmeseclassic.com



. . . စသဖြင့် အမျိုးမျိုးပြောင်းတောနေမိကြ၏။

သို့သော် ရထားထွက်ရန် ငါးမိနစ်ခန့်အလိုမှာတော့ သူတို့၏ စိုးရိမ်ပူပန်မှုများမှာ လုံးဝလွဲချော်သွားသည့်အတွက် အားလုံး ဝမ်းမြောက်ပျော်ရွှင်သွားကြ၏။ အောင်ငွေတိုးသည် အတော်အတန်ကြီးမားသော ခရီးဆောင်အိတ်ကြီးကိုဆွဲလျက် ဘူတာရုံအတွင်း ပြေးဝင်လာသည်ကို ပါးလွှာသည့် မြူနှင်းများအကြားမှ တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်သည်။

ထိုအခါ အဖွဲ့ဝင်များမှာ ပင့်သက်ကိုယ်စီရှိုက်လျက် သတ်မှတ်ထားသည့် နေရာများမှာ ကိုယ်စီနေရာယူလိုက်ကြ၏။ ထိုအချိန်တွင် ဦးဒေဝတစ်ဦးသည် ဘာရယ်မဟုတ်ဘဲ ဘူတာရုံအတွင်း အလောတကြီး လျှောက်လှမ်းလာသည့် အောင်ငွေတိုးကို ကြည့်နေမိရာ မြင်ကွင်းမှာ အနည်းငယ် ထူးဆန်းနေသဖြင့် တအံ့တသြ ဖြစ်သွားလေ၏။

ထိုမြင်ကွင်းမှာ ရုတ်တရက်ဆိုသော် ဘာမှမဟုတ်လောက်သည့်အရာဟု ယူဆနိုင်သော်လည်း ၄င်းအသေးအဖွဲ့ မှတ်သားမှု လေးက သူတို့ခရီးစဉ်အတွက် အဘယ်မျှ အရေးပါလျက်ရှိသည်ကို ထိုစဉ်က သူတို့သတိမပြုခဲ့သည့်အတွက် လွန်စွာကံဆိုးသည်ဟု ယူဆရမည်ဖြစ်သည်။

ဘူတာရုံဝင်ပေါက်အနီးတွင် အနောက်တိုင်းဝတ်စုံဝတ်ဆင်ထားသော တရုတ်တစ်ယောက်က အောင်ငွေတိုးနောက်သို့





အလျင်အမြန် ပြေးလိုက်လာပြီး ၄င်းတရုတ်နှင့် အောင်ငွေတိုးသည် လက်မှတ်ရုံအုတ်နံရံကိုကွယ်လျက် စကားတီးတိုးပြောဆိုနေသည့် မြင်ကွင်းပင်ဖြစ်သည်။

အောင်ငွေတိုး၏ခန္ဓာကိုယ်မှာ အုတ်နံရံအတွင်းဖက်သို့ ရောက်ရှိမနေဘဲ အစွန်းထွက်လျက် ရှိနေသဖြင့် ထိုတရုတ်အား ပြောဆိုနေသည့် အမူအရာမှာ သာမန်အကြောင်းကိစ္စမျိုးမဟုတ်ဘဲ လွန်စွာအရေးတကြီး ပြောဆိုနေခြင်းဖြစ်ကြောင်း ပေါ်လွင်နေလေ၏။

ထိုမြင်ကွင်းမှာ မိနစ်ပိုင်းမျှသာ ဖြစ်၏။ အောင်ငွေတိုးမှာ ဘူတာရုံအတွင်း ဝင်ရောက်လာပြီး သူနှင့်တွေ့ဆုံခဲ့သည့် တရုတ်တစ်ယောက်မှာ ဘူတာရုံအပြင်ဖက်သို့ ရေးကြီးသုတ်ပျာ ထွက်ခွာသွားလေ၏။ ရထားတွဲပေါ်သို့ အောင်ငွေတိုးအရောက်မှာပင် လော်ကယ်ရထား ပထမဉသြသံ ထွက်ပေါ်လာလေ၏။

ရထားတွဲပေါ်ရောက်သည်နှင့် အောင်ငွေတိုးက အားလုံးကို ပြုံးရွှင်စွာ နှုတ်ဆက်ပြီး လွန်စွာအရေးကြီးသည့် မိသားစုကိစ္စကို ဆောင်ရွက်နေရသည့်အတွက် သတ်မှတ်ချိန်အမှီ ရောက်မလာနိုင်တာကို ခွင့်လွှတ်ဖို့ တောင်းပန်စကားဆိုလေ၏။

ဒေါက်တာထင်အောင်ကျော်နှင့် အဖွဲ့ဝင်များကလည်း အနည်းငယ်မျှ အပြစ်မဆိုဘဲ နားလည်ခွင့်လွှတ်ကြလေ၏။ မကြာမီမှာပဲ သူတို့သည် ထိုအတွေးကို မေ့လျော့လိုက်ကြပြီး ရောက်တတ်

ကြယ်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ရာရာစကားများ ပြောဆိုနေစဉ်မှာပဲ လော်ကယ်ရထားသည် နောက်ဆုံးဥသြသံရှည်ဆွဲပြီး စတင်ထွက်ခွာလေတော့၏။

ရန်ကုန်မှ မန္တလေး၊ မန္တလေးမှ မြစ်ကြီးနား စသည့်ခရီးစဉ်များမှာ သူတို့အတွက် သက်တောင့်သက်သာ ခရီးစဉ်အဖြစ် သတ်မှတ်ရမည်ဖြစ်သည်။ အစိုးရအမိန့်ညွှန်ကြားချက်များ ပါရှိပြီးဖြစ်သလို ခရီးစဉ်ရပ်နားရာ မြို့များရှိ အစိုးရရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များကလည်း သူတို့အဖွဲ့ကို နွေးထွေးပျူငှာစွာ ဧည့်ခံကြလေ၏။

မည်သည့်ဘေးအန္တရာယ် အနှောင့်အယှက်ကိုမှ မကြုံတွေ့ရသဖြင့် ထိုခရီးမှာ ပျော်ပွဲစားထွက်လာသကဲ့သို့ ပျော်စရာပင်ကောင်းနေတော့၏။ ထိုခရီးတွင် ယခင်ကတည်းက စိတ်ဝင်စားမှုလည်းရှိပြန် ခရီးတစ်ခုတည်း သွားလာရသည့်အတွက် ထိတွေ့ဆက်ဆံမှု၊ နီးစပ်မှုလည်း များလာသည့်အတွက် ဘိုမလေးရှယ်လီစတုန်းမှာ အောင်ငွေတိုးအပေါ်တွင် ရေရှည်အိုက်တင်ခံနိုင်စွမ်းမရှိ ဖြစ်သွားလေ၏။

ရန်ကုန်မှ မြစ်ကြီးနားသို့ ရောက်သည့်နေ့မှာပဲ ဇွဲကောင်းကောင်းဖြင့် ချဉ်းကပ်ကြိုးစားခဲ့သည့် အောင်ငွေတိုးဟူသည့် ပျားပိတုန်းသတ္တဝါလေးမှာ ရှယ်လီစတုန်းဟူသည့် ချစ်စဖွယ်ပန်းပွင့်လေး၏ ဝတ်ရည်ကို ပိုင်ပိုင်နိုင်နိုင် သောက်သုံးခွင့်ရရှိလေတော့၏။

* * * *



## အခန်း (၇)

ပူတာအိုမြို့မှာ မြန်မာပြည်၏ မြောက်ဘက်အစွန်ဆုံး
ိုင်မြို့တစ်မြို့ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် (၁၃၄၂
ပ) မြင့်၍ ရေခဲတောင်ကြီးများ ဝန်းရံလျက်ရှိသည့် အံ့သြဖွယ်
းခြားသည့် မြို့ဖြစ်သည်။ ထို့ကြောင့်လည်း အရှေ့တောင်အာရှ
င်ငံများတွင် ရှားရှားပါးပါး နှင်းဖုံးတောင်တန်းမြို့တစ်မြို့အဖြစ်
င်ရှားအသိအမှတ်ပြုခြင်းခံရသည်မှာ ဂုဏ်ယူဖွယ်ကောင်းလှ
ပေ၏။

ဒေသခံများမှာ ရဝမ်၊ လီဆူး၊ ရှမ်း၊ ဂျင်းဖောနှင့် ...မာ
...မျိုးများ ဖြစ်ကြ၏။ ပူတာအိုဆိုသည်မှာ ခန္တီး၊ ရှမ်းဘာသာစကား


www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည့် ပူတောင်းမှ ဆင်းသက်လာခြင်းဖြစ်သည်။ ပူဟူသည်မှာ အဘိုး၊ တောင်းဟူသည်မှာ မျှော်သည်။ ထို့ကြောင့် မြေးကို အဘိုးက မျှော်သည်ဟု အဓိပ္ပာယ်ရ၏။ ပူတောင်းကို အင်္ဂလိပ်ဘာသာဖြင့် (Putaq) ဟု ရေးသားရာမှ ကာလကြာသည်တွင် ပူတောင်းမှ ပူတာအိုဟူ၍ အခေါ်အဝေါ် ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

မြို့၏အရှေ့ဖက်တွင် နမ့်ဆုံချောင်း၊ အနောက်ဖက်တွင် ဂျော့ဝါချောင်းတို့ ပတ်ရွေစီးဆင်းလျက်ရှိ၏။ အစဉ်အဆက် ခန္တီးရှမ်းစော်ဘွားများ ပိုင်ဆိုင်ခဲ့ကြသော ပူတာအိုခရိုင် ခန္တီးလွင်ပြင်ဒေသမှာ အရှေ့ဖက်တွင် မလိခမြစ်ဝှမ်း၊ တောင်ဘက်တွင် နမ့်လန် မြစ်ဝှမ်းအထိ အကျုံးဝင်၏။ ၎င်းဒေသကို ၁၉၁၄-ခုနှစ်မှစ၍ အင်္ဂလိပ်အုပ်ချုပ်ရေးစတင်ခဲ့ရာ ၁၉၁၈-ခုနှစ်တွင် ခရိုင်အဆင့် သတ်မှတ်ပြီး ပထမဦးဆုံးခန့်အပ်သည့် ခရိုင်ဝန်မှာ မစ္စတာမာထိ(စ်) ဟူသော မျက်နှာဖြူအရာရှိဖြစ်သည်။

၎င်းခရိုင်ဝန်က စစ်ရေးမဟာဗျူဟာ နယ်မြေသတ်မှတ်ပြီး ၎င်းမြို့တွင် ဖို့ဟတ်(စ်) (Fort Hertz) ခံတပ်မြို့ စတင်တည်ဆောက် ခဲ့သော်လည်း စရိတ်စက ကြီးမြင့်မှုကြောင့် အကောင်အထည် ဖြစ်မလာဘဲ အဆုံးသတ်ခဲ့ရ၏။

ပူတာအိုသည် ရန်ကုန်မှ ၁၁၂၇-မိုင်၊ မြစ်ကြီးနားမှ ၂၁ မိုင်၊ ဖုန်ကန်ရာဇီနှင့် ၅၃-မိုင်၊ မန်စေခွန်နှင့် ၁၄-မိုင်၊ ဆွမ်ပရာဘွမ် နှင့် ၈၆-မိုင် ကွာဝေး၏။ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်ချင်း





ထိစပ်လျက်ရှိ၏။

ပူတာအိုဝန်းကျင်ဒေသမှာ ခန်းတောက်မြစ်၊ မချစ်ဥ၊ မရှော့ရွက်၊ ဂျင်ဆင်း၊ ရှိုးပဒီး၊ ဟျားဖယောင်း၊ ငှက်သိုက်၊ ကျောက်သွေး၊ ရှားပါးသစ်ခွ၊ ချိုးတောက် စသည့်အစွမ်းထက်ပရဆေးပင် များ ပေါများစွာ ပေါက်ရောက်လေ၏။

သူတို့အဖွဲ့သည် ၎င်းမြို့ကို ဗဟိုထားလျက် ခရီးစဉ်ကို စတင်ရမည်ဖြစ်ရာ ခရီးအတွက် လိုအပ်သည်များကို ပူတာအိုမြို့တွင် နှစ်ရက်ခန့် အချိန်ယူစီစဉ်ဆောက်ရွက်ပြီး ဂျစ်ကားနှစ်စီးဖြင့် မလိခမြစ်ကမ်းနံဘေးမှ ခန်းထောက်မြို့ကလေးသို့ရောက်အောင် ခရီးကြမ်းသွားခဲ့ကြ၏။

ထိုမြို့ကလေးတွင် လမ်းပြကျွမ်းကျင်သူတစ်ယောက်ရှိသည်ဟု သတင်းရရှိထားသောကြောင့် ထိုသူနှင့် တွေ့ဆုံရန်အတွက် သွားရောက်ကြခြင်းဖြစ်သည်။ ထိုသူ၏အမည်မှာ ကျော်စွာဟူ၍ သိရှိထား၏။ သူတို့သွားလိုသည့် ခရီးကြမ်းအတွက် အမှားအယွင်း မရှိ လမ်းပြနိုင်သူမှာ ထိုသူမှလွဲ၍ ဘယ်သူမှ မရှိနိုင်ကြောင်း ဒေသ ခံများက ပြောကြ၏။

"ဆရာကြီးတို့စကားကို ကြားရတာ ကျုပ်တို့အဖို့တော့ တကယ့်ကို အံ့သြမိတယ်၊ ဆရာကြီးတို့က ဒီလောက်နက်ရှိုင်းတဲ့ တောတောင်တွေကို ဖြတ်ကျော်သွားရောက်တာဟာ အမဲလိုက်ဖို့ တင် မဟုတ်ဘူး၊ ရွှေတွင်း၊ ငွေတွင်းရှာဖို့လည်း မဟုတ်ဘူး၊ သစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



တွေမှာ ဖူးပွင့်တဲ့ပန်းတွေကို ခူးဆွတ်လေ့လာဖို့အတွက် သွားရောက်မှာဆိုတော့ ကျုပ်တို့နားမလည်နိုင်အောင် ဖြစ်ရတယ်၊ ဆရာကြီးတို့ ရှင်းပြမှပဲ ကျုပ်တို့လည်း သစ်ပင်တွေ၊ ပန်းပွင့်တွေ တကယ့်ကို အဖိုးတန်မှန်း သိရတယ်"

"ကျုပ်တို့အတွက်တော့ သစ်ပင်တွေဟာ လှေထွင်းဖို့ အိမ်ဆောက်ဖို့၊ ထင်းဆိုက်ဖို့ ဆိုတာလောက်ပဲ သိတယ်၊ အခု ဆရာကြီးတို့သွားရောက်မယ့် လမ်းခရီးဟာ အလွန်ကြမ်းတမ်းတယ်၊ အဲဒီလမ်းခရီးကို အခေါက်ခေါက်သွားလာသူဟာ ကျော်စွာတစ်ဦးတည်းရှိတယ်၊ သူ့ဆီမှာ အထက်မြစ်လမ်းကို ဆန်တက်နိုင်တဲ့ စက်တပ်သင်္ဘောတစ်စင်းလည်း ရှိတယ်"

ထိုသတင်းစကားကြောင့် သူတို့အားလုံးတိုင်ပင်ပြီး ကျော်စွာဟူသော ပုဂ္ဂိုလ်ကို လမ်းပြအဖြစ် ငှားရမ်းရန်အတွက် ၄င်းစခန်းထောက်မြို့ကလေးသို့ ထွက်ခွာခဲ့ကြခြင်းဖြစ်သည်။ ထိုမြို့လေးသို့ရောက်ရှိရန် သူတို့သည် လမ်း၌ တစ်ညအိပ်ရပ်နားခဲ့ကြ၏။

ထိုမြို့ကလေးမှာ မလိခမြစ်ဝှမ်းနှင့် မနီးမဝေးတွင်တည်ရှိပြီး သာမန်လက်လုပ်လက်စားများ၊ အလုပ်ကြမ်းသမားများ နေထိုင်သော စခန်းထောက်မြို့ကလေးတစ်မြို့ဖြစ်၏။

ဆိပ်ကမ်းတစ်ဝိုက်တွင် အရက်ဆိုင်နှင့် စားသောက်ဆိုင်များ ရှိလေ၏။ ကမ်းစပ်တလျှောက်တွင် ပိန်းကောလှေ အကြီး





အသေးများ၊ ဇက်သင်္ဘောကဲ့သို့ ဦးပြားနှင့်သင်္ဘောများ ဆိုက်ကပ်ထားသည်ကို တွေ့ရ၏။

ထိုသင်္ဘောများမှာ အမိုးအကာတပ်ထားသော်လည်း မြစ်ဝကျွန်းပေါ် ဘက်တွင် စပါးတင်သော စီဘီတွဲများနှင့်သာ တူလေ၏။ ဆိပ်ကမ်းတဝိုက်မှာတော့ ကုန်အတင်၊ အချ အလုပ်သမားများနှင့် နှပ်ထွေးလျက်ရှိ၏။

ထိုမြို့သို့ရောက်ခဲ့ကြပြီးနောက်တွင် သူတို့သည် ကျော်စွာနှင့်တွေ့ရန် လိုက်လံစုံစမ်းသော်လည်း အကြောင်းမထူးဘဲ ဖြစ်နေရာမှ အရက်ဆိုင်နှင့် လောင်းကစားဝိုင်းဖွင့်ထားသည့် ဆိုင်ကြီးတစ်ဆိုင်အတွင်း ဝင်ရောက်စုံစမ်းတော့မှ ထိုသူမှာ မြို့အစွန်ဘက်နေရာသို့ ထွက်ခွာသွားကြောင်း သိရလေ၏။

ထိုအရပ်ဒေသနှင့် မတူသော သူတို့ကိုမြင်တော့ ပတ်ဝန်းကျင်မှ လူများက တအံ့တသြနှင့် ဝိုင်းကြည့်ကြလေ၏။ သူတို့သည် ဒေသ၊ စရိုက်မတူသည့် ပတ်ဝန်းကျင်ဖြစ်၍ သတိဝိရိယဖြင့် သွားလာနေရ၏။ နယ်စွန်နယ်ဖျားဒေသဖြစ်သောကြောင့် အုပ်ချုပ်ရေးနှင့် အလှမ်းကွာဝေးသည့် ဒေသဖြစ်ရာ အားလုံးမှာ ပေပေတေတေ စရိုက်များဖြင့် ကျင်လည်နေကြသူများဖြစ်၏။

ကြီးနိုင်၊ ငယ်ညှင်း အမူအကျင့်များဖြင့် ဒုစရိုက်အမှုကိုပြုလုပ်ရန် ဝန်လေးကြသူများ မဟုတ်ကြောင်း ထိုသူတို့၏အမူအရာများတွင် ပေါ်လွင်လျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ၄င်းတို့၏အမြင်၌ ထူးဆန်းနေသလို လုပ ချစ်စဖွယ်ကောင်းသည့် မိန်းမချောလေးနှစ်ဦးကို မီးပွင့်မတတ် မျက်ဝန်းများဖြင့် စူးစိုက်ကြည့်ကြလေ၏။ သို့သော်လည်း ဘာမှန်း မသိသောကြောင့် အတင့်ရဲသည့် အပြုအမူမျိုး မလုပ်ဝံ့ကြပေ။

"ဒီဒေသက ရွာရယ်လို့ အတည်တကျသတ်မှတ်ထားတာ မဟုတ်ဘူး၊ ရွှေကျင်တဲ့ လူတွေရဲ့ စခန်းကြီးပဲ၊ ဒီမှာ စားနပ်ရိက္ခာ လက်နက်ခဲယမ်းနဲ့ ဆေးဝါးတွေ ရနိုင်သလို . . . ရွှေအရိုင်းမှုန့် တွေ၊ ရွှေတုံးတွေကို ဒိုင်ဖွင့်ပြီး ဝယ်တဲ့စခန်းလည်း ဖြစ်တယ်၊ ဒီမှာ အလုပ်လာလုပ်တဲ့ လူအများစုကအော့ ဘဝမှာ ကြုံသလိုကျရာ ကျင်လည်မယ်ဆိုတဲ့ ခပ်ပေပေလူမျိုးက များတယ်"

လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ၄င်းဒေသများနှင့် အကျွမ်း တဝင်ရှိခဲ့ဖူးသည့် ဦးဒေဝက ရှင်းပြလေ၏။

သူတို့သည် လမ်းညွှန်သည့်အတိုင်း မြို့အစွန်ဘက် ထွက် လာရာ ၄င်းနေရာတွင် လွန်စွာထူးဆန်းသည့် မြင်ကွင်းကို တွေ့ လိုက်ရသဖြင့် စိတ်ဝင်တစား ကြည့်ရှုကြလေ၏။ လူအုပ်ကြီးမှာ ဟေးဟေးဟားဟား ဆူညံလျက်ရှိ၏။

ဘေးတစ်ဖက်တစ်ချက်တွင် ရွက်ဖျင်တဲကြီးများနှင့် အရက် သေစာရောင်းသောဆိုင်များ၊ အစားအသောက်ရောင်းသောဆိုင် များ စီတန်းလျက် ရှိလေ၏။ သူတို့သည် ထိုလူအုပ်ကြီးကိုကြည့်ပြီး စူးစမ်းလိုသဖြင့် . . .





"အမယ်ကြီး . . . ဒီလူတွေ ဘာကိုဝိုင်းကြည့်နေကြတာ လဲ"

ဦးဒေဝက မျက်နှာချင်းဆိုင်မှ လျှောက်လှမ်းလာသည့် အမျိုးသမီးကြီးတစ်ဦးကို သူတို့ဘာသာစကားဖြင့် မေးမြန်းလိုက် ရာ ထိုအမျိုးသမီးကြီးက . . .

"တိုက်ပွဲ . . ."

ဟူ၍ တုံးတိတိ ပြန်ဖြေလေ၏။

ထိုအခါ ဦးဒေဝလည်း မျက်မှောင်ကျုံ့လိုက်ပြီး . . .

"ဟင် . . . တိုက်ပွဲ . . . ဘယ်လိုတိုက်ပွဲမို့လို့ ဒီလောက် လူအုံနေရတာလဲ"

"မြွေနဲ့ မြွေပါ တိုက်ပွဲလေ၊ တအားကောင်းတယ်၊ လောင်း ကြတာလည်း အများကြီး . . . အများကြီး"

ဦးဒေဝက အမျိုးသမီးကြီးကို ကျေးဇူးတင်စကားပြောဆို ၍ သူ၏အဖွဲ့သားများကို ရှင်းပြလိုက်ရာ အားလုံးမှာ တအံ့တသြ ဖြစ်သွားကြပြီး ပါးစပ်များပင် 'ဟ' သွားကြလေ၏။

ထို့နောက် သူတို့လည်း ကြုံကြိုက်သည့်အခိုက် ၄င်းအထူး အဆန်းမြင်ကွင်းကို ကြည့်ရှုရန် လူအုပ်ကြီးအတွင်း တိုးဝှေ့ကြည့်ရှု လေတော့၏။ မြင်ကွင်းမှာ လွန်စွာမှပင် စိတ်လှုပ်ရှားဖွယ်ကောင်း လှပေ၏။

မြေကွက်အလယ်တွင် တစ်ထောင်သာသာမြင့်ပြီး ဆယ်



www.burmeseclassic.com

www.burmeseclassic.com



ပေပတ်လည်ခန့် အကျယ်အဝန်းရှိသော ခြံကလေးကို ဝါးထရံဖြင့်
ကာထား၏။ ထိုခြံကလေးမှာ မြွေပါနှင့် မြွေအတွက် လက်ဝှေ့ကြိုး
ဝိုင်းဖြစ်လေ၏။

မည်းနက်တောက်ပြောင်လျက်ရှိသော မြွေဟောက်ကြီး
မှာ ပါးပျဉ်းထောင်လျက်ရှိပြီး တုတ်ခိုင်သန်မာလှသည့် မြွေပါကို
ရန်စောင်နေလေ၏။ မြွေဟောက်ကြီးမှာ ယောက်ျားလက်ဖျံခန့်
ရှိပြီး တစ်လံမျှ ရှည်လျားပေလိမ့်မည်။

မြွေပါဆိုသည်မှာ မြွေကိုနိုင်နင်းသော သတ္တဝါမျိုးဖြစ်၏။
၎င်းသတ္တဝါနှင့် မြွေကို သွေးထိုးရန်တိုက်ပေးပြီး အလောင်းအစား
လုပ်ကြသော မြင်ကွင်းမှာ ဦးဒေဝတို့ အဖွဲ့သားများအတွက်တော့
များစွာအံ့အားသင့်စရာ ကောင်းနေတော့၏။

ထိုသတ္တဝါနှစ်ကောင်မှာ တစ်ကောင်နှင့်တစ်ကောင် ရန်
စောင်လျက် ချက်ကောင်းကိုတိုက်ခိုက်ရန် အကွက်ချောင်းနေကြ
၏။ ထိုသို့ ရန်စောင်နေလျက်က မြွေပါသည် တိုက်ခိုက်မှုကို စတင်
လိုက်၏။ ပရိသတ်ကြီးမှာလည်း ထိုမြင်ကွင်းကြောင့် ဟေးခနဲ
အော်လိုက်လေ၏။

လေကဲ့သို့ လျှင်မြန်ခြင်းမျိုးဖြင့် ခုန်ပျံဝင်သွားပြီး မြွေဟောက်
၏ပါးပျဉ်းကို ခဲလိုက်ခြင်းဖြစ်၏။ မြွေဟောက်မှာ အလျင်အမြန်
ရှောင်တိမ်းလိုက်သော်လည်း လက်မတင်လေး နောက်ကျသွားပြီး
မြွေပါ၏ကိုက်ခဲခြင်းကို ခံလိုက်ရသဖြင့် မချိမဆန့် ရုန်းကန်ရင်း





လူးလွန့်နေရှာ၏။

ထိုအခါ မြွေပါဘက်မှ လောင်းကြေးတင်ထားသူများက
အားရဝမ်းသာ အော်ဟစ်ကြလေ၏။ အချို့က အော်ဟစ်ရုံမျှမက
လက်ရုံးဆန့်တန်း၍ နှစ်ထောင်းအားရ အားပေးကြ၏။ လူတို့၏
ပယောဂကြောင့် ရန်သူပမာ တိုက်ခိုက်နေရသော မြွေနှင့်မြွေပါ
တို့၏ အသက်လုတိုက်ခိုက်ပွဲမှာ အားပါပြီး ကြောက်ခမန်းလိလိ
ပြင်းထန်လှ၏။

မြွေဟောက်မှာ မြွေပါထက်ကြီးမားပြီး ခွန်အားလည်း
ပြည့်ဝပုံရ၏။ သူ့အားကိုက်ခဲထားသော မြွေပါ၏ပါးစပ်ထဲမှ လွတ်
အောင်ကြိုးစားရုန်းကန်ရင်း အမြီးဖြင့် မြွေပါကို ရစ်ပတ်ထား၏။
ကောအတွင်းမှာပင် မြွေပါ၏ကိုယ်လုံးကို လေးပတ်ခန့် ရစ်ပတ်မိ
သွား၏။

ထိုအခါ လျှပ်တပြက် ရရှိလိုက်သည့် အခွင့်အရေးကို
အမိအရ အသုံးချလိုက်တော့၏။ ထိုသို့ ရစ်ပတ်ခံလိုက်ရသည့်
မြွေပါမှာ ဟန်ချက်ပျက်သလိုဖြစ်သွားပြီး ကိုက်ထားရာမှ လွတ်
သွားသဖြင့် ၎င်း၏လည်ကုတ်အပေါ်သို့ မြွေက အားပါးတရ
ပေါက်ချလိုက်ခြင်းဖြစ်သည်။

မြွေဟောက်ကြီးသည် ထိုအခွင့်အရေးကို လက်လွတ်မခံ
တော့ဘဲ တိုက်ပွဲကို အဆုံးသတ်ရန် အပြင်းအထန် တိုက်ခိုက်လေ
တော့၏။ အမြီးအင်အားကို အစွမ်းကုန်အသုံးချပြီး မြွေပါကို မြေ



www.burmeseclassic.com

www.burmeseclassic.com



ကြီးနှင့် လွှဲရိုက်လေ၏။ ထိုအချင်းအရာကို မြင်ရသည်မှာ မြွေ
ဟောက်ကြီး၏ မဟာဗျူဟာ အသာစီးရသွားပြီဖြစ်ကြောင်း သက်
သေပြလိုက်ခြင်းပင် ဖြစ်၏။

မြွေဟောက်ဘက်မှ လောင်းထားသူများမှာ အုံးအုံးကျွတ်
ကျွတ် အော်ဟစ်အားပေးကြပြန်၏။ မြွေဟောက်ကြီးမှာ သူ့အမြီး
ခွေအတွင်းမှ မြွေပါကို မြေကြီးနှင့် ကြိမ်ဖန်များစွာ လွှဲရိုက်ပြီးနောက်
ရုန်းကန်နိုင်စွမ်း မရှိတော့သည့် မြွေပါကို မလွှတ်သေးဘဲ တင်း
သထက်တင်းအောင် ဖြစ်ညှစ်နေလေ၏။

အချိန်အနည်းငယ်အတွင်းမှာပဲ မြွေဟောက်ကြီးသည်
တိုက်ပွဲကို အဆုံးသတ်အနိုင်ယူလိုက်ပြီ ဖြစ်၏။ သို့သော်လည်း
မြွေပါကဲ့သို့ ငြိမ်သက်သွားလေရာ ပရိသတ်ကြီးမှာ အားမလိုအား
မရ ဖြစ်သွားကြလေ၏။

အလျော်အစားသဘောမှာ ထိုသတ္တဝါနှစ်ကောင်တိုက်
ခိုက်ရင်း တစ်ကောင်ကောင်အနိုင်ရမှသာ အထမြောက်မည်ဖြစ်
သည်။ တိုက်ခိုက်ရင်း နှစ်ကောင်စလုံး သေဆုံးပါက အလျော်
အစား မပြုလုပ်ကြောင်း သတ်မှတ်ထားသဖြင့် လောင်းကြေးထပ်
ထားသူများမှာ ဘဝင်မကျဖြစ်သွားကြခြင်း ဖြစ်သည်။

ထိုသို့ရှိနေစဉ်မှာပဲ အခြေအနေမှာ ရုတ်ချည်းပင် ပြောင်း
လဲသွားသဖြင့် ပရိသတ်ကြီးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြန်
၏။ ငြိမ်သက်နေသော မြွေဟောက်ကြီးမှာ တဖြည်းဖြည်း လှုပ်
လှုပ်ရှားလာသောကြောင့် ဖြစ်သည်။

လိမ်ကာတွန့်ကာဖြင့် အနည်းငယ် ရွေ့လျားသွားပြီး
အမျက်ဒေါသ မပြေသည့်ဟန်ဖြင့် ကိုယ်တစ်ပိုင်းမတ်မတ်ရပ်လျက်
ပါးပြင်းခွက်ကာ ယိမ်းထိုးလိုက်လေရာ ထိုမြင်ကွင်းကြောင့် မြွေ
ဟောက်ဘက်မှ လောင်းကြေးတင်ထားသူများမှာ ဝမ်းသာအားရ
အော်ဟစ်ကြတော့၏။

ဖြစ်ပျက်မှုမှာ လွန်စွာမြန်ဆန်လှပေ၏။

သေနတ်သံတစ်ချက် ဒိုင်းခနဲ ထွက်ပေါ်လာပြီး မြွေဟောက်
ကြီး၏ဦးခေါင်းမှာ ပြတ်ထွက်သွားကာ ကိုယ်လုံးမှာလည်း လွင့်စင်
သွားလေ၏။ ပရိသတ်ကြီးမှာ ရုတ်တရက် တအံ့တဩ ဖြစ်သွား
သော်လည်း မီးကိုရေနှင့် ငြိမ်းသတ်လိုက်သလို ရုတ်ချည်းပင် ငြိမ်
သက်သွားလေ၏။

ထိုသို့ ငြိမ်သက်မှုမှာ တခဏမျှသာ ဖြစ်၏။ မကျေမနပ်
စကားသံများ တီးတိုးပြန့်ထွက်လာပြီး သေနတ်ဖြင့် ပစ်လိုက်သည့်
ဗိုလ်အား ဒေါသမျက်ဝန်းများဖြင့် စူးစိုက်ကြည့်ကြလေ၏။ ထိုသူ
မှာ မျက်နှာဖြူလူမျိုးဖြစ်ပြီး ဒေသခံများအပေါ် အနိုင်ကျင့်ဗိုလ်ကျ
နေသူဖြစ်၏။

ထိုလောင်းကစားဝိုင်းကိုလည်း ဒိုင်ဖွင့်ခဲ့သူဖြစ်၏။ သူသည်
အလျော်အစား မလုပ်လိုသောကြောင့် ထိုသို့ယုတ်မာကောက်ကျစ်
စွာ ပြုလုပ်လိုက်ကြောင်း အားလုံးနားလည်လိုက်သဖြင့် ၄င်းအား



www.burmeseclassic.com

www.burmeseclassic.com



မကျေမနပ် ဖြစ်သွားကြ၏။

သို့နှင့် သူတို့အုပ်စုသည် အလျော်ရရှိလိုသည့်အတွက် ထိုမျက်နှာဖြူပုဂ္ဂိုလ်ကြီးအနီးသို့ ချဉ်းကပ်ရန် ဟန်ပြင်လိုက်သည်နှင့် ထိုပုဂ္ဂိုလ်ကြီးက သေနတ်ကို အပေါ်ထောင်၍ နှစ်ချက်ဆင့်ပစ်ဖောက်လိုက်ရာ လူအုပ်စုကြီးမှာ အထိတ်တလန့်ဖြင့် နောက်သို့ဆုတ်သွားကြ၏။ ထိုအဖြစ်ကိုကြည့်၍ မျက်နှာဖြူကြီးသည် သူ၏ကြီးထွားလှသည့် ခန္ဓာကိုယ်ကြီးကို လှုပ်ယမ်းလျက် သဘောကျစွာရယ်လေ၏။

သို့သော်လည်း သူ၏ရယ်သံမှာ အဆုံးသတ်နိုင်ခြင်း မရှိခဲ့ပေ . . .။ တစ်ဝက်တစ်ပျက်မျှနှင့် ရပ်တန့်လို့သွား၏။ ရှမ်းကန့်မြည်သံနှင့်အတူ လက်ထဲက သေနတ်မှာ အဝေးသို့ လွင့်စင်သွားသောကြောင့် ဖြစ်သည်။

ဘယ်လိုမှ ထင်မှတ်မထားသည့် ဖြစ်ပျက်မှုကြောင့် မျက်နှာဖြူကြီးသည် ကွင်းပြင်ထဲတွင် ကြောင်တိကြောင်တောင် ဖြစ်သွားလေ၏။ ထိုအခိုက်အတန့်မှာပဲ လူအုပ်တွင်းမှ တိုးထွက်လာသောလူငယ်တစ်ဦးသည် ကွင်းပြင်အတွင်း ဝင်ရောက်သွားလေရာ ပရိသတ်ကြီးမှာ ရုတ်တရက် တွေဝေနေရာမှ အားရဝမ်းသာ အော်ဟစ်ကြတော့၏။

"ဟေး . . . ကျော်စွာကွ"

"ဒါမှ တို့လူမျိုးကွ၊ ကောင်လေးရေ . . . အဲဒီခွေးဘီလူး





ကြီးကို မှတ်လောက်အောင် ဆုံးမလိုက်စမ်းကွာ"

"ဖျောင်း . . . ဖျောင်း . . . ဖျောင်း"

အုံးအုံးကြွက်ကြွက် အော်ဟစ်သံများ၊ ဝမ်းပန်းတသာ လက်ခုပ်တီးသံများကြောင့် လူအုပ်စုကြီးမှာ ယခင်ကထက်ပင် ပို၍များကြွလာသလို ထင်မှတ်ရ၏။

ဒေါက်တာထင်အောင်ကျော်တို့အဖွဲ့မှာလည်း ထိုအသံများ ကြားလိုက်ရသည်နှင့် တစ်ဦးနှင့်တစ်ဦး အံ့ဩဝမ်းသာသည့် မျက်ဝန်းတွေဖြင့် ကြည့်လိုက်ကြ၏။ အကြောင်းကား ၎င်းမျက်နှာဖြူလူထွားကြီးနှင့် မျက်နှာချင်းဆိုင်ရပ်လျက် ရှိနေသူမှာ မိမိတို့တွေ့လို၍ ရှာဖွေနေသည့် ကျော်စွာဖြစ်ကြောင်း သိလိုက်ရ၍ဖြစ်သည်။

သို့နှင့် သူတို့လည်း စိတ်ဝင်တစားဖြင့် အကဲခတ်ကြည့်နေမိ၏။

ကျော်စွာဟူသော လူငယ်မှာ မြင်ရသည့်ခဏမှာပဲ အသွင် အပြင် ထူးခြားလှပေ၏။ အသက်သုံးဆယ်ဝန်းကျင်အရွယ်သော်လည်း အလုပ်ကြမ်း၊ စရိုက်ကြမ်းများကြားတွင် ကျင်လည်ကျက်စားဟန်ရှိသဖြင့် မျက်နှာနှင့်ဟန်ပန်မှာ အတန်ငယ် ခက်ထန်ကြမ်းတမ်းသယောင်ရှိလေ၏။

သို့သော်လည်း မျက်လုံးနှင့် နှုတ်ခမ်းများကတော့ တည်ငြိမ်ရင့်ကျက်မှုအသွင်ကို ဖော်ပြနေလေ၏။ ခန္ဓာကိုယ်ကကျစ်လစ်



www.burmeseclassic.com

www.burmeseclassic.com



သွယ်လျှပြီး အသားရောင်မှာ ကြေးနီရောင်သန်းလျက်ရှိ၏။

ကျော်စွာသည် လက်ထဲတွင် ကိုင်ထားသည့် ကြာပွတ်ကို ဆန့်တန်း၍ မြေပြင်သို့ရိုက်လိုက်ရာ ရွှမ်းခနဲမြည်သံနှင့်အတူ ဖု တထောင်းထောင်း ထသွားလေ၏။

မျက်နှာဖြူလူထွားကြီးမှာ ခံပြင်းဒေါသကြောင့် အသ ကို ပြင်းစွာရှူရှိုက်ရင်း မီးပွင့်မတတ်မျက်ဝန်းများဖြင့် ကြည့်ေ သော်လည်း ကျော်စွာကတော့ စိတ်အေးလက်အေး အမူအရာဖြ ထိုပုဂ္ဂိုလ်ကြီးကို ကြည့်နေရင်းက . . .

"ဒီမှာ မစ္စတာဘွန်ဘရောင်း၊ ခင်ဗျားဟာ ဗြိတိသျှလူမ ဗိုဗိုနိုင်ငံကြီးသားပီသစမ်းပါ၊ မြန်မာပြည်ဟာ ငါတို့ကျွန်ပြုထား ကိုလိုနီနိုင်ငံဖြစ်လို့ ငါလုပ်ချင်တိုင်း၊ ငါအနိုင်ကျင့်ချင်တိုင်း ကျ မယ်ဆိုတဲ့ အောက်တန်းကျတဲ့ အမူအကျင့်မျိုး မလုပ်ပါနဲ့ဗျာ၊ အ ဒီပွဲမှာ ခင်ဗျားအရေးနိမ့်သွားတာ အားလုံးမျက်မြင်ပဲ၊ ဒီတေ လျော်စရာရှိတာကို လျော်လိုက်ပါ၊ ဖြောင်လိမ်ဖြောင်စား မလု ပါနဲ့"

ဟု လေသံအေးအေးဖြင့် ပြောလိုက်ရာ မျက်နှာဖြူကြ သည် လွန်စွာခံပြင်းဒေါသထွက်ပြီး မျက်ဝန်းတွေကလည်း ဖားပြ ကြီးတစ်ကောင်ပမာ ပြူးကျယ်သွားလေ၏။

ဒေါက်တာထင်အောင်ကျော်တို့မှာ ထပ်မံ၍ အံ့ဩသွ ရပြန်၏။ အံ့ဩမှုနှင့်အတူ အထင်ကြီးလေးစားလို့သွား၏။ သူ





သည် ထိုလူငယ်၏ ကိုယ်ကျင့်တရား၊ စိတ်နေသဘောထားကို ထိုတဒင်္ဂမှာပဲ ကောင်းစွာအသိအမှတ်ပြုလိုက်၏။

အကြောင်းကား ကျော်စွာသည် အထက်ပါစကားကို လွန်စွာကောင်းမွန်၍ အဆင့်အတန်းမြင့်လှသော အင်္ဂလိပ်ဘာသာ စကားဖြင့် ပြောလိုက်သောကြောင့် ဖြစ်သည်။ ထိုစကားကို ကောင်း စွာနားလည်လိုက်ကြသူများမှာ ဒေါက်တာထင်အောင်ကျော်တို့ အဖွဲ့သာလျှင် ဖြစ်၏။

ထိုအချိန်တွင် လူအုပ်ကြီးမှာ အပ်ကျသံပင် ကြားရလောက် အောင် တိတ်ဆိတ်လျက်ရှိ၏။ မျက်နှာဖြူလူထွားကြီးသည် ခြေ လှမ်းကို အနည်းငယ်ရှေ့တိုးလိုက်ပြီး ရှုန့်ရင်းကြမ်းတမ်းစွာ ဆဲဆို လျက် . . .

"ဟေ့ကောင် . . . ကျွန်တစ်ယောက်က ကျွန်စကားမပြော ဘဲ ငါလို အရှင်သခင်ကို စော်ကားဝံ့တယ်ပေါ့လေ၊ ဒီနေ့အဖို့တော့ မင်းရဲ့ကျွန်သက်ကုန်ဆုံးတဲ့နေ့လို့ သတ်မှတ်လိုက်ပေတော့"

"ကောင်းပြီလေ . . . ကျုပ်ကလည်း ခင်ဗျားရဲ့သခင်ပါးဝ နေတဲ့ စိတ်ဓါတ်ကို ကျုပ်ခြေဖဝါးအောက်ရောက်အောင် ဆုံးမဖို့ ဆုံးဖြတ်ထားပါတယ်"

ဟုပြောပြီး လက်ထဲက ကြာပွတ်ကို ပရိသတ်ကြီးထဲမှ သူ့မိတ်ဆွေတစ်ဦးထံသို့ ပစ်ပေးလိုက်၏။

မျက်နှာဖြူပုဂ္ဂိုလ်ကြီးသည် ခန္ဓာကိုယ်ကြီးထွားသလောက်



www.burmeseclassic.com

www.burmeseclassic.com



အရပ်အမောင်းလည်း မြင့်မားသူဖြစ်ရာ ကျော်စွာနှင့်ယှဉ်လျှင်ခေါင်းတစ်လုံးစာမက မြင့်မားနေလေ၏။ ထိုအချိန်မှာပဲ ပရိသတ်ကြီးသည် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြီး အချိန်အနည်းငယ်အတွင်း တစ်ယောက်တစ်ပေါက် ပြောဆိုကြရင်းက အုံးအုံးကြွက်ကြွက် ဖြစ်သွားကြတော့၏။

သူတို့သည် မထင်မှတ်ဘဲ ကြုံကြိုက်လိုက်ရသည့် အခွင့်အရေးကို လက်လွှတ်မခံဘဲ သူတို့၏အမူအကျင့်အတိုင်း သူ့လူကိုယ့်လူ ရွေးချယ်ကာ လောင်းကြေးထပ်ကြလေ၏။ အုံ့သြဖွယ်ကောင်းသည့် အဖြစ်ပင် . . . ။

၎င်းတို့၏ အပြုအမူကြောင့် မျက်နှာဖြူပုဂ္ဂိုလ်ကြီးနှင့် ကျော်စွာတို့၏အဖြစ်မှာ ကြေးစားတိုက်ခိုက်ရေးသမားအဖြစ်မျိုး ဆိုက်ရောက်သွားတော့၏။ ပရိသတ်ကြီးအတွင်း၌လည်း ငွေကြေးများ ပလူပျံသွားလေ၏။

လောဘ၊ ဒေါသ၊ မောဟနှင့်ယှဉ်လျက် ဖြစ်ပေါ်လာသည့် အကြောင်းကိစ္စတိုင်းသည် ဘယ်တုန်းကများ အဆုံးသတ်နိဂုံးလှပဖူးပါသလဲ . . ။ မြင်ကွင်းမှာ သွေးပျက်တုန်လှုပ်ဖွယ်ကောင်းသလို သတိသံဝေဂရဖွယ်လည်း ကောင်းလှပေ၏။

မျက်နှာဖြူလူထွားကြီးသည် ခြေလှမ်းငါးလှမ်းအကွာတွင် ရပ်နေသည့် ကျော်စွာကို ဖမ်းချုပ်ကိုင်ပေါက်ရန် တရှိန်ထိုးပြေးဝင်သွားခြင်းဖြင့် တိုက်ပွဲကို စတင်လိုက်၏။ တိုက်ပွဲအစပိုင်းမှာပင်





ထိုပုဂ္ဂိုလ်ကြီးသည် အရေးနိမ့်သလို ဖြစ်သွားလေ၏။

ကျော်စွာက အနားရောက်မှ ပွတ်ကာသီကာ ရှောင်တိမ်းလိုက်ပြီး ခန္ဓာကိုယ်ကိုလှည့်လျက် ညာခြေဖြင့် ပတ်ကန်လိုက်ရာ ကန်ချက်မှာ လူထွားကြီး၏နားထင်ကို မိမိရရ ကျရောက်သွားသဖြင့် ဖောင်းကနဲ အသံထွက်ပေါ်သွား၏။ လူထွားကြီးမှာ အရှိန်ကို ထိန်းနိုင်စွမ်းမရှိတော့ဘဲ လူအုပ်အတွင်းသို့ ဟပ်ထိုးလဲကျသွားတော့၏။

ထိုအခါ ပရိသတ်ကြီးမှာ လက်ခမောင်းခတ်၍တစ်ဖုံ၊ လက်ခေါက်မှုတ်၍တစ်နည်း အမျိုးမျိုး အော်ဟစ်အားပေးကြ၏။ လူထွားကြီးမှာ အပိုင်တွက်ထားလျက်က ဘယ်လိုမှ မထင်မှတ်သော တိုက်ခိုက်ခြင်းကို ပွဲဦးထွက်မှာပင် ရင်ဆိုင်လိုက်ရသောကြောင့် ရှက်စိတ်ဖြင့် မွန်ထူသွားပြီး ဒလကြမ်းပြေးဝင်ထိုးသတ်တော့၏။

ထိုပုဂ္ဂိုလ်ကြီးသည် တိုက်ရည်ခိုက်ရည်ပညာတွင် ခေသူမဟုတ်ကြောင်း ဒေါက်တာထင်အောင်ကျော် သတိပြုမိ၏။ လက်သီး၊ လက်ဝါးစောင်း၊ တံတောင်၊ ဒူး စသည်တို့ကို အချက်မိမိ အသုံးပြုနေပုံမှာ တိုက်ခိုက်ရေးသမားကောင်းဖြစ်ကြောင်း ပေါ်လွင်လျက်ရှိ၏။

တစ်ဖက်လူငယ်၏ လှုပ်ရှားမှုကလည်း ထိုးနှက်လာသမျှကို ကြောင်တစ်ကောင်ကဲ့သို့ ပေါ့ပါးလျင်မြန်စွာ ရှောင်တိမ်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



စွမ်းသူဖြစ်၏။ တိုက်ခိုက်မှုတိုင်းတွင် ကျွမ်းကျင်မှုတစ်ခုတည်းကို သာ အားထား၍မရကြောင်း၊ ပါးနပ်လိမ္မာသည့် ပရိယာယ်လည်း အထူးလိုအပ်ကြောင်းကို လူထွားကြီးသည် မေ့လျော့နေပုံရ၏။

ကျော်စွာသည် လူထွားကြီးကဲ့သို့ တဇွတ်ထိုး တိုးဝင်တိုက် ခိုက်ခြင်းမပြုဘဲ နည်းဗျူဟာ၊ မဟာဗျူဟာများဖြင့် ပါးနပ်ကျွမ်းကျင် စွာ တုန့်ပြန်တိုက်ခိုက်လေ၏။ သူသည် ခန္ဓာကိုယ်ကို ယို့ကာငဲ့ကာ တိမ်းရှောင်၍လည်းကောင်း၊ ပုတ်ထုတ်ကာကွယ်၍လည်းကောင်း တိုက်ခိုက်ရန် ဟန်ပြင်ပြီးမှ ကိုယ်ရှိန်သတ်ကာ ဟန်ရေးပြသလို အပြုအမူဖြင့်လည်းကောင်း တုံ့ပြန်လေ၏။

အထူးသဖြင့် ကျော်စွာသည် ဇင်းပုဂ္ဂိုလ်ကြီး၏ဒေါသကို ကြီးထွားသည်ထက် ကြီးထွားလာအောင် ပရိယာယ်ဆင်နေခြင်း ပင်ဖြစ်၏။ ပွဲကြာလာသည်နှင့်အမျှ ကျော်စွာ၏ နည်းဗျူဟာမှာ အထမြောက်ခဲ့လေ၏။ လူထွားကြီးမှာ သက်လုံကျဆင်းလာပြီး လှုပ်ရှားမှုများလည်း သိသာစွာ လေးလံသွားလေ၏။

ထိုအခါ ကျော်စွာသည် လူထွားကြီးနှင့် ပူးလိုက်ခွာလိုက် အယောင်ပြနေရာမှ တစ်ချိတွင် ပွဲသိမ်းတိုက်ကွက်ကို မိမိရရ အသုံး ချလိုက်လေ၏။ အရှိန်လွန်သလိုဖြစ်သွားပြီး ယိုင်ကျသွားသော လူထွားကြီး၏ဒူးပေါ်သို့ ဖျတ်ကနဲ ခုန်တက်လိုက်ပြီး ညာဒူးဖြင့် မေးစေ့ကို အားကုန်တိုက်ပြီးသည်နှင့် နောက်ကျွမ်းပစ်ကာ လှပစွာ ခုန်ရှောင်လိုက်၏။



BURMESE CLASSIC .com



ဇင်းတိုက်ခိုက်မှုမှာ ပြင်းထန်လွန်းလှသဖြင့် လူထွားကြီး လည်း ဖွဲအိတ်ပစ်ချလိုက်သကဲ့သို့ ဗိုင်းကနဲ လဲကျငြိမ်သက်သွား တော့၏။ ပရိသတ်ကြီးမှာ ဟာခနဲ၊ ဟင်ခနဲ အသံများထွက်ပေါ် သွားရာမှ တခဏအတွင်းမှာဘဲ လှိုက်လှိုက်လှဲလှဲ အော်ဟစ်လိုက် ကြ၏။

ကျော်စွာသည် လူထွားကြီးအနီးသို့ တည်ငြိမ်စွာ လျှောက် လှမ်းသွားပြီး တအီးအီး ငြီးငြူလူးလိမ့်နေသည့် မြင်ကွင်းကိုကြည့် ရင်း ပြုံးတီတီ ပြုံးလိုက်လေ၏။ ထို့နောက် လူထွားကြီး၏ ကိုယ်နှင့် မကွာရှိနေသည့် ခါးပတ်သားရေအိတ်ကို ဆွဲဖြုတ်လိုက်ပြီး ဇင်း အိတ်ထဲမှ ငွေစက္ကူများ၊ ဒင်္ဂါးပြားများ၊ အကြွေစေ့များကို ထုတ်ယူ ကာ လူအုပ်ကြီးအတွင်းသို့ ပစ်ပေါက်ကျဲချလိုက်၏။

မထင်မှတ်သည့်လုပ်ရပ်ကြောင့် လူအုပ်ကြီးမှာ ရုတ်တရက် ငေးကြောင်နေသော်လည်း စက္ကန့်ပိုင်းအတွင်း သူတို့သည် ပျော်ရွှင် စွာ အော်ဟစ်လျက် ဇင်းငွေကြေးများကို အလုအယက် ကောက် ယူကြတော့၏။ ထိုအဖြစ်ကြောင့် ကွင်းပြင်ကြီးမှာ ဖုန်တထောင်း ထောင်း ထသွားလေ၏။

ဒေါက်တာထင်အောင်ကျော်တို့ အဖွဲ့သားများကလည်း အခြေအနေကို ရိပ်မိလိုက်ကတည်းက လူအုပ်စုကြီးအတွင်းမှ အလျင်အမြန် ထွက်ခွာလိုက်ကြပြီး ကိုက်နှစ်ဆယ်ခန့်အကွာတွင် ရှိသည့် အရိပ်ကောင်းသော ညောင်မုတ်ဆိတ်ပင်ကြီးအောက်သို့



www.burmeseclassic.com

www.burmeseclassic.com



သွားရောက်စုရုံးလျက် သူတို့တွေ့လိုသည့် ကျော်စွာဟူသော လူငယ်ကို လူအုပ်စုအတွင်း၌ ရှာဖွေကြည့်ရှုနေမိကြ၏။

"မောင်ထင်အောင်ကျော် . . . အဘတို့ခရီးမှာ လမ်းပြအဖြစ် ဒီလူငယ်လိုက်ပါမယ်ဆိုရင်တော့ အဘတို့ ကံကောင်းပြီလို့ မှတ်လိုက်ပေတော့ . . ."

ဦးဒေဝက ဆေးတံအိုးအတွင်း ဆေးတစ်ဆုံဖြည့်လျက် ထိုသို့အားရဝမ်းသာ ပြောလိုက်လေ၏။ ထိုအခါ ထင်အောင်ကျော်လည်း သဘောတူထောက်ခံသည့်အနေဖြင့် ခေါင်းတစ်ချက်ငြိမ့်လိုက်ပြီး . . .

"ဟုတ်တယ် . . . အဘ၊ သူ့ကို ကွင်းပြင်ထဲမှာ မြင်လိုက်ကတည်းက ကျွန်တော်သဘောကျနေမိတာ၊ အမူအရာက ရိုင်းသလိုထင်ရပေမယ့် ရိုးသားဖြောင့်မတ်တဲ့ အတွင်းသဘောတွေက သူ့မျက်လုံးမှာ ထင်ဟပ်နေတာ သိသာပါတယ်၊ အခုလို သူရသတ္တိနဲ့လည်း ပြည့်ဝနေတာ တွေ့ရပြန်တော့ တကယ့်ကို ကျေနပ်မိတယ်"

"ဟုတ်တယ်နော် . . . ဒီလူက သူ့နာမည်နဲ့လိုက်အောင် ကျော်လည်းကျော်တယ်၊ စွာလည်းစွာတယ်"

ကရင်တိုင်းရင်းသူလေး နော်ရှီးက ထိုသို့ပြောလိုက်ပြီး မိမိစကားကို သဘောကျလျက် တခစ်ခစ် ရယ်လိုက်လေ၏။ ဘိုမလေးကလည်း "ဟုတ်တယ်၊ ဟုတ်တယ် . . . နော်ရှီးပြောသလို တကယ့်အာဂလူပဲ . . ." ဟု ထောက်ခံပြောဆိုပြန်၏။





တစ်စုံတစ်ရာ ဝင်ရောက်ပြောဆိုခြင်း မပြုသူမှာ အောင်ငွေတိုးဖြစ်၏။ အောင်ငွေတိုးသည် နှုတ်ခမ်းကို မဆိုစလောက်ပြုံးလျက် ဦးခေါင်းတဆတ်ဆတ်ငြိမ့်ရင်း တစ်စုံတစ်ရာကို လေးနက်စွာ တွေးနေလေ၏။ အခြားသူများမှာ ထိုအမူအရာကို သတိမပြုမိကြသော်လည်း ဘေးတိုက်အနေအထားတွင်ရှိနေသော ဦးဒေဝမှာ ဆေးတံကိုဖွာရှိုက်ရင်း သတိထားကြည့်မိလိုက်လေ၏။

ဦးဒေဝသည် ဖွာရှိုက်လိုက်သည့် အခိုးအငွေ့များနှင့်အတူ ပင့်သက်ချလိုက်မိတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

သူတို့သည် ပြန့်ကားသော အမိုးတဲကြီးရှေ့သို့အရောက်
တွင် ဝင်သင့်မဝင်သင့် ဝေခွဲမရဘဲ ချီတုန်ချတုန် ဖြစ်နေကြ၏။
ငှင်းတဲမှာ ထိုဒေသတွင် အတော်အတန် အဆင့်မြင့်သည့် အရက်
ဆိုင်ဖြစ်နေသောကြောင့် ဖြစ်၏။

မိမိတို့မှာ ကိစ္စမရှိသော်လည်း ရှယ်လီစတုန်းနှင့် နော်မို
တို့ မိန်းမသားနှစ်ဦးအတွက် ချင့်ချိန်စဉ်းစားနေကြရ၏။ သူမတို့
နှစ်ဦးကို ငှင်းတဲအပြင်တွင် ထားရစ်ခဲ့ဖို့ဆိုတာကလည်း ဘယ်လိုမှ
မဖြစ်နိုင် . . .။ တောကောင်ကို အမဲဖျက်လိုသည့် မျက်ဝန်းတွေ
ဖြင့် သူမတို့အနားသို့ အလုအယက် ချဉ်းကပ်လာကြမှာ သေချာ





သည်။

ထိုအခြေအနေကို မိန်းမသားနှစ်ဦးက သူမတို့ဆန္ဒ
အလျောက် ပြတ်သားစွာ ဆုံးဖြတ်လိုက်ကြ၏။ ငှင်းဆိုင်ထဲသို့
သူမတို့လည်း လိုက်ပါဝင်ရောက်ပြီး ငှင်းလမ်းပြပုဂ္ဂိုလ်၏ဆန္ဒကို
နားထောင်မည်ဟူ၍ ဖြစ်၏။

သူတို့တွေ့လိုသည့် ကျော်စွာဟူသောလူငယ်မှာ သူ၏
မိတ်ဆွေနှစ်ဦးနှင့်အတူ ငှင်းဆိုင်အတွင်း ဝင်ရောက်သွားပြီး အရက်
သောက်နေပေလိမ့်မည်။ ထိုလူငယ်အား ဂုဏ်ပြုသည့်အနေဖြင့်
လိုက်ပါလာကြသည့် လူအများလည်း ငှင်းဆိုင်အတွင်းရှိနေကြရာ
ဆိုင်တစ်ခုလုံး အုံးအုံးကြွက်ကြွက် ဆူညံနေတော့၏။

ဆိုင်အတွင်း ဝင်ရောက်သွားသောအခါ ဆူညံသောက်
စားနေကြသူများက အထူးအဆန်းသဖွယ် ဝိုင်းကြည့်ကြလေ၏။
သူတို့လည်း ဟန်မပျက်အမူအရာဖြင့် ကောင်တာရှိရာသို့ လျှောက်
လှမ်းသွားပြီး အရက်ရောင်းနေသူကို ကျော်စွာမည်သည့်အခန်း
တွင်ရှိသလဲဟု မေးလိုက်ရာ ထိုသူက နောက်ဘက်ခန်းသို့ လက်ညှိုး
ထိုးပြလေ၏။

ထိုသူညွှန်ပြသည့်အခန်းသို့ ဝင်ရောက်မိကြသော အတော်
အတန်ကြီးမားသော စားပွဲဝိုင်းဖြင့် အရက်သောက်နေသူတစ်ဦးကို
တွေ့လိုက်ရ၏။ ထိုသူမှာ ကျော်စွာမဟုတ်သဖြင့် အခန်းတွင်းလှည့်
ပတ်ကြည့်ရှုရာ မည်သူ့ကိုမျှ မတွေ့ရသဖြင့် အူကြောင်ကြောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားကြ၏။

ထိုစဉ်မှာပဲ အရက်သောက်နေသော လူက မော့မကြည့်ဘဲ လေသံတင်းတင်းဖြင့် . . .

"ခင်ဗျားတို့ ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

ထင်အောင်ကျော်က လေသံမှန်မှန်ဖြင့် . . .

"ကျော်စွာ"

ဟု တစ်ခွန်းတည်းပြောလိုက်ရာ ထိုသူက ဆတ်ခနဲ ခေါင်းထောင်လိုက်ပြီး သူတို့အဖွဲ့ကို စူးစူးရဲရဲကြည့်လေ၏။

"ဘာကိစ္စတွေ့ချင်တာလဲ"

ထိုစကားကြောင့် ထင်အောင်ကျော်သည် စိတ်ထဲတင်းခနဲ ဖြစ်သွား၏။ ခန္ဓာကိုယ်က အနည်းငယ် တောင့်မတ်သွားပြီး–

"ကျော်စွာနဲ့တွေ့မှ ပြောရမယ့်စကားကို မလိုအပ်ဘဲ တစ်ခြားလူကို မပြောနိုင်ဘူး၊ ခင်ဗျားသိချင်ရင် ကျုပ်တို့ ကျော်စွာနဲ့တွေ့တဲ့အခါ ကျုပ်တို့ဘာပြောခဲ့တယ်ဆိုတာ ကျော်စွာကို ခင်ဗျား ဘာသာမေးကြည့်ပေါ့"

ထိုသို့တုန့်ပြန်လိုက်သည့်အတွက် အဖွဲ့သားများမှာ စိုးရိမ်တကြီးဖြင့် ထင်အောင်ကျော်ကို ကြည့်လိုက်ကြ၏။ ထင်အောင်ကျော်၏ တုန့်ပြန်မှုက တင်းမာသည်။ ပြတ်သားသည်။ တစ်နည်းဆိုသော် ထိပါးစော်ကားလာခြင်းအပေါ် လက်တုန့်ပြန်ရန် အသင့်ရှိကြောင်း လှစ်ဟပြလိုက်ခြင်းပင် ဖြစ်သည်။





ထင်အောင်ကျော်သည် သူ၏ပုန်းအား ဖျစ်ညှစ်ရင်း သတိပေးလိုက်သည့် ဦးဒေဝကို သတိရှိကြောင်း ဦးခေါင်းညိမ့်ရင်း မူအရာဖြင့် ပြောလိုက်ပြီး ထိုသူ့အနီးသို့ တိုးကပ်သွားလေ၏။ ထိုသူက ထင်အောင်ကျော်ကို သဘောကျစွာ တဟားဟားရယ်လေ၏။ ပြီးနောက် . . .

"အင်း . . . ကိုယ့်လူက ဒီဒေသအကြောင်း မသိသေးဘဲ တိုး . . .၊ ကျော်စွာကို တွေ့ချင်သလိုတွေ့လို့ ရမယ်ထင်လို့လား၊ သူ့ကိုတွေ့ချင်ရင် သူ့ဘေးမှာ ဝန်းရံထားတဲ့ တံတိုင်းတွေကို အရင်ကျော်ဖြတ်ရမှာပေါ့၊ ကျုပ်က သူ့ကိုဝန်းရံထားတဲ့ တံတိုင်းတစ်ခုပေါ့"

ထိုစကားကြောင့် ထင်အောင်ကျော်သည် မျက်ဝန်းတွေ ကျယ်သွားရာမှ တခဏအတွင်း ငှင်းပုဂ္ဂိုလ်ကဲ့သို့ အားပါးတရ ရယ်လေတော့၏။ ထို့နောက် . . .

"ကောင်းပါပြီ မိတ်ဆွေရာ၊ ခင်ဗျားဆန္ဒအတိုင်း ဖြစ်ရပါစေမယ်၊ ကျုပ်တို့က ကိုကျော်စွာကို ခရီးတစ်ခုအတွက် လမ်းပြခေါ်ချင်လို့ပါ"

"ဘယ်ကိုသွားမှာလဲ"

"မြောက်ဖျားဘက်ကိုပါ"

"ဘာကိစ္စအတွက် သွားမှာလဲ"

"ကျွန်တော်တို့က ရက္ခပေဒဌာနက တာဝန်ရှိပုဂ္ဂိုလ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ အစိုးရအမိန့်နဲ့ သုတေသနလုပ်ငန်းဆောင်ရွက်ဖို့ ခရီးထွက်
လာကြတာပေါ့၊ မြန်မာပြည်မြောက်ဖျားဒေသက ရုက္ခမျိုးဗီဇတော
ကို လေ့လာစူးစမ်းပြီး မှတ်တမ်းယူဖို့ပေါ့"

"အခကြေးငွေကို ဘယ်လိုသတ်မှတ်မှာလဲ"

"အဆင်ပြေမယ်ဆိုရင်တော့ ခုနှစ်ထောင်အထိပေးဖို့ ရည်
ရွယ်ထားတယ်၊ လုပ်ငန်းအခြေအနေပေါ်မူတည်ပြီး အဲဒီထက်
လည်း ပိုချင်ပိုသွားမှာပါ"

"အင်း . . . အတော်များတဲ့ ငွေကြေးပဲ၊ ကောင်းပြီလေ
. . . ကျော်စွာနဲ့တွေ့ဖို့ ကျုပ်သဘောတူလိုက်ပြီ"

ဒေါက်တာထင်အောင်ကျော်သည် ထိုသူ၏အပြော၊ အ
အရာကိုကြည့်၍ ရယ်ချင်စိတ်ကို မနည်းမျိုသိပ်နေရ၏။ ထို
သည် ကိုယ့်ကိုယ်ကို ဘဝင်လေဟပ်ပြီး ဟိတ်ဟန်ထုတ်နေပုံမှ
အမြင်ကတ်စရာကောင်းလှသော်လည်း ၎င်းအပြုအမူလေးကြော
ပင် သူတို့သည် မကြာခင်မှာဘဲ လွန်စွာခင်မင်ရင်းနှီးခဲ့ကြ၏။

ထိုသူသည် အခန်းနံရံတစ်ခုဆီ လျှောက်လှမ်းသွား
တံခါးရွက်ကို တွန်းဖွင့်လိုက်ပြီးနောက် ဒေါက်တာထင်အောင်ကျေ
ကို ဦးခေါင်းငြိမ့်လျက် ခေါ်လိုက်လေ၏။ ထိုအခန်း၏ အခြ
တစ်ဖက်တွင် သီးသန့်အခန်းများရှိသေးကြောင်း သူတို့သတိမ
မိကြပေ။ တံခါးရွက်များကို ရှိမှန်းမသိအောင် သေသပ်စွာ ထ
ဆင်ထားကြောင်း ထိုအခါမှ သိရလေ၏။





ဒေါက်တာထင်အောင်ကျော်နှင့် အဖွဲ့ဝင်များလည်း အချိန်
မဆိုင်းဘဲ ၎င်းအခန်းအတွင်း ဝင်ရောက်သွားလေရာ သူတို့တွေ့
ချင်သည့် ကျော်စွာကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရတော့၏။ လုံလုံ
ခြုံခြုံ ကာရံထားသည့် အခန်းဖြစ်သလို ကျားပါးစပ်မီးအိမ်ကို ထွန်း
ညှိထားသဖြင့် တစ်ခန်းလုံး လင်းထိန်လျက်ရှိ၏။

ကျော်စွာသည် အရက်ကို တမျှင်းမျှင်းသောက်နေလျက်
က သူတို့အားလုံးကို လှမ်းကြုံပြီး ဖျတ်ကနဲ ကြည့်လိုက်လေ၏။
ထို့နောက် အရက်ကို သောက်မြဲသောက်နေလေ၏။

ဒေါက်တာထင်အောင်ကျော်တို့ အဖွဲ့ကလည်း သူ့ကို
စူးစမ်းအကဲခတ်နေကြ၏။

အနီရောင်သန်းနေသည့် ဆံပင်များက ဂုတ်အထိ ဝဲကျ
လျက်ရှိပြီး ဂျင်းကျိုင်းပြတ်အကျႌနှင့် ဘောင်းဘီကြမ်းတစ်ထည်ကို
ဝတ်ဆင်ထား၏။ မျက်နှာအမူအရာက ထိမထင်သော အမူအရာ
မျိုးဖြစ်သည်။ သူတို့အဖွဲ့အား အတွင်းသို့ လိုက်ပါပို့ဆောင်ပေး
သည့် ပုဂ္ဂိုလ်မှာ ထိုအချိန်မှာတော့ သခင်ရှေ့ရောက်နေသည့်
သိုးငယ်ပမာ ငြိမ်ကုတ်နေလေ၏။

ကျော်စွာ၏ခြေရင်းတွင် ခွေးပုလေးတစ်ကောင်က ဝပ်
ဆင်းလျက် သခင်ပစ်ချပေးသည့် အရိုးအရင်းများကို ကိုက်ဖဲ့စား
နေလေ၏။

ထင်အောင်ကျော်တို့အဖွဲ့အား ဦးဆောင်ခေါ်လာသည့်



www.burmeseclassic.com

ပုဂ္ဂိုလ်က စကားကို အစပျိုးဖို့ ချောင်းတစ်ချက်ဟန့်လိုက်သည်နှင့် ကျော်စွာက ချက်ချင်းလက်ကာပြလိုက်ပြီး . . .

"စိုင်းနော် . . . မင်းစက်လှေပေါ်ကိုဆင်းနှင့်ပြီး စက်တွေကို စနစ်တကျစစ်ဆေး၊ ဆီတိုင်ကီတွေကိုလည်း ဖြည့်ထား၊ နောက်ပြီး ခရီးထွက်ရင် လိုအပ်မယ့် လက်နက်၊ စားနပ်ရိက္ခာ၊ ဆေးဝါးတွေကို ပြည့်စုံအောင် စီစဉ်ထားပေတော့၊ ခရီးထွက်မှ ဟိုဟာလိုတာ၊ ဒီဟာလိုတာမျိုး ငါမကြားချင်ဘူး"

လိုက်ပို့ပေးသူသည် သဘောပေါက်နားလည်ကြောင်း နှုတ်ကမဖြေဘဲ ဦးခေါင်းကို ဆတ်ကနဲညိမ့်ကာ ထွက်သွားလေ၏။

ထိုအခါ ကျော်စွာက အေးတိအေးစက် ပြုံးလိုက်ပြီး . . .

"ကျွန်တော် အားလုံးကြားပြီးပါပြီ၊ နောင်ကြီးတို့ ဘယ်အရပ်ဒေသက ရောက်လာပြီး ဘာကိစ္စအတွက် ရောက်လာတယ်ဆိုတာလည်း ကျွန်တော်သိထားပြီးပါပြီ၊ ဒီမြို့ကလေးဟာ ကျဉ်းကျဉ်းလေးပါ၊ မြို့တောင်ဖက်မှာ ခွေးနှစ်ကောင်ကိုက်တာကို မြောက်ဖက်က ချက်ချင်းသိနိုင်လောက်အောင် သတင်းပျံ့နှံ့မှု မြန်ဆန်တယ်လေ"

ဟုပြောလိုက်ပြီး ခွက်ထဲက လက်ကျန်အရက်ကို တစ်ချိုးတည်းမော့သောက်လိုက်၏။ နှုတ်ခမ်းကို လျှာဖြင့်သပ်လိုက်ပြီးနောက် . . .

"ခင်ဗျားတို့ဟာ ကိုယ်သွားရောက်မယ့် ခရီးအတွက်





သေချာစဉ်းစားပြီးကြပြီလား၊ ကျုပ်က အဲဒီခရီးလမ်းတွေကို သွားနေကျဖြစ်တော့ အခက်အခဲမရှိလှပါဘူး၊ အန္တရာယ်ဆိုတာ မထင်မှတ်ဘဲအချိန်မှာ မထင်မှတ်တဲ့နေရာက ရုတ်တရက် ကျရောက်နိုင်တဲ့အတွက် အခုကတည်းက အသေအချာ စဉ်းစားစေချင်တယ်"

ထိုအခါ ဒေါက်တာထင်အောင်ကျော်က မဆိုင်းမတွ ဆိုသလို . . .

"ကိုကျော်စွာ . . . အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်၊ ဒီခရီးစဉ်အတွက် ကျွန်တော်တို့ ဆုံးဖြတ်ပြီးသားပါ၊ လိုအပ်တဲ့ စားနပ်ရိက္ခာ၊ လက်နက်၊ ဆေးဝါးအသုံးအဆောင်ပစ္စည်းတွေလည်း အစုံအလင် ဖြည့်ဆည်းခဲ့ပါတယ်၊ အထူးကိစ္စတစ်ရပ်အနေနဲ့ တာဝန်ခံဆောင်ရွက်ရမှာဖြစ်လို့ နောက်ဆုတ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စပါ ကိုကျော်စွာ၊ ဖြစ်နိုင်ရင် . . . ကိုကျော်စွာက ကျွန်တော်တို့အဖွဲ့ကို . . ."

"ဟိုး . . . ရပြီ၊ နောင်ကြီးတို့ဆီက ကျွန်တော်ကြားချင်တာ အဲဒီအဖြေပဲ၊ သင်္ဘောကတော့ ကျွန်တော့်ကိုယ်ပိုင်သင်္ဘောနဲ့ပါတယ်၊ အဲဒါနဲ့ပဲ သွားကြတာပေါ့"

ထိုစကားကြားလိုက်ရသည်နှင့် ဒေါက်တာထင်အောင်ကျော်တို့ အဖွဲ့သားများမှာ တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြပြီး အားရဝမ်းသာ ပြုံးလိုက်ကြ၏။ လမ်းပြအတွက်သာမက သင်္ဘောအတွက်လည်း တစ်ပါတည်း အဆင်ပြေသွားသည့်အတွက် ကျော်စွာ

www.burmeseclassic.com



ကို ကျေးဇူးတင်သည့်မျက်ဝန်းဖြင့် ကြည့်လိုက်ကြပြီး . . .

"တကယ့်ကို အားရဝမ်းသာ ရှိလိုက်တာဗျာ၊ ခရီးစဉ်အတွက် သဘောတူပြီဆိုတော့ ကိုကျော်စွာအတွက် ဝန်ဆောင်ခကို ဘယ်လို သတ်မှတ်မလဲဆိုတာ သိပါရစေ"

ထိုအခါ ကျော်စွာက နှုတ်ခမ်းထောင့်စွန်းကလေးကို မဆို စလောက် ပြုံးလိုက်ပြီး . . .

"အဲဒီကိစ္စကို အခုအချိန်မှာ ခေါင်းထဲထည့်မထားပါနဲ့၊ ခရီးစဉ်ပြီးမြောက်တဲ့ အချိန်ကျမှ ညှိနှိုင်းဆုံးဖြတ်ကြတာပေါ့၊ ခင်ဗျားတို့ ကျုပ်အကြောင်းကို ရိပ်မိတန်သလောက် ရိပ်မိကြပါလိမ့်မယ်၊ ကျုပ်သဘောထားကို အနည်းငယ်ပြောရရင် ကျုပ်က စိတ်ပါတဲ့အလုပ်မျိုး လုပ်မယ်ဆိုရင် ငွေကြေးကို ဘယ်တော့မှ ခေါင်းထဲမထည့်ဘူး၊ အဲ . . . စိတ်မပါရင်လည်း ငွေဘယ်လောက်ပုံပေးပေးလုပ်တဲ့သူ မဟုတ်ဘူး"

ဟု၍ ပြောပြီးသည်နှင့် ထိုင်ရာက ထလိုက်လေ၏။ အခန်းအပြင်သို့ထွက်ခွာရန် ဟန်ပြင်ပြီး . . .

"ခရီးရှည်တစ်ခုအတွက် အရေးအကြီးဆုံးကိစ္စက ကြိုတင်ပြင်ဆင်မှုပဲ၊ ဒီတော့ ကျုပ်အပိုင်းက စီစဉ်စရာရှိတာကို စီစဉ်တော့မယ်၊ ခင်ဗျားတို့လည်း ဘာတွေလိုအပ်သေးလဲဆိုတာ ညှိနှိုင်းတိုင်ပင်ပြီး အချိန်ရှိတုန်း စုဆောင်းထားကြပေါ့၊ မနက်လင်းရင်တော့ သင်္ဘောဆိပ်ကမ်းကို ဆင်းခဲ့ကြပေါ့၊ ကျုပ်သင်္ဘောက ရှာရတာ





မွှေ့ယ်ကူပါတယ်၊ (Rubby Orchid) ပတ္တမြားသစ်ခွလို့ အမည်ပေးထားတယ်"

"ဟင် . . . ဘယ် . . . ဘယ်လို . . . ပတ္တမြားသစ်ခွဟုတ်လား"

"ဟုတ်ပါတယ်"

ဟုပြောပြီး ထွက်ခွာသွားလေရာ ဒေါက်တာထင်အောင်ကျော်မှာ တစ်စုံတစ်ရာ ပြောဆိုနိုင်ခြင်းမရှိဘဲ ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့တော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ရာသီဥတုက ကြည်လင်သာယာနေသော်လည်း မြူများဆိုင်းနေသဖြင့် မြင်ကွင်းက မပြတ်မသား ဖြစ်နေ၏။ အအေးဓါတ်ကလည်း အသည်းခိုက်အောင် စိမ့်အေးနေတော့သည်။

သို့သော်လည်း နံနက်စောစောမှာပင် ခရီးထွက်ခွာရန် ဆုံးဖြတ်ထားသောကြောင့် အဖွဲ့သားများမှာ မိုးကာများခြုံ၍ အထုတ်များကို ကိုယ်စီဆွဲပြီး ဆိပ်ကမ်းသို့ ဆင်းလာကြ၏။ ဆိပ်ကမ်းတစ်ဝိုက်မှာတော့ နှင်းရေစိုစွတ်မှုကြောင့် ဗွက်များထနေ၏။

လေကလည်း တသုန်သုန် တိုက်ခတ်လျက်ရှိရာ လတာနှုံဗွက်နှံ့များက လေနှင့်အတူ လှိုင်တက်နေလေ၏။





လတာပြင်ကို ဖြတ်ဆောက်ထားသည့် တံတားမှာ သစ်သားတံတားဖြစ်သော်လည်း လူတစ်ယောက်လျှောက်ရုံမျှသာကျယ်၏။ ခပ်မြင့်မြင့်ဆောက်ထားသဖြင့် တံတားပေါ်မှ ဖြတ်လျှောက်လိုက်တိုင်း လှုပ်ရမ်းနေသဖြင့် သတိထားပြီး သွားလာရ၏။

ကျော်စွာသည် သူ၏သင်္ဘောပေါ်သို့ မေးတင်ထားသည့် ဘံတားတစ်ဖက်ထိပ်မှ အသင့်ရပ်လျက် သူတို့ကို စောင့်ကြိုနေ၏။ ဘံတားပေါ်မှ ဖြတ်လျှောက်လာပြီး သင်္ဘောပေါ်တက်သည့်အခါ ဟန်ချက်လွဲမသွားအောင် ဆွဲကိုင်ထိန်းပေးလေ၏။

အဆောင်းအကာမရှိသောကြောင့် သူဝတ်ထားသော ဂျင်းအကျီနှင့် ဘောင်းဘီတို့မှာ မြူနှင်းများ၊ ချွေးစက်များဖြင့် ရွှဲရွဲစိုလျက်ရှိ၏။ သို့သော်လည်း သူသည် ဂရုစိုက်ဟန်မရှိဘဲ သူလုပ်ရမည့်အလုပ်ကိုသာ လုပ်နေလေ၏။

ယောက်ျားများအတွက် အခက်အခဲမရှိသော်လည်း ရှယ်လီစတုန်းနှင့် နော်ရှိုးတို့နှစ်ယောက်မှာတော့ တစ်ချပ်တည်းသောကုန်းဘောင်ပေါ်မှ ဖြတ်လျှောက်ရန် မဝံ့မရဲ ဖြစ်နေကြ၏။ ထိုအခါ ကျော်စွာက သူမတို့ကို တစ်ယောက်ချင်းတွဲပြီး သင်္ဘောပေါ်ပို့ပေးရ၏။

သင်္ဘောစက်ခန်းတွင်း၌ စိုင်းနော်သည် သူလုပ်စရာရှိသည်များကို လုပ်ကိုင်နေ၏။ အဖွဲ့သားများ စုံလင်စွာ ရောက်ရှိသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာသည် ကုန်းဘောင်တံတားကို သင်္ဘောပေါ်သို့ ဆွဲတင်လိုက်ပြီး ကြိုးဖြုတ်လိုက်၏။

ထိုအချိန်အထိ မြူနှင်းများ သိပ်သည်းလျက်ရှိသဖြင့် သင်္ဘောထွက်ခွာရာတွင် သတိဖြင့် ထွက်ခွာရလေ၏။ သို့သော်လည်း အသားကျလေ့ကျင့်ထားသည့် ကျွမ်းကျင်မှုဖြစ်၍ အနည်းငယ်မျှ အခက်အခဲ မရှိခဲ့ပေ . . .။

သင်္ဘောမှာ သူတို့အဖွဲ့သားများအတွက် အတော်အသင့်နေသာထိုင်သာရှိလောက်အောင် ကျယ်ဝန်းလှပေ၏။ ယောကျ်ားများ ဖြစ်သလိုနေကြသော အခန်းများဖြစ်၍ သန့်ရှင်းမှုတော့ မရှိလှ . . .။

သူတို့အဖွဲ့သည် ရက်ကာလကြာမြင့်စွာ ၎င်းသင်္ဘောနှင့် ခရီးသွားရမည်ဖြစ်သောကြောင့် အမျိုးသားများအဖို့ ပြဿနာမရှိသော်လည်း ရှယ်လီစတုန်းနှင့် နော်ရှီးအဖို့မှာတော့ ထိုသို့သန့်ရှင်းမှုမရှိသည့် မြင်ကွင်းကိုကြည့်ရင်း ကသိကအောင့် ဖြစ်ရလေ၏။ သို့သော်လည်း ထိုကိစ္စမှာ ကြီးမားသည့် ပြဿနာမဟုတ်ပေ။

သူမတို့နှစ်ဦးသည် ဌာနမှာကတည်းက စိတ်တူကိုယ်တူ ခင်မင်ခဲ့ကြသည့် သူငယ်ချင်းများဖြစ်ရာ အထူးတလည် တိုင်ပင်စရာမလိုဘဲ သင်္ဘောအခန်းများအတွင်း ဝင်ရောက်ပြီး သန့်ရှင်းရေးပြုလုပ်ကြတော့၏။

မိန်းမသားနှစ်ဦးက တာဝန်သိစိတ်ဖြင့် လုပ်ကိုင်ဆောင်





ရွက်နေသည်ကိုကြည့်ရင်း ကျော်စွာသည် အားတုံ့အားနာဖြစ်မိ၏။ သို့သော် အနည်းငယ်မျှ ဝင်ရောက်မစွက်ဖက်ဘဲ မသိသလို မျက်နှာလွှဲနေခဲ့၏။

နေ့လည်စာ စားသောက်ချိန် မတိုင်ခင်အထိ ရှင်းလင်းပြီးသော် သင်္ဘောပေါ်၌ အမြင်မတော်သည့် အမှိုက်သရိုက်များမှာ မကျန်သလောက် ဖြစ်သွားလေ၏။ သန့်ရှင်းရေးလုပ်နေသဖြင့် မောလပ်နိုင်ဖြစ်နေသည့် ရှယ်လီစတုန်းအနီးသို့ ချဉ်းကပ်ရန်အောင်ဌေးတိုးအဖို့ အခွင့်မသာဖြစ်နေလေရာ ထိုအဖြစ်ကို ရိပ်မိကြသည့် သူမတို့နှစ်ဦးမှာ ပြုံးမိကြ၏။

"ကဲ . . . မိရှယ်လီ၊ သန့်ရှင်းရေးလည်း ပြီးသလောက်ဖြစ်နေပြီ၊ ဟိုမှာ . . . မင်းလူကြီး ပြူတစ်ပြူတစ် လုပ်ရလွန်းလို့ ဦးခေါင်းတစ်တောင်လောက် ရှည်ထွက်တော့မယ်"

နော်ရှီးက အထုတ်အပိုးများကို အစီအရီချရင်း ရှယ်လီစတုန်းကို မျက်စပစ်လျက် ပြောလိုက်၏။ ရှယ်လီစတုန်းက ရေဗူးအဖုံးကိုဖွင့်၍ ရေအနည်းငယ်သောက်လိုက်ပြီး . . .

"နေပစေ . . . သူ့ဦးခေါင်းတစ်တောင် မဟုတ်ဘူး၊ တလံလောက်ရှည်တာကို ကြည့်ချင်လို့ ငါပေကပ်ပြီး နေ့နေတာ၊ တကတည်း နည်းနည်းလေးမလစ်နဲ့၊ လစ်တာနဲ့ ပြေးကပ်တော့တာပဲ"

"သြော် . . . ရှယ်လီရယ်၊ ကော်တကော့ကော်ထဲမှာ အချစ်ကော်ဆိုတာ ဆွဲအားအကောင်းဆုံးပဲလေ၊ အဲဒီကော်အကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ထက်စာရင် မင်းက ပိုသိမှာပါကွာ၊ မင်းက ကော်တွေကပ်လာအောင် ဘယ်လိုအနံ့များ သုံးစွဲနေသလဲမှ မသိဘဲ"

"အောင်မလေး . . . နော်ရှိုးရယ်၊ မင်းက အထင်ကြီးစရာမဟုတ် အထင်ကြီးနေပြန်ပြီ၊ ဒါက တို့မိန်းမသားတွေရဲ့ဘဝကို သဘာဝတရားကြီးက ပေးအပ်ထားတဲ့ ဆုလာဒ်ကြီးပါကွာ၊ ပိုင်ပိုင်နိုင်နိုင် အသုံးချတတ်ဖို့ပဲလိုတယ်၊ ပါးနပ်လိမ္မာမှုမရှိရင်တော့ မင်းပြောတဲ့ အဲဒီကော်တွေက တို့သွေးသားကို စုတ်ယူဝါးမြိုပြီး အမြတ်ထုတ်တာခံရလိမ့်မယ်"

ထိုစကားကြောင့် နော်ရှိုးသည် မျက်ဝန်းတွေ ပြူးကျယ်သွားပြီး သဘောကျစွာ ရယ်လေ၏။ ထို့နောက် . . .

"အဲဒီစကားကိုတော့ ကိုယ်အရမ်းသဘောကျတယ်ကွာ၊ မင်းမှာ အဲဒီလို ဆင်ခြင်တုံတရားရှိတာ ကိုယ်အရမ်းဝမ်းသာတယ်၊ မင်းကိုကပ်ဖို့ ချဉ်းကပ်လာတဲ့ သူတွေထဲမှာ အောင်ငွေတိုးဆိုတဲ့ ကော်က အတော့်ကိုဆွဲအားပြင်းသလိုပဲ၊ သူက အခုအချိန်ထိ ရည်းစားမထားဖူးဘူး၊ မင်းနဲ့တွေ့မှ အဲဒီလူပျိုကြီးလည်း ခုန်ဆွခုန်ဆွဖြစ်သွားတာ"

ရှယ်လီစတုန်းသည် ရယ်သံလွင်လွင်လေးဖြင့် ခန္ဓာကိုယ်လှုပ်ရမ်းသည်အထိ သဘောကျစွာ ရယ်ပြီးနောက် နော်ရှိုးအနီးသို့ တိုးကပ်လိုက်ပြီး နှစ်ကိုယ်ကြားလေသံဖြင့် . . .

"အဲဒီလို လူမျိုးက ပိုကြောက်ရတယ်ကွ၊ မင်း . . . ဟို





စကားမကြားဖူးဘူးလား၊ နွားသိုးကြိုးပြတ်ဆိုတာလေ၊ ဟား . . . ဟား . . . ဟား . . . ငါ့မှာ သူ့အနားကို ကပ်လာတာနဲ့ မနည်းသတိထားနေရတယ်"

ဟုပြောလိုက်ရာ သူမတို့နှစ်ဦးသည် ပြောလိုက်သည့်စကားအပေါ်တွင် သဘောကျစွာဖြင့် အားပါးတရ ရယ်ကြလေ၏၊ သူမတို့နှစ်ဦး ပြောလည်းပြောစရာပင် . . .။

အောင်ငွေတိုးသည် သူမထံမှ ချစ်သဝဏ်လွှာကို ရရှိခဲ့သည်မှာ ရက်အနည်းငယ်မျှပင် ရှိသေး၏။ ရန်ကုန်မှစထွက်ကတည်းက ရှယ်လီစတုန်းအနီးမှ တစ်ဖဝါးမှမခွာဘဲ အရိပ်လိုချဉ်းကပ်ခဲ့ရာ မြစ်ကြီးနားမြို့သို့ ဆိုက်ရောက်တော့မှ ရှယ်လီစတုန်းက တုန့်ပြန်ခဲ့ခြင်းဖြစ်သည်။

ထိုအဖြေရရှိသည်နှင့် အောင်ငွေတိုးသည် ဟန်ပင်မဆောင်နိုင်လောက်အောင် ပျော်ရွှင်သွားလေ၏။ အံ့သြဖွယ်ကောင်းသည်မှာ ရှယ်လီစတုန်း၏ အမူအရာများဖြစ်သည်။ နော်ရှိုးသည် ပွင့်လင်းရင်းနှီးခင်မင်သည့် သူငယ်ချင်းဖြစ်သော်လည်း ထိုကိစ္စမှာတော့ ရှယ်လီစတုန်းအပေါ် နားမလည်နိုင်အောင်ဖြစ်သွားလေ၏။

အမှန်ဆိုလျှင် အောင်ငွေတိုးပျော်ရွှင်သကဲ့သို့ သူမလည်း အထိုက်အလျောက် ကြည်နူးပျော်ရွှင်သင့်သည် မဟုတ်လား။ သူမ၏အဖြစ်က ထိုသို့မဟုတ် . . .။ ဘာမှမထူးခြားသလို၊ ခံစားမှုမရှိသလို အနေအထားမျိုးရှိနေလေရာ နော်ရှိုးမှာ ဖွင့်ဟမေးမြန်းလို



www.burmeseclassic.com

www.burmeseclassic.com

သော်လည်း တစ်ပါးသူ၏ ရင်တွင်းခံစားချက်ဖြစ်သောကြောင့် စောင့်ထိန်းသည့်အနေဖြင့် သူမဆန္ဒကို ထိန်းချုပ်ခဲ့ရ၏။

ရှယ်လီစတုန်းကလည်း အောင်ငွေတိုးအပေါ် ထားသည့် သူမ၏သဘောထားကို အလေးအနက် ပြောဆိုတာမျိုး မရှိခဲ့ပေ။ နော်ရှီးကလည်း ထိုကိစ္စကို မသိကျိုးကျွံပြုနေရာမှ တဖြည်းဖြည်း ကျင့်သားရသွားသလို အတွေးထဲမှာ ဖယ်ရှားလိုက်တော့၏။

နေ့လည်စာ စားသောက်ရန် အချိန်ရောက်ရှိသည်နှင့် သူတို့နှစ်ဦးလည်း အဖွဲ့သားများစုံညီစွာ စားသောက်ရန် အစား အသောက်ကို ပြင်ဆင်ရမည်ဖြစ်၍ သန့်ရှင်းရေးအလုပ်ကို လက် သိမ်းလိုက်ကြ၏။ ထိုစဉ်မှာပဲ . . .

"နော်ရှီးရေ . . . ကိုယ့်ကို ဆယ်မိနစ်လောက်ခွင့်ပြုကွ ဟိုမှာ ကိုယ့်ပုဂ္ဂိုလ်ကြီးရဲ့ခေါင်းက မြစ်ထဲရေဆင်းသောက်သ ငိုက်ကျသွားရင် ကိုယ့်အပြစ်ဖြစ်နေဦးမယ်"

"သေချာတာပေါ့ကွာ၊ ဒါကြောင့် စောစောကတည်းက သွားလိုက်ပါလို့ ကိုယ်ပြောတာပေါ့။ ဒီအလုပ်တွေ ကိုယ်ရှင်းထ လိုက်ပါ့မယ်"

သူမသည် ထွက်ခွာသွားဖို့ ဟန်ပြင်လိုက်ပြီးမှ တစ်စုံတ ခုကို သတိရလိုက်ဟန်ဖြင့် . . .

"ဩော် . . . သူငယ်ချင်း၊ တစ်ဆိတ်ကျေးဇူးပြုပြီး ကိုယ့် ကျောပိုးအိတ်ထဲက ပန်းရောင်စက္ကူနဲ့ပတ်ထားတဲ့ အထုပ်တစ်ထု





ကို သီးသန့်ဖယ်ထားလိုက်ပါကွာ၊ အဲဒီအိတ်က ဆရာထင်အောင် ကျော်သောက်နေကျ လစ်တန်တီး လဘက်ရည်အထုပ်တွေလေ၊ တော်ကြာ အိတ်တွေနဲ့ရောပြီး ရှာရခက်မှာစိုးလို့၊ ဆရာက နေ့ လည်စာစားပြီးတိုင်း အဲဒီလက်ဘက်ရည်သောက်နေကျ မဟုတ် သား"

ဟူ၍ ပြောပြီးသည်နှင့် ထိုနေရာမှ ထွက်သွားတော့၏။ နော်ရှီးသည် ရုတ်တရက် ငေးကြောင်သွားပြီး ချစ်သူငယ်ချင်း ရှယ်လီစတုန်း၏ စွဲမက်ဖွယ်ခန္ဓာကိုယ်နောက်ကျောကို အတန်ကြာ မျှ ငေးကြည့်နေမိ၏။

ထို့နောက်မှာတော့ သူမသည် ပင့်သက်ငွေ့ငွေ့ရှိုက်ရင်း ဦးခေါင်းကို ခပ်လေးလေး ခါရမ်းလိုက်ပြီးနောက် အလုပ်များကို လက်စသိမ်းလိုက်တော့၏။

သူတို့အဖွဲ့သည် ထိုနေ့နေ့လည်စာကို ပင်လယ်အစား အစာများကို အားပါးတရ စားသောက်ရင်း လွန်စွာခံတွင်းတွေ့ သလို ဖြစ်သွားကြ၏။ စားသောက်ပြီးနောက် မိမိတို့နှစ်သက်ရာ ကော်ဖီ၊ အအေး စသဖြင့် သောက်သုံးရင်းဖြင့် ရောက်တတ်ရာရာ စကားများ ပြောဆိုရသည်မှာလည်း လွန်စွာစိတ်ကျေနပ်ဖွယ် ကောင်းလှပေ၏။

နော်ရှီးသည် ထိုစကားဝိုင်းတွင် ရှိနေသော်လည်း သူမ အာရုံတွေက တစ်ခြားနေရာသို့ ရောက်နေလေ၏။ အဖွဲ့သားများ



www.burmeseclassic.com

www.burmeseclassic.com



မှာ စကားအလျှဉ်မပြတ်ရှိနေကြသဖြင့် ထိုနေရာသို့သွားရောက်ရန် အခွင့်မသာသလိုဖြစ်နေရာ သီးခံစောင့်ဆိုင်းနေရ၏။

သူမသည် အခန်းများကို ရှင်းလင်းနေစဉ် သူမအား နေရာပေးသည့် အခန်းထဲမှ လွန်စွာစိတ်ဝင်စားဖွယ် စာအုပ်စာတမ်းများကို တွေ့မိလိုက်၏။ ၎င်းအခန်းမှာ လွန်စွာစကားနည်းပြီး သူ့အလုပ်ကိုသာ အမြဲအာရုံစူးစိုက်နေသူ ကျော်စွာဟူသည့် လူထူးဆန်းကြီး၏ အခန်းပင်ဖြစ်၏။

ကျော်စွာသည် သူမတို့ မိန်းကလေးနှစ်ဦးကို ရှိသည်ဟူ၍ပင် ထင်မှတ်လေသလားမသိ . . .။ ပြောစရာအကြောင်းကိုရှိပါက ယောကျ်ားသားများကိုသာ ပြောဆိုစမြဲဖြစ်သည်။ အထူးသဖြင့် သူမတို့အဖွဲ့တွင် တာဝန်အရှိဆုံး ဒေါက်တာထင်အောင်ကျော်ကို အဓိကထားပြောဆို၏။

ထိုသို့ပြောဆိုခြင်းမှာလည်း အကြောင်းမဲ့ပြောဆိုခြင်းမဟုတ်။ လိုအပ်မှသာ ပြောခြင်းဖြစ်သည်။ သူသည် အချိန်ပြည့်ဆိုသလို စစ်သုံးမှန်ပြောင်းတစ်လက်ဖြင့် ဝန်းကျင်တခွင်ကို ကြည့်ရှုအကဲခတ်နေစမြဲဖြစ်သည်။

လိုအပ်ပါက စက်ခန်းတွင်းရှိသည့် သူ၏လက်ထောက်စိုင်းနော်ကို အမိန့်ပေးညွှန်ကြား၏။

နော်ရှီးသည် အခန်းကိုရှင်းလင်းရင်း ၎င်းစာအုပ်များကိုတွေ့မြင်လိုက်ရာ လွန်စွာတအံ့တသြဖြစ်သွားပြီး အတန်ကြာမျှ





တွေဝေငေးမောသွားလေ၏။ စိတ်ထဲ၌ ဘယ်လိုမှ လက်မခံနိုင်လောက်အောင် ဖြစ်သွားလေ၏။ အကြောင်းကား ထိုစာအုပ်စာတမ်းများ၊ မြေပုံများ၊ မှတ်စုစာအုပ်များမှာ သူမဘယ်လိုမှ ထင်မှတ်မထားသည့် ကျော်စွာဟူသော လူထူးဆန်းကြီး၏ ကိုယ်ပိုင်စာအုပ်စာတမ်းများ ဖြစ်နေသောကြောင့်ဖြစ်၏။

သူမသည် ၎င်းစာအုပ်စာတမ်းများကို အကြမ်းဖျင်းမျှသာ ကြည့်ရှုခဲ့ရ၏။

တွေ့ရှိရသည့် စာအုပ်များမှာ ကျော်စွာဟူသော လူထူးဆန်းကြီးနှင့် ဘယ်လိုမှ ဆက်စပ်၍မရသော စာအုပ်စာတမ်းများဖြစ်သည်။ ဆေးကျမ်းများ၊ ခရီးသွားဆောင်းပါးစာအုပ်များ၊ အင်္ဂလိပ်ဘာသာပြန်စာအုပ်များနှင့် အင်္ဂလိပ်မူရင်းစာအုပ်များ ဖြစ်၏။

ပင်ကိုယ်အားဖြင့် သူမသည် စာဖတ်ဝါသနာပါသူဖြစ်ရာ ၎င်းတွေ့ရှိရသည့် စာအုပ်အမျိုးအစားများက တော်ရုံစာဖတ်ဝါသနာပါသူမဟုတ်ဘဲ စာပေလေ့လာလိုက်စားမှု ရင့်ကျက်သူဖြစ်ကြောင်း အကဲခတ်၍ရ၏။ ဆာရိုက်တာဟတ်ဂတ်စာအုပ်နှင့် ဂျူးဗန်းစာအုပ်များဖြစ်သည်။

ဆာရိုက်တာဟတ်ဂတ်စာအုပ်များက ခရီးသွားစွန့်စားခန်းစာအုပ်အမျိုးအစားဖြစ်ပြီး ဂျူးဗန်းစာအုပ်များကတော့ သိပ္ပံဆန်ကြယ်စွန့်စားခန်းစာအုပ်များ ဖြစ်၏။

မြင်ရုံခဏမှာပဲ သူမစိတ်ကို လွန်စွာဆွဲဆောင်နိုင်စွမ်းသည့်



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်မှာ စာအုပ်စင်ပေါ်တွင် သီးခြားရှိနေသည့် မှတ်စုစာအုပ် များဖြစ်သည်။ အပြာရောင်ကဒ်ထူဖုံးဖြင့်ရှိနေရာ ထိုစာအုပ်များမှာ ကျော်စွာကိုယ်တိုင် စနစ်တကျ ရေးသားထားသည့် ခရီးသွားမှတ် တမ်းများဖြစ်၏။

ငှင်းစာအုပ်များထဲ၌ ခရီးစဉ်မှတ်တမ်းများ၊ ဆန်းကြယ် သော သတ္တဝါများအကြောင်းနှင့် သစ်ခွမျိုးနွယ်များအကြောင်းကို စနစ်တကျ ရေးမှတ်ထားသဖြင့် နော်ရှီးသည် ထိုမှတ်တမ်းများကို အကြမ်းဖျဉ်း ဖတ်ရှုမိစဉ်မှာပင် လွန်စွာစိတ်ဝင်တစား ဖြစ်ရလေ ၏။

အချိန်ယူပြီး စိတ်အေးလက်အေး ဖတ်ရှုလိုသဖြင့် နေ့လည် စာစားသောက်ပြီး အနားယူသည့်အခါ ဖတ်ရှုမည်ဟု ဆုံးဖြတ်ခဲ့ ခြင်းဖြစ်သည်။ သူမသည် မိမိအကြံအစည်ဖြင့်မိမိ အဖွဲ့သားများကို အကြောင်းပြပြောဆိုပြီး ထိုအခန်းဆီသို့ ထွက်လာခဲ့၏။

ထိုစဉ် သင်္ဘောစက်ခန်းအတွင်းမှ ထွက်လာသည့် ကျော်စွာ နှင့် အမှတ်မထင် ဆုံမိကြရာ သူမက နှုတ်မှမဖြေဘဲ အပြုံးဖြင့် နှုတ်ဆက်လိုက်၏။ သူမသည် အောင့်သက်သက်ဖြစ်သွား၏ သို့ကြောင့် ပြုံးနေသည့် နှုတ်ခမ်းမှာ ရုတ်ချည်းပင် မဲ့သွားပြီ ကျော်စွာထံသို့ မျက်စောင်းတစ်ချက် ဒိုင်းကနဲ ကျရောက်သွား၏

ကျော်စွာက အပြုံးဖြင့် သူမနှုတ်ဆက်လိုက်သည်ကို မြင် လိုက်ပါလျက် မသိကျိုးကျွံပြုပြီး ဖြတ်ကျော်သွားသောကြောင့် ဖြ





သည်။

"ဟွန်း . . . လူကိုက တစ်ကမ္ဘာလုံး သူ့လုပ်စာစားနေတာ ကျနေတာပဲ၊ မှုန်ကုတ်ကုတ်၊ ပုပ်သိုးသိုးနဲ့ အရမ်းမုန်းဖို့ကောင်း တယ်"

စိတ်ထဲ၌ ထိုသို့ပြောရင်း ခြေလှမ်းဟန်ပြင်လိုက်ရာ ရုတ် တရက် ထွက်ပေါ်လာသည့် စကားကြောင့် သူမပုခုံးသားလေးတွေ တွန့်ခနဲ ဖြစ်သွား၏။

"ခြော် . . . ဒီမှာ ကျွန်တော့်အခန်းမှာနေရတာ အဆင် ပြေရဲ့လား၊ ပစ္စည်းပစ္စယတွေ ရှုတ်ပွနေလို့ အားတော့နာပါရဲ့ဗျာ၊ အဆင်မပြေရင် ကျွန်တော်ရှင်းလင်းပေးပါ့မယ်"

သူမနောက်ကျောမှ ထွက်ပေါ်လာသည့် စကားသံကြောင့် ရုတ်တရက် သူမဘာပြော၍ ပြောရမှန်းမသိအောင် ဖြစ်သွားပြီး ကျော်စွာကို ငေးကြည့်နေမိ၏။ သိန်းစွန်ငှက်လို စူးရှသည့် ကျော်စွာ ၏အကြည့်ကို ကြာရှည်ရင်မဆိုင်ဝံ့ဘဲ သူမကစ၍ ဦးခေါင်းငုံ့လိုက် ပြီး . . .

"ရ . . . ရပါတယ်ရှင်၊ ခရီးသွားတဲ့အခိုက်မှာ ဒီလောက် အဆင်ပြေတာကိုပဲ ကျွန်မက ဝမ်းသာနေတာပါ၊ အခုလို စေတနာ ကားကို ကြားရတဲ့အတွက် ကျေးဇူးတင်ပါတယ်"

သူမက စကားကိုထိန်းရင်း တုန့်ပြန်ပြောလိုက်ရာ ထိုလူ က တာဝန်တစ်ခုကို ဆောင်ရွက်ပြီးမြောက်သွားသူပမာ ဘာစကား



www.burmeseclassic.com

www.burmeseclassic.com



မှ ထပ်မပြောတော့ဘဲ ချာကနဲ လှည့်ထွက်သွားတော့၏။

ထိုတစ်ကြိမ်မှာတော့ သူမနှုတ်ခမ်းလေးက စောစောတုန်းကလို မဲ့မသွားဘဲ ချစ်စဖွယ်အပြုံးလေး ဖြစ်သွားလေ၏။ စိတ်ထဲ၌ ဒီလိုကျတော့ မဆိုးပါလားဟု ကျိတ်၍ချီးကျူးလိုက်ပြီး အခန်းဆီသို့ လျှောက်လှမ်းသွားတော့၏။

သူမသည် အခန်းတံခါးရွက်ကို ဂျက်ချပြီး ပိတ်လိုက်သည်နှင့် ပြင်ပအသံများမှာ သိသာစွာ လျော့ကျသွား၏။ ထိုအခါ အခန်းတွင်း၌ မှောင်သွားလေရာ မှက်နှာကျက်တွင် ချိတ်ဆွဲထားသည့် ကျားပါးစပ်မီးအိမ်ကို မီးထွန်းညှိလိုက်၏။ မိမိလိုချင်သည့် အနေအထားရောက်အောင် မီးအိမ်အလင်းကို အတိုးအလျော့ ညှိယူလိုက်ပြီး သူမလွန်စွာစိတ်ဝင်စားသည့် မှတ်တမ်းစာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် ဖတ်ရှုတော့၏။

သူမ၏အာရုံခံစားမှုများသည် အချိန်ကိုမေ့လျော့သွားပြီး ၎င်းစာအုပ်ထဲရှိ အကြောင်းအရာများပေါ်တွင် စူးနစ်ကျရောက်သွားတော့၏။

ထိုမှတ်တမ်းစာအုပ်များထဲတွင် ရေးသားထားသည့် အကြောင်းအရာများမှာ လွန်စွာစိတ်ဝင်စားဖွယ် ကောင်းသကဲ့သို့ အံ့ဩတုန်လှုပ်ဖွယ် အဖြစ်အပျက်များ၊ သာမန်အနေဖြင့် ဘယ်လိုမှ လက်ခံနိုင်ဖွယ်မရှိသော လျှို့ဝှက်နက်နဲမှုများကို အသေးစိတ် ဖတ်ရှုလိုက်ရသဖြင့် နော်ရှီးသည် ဖတ်ရှုနေဆဲမှာပင် ရင်သပ်ရှုမော





ဖြစ်နေရ၏။

မြန်မာပြည်မြောက်ဘက်ဖျားတွင် ထင်ရှားသော တောင်တန်းတောင်ထွတ်ကြီးများ၊ တောနက်ကြီးများ၊ ၎င်းဒေသရှိ ထူးဆန်းအံ့ဩဖွယ်ရာများ၊ လမ်းခရီးပြမြေပုံများနှင့် ၎င်းသွားရောက်စဉ်က တွေ့ကြုံရင်ဆိုင်ခဲ့ရသည့် အဖြစ်အပျက်များ . . . စသဖြင့် . . . ။

မြစ်ကြောင်းခရီးများ၊ လမ်းများ၊ တောင်ကြားလမ်းများ၊ ခရီးတိုဖြတ်လမ်းများ၊ ပေါက်ရောက်ရှင်သန်သည့် သမားရိုးကျသစ်ပင်မျိုးမဟုတ်ဘဲ ဆန်းကြယ်သော သစ်ပင်မျိုးနွယ်များအကြောင်း . . . ။

မနုဿလူသစ်ပင်များအကြောင်း . . .

နွယ်ရှင်ကြီးများအကြောင်း . . .

သွေးစုပ်နွယ်များအကြောင်း . . .

ဂမုန်းပင်နှင့် မျိုးနွယ်များအကြောင်း . . . ၎င်းတို့၏စွမ်းအင်သတ္တိများအကြောင်း . . . ။ ဂမုန်းသူယောင်မယ်၏ အဓိပ္ပါယ်နှင့်ဆိုချက် . . . ။ ထူးဆန်းသည့် အာနိသင်ကြောင့် ခူးဆွတ်ရရှိသူအတွက် အဘယ်ကဲ့သို့ အန္တရာယ်ကြီးမားပုံ . . . ။ ဂမုန်းပင်၏ ပုံသဏ္ဍာန်အရွယ်အစား၊ အရွက်၊ အဖူး . . . စသဖြင့် ပုံနှင့်တကွ မှတ်တမ်းတင်ထားပုံများ . . . ။

ဆေးဖက်ဝင်ပုံ . . .

ပေါက်ရောက်သည့် အရပ်ဒေသ . . .



www.burmeseclassic.com

www.burmeseclassic.com



ကရင်တိုင်းရင်းသူလေး နော်ရှိုးသည် ရုက္ခဗေဒသုတေသနဌာနတွင် လုပ်ကိုင်နေသူဖြစ်၍ အလုပ်သဘောအရ သစ်ပင်မျိုးနွယ်များနှင့် စိမ်းသူမဟုတ်ပေ။ သို့သော်လည်း စာအုပ်အသိကိုကျော်လွန်ပြီး ရေးသားထားသည့် ကိုယ်တွေ့မှတ်တမ်းပါ ရုက္ခမျိုးနွယ်များအကြောင်းကို ဖတ်ရှုလိုက်သဖြင့် သူမသည် လက်ကမချချင်လောက်အောင် စိတ်ဝင်တစား ဖြစ်နေမိ၏။

သူမအဖို့ မျက်ဝန်းများ ပြူးကျယ်သွားလောက်အောင် တအံ့တဩ ဖြစ်သွားစေသည့် အကြောင်းအရာတစ်ခုကို တွေ့လိုက်ရသဖြင့် သူမသည် မှတ်စုစာအုပ်ထုတ်၍ ကပျာကယာ ရေးမှတ်လိုက်လေ၏။

ထိုမှတ်တမ်း၏ခေါင်းစဉ်မှာ Ruby Orchid or Blood Orchid ဟူ၍ ရေးသားထားပြီး ၎င်းခေါင်းစဉ်ကို မှင်နီဖြင့် အမှတ်အသားပြုထားလေ၏။ အဓိပ္ပါယ်မှာ ပတ္တမြားသစ်ခွ (သို့) သစ်ခွနီ ဟူ၍ဖြစ်၏။ ၎င်းခေါင်းစဉ်အောက်မှာတော့ ဤသို့မှတ်တမ်းရေးသားထား၏။

ရုက္ခဗေဒရှုထောင့်အရ သစ်ခွသည် ဩကစ်ဒေဝီ (Orchi-clace) မျိုးရင်း၌ပါဝင်ပြီး မျိုးစု ၇၃၅ ခန့်ရှိ၏။ မျိုးစိတ်များမှာ ၂၀၀၀ ခန့်အထိရှိ၏။ လူတို့ဖန်တီးမျိုးစပ်ယူ၍ရသော စပ်မျိုးအရေအတွက်မှာမူ ၃၅၀၀၀ ခန့်ရှိ၏။ ဤသို့ဖြင့် သစ်ခွသည် အပွင့်ဆောင်အပင်များထဲတွင် အရေအတွက် အများဆုံးအပင်မျိုးဖြစ်သည်။





မြန်မာနိုင်ငံ၌ သစ်ခွမျိုးစိတ်ပေါင်း (၁၀၀၀) မှ (၁၅၀၀) ခန့်အထိ ရှိသည်ဟူ၍ ရုက္ခပါရဂူကင်းဒမ်းဝပ်က ဆိုခဲ့သည်။ 'မြန်မာ့သစ်ခွ' အမည်ရှိစာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ပြုစုထုတ်ဝေခဲ့သော ဘာတယ်ဂရန့် (Berll Grant) အဆိုအရမူ မျိုးစုပေါင်း ၈၆ ခုအထိရှိသည်ဟု ခန့်မှန်းပြောဆိုခဲ့၏။

သစ်ခွပင်များမှာ ကမ္ဘာ့အရှေ့ခြမ်းနှင့် အနောက်ခြမ်းတို့တွင် ပျံ့နှံ့လျက်ရှိ၏။ ရာသီဥတုသင့်တင့်မျှတမှုကို နှစ်ခြိုက်သည့်အလျောက် ရာသီဥတုသင့်တင့်သော တောတောင်လျှိုမြောင်တို့၌ ပေါများစွာ တွေ့ရ၏။ ၎င်းတို့ပေါက်ရောက်ရှင်သန်ရာ ဒေသကိုလိုက်၍ သစ်ခွကို အုပ်စုနှစ်မျိုးခွဲခြားထား၏။

အမေရိကတိုက်သစ်ခွမျိုးနှင့် အရှေ့အိန္ဒိယသစ်ခွမျိုးတို့ဖြစ်သည်။

အမေရိကတိုက်သစ်ခွမျိုးတို့တွင် ကက်တယ်လီယာ (Cattleya)၊ လီလီယာ (Laelia)၊ မိလတိုနီးယား (Miltonia)၊ အွန်ဆင်ဒီယမ် (Oncidium) စသည်တို့မှာ ထင်ရှား၏။

အရှေ့အိန္ဒိယကျွန်းစု၊ ဖိလစ်ပိုင်နှင့် အရှေ့တောင်အာရှနိုင်ငံတို့တွင် ဒင်ဒရိုဘီယမ် (Dendrobium)၊ ဗင်ဒါ (Vanda)၊ ဆင်ဘီဒီယမ် (Cymbidium) စသည်တို့ ပေါက်ရောက်သည်။ မြန်မာနိုင်ငံ၌ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းတောင်တန်း၊ ဘစ်ပိုက်၊ ရခိုင်ရိုးမနှင့် တနင်္သာရီတိုင်းတို့၌ အရှေ့အိန္ဒိယကျွန်းစု



www.burmeseclassic.com

www.burmeseclassic.com



သစ်ခွမျိုးများကို ပေါများစွာတွေ့နိုင်သည်။

(Ruby Orchid) ပတ္တမြားသစ်ခွဟူသော သစ်ခွမျိုးမှာ လွန်စွာအဖိုးမဖြတ်နိုင်အောင် ရှားပါးသည့် သစ်ခွမျိုးဖြစ်သည်။ တွေ့ရှိဖို့ မလွယ်ကူသလို၊ တွေ့ရှိပါကလည်း အရယူဖို့ လွန်စွာခက်ခဲသော သစ်ခွမျိုးဖြစ်၏။

သစ်ခွမျိုးနွယ်များတွင် အဆင့်အတန်းအားဖြင့်သော်လည်းကောင်း၊ တန်ဖိုးအားဖြင့်သော်လည်းကောင်း အမြင့်ဆုံးဟူ၍ ပညာရှင်များ သတ်မှတ်ထားကြ၏။ အချို့ဆိုလျှင် ၎င်းသစ်ခွကို ရယူလိုသည့် လောဘကြောင့် အုပ်စုတစ်စုနှင့်တစ်စု တိုက်ခိုက်သတ်ဖြတ်ကြသည့်အထိ ဖြစ်ကြလေ၏။

အချို့သစ်ခွမုဆိုးများဆိုလျှင် လက်ထဲရောက်လုရောက်ခင် အခြေအနေမျိုးရောက်မှ လက်လွတ်ခဲ့ကြရသည့် အဖြစ်မျိုးလည်း ရှိ၏။ တန်ဖိုးဟူ၍ သတ်မှတ်ခံရသည့်အရာတိုင်းတွင် လွန်စွာထူးခြားလေးနက်သည့် အကြောင်းတရားများ ရှိစမြဲပင်ဖြစ်၏။

၎င်းပတ္တမြားသစ်ခွမှာလည်း ထိုအတိုင်း ယူဆရမည်ဖြစ်သည်။

ထိုသစ်ခွကိုတွေ့ရှိသည့် လူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု သို့မဟုတ် နိုင်ငံတစ်နိုင်ငံ . . . စသူတို့မှာ မည်သည့်အကျိုးစီးပွားနှင့်မှမတူသည့် ဝင်ငွေမျိုးရရှိမည်ဖြစ်ပြီး အချိန်တိုတိုအတွင်း ကြီးပွားချမ်းသာသွားမည်ဟူသည့် အကြောင်းတရားပင်





ဖြစ်၏။

သို့ကြောင့်လည်း ရရှိရန် လွန်စွာခက်ခဲခြင်းဖြစ်၏။ လွယ်လွယ်ကူကူ ရရှိနိုင်ပါက ထိုသို့တန်ဖိုးထားကြမည် မဟုတ်ပေ။ သို့သော်လည်း သစ်ခွပညာရှင်များမှာ ၎င်းသစ်ခွအကြောင်းကို ပြောသာပြောနေကြသော်လည်း မည်သူမှ ရှာဖွေတွေ့ရှိခြင်း မရှိကြပေ။ တစ်ချို့က ပတ္တမြားသစ်ခွသည် နတ်ကြီးသည်။ တန်ခိုးသိဒ္ဓိရှိသည်။ လောဘ၊ ဒေါသ၊ မောဟဟူသည့် အကုသိုလ်စိတ်မှာ သာမန်ပုထုဇဉ်လူသားတိုင်းမှာ အနည်းနှင့်အများ ရှိစမြဲဖြစ်ရာ သူတော်စင်များကဲ့သို့ သီလစင်ကြယ်နိုင်မည်မဟုတ်။

သို့ကြောင့် ပတ္တမြားသစ်ခွကို သာမန်လူပုဂ္ဂိုလ်များ မရရှိနိုင်ခြင်းဟု ယူဆပြောဆိုကြ၏။ ကြားသိနေရသည့် အဖြစ်အပျက်များကလည်း ၎င်းအယူအဆကို ထောက်ခံနေသကဲ့သို့ ဖြစ်နေလေရာ ကာလကြာသည်နှင့်အမျှ ပညာရှင်များကိုယ်တိုင် ထိုသဘောကို လက်ခံရမလို ဖြစ်သွားကြလေ၏။

အခြားသူများတော့ မည်သို့ရှိမည်မသိသော်လည်း ကျွန်ုပ်အနေဖြင့် ကိုယ်တွေ့ကြုံခဲ့ရသည့် အဖြစ်အပေါ် အခြေခံပြီး ၎င်းအယူအဆကို အမှန်ပင် ယုံကြည်ခဲ့ပါသည်။ ကျွန်ုပ်သည် ထိုအဖြစ်ကို မည်သူ့ကိုမှ ဖွင့်ဟပြောဆိုခြင်း မပြုခဲ့ပါ။ ထိုသို့မပြောခြင်းမှာလည်း ကျွန်ုပ်စကားကို နားထောင်၍ကောင်းသည့် ယုံတမ်းစကားမှာ ဖျက်ရယ်ပြုမှာကို မလိုလားသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အဖို့ရာမှာတော့ ကျွန်ုပ်အသက်ရှင်သမျှ နှလုံးအိမ်
၌ ထာဝရစွဲမြဲနေမည့် ဘယ်တော့မှ မေ့ပျောက်နိုင်စွမ်းရှိမည် မဟုတ်
သည့် ပုံရိပ်များဟု စွဲမြဲစွာ ယုံကြည်မိတော့၏။ ၎င်းအကြောင်း
အရာကို မှတ်တမ်းရေးသားမည် ပြုသောအခါ ကျွန်ုပ်ဖခင်၏ဘဝ
ဖြစ်တည်မှုကိုလည်း အနည်းငယ်မျှ ဖော်ပြရမည်ဖြစ်၏။

အကြောင်းကား ကျွန်ုပ်ဖခင်သည်လည်း ကျွန်ုပ်ကဲ့သို့
အကြောင်းအကျိုးတိုက်ဆိုင်စွာ ကြုံတွေ့ခဲ့ရသောကြောင့် ဖြစ်သည်။
ထို့ပြင် ကျွန်ုပ်၏ အခြေခံစိတ်နေသဘာဝ၊ အကျင့်စရိုက် အတော်
များများမှာလည်း ဖခင်နှင့် အတော်များများတူညီလျက် အချို့
ရင်းနှီးခင်မင်သူများက ကျွန်ုပ်ကို အဖေတူသားဟူ၍ ပြောဆိုကြ
၏။

ကျွန်ုပ်ဖခင်နှင့် ကျွန်ုပ်သည် ကျွန်ုပ်ငါးနှစ်သား လူမမယ်
ကလေးအရွယ်ကတည်းက တောတောင်၊ မြစ်၊ ချောင်း လွန်စွာ
ထူထပ်များပြားသည့် ဤဒေသတွင် လာရောက်အခြေချနေထိုင်
၏။ ဖခင်သည် ပူတာအိုမြို့နှင့် လွန်စွာကွာလှမ်းသည့် ရွာငယ်
လေးများတွင် လှည့်လည်နေထိုင်ရင်း ကျွန်ုပ်အား လူလားမြောက်
သည်အထိ ကျွေးမွေးစောင့်ရှောက်ခဲ့၏။

ဖခင်သည် ပင်ကိုယ်ကပင် ရဲစွမ်းသတ္တိရှိသူဖြစ်သလို စွန့်
စားလုပ်ကိုင်ရသည့် အလုပ်ကိုလည်း ဝါသနာပါသူဖြစ်၍ တောနက်
ကြီးများအတွင်း စွန့်စားဝင်ရောက်ပြီး တောကောင်ပစ်ခတ်ခြင်း





အလုပ်ဖြင့် အသက်မွေးဝမ်းကြောင်းပြုလေ၏။ ဖခင်သည် အခြား
သောမုဆိုးများရှောင်ရှားသည့် တောတောင်များအတွင်း ဝင်ရောက်
ပြီး တောကောင်များရရှိအောင် ပစ်ခတ်နိုင်စွမ်းသဖြင့် တောမုဆိုး
အချင်းချင်း အသိအမှတ်ပြုလေးစားခြင်းကို ခံခဲ့ရ၏။

၎င်းအလုပ်ဖြင့်ရရှိသည့် ငွေကြေးဖြင့် ကျွန်ုပ်အား ပညာ
သင်ကြားစေ၏။ မြစ်ကြီးနားခရိုင်မြို့တွင် ကျောင်းအိပ်ကျောင်း
စား နေထိုင်စေပြီး ပညာသင်ကြားစေခြင်း ဖြစ်သည်။ ထိုကိစ္စမှာ
ငွေကုန်ကြေးကျ လွန်စွာများပြားသည့်အတွက် ကျွန်ုပ်တို့ရွာက
ဒေသခံများက ဖခင်ကို အပြင်းအထန် ကန့်ကွက်ကြ၏။

ဖခင်သည် ထိုသို့ကန့်ကွက်ပြောဆိုကြသည်ကို အနည်း
ငယ်မျှ အတိုက်အခံမပြုဘဲ ပြုံး၍သာ တုန့်ပြန်ခဲ့၏။ ကျွန်ုပ်သည်
ပညာသင်တစ်နှစ်ပြီးဆုံး၍ နောက်တစ်နှစ်မရောက်ခင်စပ်ကြား
ကာလလေးမှာသာ ဖခင်နှင့်အတူ နေထိုင်ရ၏။ မြစ်ကြီးနားမြို့၌
နေထိုင်ရင်း ပညာသင်ကြားစဉ်ကာလများတွင် ကျွန်ုပ်သည် ဖခင်
ကို လွန်စွာအောက်မေ့သတိရသဖြင့် မကြာခဏ မျက်ရည်ကျမိ၏။

ယိုစဉ်က ကျွန်ုပ်သည် အရာရာကို ခံစားမှုဖြင့် တွေးခေါ်
သည့်ကလေးအရွယ်မျှသာ ရှိသေးသောကြောင့် ကျွန်ုပ်အပေါ် ထား
သည့် ဖခင်၏စေတနာကို နားလည်နိုင်စွမ်း မရှိခဲ့ပေ။ ကျွန်ုပ်သည်
ပညာသင်တစ်နှစ်ပြီး၍ နောက်တစ်နှစ် ပညာသင်ကြားရန် သွား
ရောက်ရမည့်အခါတိုင်း ဖခင်ကို အပြင်းအထန် ကန့်ကွက်ပြောဆို



www.burmeseclassic.com

www.burmeseclassic.com



စမြဲဖြစ်၏။ ချော့၍တစ်မျိုး၊ အခြားသော ဦးကြီးများကို တိုက်တွန်းပြောဆိုပေးရန် ချဉ်းကပ်၍တစ်နည်း . . . စသဖြင့် ကျွန်ုပ်တတ်သိနားလည်သမျှ ပရိယာယ်များဖြင့် ကြိုးစား၏။

သို့သော်လည်း အခြားကိစ္စများတွင်သာ အလိုလိုက်အလျှော့ပေးတတ်သည့် ဖခင်မှာ ပညာရေးနှင့် ပတ်သက်သည့်ကိစ္စမှာတော့ အနည်းငယ်မျှ အလျှော့မပေးခဲ့ပေ။ ကျွန်ုပ်ကလည်း ပညာသင်ကြားရန် စိတ်မပါ၍မဟုတ် . . .။ ဖခင်နှင့် မခွဲမခွာ အတူနေလိုသောကြောင့် ဖြစ်သည်။ ကျွန်ုပ်မည်သို့ပင် ငြင်းဆန်သော်ငြား အဆုံးမတော့ ပညာသင်ကြားရန် မြစ်ကြီးနားခရိုင်သို့ သွားရောက်ရစမြဲ ဖြစ်သည်။

ထိုသို့ဖြင့် ကျွန်ုပ်သည် ကျောင်းအိပ်ကျောင်းစားဘဝဖြင့် မြစ်ကြီးနားခရိုင်မြို့တွင် မတ်ထရစ်တန်း အောင်မြင်သည်အထိ ပညာသင်ယူခဲ့ရလေ၏။ ကျွန်ုပ်၏အသက်အရွယ်နှင့် ပညာသင်ကြားမှုမှာလည်း တဖြည်းဖြည်း ရင့်ကျက်လာခဲ့ပြီဖြစ်ရာ ထိုအခါကျမှ ကျွန်ုပ်အပေါ်တွင် ကျွန်ုပ်၏ဖခင်မှာ အဘယ်မျှ ရည်ရွယ်မျှော်လင့်ထားကြောင်း သိနားလည်ရတော့၏။

ဖခင်သည် ကျွန်ုပ်ကို လူနေခြုံကြား၊ စိတ်နေဘုံဖျား ဟူသကဲ့သို့ ကျွန်ုပ်၏ဉာဏ်ပညာ၊ အတွေးအခေါ်ကို မြင့်မားစေရန် ပြုစုပျိုးထောင်ခဲ့ခြင်း ဖြစ်သည်။ ထိုဒေသရှိ ဒေသခံမျိုးနွယ်စုများမှာ ၎င်းတို့၏ဘဝကို သမားရိုးကျ ရပ်တည်နေထိုင်မှုများဖြင့် အဆုံး





သတ်ကြ၏။

သူတို့သည် ရိုးသား၏။ ဖွဲ့ ဝိရိယ ကြီးမား၏။ အသက်မွေးဝမ်းကြောင်းအနေဖြင့်လည်း ရိုးစင်း၏။

နေ့တစ်နေ့တာကို အပူပင်အကြောင်းကျမဲ့စွာ ဖြတ်သန်းကြ၏။ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများမှာလည်း ရှုတ်ထွေးမှုမရှိ . . .။

သစ်ခုတ်၊ ဝါးခုတ်၊ အမဲပစ်၊ ဆောင်းဦးပေါက်ရာသီများတွင် တောတောင်များအတွင်း ဝင်ရောက်ပြီး ဆေးဖက်ဝင်သစ်မြစ်၊ သစ်ဥများ ရှာဖွေခြင်း၊ နွားနောက်များမွေးမြူပြီး ရောင်းဝယ်ခြင်းစသည့်လုပ်ငန်းများဖြင့် သူတို့ဘဝရှင်သန်မှုကို အဆုံးသတ်ကြစမြဲဖြစ်သည်။

မြို့ပြနှင့် လွန်စွာဝေးကွာသည့် အရပ်ဒေသဖြစ်သောကြောင့် လောကဓါတ်ပညာကို အနည်းငယ်မျှ စိတ်ဝင်စားမှုမရှိသည်မှာလည်း မထူးဆန်းလှပေ။ ထိုပညာတတ်မြောက်ပါကလည်း သူတို့၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအတွက် မည်သို့မျှ အထောက်အကူမပြုသည့်အပြင် အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းသည့် အလုပ်ဟူ၍ စွဲမြဲယုံကြည်ထားကြ၏။

ကျွန်ုပ်၏ဖခင်သည် ၎င်းတို့ကဲ့သို့ပင် အသက်မွေးဝမ်းကြောင်း ပြုသူဖြစ်၏။ သို့သော်လည်း တွေးခေါ်စဉ်းစားသည့်အရာမှာတော့ ၎င်းတို့နှင့် များစွာခြားနား၏။ ထိုအဖြစ်ကို ဖခင်သည်



www.burmeseclassic.com

ကျွန်ုပ်အား လောကဓါတ်ပညာကို ငွေအမြောက်အမြား အကုန် ကျခံပြီး အစွမ်းကုန်သင်ယူစေခြင်းဖြင့် သက်သေပြခဲ့လေ၏။

မက်ထရစ်တန်းအောင်မြင်ပြီးနောက် ဖခင်သည် ကျွန်ုပ် အား ပညာသင်ကြားခြင်းကို ရပ်တန့်ခြင်းမပြုဘဲ ကောလိပ်တက် ပြီး ဒီဂရီဘွဲ့ရယူရန် ရန်ကုန်မြို့ကြီးသို့ စေလွှတ်ပညာသင်စေပြန် ၏။ ထိုအချိန်မှာတော့ ကျွန်ုပ်သည် ငယ်စဉ်ကလို ဖခင်၏ဆန္ဒကို ကန့်ကွက်ငြင်းဆန်ခြင်း မပြုတော့ဘဲ လွန်စွာဝမ်းမြောက်ပျော်ရွှင် ခဲ့၏။ အကြောင်းကား ကျွန်ုပ်ကိုယ်တိုင် ပညာလေ့လာလိုက်စား ခြင်းအပေါ်တွင် အထူးပင် စိတ်အားထက်သန်နေသောကြောင့် ဖြစ်သည်။

ကျွန်ုပ်သည် ငယ်စဉ်ကတည်းက တောတောင်များထူထပ် ရာဒေသတွင် ကြီးပြင်းခဲ့သူဖြစ်ရာ သစ်တော၊ သစ်ပင်များနှင့် အကျွမ်းတဝင်ရှိခဲ့ပြီး သစ်တောသယံဇာတ အရင်းအမြစ်များ နက်နက်နဲနဲ လေ့လာလိုက်စားလိုသည့် ဝါသနာကြောင့် ရန်ကုန် ယူနီဘာစတီကောလိပ်တွင် ရုက္ခဗေဒအထူးပြုဘာသာရပ်ကို ရွေး ချယ်သင်ကြားရန် ဆုံးဖြတ်ခဲ့၏။

ကောလိပ်တွင် ပညာသင်ကြားရန် သုံးနှစ်ဟူသောကာလ အတွင်း ကျွန်ုပ်၏အယူအဆ၊ အတွေးအခေါ်များမှာ ယခင်ကနှင့် မတူဘဲ များစွာပြောင်းလဲခဲ့ပါသည်။ ကျွန်ုပ်သည် မိမိအထူးပြုသင် ကြားနေသည့် ကျောင်းစာများကိုသာမက ပြင်ပစာပေများကိုလည်း





မပြတ်ဖတ်ရှုလေ့လာ၏။ ဝါသနာတူ၊ စရိုက်သဘာဝတူသည့် မိတ် ဆွေများလည်း အများအပြားရှိခဲ့လေရာ ကျွန်ုပ်၏ဘဝတွင် ၄င်း ပညာသင်ကာလကို တစ်သက်လုံး လွမ်းဆွတ်အမှတ်ရ၍ မဆုံး နိုင်အောင် ရှိနေပါတော့မည်။

ပညာသင်ကာလပြီးဆုံးရန် တစ်နှစ်ခန့်သာလိုတော့သည့် နေ့တစ်နေ့တွင် ကျွန်ုပ်သည် ကျွန်ုပ်လွန်စွာချစ်မြတ်နိုးသော ကျောင်း တော်ကြီးနှင့် ထာဝရခွဲခွာခဲ့ရပါသည်။ ဘယ်သောအခါမှ ပြန်လည် အနားကပ်ခွင့်မရတော့သည့် ခွဲခွာခြင်းမျိုးဖြင့် ကျောခိုင်းခဲ့ရပါ သည်။

ကံကြမ္မာသည် လွန်စွာ အံ့ဩဖွယ်ကောင်းလှ၏။ ဘယ် လိုဘေးအန္တရာယ်၊ အနှောက်အယှက်မှမရှိဟု ထင်မှတ်ထားသော် လည်း မထင်မှတ်သည့်အချိန်တွင် မထင်မှတ်သည့် အကြောင်း ရာများနှင့် ရင်ဆိုင်ရပြီး ဘယ်လိုမှ ရှောင်ဖယ်နိုင်စွမ်းမရှိအောင် ဖန်တီးစီရင်နိုင်စွမ်းလှပေ၏။ ကျွန်ုပ်ရင်ဆိုင်ခဲ့ရသည်မှာလည်း ထို သဘောအတိုင်း ဖြစ်ခဲ့ရလေ၏။

ကျွန်ုပ်သည် ကောလိပ်တွင် ပညာသင်ကြားရင်း ကျွန်ုပ် ၏နှလုံးအိမ်၌ မည်သည့်အချိန်ကတည်းက ငုပ်လျှိုးနေသည်မသိ သော ဆူးကလေးတစ်ချောင်းသည် ထိုအချိန်မှာတော့ အင်အား ကောင်းကောင်းဖြင့် ရုန်းကြွလာလေ၏။ ဝါသနာတူ မိတ်ဆွေများ နှင့်လည်း အမြဲပင် ထိတွေ့နေရသဖြင့် ၄င်းဆူးကလေးမှာ ကြွ

www.burmeseclassic.com



သထက်ကြွလာပြီး စနက်တံဖြုတ်လိုက်ပါက အချိန်မရွေးပေါက်ကွဲ နိုင်သည့် လက်ပစ်ဗုံးကဲ့သို့ အစိုင်အခဲဖြစ်လာသည်ကို မိမိကိုယ် မိမိ သတိမပြုမိခဲ့ပေ။

တစ်နေ့မှာတော့ ၎င်းစနက်တံကို ပြုတ်ထွက်သွားသည့် အဖြစ်မျိုး ရင်ဆိုင်ရလေရာ ကျွန်ုပ်လည်း မိမိကိုယ်မိမိ ထိန်းမနိုင် သိမ်းမရ ဖြစ်သွားတော့၏။ ကျွန်ုပ်တို့၏ ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်ကျဆုံးသည့် အရေးအခင်းတွင်ဖြစ်သည်။ ကျွန်ုပ် သည် ထိုအရေးအခင်းတွင် ဗြိတိသျှအစိုးရကို ပြောင်ပြောင်တင် တင်းဆန့်ကျင်သည့် ကျောင်းသားခေါင်းဆောင်တစ်ဦး ဖြစ်သွား လေ၏။

ကျွန်ုပ်သည် ပညာသင်ကာလကုန်ဆုံးရန် တစ်နှစ်မျှသာ ကျန်တော့သည့် ကာလတွင် ပညာရေးကို စွန့်ခွာခဲ့ရသည့် အဖြ အတွက် ဖခင်သည် ကျွန်ုပ်အား ပြစ်တင်ပြောဆိုလိမ့်မည်ဟု ထ မှတ်ထားခဲ့၏။ ဖခင်၏အပြုအမူများက ၎င်းထင်မြင်မှုနှင့် ဆန့်ကျ ဘက်ဖြစ်သွားလေ၏။

ထို့နောက်မှာတော့ ဖခင်သည် အဘယ်ကြောင့် ကျွ အပေါ်တွင် ထိုသို့အားရဝမ်းသာဖြစ်ရကြောင်း ပြောပြလေ ကျွန်ုပ်သည် ထိုအချိန်မှာတော့ အံ့ဩပြီးရင်း အံ့ဩရင်းဖြင့် မိ ကိုယ်မိမိ အိပ်မက်များ မက်နေသလားဟုပင် ခံစားလိုက်ရ ကျွန်ုပ်တစ်သက်တွင် ဘယ်တုန်းကမှ မကြားခဲ့ရဖူးသည့် ဖခင်





ဘဝနောက်ကြောင်းများကို သိရှိလိုက်ရသောကြောင့် ဖြစ်သည်။

နောင်မွန်ရွာကလေးသို့ ဖခင်သည် လူမမယ်ကလေးအရွယ် မျှသာရှိသော ကျွန်ုပ်ကို ချီပိုး၍ တိတ်တဆိတ် ရောက်လာခဲ့ခြင်းမှာ ဗြိတိသျှအစိုးရ၏ ဖမ်းဆီးခံရမည့်အဖြစ်မှ ရှောင်တိမ်းမဲ့ခြင်းဖြစ် သည်။ ဖခင်သည် မန္တလေးမင်းနေပြည်တော်တွင် ထင်ရှားသည့် မျိုးချစ်တော်လှန်ရေးခေါင်းဆောင်တစ်ဦးဖြစ်ပြီး သူ့ကျွန်ဘဝမှ လွတ်မြောက်ရန် ဗြိတိသျှအစိုးရကို ပြောက်ကျားစနစ်ဖြင့် တွန်း လှန်တိုက်ခိုက်မည့် မြေအောက်တော်လှန်ရေးဂိုဏ်းတွင် ဂိုဏ်း ခေါင်းဆောင်အဖြစ် ရွေးချယ်တင်မြှောက်ခံရသူဖြစ်၏။

သီပေါဘုရင်ပါတော်မူပြီးနောက်ပိုင်းတွင် ဗြိတိသျှအစိုးရ သည် ပြည်သူလူထုတစ်ရပ်လုံးအပေါ် နည်းပရိယာယ်မျိုးစုံဖြင့် ဖိနှိပ်အုပ်ချုပ်လေရာ ၎င်းတို့အဓိကပစ်မှတ်ထားပြီး တိုက်ခိုက်နှိမ် နင်းသည်မှာ အမျိုးသားရေးစိတ်ဓါတ်ပြင်းထန်သည့် မျိုးချစ်ပုဂ္ဂိုလ် များဖြစ်လေ၏။ ခြံစည်းရိုးခွထိုင်သကဲ့သို့ သာရာယိမ်းကြသည့် အမျိုးသားသစ္စာဖောက် အလိုတော်ရိများကို လက်သပ်မွေးပြီး မျိုးချစ်တော်လှန်ရေးပုဂ္ဂိုလ် အများအပြားကို ဖမ်းဆီးခဲ့ကြ၏။

အားမတန်၍ မာန်လျှော့ခဲ့ရသော်လည်း အချိန်အခါကျ ရောက်ပါက တော်လှန်တိုက်ခိုက်ကြမည်ဟူ၍ သန္နိဋ္ဌာန်ချမှတ်ပြီး အညံ့ခံခြင်းမပြုဘဲ ရှောင်တိမ်းခဲ့ကြလေ၏။ ဖခင်ကဲ့သို့ မျိုးချစ် တော်လှန်ရေးသမားများသည် အုပ်ချုပ်ရေးနှင့် ဘယ်လိုမှ လက်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမမီနိုင်သည့် လွန်စွာဝေးလံခေါင်သီသော ဒေသများသို့ ပုန်း လျှိုးကွယ်လျှိုး ရှောင်တိမ်းထွက်ခွာခဲ့ကြလေ၏။

ဖခင်သည် မိမိတိုင်းပြည်နှင့်လူမျိုး အဘယ်ကြောင့် တိုင်း တစ်ပါးလက်အောက် ကျရောက်ခဲ့ရသည်ကို ကောင်းစွာသိနား လည်၏။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုဟူသည်မှာ ၎င်းနိုင်ငံ အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းသူပြည်သားများ၏ ပညာ ဉာဏ်မြင့်မားမှုအပေါ်တွင် များစွာမူတည်၏။ ပညာမြင့်မှ လူမျိုး မြင့်မည်။ လူမျိုးမြင့်မှ ထိုတိုင်းပြည်လည်း တိုးတက်မြင့်မားလာ မည်ဖြစ်၏။

ကျွန်ုပ်တို့ တစ်တိုင်းပြည်လုံး၊ ပြည်သူလူထုတစ်ရပ်လုံး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရခြင်း၏ အဓိကအကြောင်းအရင်းမှာ ထိပ်ဆုံးတွင်ရှိသည့် ဘုရင်၊ မိဖုရား၊ မှူးကြီးမတ်ရာများမှစ၍ အနိမ့် ဆုံးသူတောင်းစား၊ သူဘရာဇာ လူတန်းစားအထိ ရှေးရိုးစွဲအယူ အဆ၊ အတွေးအခေါ်များဖြင့် ဝါးလုံးခေါင်းထဲ လသာနေသော ကြောင့်ဖြစ်သည်။

ပညာဉာဏ်မြင့်မားသူကို ချီးမြှင့်မြှောက်စားခြင်းမျိုးမရှိဘဲ ကိုယ့်ငါးချဉ်ကိုယ်ချဉ်ရင်း လုံးလည်ချာလည်ဖြင့် နှစ်ကာလများစွာ ကြာမြင့်လာသောအခါ တစ်တိုင်းပြည်လုံး သုံးစားမရလောက် အောင် နိမ့်ကျခဲ့ရခြင်းဖြစ်ကြောင်း စသဖြင့် ဖခင်သည် ကောင်းစွာ တွေးတောဆင်ခြင်မိခဲ့၏။





သို့ကြောင့် သူ၏မျိုးဆက်သွေးဖြစ်သည့် ကျွန်ုပ်ကို ပညာ ရေးတွင် ထွန်းပေါက်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ၎င်းကိုယ်တိုင် အပင်ပန်း၊ အဆင်းရဲခံပြီး ပညာသင်ကြားစေခဲ့ခြင်း ဖြစ်သည်။ ကျွန်ုပ်သည် ရန်ကုန်ယူနီဗာစတီကောလိပ်တွင် အထိုက်အလျောက် ပညာသင်ကြားခဲ့ပြီးဖြစ်၍ အားရကျေနပ်ကြောင်း၊ ဒီဂရီဘွဲ့ မရရှိ ခဲ့သော်လည်း စိတ်ဓါတ်ကျနေဖို့ မလိုကြောင်း၊ အမျိုးသားရေး စိတ်ဓါတ်ဖြင့် မိမိတိုင်းပြည်နှင့်လူမျိုးအတွက် စွမ်းစွမ်းတမံ ဆောင် ရွက်ခဲ့သည့် ကျွန်ုပ်ကို ချီးကျူးဂုဏ်ယူကြောင်း၊ ပညာဟူသည်မှာ စာအုပ်၊ စာတမ်းထဲမှ အသိကိုကျော်လွန်၍ လက်တွေ့ဘဝနှင့် ပေါင်းစပ်နိုင်မှသာ စစ်မှန်သော ပညာဖြစ်ကြောင်း စသည်ဖြင့် ပြောဆိုဆုံးမလေ၏။

ထိုစကားကို ကြားလိုက်ရသဖြင့် ကျွန်ုပ်လည်း ပြောမပြ ဘတ်အောင် ဝမ်းမြောက်ဝမ်းသာခံစားမိပါသည်။

ကျွန်ုပ်၏ ဘဝရပ်တည်မှုသည်လည်း ထိုအချိန်မှစ၍ အချိုး အကွေ့တစ်ခုအဖြစ် ပြောင်းလဲခဲ့ရသည်ဟု ယူဆရမည်ဖြစ်သည်။ ဤမှတ်တမ်းသည် ကျွန်ုပ်စိတ်ဝင်တစား လေ့လာမှတ်သားခဲ့သည့် ရက္ခဗေဒအကြောင်းအရာများကို သီးသန့်ပြုစုသည့် မှတ်တမ်းဖြစ် သော်လည်း အထက်ပါ ကိုယ်ရေးကိုယ်တာ အကြောင်းအရာတချို့ ကို ရေးသားလိုက်ရခြင်းမှာ ကျွန်ုပ်ဖော်ပြမည့် ပတ္တမြားသစ်ခွ (Ruby Orchid) နှင့် ကျွန်ုပ်မည်သို့မည်ပုံ ပတ်သက်ဆက်နွယ်



www.burmeseclassic.com

www.burmeseclassic.com



လာခြင်းအား ဖော်ပြရာတွင် ထိုအဖြစ်အပျက်များကို အမှတ်တရ
ခံစားမိ၍ ရေးသားလိုက်ရခြင်း ဖြစ်သည်။

* * * *



## အခန်း (၁၀)

ပထမအချက်အနေဖြင့် ၄င်းပတ္တမြားသစ်ခွနှင့် ကျွန်ုပ်
ခင်ကြုံတွေ့ရပုံကို မှတ်တမ်းတင်ရပေလိမ့်မည်။ လွန်စွာပြင်းထန်
သည့် ငှက်ဖျားရောဂါ စွဲကပ်ခဲ့ရခြင်းမှာ ၄င်းပတ္တမြားသစ်ခွကြောင့်
ပင် ဖြစ်၏။

တစ်နေ့တွင် နောင်မွန်ရွာကလေးသို့ လွန်စွာငွေကြေး
ကြွယ်ဝချမ်းသာပြီး လက်နက်ကိရိယာ၊ စားရေရိက္ခာ အစုံအလင်
ဖြင့် တရုတ်လူမျိုး ခရီးသွားသုံးဦး ရောက်ရှိလာ၏။ ၄င်းတို့မှာ
ငွေကြေးအတော်အတန် ကြွယ်ဝကြသူများဖြစ်ကြောင်း ၄င်းတို့၏
အသုံးအဆောင်များနှင့် ဟန်ပန်အမူအရာကိုကြည့်ရုံး ဒေသခံ



www.burmeseclassic.com

www.burmeseclassic.com



များမှာ အကဲခတ်နေကြ၏။

ထိုသူတို့က မိမိတို့ကိုယ်မိမိတို့ အပျော်တမ်း တောလိုက်မုဆိုးများဖြစ်သည်ဟု ဒေသခံများကိုပြောပြီး နောင်မွန်ရွာကလေးတွင် စခန်းချတည်းခိုကြလေ၏။ ၎င်းတို့ယူဆောင်လာသော အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများကို ဒေသခံများအား လက်ဆောင်ပေးရင်း ရင်းနှီးချစ်ခင်မှုကို ဖန်တီးလုပ်ဆောင်ကြလေ၏။

ရိုးသားသည့် ဒေသခံများမှာ ၎င်းတရုတ်ကုန်သည်များကို ရင်းနှီးဖော်ရွေစွာ ဆက်ဆံကြ၏။ ထိုရွာကလေးတွင် နေထိုင်သည့်ကာလတွင် ၎င်းတို့သည် အမဲလိုက်၊ တောလည်သည့် အလုပ်ကို မလုပ်ဘဲ မကြာခဏဆိုသလို မှိုင်းခံစက္ကူပေါ်တွင် ရေးဆွဲထားသော မြေပုံကိုထုတ်၍ ကြည့်ရှုရင်း ခေါင်းချင်းဆိုင်လျက် ဆွေးနွေးတိုင်ပင်ကြစမြဲဖြစ်၏။

ထိုသူတို့ရောက်လာကတည်းက ကျွန်ုပ်၏ဖခင်သည် ထူးခြားသည့် ၎င်းတို့အမူအရာများကို အကဲခတ်ရင်း နောင်မွန်ရွာသို့ အမဲလိုက်တောပစ်လိုသည့် ရည်ရွယ်ချက်တစ်ခုတည်း မဖြစ်နိုင်ကြောင်း ရိပ်မိသဖြင့် အခြေအနေကို စောင့်ကြည့်နေခဲ့၏။ မကြာခင်မှာပဲ ဖခင်တွေးထင်သကဲ့သို့ ထိုသူတို့မှာ မည်သည့်ရည်ရွယ်ချက်ဖြင့် ရောက်ရှိလာကြောင်း သိရတော့၏။

နောင်မွန်မြို့တွင် စခန်းချရင်း ဆယ်ရက်လွန်မြောက်သည့်နေ့တစ်နေ့တွင် ဖြစ်သည်။ သူတို့သည် နောင်မွန်မြို့၏ မြောက်





ဘက်အရပ်သို့ တောပစ်ထွက်လိုကြောင်းပြောပြီး ရဲစွမ်းသတ္တိနှင့်အတွေ့အကြုံများစွာရှိသည့် တောမုဆိုးတစ်ဦးကို ထိုခရီးအတွက်လမ်းပြအဖြစ် ငှားရမ်းလိုကြောင်း ဒေသခံများအား အကူအညီတောင်းလေရာ ထိုခရီးနှင့် အသင့်လျော်ဆုံး တောမုဆိုးမှာ ကျွန်ုပ်၏ဖခင်သာလျှင်ရှိကြောင်း အကြံပြုပြောကြားလေ၏။

ထိုသို့ဖြင့် ကျွန်ုပ်၏ဖခင်သည် ၎င်းတို့သွားရောက်ရမည့်ခရီးတွင် လမ်းပြအဖြစ်လိုက်ပါရန် သဘောတူလိုက်လေ၏။ ထိုသို့လက်ခံလိုက်ရခြင်းမှာ ဖခင်တွင် အကြံအစည်နှစ်မျိုးရှိ၏။ တစ်မျိုးမှာ ထိုသူတို့၏ ထူးခြားသည့် အမူအရာကို အကဲခတ်မိသဖြင့် ထိုမျှဘေးအန္တရာယ်များပြားသည့် တောတောင်ထူထပ်ရာဒေသသို့ သွားရောက်မည့်ကိစ္စအပေါ် စူးစမ်းလိုသောကြောင့် ဖြစ်သည်။

နောက်တစ်မျိုးမှာ ၎င်းတို့ငှားရမ်းသည့် အခကြေးငွေမှာ အံ့သြဖွယ်ကောင်းလောက်အောင် များပြားသောကြောင့် ဖြစ်သည်။

ထိုသူများမှာ တောမုဆိုးများဟူ၍ အမည်ခံထားသော်လည်း ၎င်းတို့သုံးဦးထဲတွင် မုဆိုးအတွေ့အကြုံရှိသူမှာ ချန်ခိုးပေါင်ဟူသော တရုတ်တစ်ဦးသာလျှင်ဖြစ်ကြောင်း သိလိုက်ရသဖြင့် ဖခင်သည် ၎င်းတို့အတွက် လွန်စွာစိုးရိမ်သွား၏။ အကြောင်းကား ၎င်းတို့ သွားရောက်မည့်ခရီးမှာ လူသူအရောက်အပေါက်မရှိသည့် လွန်စွာနက်ရှိုင်းသည့် တောနက်ကြီးဖြစ်သည့်အပြင် သဘာဝဘေးအန္တရာယ်များ၊ တောရိုင်းတိရစ္ဆာန်များ၏ အန္တရာယ်အတွက်လည်း



www.burmeseclassic.com

www.burmeseclassic.com

လွန်စွာစိုးရိမ်ရသော အရပ်ဒေသဖြစ်သောကြောင့် ဖြစ်၏။

သာမန်အခြေအနေဆိုလျှင် ဖခင်သည် ၎င်းတို့အား စိတ်ရင်းစေတနာဖြင့် ထိုခရီးကို သွားရောက်ခြင်းမပြုကြရန် တိုက်တွန်းပြောကြားမိမှာ အမှန်ဖြစ်၏။ သို့သော်လည်း ထိုသူတို့၏ အမူအရာများက အလွန့်ကို စိတ်အားထက်သန်နေကြပြီး ထိုခရီးကို ဘယ်လိုအကြောင်းနှင့်မှ ပယ်ဖျက်ရလိမ့်မည် မဟုတ်ပေ။

ထိုအခါ ဖခင်သည် မိမိမှာ လမ်းပြဟူသော တာဝန်သာလျှင် မဟုတ်ဘဲ အရေးကြုံလာပါက ၎င်းတို့၏လုံခြုံရေးကိုပါ ကာကွယ်စောင့်ရှောက်ရမည်ဟူ၍ သဘောပေါက်နားလည်လိုက်ရလေ၏။ ခရီးစဉ်အတွက် နှစ်ရက်ခန့်အချိန်ယူပြင်ဆင်ပြီး သူတို့သည် ရွေးချယ်သည့်ခရီးစဉ်ကို စတင်ခဲ့ကြ၏။

ခရီးထွက်ခွာပြီး ဆယ်ရက်ဟူသောကာလကို သူတို့သည် ဘေးအန္တရာယ် တစ်စုံတစ်ရာ မတွေ့ရဘဲ ချောချောမွေ့မွေ့ ရှိနေခဲ့၏။ လမ်းခရီးတွင် သူတို့သည် တရုတ်ဘာသာစကားဖြင့် ပြောဆိုကြလေရာ ဖခင်သည် ၎င်းတို့စကားများကို နားမလည်နိုင်သော်လည်း အမူအရာများကို အကဲခတ်ရင်းဖြင့် တဖြည်းဖြည်း ရိပ်မိလာခဲ့၏။

သူတို့သည် တောပစ်ထွက်လာခြင်း မဟုတ်ကြောင်း သေချာနေပြီဖြစ်၏။ သူတို့သည် မြေပုံစာရွက်ကို မကြာခဏ ဖြန့်ကြည့်ပြီး တစ်စုံတစ်ခုကို ရှာဖွေနေကြခြင်း ဖြစ်သည်။ လမ်းခရီးတွင်





တောကောင်အချို့ကို ပစ်ခတ်ခဲ့သော်လည်း သူတို့မှာ အပျော်တမ်းသေနတ်သမားများကဲ့သို့ လက်တည့်စမ်းသလို ဖြစ်နေ၏။ ပိုင်နိုင်မှာ ပစ်ခတ်နိုင်စွမ်း မရှိကြချေ။ ထို့ပြင် ပစ်ခတ်ရရှိသည့် တောကောင်များကိုလည်း စိတ်ဝင်စားမှုမရှိဘဲ ရိက္ခာအတွက်လောက်သာ သဘောထားကြ၏။

ထိုသို့ဖြင့် တစ်လခန့်ကာလကြာမြင့်သည်တွင် မြစ်ကြောင်းအတိုင်း အထက်ကို ဆန်တက်ခဲ့ကြ၏။ တစ်ပတ်ခန့် ရေကြောင်းခရီးဆက်ခဲ့ပြီးနောက် မြစ်ကြောင်းမှာ သစ်လုံးထွင်းလှေဖြင့် ခရီးဆက်၍မရလောက်အောင် ကျဉ်းမြောင်းနေသည်ကို တွေ့ရသဖြင့် ခြေလျင်ခရီးဆက်ခဲ့ကြ၏။ ထိုခရီးမှာ သူတို့သာလျှင်မဟုတ်ဘဲ လွန်စွာအတွေ့အကြုံရှိခဲ့သည့် ကျွန်ုပ်၏ဖခင်အတွက်လည်း ထူးဆန်းအံ့ဩဖွယ်အရာများကို တွေ့မြင်ရတော့၏။ ဖခင်မှာ အံ့ဩတုန်လှုပ်မိ၍ မိမိတို့အားလုံး၏ အသက်အန္တရာယ်ကို စိုးရိမ်တွေးတောနေမိသော်လည်း ၎င်းတရုတ်များကတော့ အနည်းငယ်မျှ စိုးရိမ်မှုမရှိဘဲ လွန်စွာတက်ကြွပျော်ရွှင်နေကြ၏။

ထိုဒေသတစ်ဝိုက်တွင် တွေ့ရသည့် တောရိုင်းတိရစ္ဆာန်အချို့မှာ သာမန်ရှိသင့်ရှိထိုက်သည့် အရွယ်အစားထက် အဆမတန်ကြီးမားနေသည်ကို တွေ့လိုက်ရခြင်းဖြစ်သည်။ အထူးသဖြင့် မြွေများဖြစ်သည်။ အခြားသော ဖွတ်၊ ပုတတ်၊ လိပ်ပြာများမှာလည်း သာမန်အရွယ်အစားထက် သုံးလေးဆခန့် ကြီးထွားနေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရ၏။

ထိုအချိန်ကျမှ ဖခင်သည် ၎င်းတို့၏လျှို့ဝှက်ချက်ကို တိတိ ကျကျ သိလိုက်ရ၏။ ၎င်းတို့ကိုယ်တိုင် လျှို့ဝှက်မနေတော့ဘဲ ဖွင့် ပြောလိုက်သောကြောင့် ဖြစ်သည်။ ထိုသို့ပြောရခြင်းမှာ ဖခင်၏ တာဝန်သိတတ်မှု၊ ရိုးသားမှု၊ သစ္စာရှိမှုများကို ခရီးစဉ်တစ်လျှောက် တွင် သိရှိခဲ့ရာ စိတ်ချယုံကြည်၍ဖြစ်သည်။ ထိုအရာမှာ အလွယ် ပြောရလျှင် အနီရောင်ပန်းများဖြစ်၏။

ဖခင်သည် ထိုပန်းအတွက်နှင့် သည်လောက်ဘေးအန္တရာယ် များပြားသည့်ခရီးကို စွန့်စားထွက်လာသည့် သူတို့အပေါ် နားမလည် နိုင်အောင် ဖြစ်သွားလေ၏။ ထိုပန်းမှာ သူတို့ပြောသလို ဘယ် လောက်များ အစွမ်းသတ္တိရှိနေလို့လဲ။

သို့သော် ၎င်းပန်းကို အမှန်တကယ် မြင်တွေ့ရစဉ်မှာတော့ ဖခင်၏သံသယအတွေးများမှာ အလုံးစုံကွယ်ပျောက်လို့သွား၏။ လမ်းခရီးတွင် ဘေးအန္တရာယ်တချို့နှင့် ရင်ဆိုင်ရသော်လည်း သူတို့သည် အလွယ်တကူ အနိုင်ယူကျော်ဖြတ်နိုင်ခဲ့ကြ၏။ သို့ဖြင့် သူတို့သည် လွန်စွာနက်ရှိုင်းသည့် ချောက်ကမ်းပါးထိပ်သို့ ရောက်ရှိ ခဲ့ကြ၏။

၎င်းနေရာမှာ သူတို့ခရီးကို အဆုံးသတ်မည့် နေရာဖြစ် ကြောင်း တစ်ဖက်ချောက်ကမ်းပါးတွင် မြင်တွေ့ရသည့် အနီရောင် ပန်းများက သက်သေပြလိုက်ပြီဖြစ်၏။ ထိုမြင်ကွင်းကြောင့် တရုတ်





သုံးဦးမှာ ဟန်ပင်မဆောင်နိုင်လောက်အောင် တစ်ယောက်နှင့် တစ်ယောက် ပွေ့ဖက်ပြီး အားရဝမ်းသာ အော်ဟစ်ခုန်ပေါက်လိုက် ကြ၏။

ချောက်ကမ်းပါးမှာ လွန်စွာနက်ရှိုင်းပြီး တစ်ဖက်ချောက် ကမ်းပါးမှာလည်း လွန်စွာကွာလှမ်းသဖြင့် သူတို့သည် ထိုနေရာ တွင် စခန်းချရင်း အကြံထုတ်ကြလေ၏။ ထိုစဉ်မှာပဲ ထူးဆန်းသည့် အဖြစ်အပျက်တစ်ခုကို ဖခင်သည် မြင်တွေ့လိုက်ရ၏။ တရုတ် သုံးဦးမှာလည်း ထိုမြင်ကွင်းကို အံ့ဩမင်သက်စွာ ငေးကြည့်နေ ကြ၏။

အတော်အတန် ကြီးမားသော မျောက်ကြီးတစ်ကောင် သည် အားအင်ချိနဲ့နေသော မျောက်အိုတစ်ကောင်ကို ၎င်း၏ကျော ပွင်ပိုးလျက် နွယ်ကြိုးများကို ခိုစီးကာ ချောက်တစ်ဖက်ကမ်းသို့ ခုန်ကူးသွား၏။ တစ်ဖက်သို့ရောက်သည်နှင့် မျောက်အိုကြီးကို မြေတွင်ချထားခဲ့ပြီး ပန်းအနီများကိုခူးပြီးနောက် မျောက်အိုကြီးကို ကျွေးလေ၏။

မျောက်အိုကြီးမှာ တုန်တုန်ချိချိ ဝါးစားနေရင်းမှာပင် ကျန်းမာသန်စွမ်းသည့် မျောက်ကလေးတစ်ကောင်ကဲ့သို့ ထူထူ ထောင်ထောင်ဖြစ်လာပြီး ရုတ်တရက်ပင် ဟိုသည်ခုန်လွှားသွား နေသည်ကို တွေ့ရလေ၏။ ထိုမြင်ကွင်းကြောင့် ဖခင်သည်လည်း တရုတ်သုံးဦးမှာ အဘယ့်ကြောင့် ထိုပန်းကို ရတနာသိုက်ကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



စွန့်စားရှာဖွေရခြင်းဖြစ်ကြောင်း သဘောပေါက်နားလည်သွားတော့၏။

ထိုသူတို့၏ အကြံအစည်ကိုလည်း ထိုအချိန်မှာပဲ အလုံးစုံ သိရှိခဲ့ရ၏။ သူတို့မှာ ဖခင်အပေါ် ယုံကြည်ကိုးစားမှုရှိနေပြီဖြစ်ရာ သူတို့အကြံအစည်များကို မချွင်းမချန်ဘဲ ပြောပြကြလေ၏။

ထိုပန်းများမှာ ကမ္ဘာတွင် လွန်စွာရှားပါးသည့် သစ်ခွနီ များဖြစ်ကြောင်း၊ သူတို့သည် တောမုဆိုးများမဟုတ်ဘဲ သစ်ခွမုဆိုး များဖြစ်ကြကြောင်း၊ မြန်မာပြည်ထဲတွင် ထိုသစ်ခွများ ပေါက်ရောက် လျက်ရှိကြောင်းကို သစ်ခွမုဆိုးတစ်ဦးထံမှ အခိုင်အမာ သတင်းရရှိ သဖြင့် လွန်စွာပျော်ရွှင်ခဲ့ကြောင်း၊ ထိုသစ်ခွ၏မျိုးစေ့များကို အရ ယူပြီး ရုက္ခဗေဒပညာရပ်ဖြင့် မျိုးပွားပြီး အများအပြား စိုက်ပျိုးနိုင် ခဲ့လျှင် နေ့ချင်းညချင်း ကြီးပွားချမ်းသာမည်ဖြစ်ကြောင်း၊ ထိုသစ်ခွ ကိုရရှိရန် သူတို့သည် ကမ္ဘာ့နိုင်ငံအတော်များများသို့ လှည့်လည် သွားရောက်ပြီး ယခုကဲ့သို့ တောနက်ကြီးများအတွင်း စွန့်စားရှာဖွေ သော်လည်း အနည်းငယ်မျှပင် မတွေ့ရှိရကြောင်း စသဖြင့်ပြောပြီး သစ်ခွ၏အသုံးဝင်မှုများကို ရှင်းပြလေ၏။

ထိုစကားကို ဖခင်သည် **တအံ့တသြ** နားထောင်ရင်းဖြင့် အတွေး၌လည်း စိတ်ကူးတစ်ပိုင်း ရရှိလိုက်လေ၏။ ကျွန်ုပ်တို့မြန်မာ နိုင်ငံသည် ရေမြေသယံဇာတ လွန်စွာပေါကြွယ်ဝသည့် နိုင်ငံဖြစ် ရာ ကမ္ဘာတွင် လွန်စွာရှားပါးသည့် ၄င်းအနီရောင်သစ်ခွပန်းကို





ဘန်ဖိုးရှိရှိ အသုံးချပြီး ငွေကြေးအမြောက်အမြား ရရှိပါက သူ့ကျွန် ဘဝရောက်ရှိနေသည့် မြန်မာနိုင်ငံကို ကယ်တင်နိုင်မည်ဟူသော အတွေးပင်ဖြစ်၏။

ထိုအတွေးနှင့်အတူ ဖခင်သည် ၄င်းတို့ကဲ့သို့ အနီရောင် သစ်ခွ၏မျိုးစေ့ကို အရယူမည်ဟု ဆုံးဖြတ်လိုက်လေ၏။ သို့သော် လည်း ကံကြမ္မာသည် မိမိဖြစ်ချင်သလို ဖြစ်ခွင့်မပြုခဲ့ပေ။

ချောက်တစ်ဖက်ကမ်းတွင် စခန်းချရင်း တစ်နေ့တာကုန် ဆုံးသွားသော်လည်း သူတို့သည် တစ်ဖက်ချောက်ကမ်းပါးဆီသို့ သွားရောက်နိုင်မည့် နည်းလမ်းကို ကြံစည်၍မရဘဲ ဖြစ်နေကြ၏။ နောက်တစ်နေ့မနက်မှာပဲ ဖခင်သည် ယခင်နေ့က တွေ့ခဲ့ရသည့် မျောက်တစ်ကောင်သွားရောက်ပုံကို မြင်ယောင်မိပြီး ထိုနေရာသို့ ရောက်ရှိရန် တစ်ခုတည်းသော နည်းလမ်းမှာ ၄င်းမျောက်ကဲ့သို့ နွယ်ကြိုးဖြင့် ဖြတ်ကျော်မှသာ ဖြစ်ပေတော့မည်။

ထိုအကြံအစည်ကြောင့် ဖခင်သည် နွယ်ကြိုးများကို ခုတ် သစ်ဖြတ်တောက်ပြီး နွယ်ကြိုးသုံးချောင်းလောက် ဆက်လိုက်သော အခါ လိုချင်သောအရှည်ကို ရရှိသွား၏။ ထို့နောက် နွယ်ကြိုးကို ခါးတွင်ချည်၍ အတော်အတန်မြင့်မားသော ကမ္ဘလာပင်ကြီးပေါ် ဘက်သွားပြီး ချောက်ကမ်းပါးဘက်သို့ ပေါ်ထွက်နေသော သစ်ကိုင်း ကြီးတွင် ခါးမှနွယ်ကြိုးကိုဖြုတ်၍ ချည်နှောင်လိုက်၏။

ထိုမြင်ကွင်းကိုကြည့်၍ တရုတ်အဖွဲ့မှာ လွန်စွာအံ့သြသဘောကျ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး နွယ်ကြိုးခိုင်ခန့်မှုကို ဆန်းစစ်သည့်အနေဖြင့် တွဲခိုကြည့် ကြ၏။ ကြိုးမှာ စိုးရိမ်စရာမရှိကြောင်း ယုံကြည်သွားကြသော်လည်း တစ်ဖက်သို့ကူးရန်ကိစ္စအတွက် သူတို့သည် ခေါင်းချင်းဆိုင်ကာ တိုင်ပင်ကြ၏။ အဆုံးသတ်အဖြေမှာ တရုတ်နှစ်ယောက် နွယ်ကြိုး ဖြင့်ခိုပြီး တစ်ဖက်သို့ ဖြတ်ကျော်မည်ဖြစ်ကြောင်း၊ ကျန်တရုတ် တစ်ဦးနှင့် ဖခင်မှာ အခြေအနေကိုစောင့်ကြည့်ရင်း ကျန်ရစ်ခဲ့မည် ဖြစ်ကြောင်း ဆုံးဖြတ်ကြ၏။

တရုတ်နှစ်ယောက်ထဲမှ ပို၍ငယ်ရွယ်သော တရုတ်တစ် ဦးက နွယ်ကြိုးကိုဆွဲယူရင်း နောက်ဖက်ခပ်လှမ်းလှမ်းသို့ဆုတ်ကာ အရှိန်နှင့်ပြေးလျက် ရဲဝံ့စွာ ဖြတ်ကျော်လေ၏။ တစ်ဖက်ချောက် ကမ်းပါးသို့ ချောမွေ့စွာ ရောက်ရှိသွားပုံကိုကြည့်ရင်း ကျန်လူများ မှာ အားရဝမ်းသာ အော်ဟစ်လိုက်ကြ၏။ နောက်တရုတ်တစ်ဦး မှာလည်း ထိုသို့ပင် ကျော်ဖြတ်ရောက်ရှိသွား၏။

ထို့နောက် သူတို့နှစ်ဦးသည် သစ်ခွနီအပင်များအနီး သတိထားချဉ်းကပ်သွားပြီး ဂရုတစိုက် ကြည့်ရှုကြလေ၏။ အတန် ကြာကြည့်ရှုပြီးနောက် တစ်ဖက်ချောက်ကမ်းပါးတွင် ကျန်ရှိခဲ့သည့် မစ္စတာချန်ခိုးပေါင်ဟူသော တရုတ်ကို တရုတ်ဘာသာစကားဖြင့် အားရဝမ်းသာ အော်ဟစ်ပြောလေ၏။

ထိုအသံမှာ တောနက်ကြီးအတွင်း ဟိန်းထွက်သွားလေ ၏။ ဖခင်က တစ်စုံတစ်ခုကို တွေးမိလိုက်သဖြင့် မစ္စတာချန်ခိုးပေါင်





ကို ကပျာကယာ သတိပေးလိုက်၏။ နက်ရှိုင်းသည့် တောနက်ကြီး ၌ ထိုသို့အော်ဟစ်ပြောဆိုခြင်းမပြုဘဲ ဖြစ်နိုင်ပါက အမူအရာဖြင့် သာ အချက်ပြသင့်ကြောင်း သတိပေးလိုက်ခြင်းဖြစ်သည်။ ထိုအခါမှ မစ္စတာချန်ခိုးပေါင်ဟူသော တရုတ်ကလည်း သတိပြုမိသွားပြီး စိုးရိမ်တကြီးဖြစ်ကာ တစ်ဖက်ချောက်ကမ်းပါးဆီမှ တရုတ်နှစ်ယောက် ကို ထိုသို့အော်ဟစ်ပြောဆိုခြင်းမပြုရန် အော်ဟစ်ပြောလိုက်ပြန်ရာ အခြေအနေမှာ ပို၍ဆိုးဝါးသွားတော့၏။

ထိုတရုတ်နှစ်ယောက်သည် သစ်ခွပန်းတစ်ချို့ကို ခူးဆွတ် ကာ တစ်ပွင့်စီစားကြည့်ကြ၏။ ထို့နောက် သစ်ခွမဆိုးများပီပီ အပင်ကို မျိုးပီဇမပျက်စီးအောင် နှုတ်ယူနေစဉ်မှာပဲ ဘယ်လိုမှ ထင်မှတ်မထားသည့် ဘေးအန္တရာယ်နှင့် ရင်ဆိုင်ရတော့၏။ ထို အန္တရာယ်ကို ဖိတ်ခေါ်လိုက်ခြင်းမှာ စောစောတုန်းက သူတို့အော် ဟစ်လိုက်ကြသည့် အသံများကြောင့်ပင် ဖြစ်သည်။

ဘယ်ကဘယ်လို ရောက်လာမှန်းမသိသော မျောက်တစ် အုပ်ရောက်ရှိလာပြီး ထိုတရုတ်နှစ်ဦးကို အပြင်းအထန် တိုက်ခိုက် ကြလေ၏။ ထိုမြင်ကွင်းကိုကြည့်ရင်း မစ္စတာချန်ခိုးပေါင်နှင့် ဖခင် တို့မှာ မည်သို့အကူအညီပေးရမှန်းမသိ ဖြစ်နေကြ၏။ အချိန်နှောင့် နှေးနေ၍လည်း မဖြစ်တော့ပြီမို့ ဖခင်နှင့် ချန်ခိုးပေါင်တို့သည် သေနတ်ချက်စတာရိုင်ဖယ်သေနတ်ဖြင့် ထိုးချိန်လိုက်ကြ၏။

သို့သော်လည်း ပစ်ခတ်ရန် အခက်အခဲ ဖြစ်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



လူနှင့်မျောက်များ ရှုတ်ထွေးနေသောကြောင့် ဖြစ်သည်။ သို့နှင့် သူတို့နှစ်ဦးသည် ကပျာကယာ တိုင်ပင်လိုက်ပြီး သေနတ်လေးငါ ချက်ဆင့်၍ ပစ်ဖောက်ကာ ချောက်လှန့်လိုက်ရ၏။ သေနတ်သံ ကြောင့် မျောက်များလည်း အထိတ်တလန့် ဆုတ်ခွာသွားရာ ထို အခြေအနေကို အခွင့်ကောင်းယူ၍ ဖခင်က မျောက်အုပ်ထဲသို့ ချိန်ရွယ်ပစ်ခတ်လိုက်ရာ မျောက်နှစ်ကောင်ထိမှန်ပြီး ချောက်ထဲ ပြုတ်ကျသွားတော့၏။

မျောက်များမှာလည်း ကြောက်အားလန့်အားဖြင့် ဝရုန်း သုန်းကား ဆုတ်ခွာသွားတော့၏။ မျောက်များ၏ ဝိုင်းဝန်းတိုက် ခိုက်ခြင်းကိုခံရသည့် တရုတ်နှစ်ဦးမှာ ဒဏ်ရာများရရှိပြီး အတော် အထိနာသွားပုံရ၏။ ဇိုးရိမ်ဖွယ်အခြေအနေမျိုး မဟုတ်သောကြောင့် ဖခင်နှင့် ချန်ခိုးပေါင်တို့လည်း သက်ပြင်းကိုယ်စီချမိကြ၏။ အမော မှပင် မပြေသေး။ ၎င်းမျောက်အုပ်များထက် ဆိုးဝါးသည့် ဘေး အန္တရာယ်နှင့် ထပ်မံရင်ဆိုင်ရပြန်၏။

မြင်ကွင်းမှာ သွေးပျက်တုန်လှုပ်ဖွယ် ကောင်းလှပေ၏ ချောက်ထဲမှ အရွယ်အစား အမျိုးမျိုးရှိသော မြွေများအုပ်စုဖွဲ့တက် လာကြခြင်း ဖြစ်သည်။ တစ်ဖက်ကမ်းမှ တရုတ်နှစ်ဦးမှာ မည်သို့ ရှိမည် မသိသော်လည်း ချန်ခိုးပေါင်နှင့် ဖခင်တို့မှာတော့ အသက် ရှူရန်ပင် မေ့နေတော့၏။ ထိုအချိန်မှာတော့ ဖခင်သည် တာဝန် သိစိတ်ဖြင့် စွန့်စားဆောင်ရွက်ရန် ဆုံးဖြတ်ပြီး သေနတ်နှင့် ကျည်





ဒူများကို ခန္ဓာကိုယ်တွင် ချိတ်ဆွဲလျက် တစ်ဖက်ချောက်ကမ်းပါး ရှိတရုတ်နှစ်ဦးထံသို့ နွယ်ကြိုးဖြင့် တွဲခိုကာ သေနတ်များကို ပစ်ချ ပေးလိုက်၏။

ထိုအချိန်တွင် မြွေများ နီးကပ်စွာ ရောက်ရှိနေပြီဖြစ်၏။ တရုတ်နှစ်ဦးလည်း မြွေများကို ပစ်ခတ်တော့၏။ မြွေများမှာ မျောက်များကဲ့သို့ ဆုတ်ခွာမသွားဘဲ တိုးသထက်တိုးလာရာ ပစ် ခတ်ရင်းမှာပင် ကျည်ဆံကုန်သွားကြလေ၏။ ချန်ခိုးပေါင်နှင့် ဖခင် တို့မှာလည်း တစ်ဖက်ချောက်ကမ်းပါးမှနေ၍ ကူညီပစ်ခတ်ပေး သော်လည်း မြွေအရေအတွက်မှာ လွန်စွာများပြားလွန်းသည် ကြောင့် ထိရောက်မှုမရှိလှပေ။

ထိုအခါ ဖခင်သည် နွယ်ကြိုးကိုခိုလျက် ဟိုဖက်သည် ဖက်လွှဲနေရင်း တရုတ်နှစ်ယောက်ကို ဒီဘက်ချောက်ကမ်းပါးသို့ မိမိခန္ဓာကိုယ်ကို ဖက်တွယ်ရင်း လိုက်ပါနိုင်ရန် စွန့်စားဆောင်ရွက် လေ၏။ လွန်စွာအသက်ဆုံးရှုံးဖွယ် စွန့်စားမှုမျိုးဖြစ်၍ မစ္စတာ ချန်ခိုးပေါင်သည် ဖခင်အပေါ် အထူးပင် လေးစားကြည်ညိုသွား လေ၏။

ဖခင်၏စွန့်စားဆောင်ရွက်မှုမှာ အနည်းငယ်မျှ ထိရောက် မှုမရှိခဲ့ပေ။ ၎င်းတရုတ်နှစ်ဦးမှာ ဖခင်၏ခန္ဓာကိုယ်ကို ဖက်တွယ် လိုက်ပါရန် ကြိုးစားနေစဉ်မှာပဲ အလျင်အမြန် ချဉ်းကပ်လာသည့် မြွေများ၏ ပေါက်သတ်ခြင်းကို ခံကြရပြီး သေဆုံးသွားကြသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဖြစ်သည်။ ထိုမျှသာမက ၎င်းတို့အသက်နှင့်ရင်းပြီး စွန့်
စားရှာဖွေတွေ့ရှိခဲ့သည့် အနီရောင်သစ်ခွပန်းများမှာလည်း မြေမှား
၏ဖျက်ဆီးမှုကြောင့် အလုံးစုံပျက်စီးသွားသည်ကို တွေ့လိုက်ရ၏။

မစ္စတာချန်ခိုးပေါင်သည် ထိုမြင်ကွင်းကိုကြည့်ရင်း ကိုယ့်
ကိုယ်ကို ဆောက်တည်နိုင်စွမ်းမရှိအောင် သွေးပျက်ချောက်ချား
သွားရာမှ သည်းခြေပျက်သွားပြီး ဖခင်နှစ်သိမ့်ဖျောင်းဖျနေစဉ်မှာ
ပဲ ခါးတွင်ချိတ်ဆွဲထားသည့် ခြောက်လုံးပြူးသေနတ်ကိုထုတ်၍
မိမိကိုယ်မိမိ အဆုံးစီရင်သွားတော့၏။

ဖြစ်ပျက်မှုမှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း
ဖြစ်သောကြောင့် ထိုမြင်ကွင်းကိုကြည့်ရင်း ဖခင်သည် လွန်စွာ
ဝမ်းနည်းခံစားသွားလေ၏။ မိမိမှာ တာဝန်မကျေသူကဲ့သို့ ခံစား
လိုက်ရသောကြောင့် ဖြစ်သည်။

ထိုသူတို့မှာ မည်သို့သော ရည်ရွယ်ချက်များရှိသည်ဖြ
ပါစေ။ မိမိအပေါ်တွင် အခကြေးငွေဖြင့် ငှားရမ်းသည့် အလု
သမားကဲ့သို့ မဆက်ဆံဘဲ မိတ်ဆွေရင်းပမာ ဆက်ဆံကြသော
ကြောင့် ဖြစ်သည်။ ဖခင်သည် စိတ်နှလုံးကြေကွဲစွာဖြင့် အတ
ကြာမျှ တွေဝေငေးငိုင်နေရာမှ မိမိသည်လည်း ထိုသူတို့အပေါ်တွ
နောက်ဆုံးအချိန်ထိ မိတ်ဆွေကောင်းပီသကြောင်းကို ၎င်းတို့
အသက်ဝိညာဉ်ကင်းမဲ့နေသည့် ရုပ်အလောင်းများအား ကောင်
မွန်စွာ မြေမြှုပ်သင်္ဂြိုလ်ရန် ဆုံးဖြတ်လိုက်လေ၏။





ထိုတစ်ကြိမ်မှာလည်း ကျွန်ုပ်ဖခင်၏ဆန္ဒမှာ ပြည့်ဝခဲ့ခြင်း
မရှိပေ။ ထိုသူတို့၏ ရုပ်အလောင်းများကို မြှုပ်နှံရန် လုပ်ကိုင်နေစဉ်
မှာပဲ လွန်စွာကြီးမားသော မြွေများရောက်ရှိလာသဖြင့် မိမိအသက်
အန္တရာယ်လွတ်မြောက်ရန် ကိုယ်လွတ်ရုန်းထွက်ပြေးခဲ့ရ၏။ မိမိ
တစ်ကြိမ်တစ်ခါမှ မရောက်ဖူးခဲ့သည့် အရပ်ဒေသဖြစ်သည်က
တစ်ကြောင်း၊ ခရီးလမ်းကြမ်းတမ်းခက်ခဲသည်ကတစ်ကြောင်း၊ လက်
နက်ခဲယမ်းကိရိယာဟူ၍ တစ်စုံတစ်ခုမျှ ပါလာခြင်းမရှိသည်က
တစ်ကြောင်း ကျွန်ုပ်ဖခင်သည် မိမိနေရပ်သို့ရောက်ရှိရန် ကာလ
များစွာ ကြာမြင့်သည်အထိ ပင်ပန်းကြီးစွာ ဖြတ်သန်းခဲ့ရသည်။

နောင်မွန်ရွာသို့ ပြန်လည်ရောက်ရှိသောအခါ ဖခင်သည်
အရုပ်ကြိုးပြတ်ဟူသကဲ့သို့ ငှက်ဖျားရောဂါကို အပြင်းအထန်ခံစား
ရတော့၏။ အထက်ပါအဖြစ်အပျက်များကို ဖခင်သည် ကျွန်ုပ်အား
၎င်းမသေဆုံးခင် တစ်ခုသောနေ့တစ်နေ့တွင် ကျွန်ုပ်အား ပြောပြ
ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ကျွန်ုပ်အား အလေးအနက် မှာကြားခဲ့သည်
မှာ ထိုမျှရှားပါးအဖိုးတန်သည့် အနီရောင်သစ်ခွများမှာ မိမိတို့
မြန်မာနိုင်ငံအတွင်း၌ ရှိနေကြောင်း၊ တစ်နေ့နေ့တစ်ချိန်ချိန်တွင်
သိုပန်းကို စွန့်စားရှာဖွေစေလိုကြောင်း၊ ရုက္ခဗေဒပညာရပ်ကို အထူး
ပြုသင်ယူခဲ့သည့် ကျွန်ုပ်အား ၎င်းပန်းကိုရရှိပါက တိုးတက်ကြီးပွား
အောင် ကြံဆပြီး အမိမြန်မာနိုင်ငံအတွက် အသုံးပြုစေလိုကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အလေးအနက် မှာကြားသွားလေ၏။

ဖခင်ဆုံးပါးသွားပြီးနောက်တွင် ကျွန်ုပ်သည် ၄င်းသစ်ခွ နှင့်ပတ်သက်၍ လေ့လာစုဆောင်းမှုများ ပြုလုပ်ခဲ့၏။ ရုက္ခဗေဒ ပညာရှင်များ အဆိုအရ ပတ္တမြားသစ်ခွ (Ruby Orchid)၊ တစ်ခါ ကတော့ သစ်ခွနီ (Blood Orchid) ဟူ၍ ခေါ်ဆိုကြ၏။ ထိုသစ်ခွ များမှာ ကျောက်တောင်များတွင် ကပ်၍ပွင့်လေ့ရှိပြီး ၄င်းကိုစား သုံးသော သတ္တဝါများမှာ အသွင်ပြောင်းခြင်း၊ စွမ်းအင်ကြီးမားလာ ခြင်း၊ ကိုယ်ခန္ဓာကြီးထွားလာခြင်း စသောထူးခြားမှုများ ရရှိကြလေ ၏။

ထို့ကြောင့် ယင်းသစ်ခွများပွင့်ရာ အနီးဝန်းကျင်တစ်ဝိုက် ရှိ သတ္တဝါများမှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် ကိုယ် ခန္ဓာများ ကြီးထွားကြသဖြင့် အကယ်၍ ထိုသစ်ခွကို တွေ့ရှိခဲ့လျှင် တောင်မှ ခူးဆွတ်ရယူရန် လွယ်ကူမည်မဟုတ်ပေ။ မည်သို့ပင် ဖြစ်စေ ကျွန်ုပ်သည် ဖခင်မှာကြားသည့် စကားများကို နှလုံးအိမ်၌ စွဲမြဲမှတ်သားပြီးဖြစ်ရာ အခါအခွင့်သင့်ပါက ၄င်းပတ္တမြားသစ်ခွ (Ruby Orchid) ကို စွန့်စားရှာဖွေမည်ဟု ဆုံးဖြတ်ထားလေ၏။

ထိုနေရာမှာပဲ မှတ်တမ်းသည် အဆုံးသတ်သွားပြီဖြစ်ရာ စိတ်ဝင်တစား ဖတ်ရှုနေသည့် နော်ရှိုးလည်း ပတ်ဝန်းကျင်ကို သတိပြုမိလိုက်၏။

"အို . . . အချိန်တောင် အတော်လင့်သွားပါလား။ ညနေ





စောင်းတောင် မကတော့ဘူး"

ဟု ညည်းတွားပြောဆိုလျက် မျက်နှာကျက်တွင် ချိတ်ဆွဲ ထားသည့် ကျားပါးစပ်မီးအိမ်ကို ကြည့်လိုက်ရာ မီးအရှိန် သိသိ သာသာ လျော့ကျနေသည်ကို တွေ့လိုက်ရ၏။ သူမသည် စာအုပ် စာတမ်းများကို နေသားတကျ ပြန်ထားလိုက်ပြီး အဖွဲ့သားများ အတွက် ညနေစာစီစဉ်ပေးရန် တံခါးရွက်ကို ဆွဲဖွင့်လိုက်စဉ် . . .

"ဝုန်း . . ."

"အမလေး . . . ဘုရား . . . ဘုရား . . ."

တံခါးရွက်ကို အရှိန်ဖြင့် ပြေးဆောင့်သည့် အသံကြောင့် သူမသည် အထိတ်တလန့် ဖြစ်သွားစဉ်မှာပဲ တံခါးဝတွင်/ရပ်နေသူ တစ်ဦးကို တွေ့လိုက်ရ၏။ ထိုသူမှာ ပဟေဠိဆန်သော ကျော်စွာ ဟူသည့် ပုဂ္ဂိုလ်ဖြစ်နေလေ၏။ စောစောတုန်းက တံခါးရွက်အား ပြေးဆောင့်လိုက်သည့်အသံမှာ ထိုသူ၏နံဘေးတွင် အမြီးတန္နံ့နံ့ ဖြင့်ရှိနေသည့် ခွေးကြောင့်ဖြစ်၏။

"ညနေစောင်းတဲ့အထိ ခင်ဗျားထွက်လာတာ မတွေ့ရလို့ အားလုံးက ခင်ဗျားကို ခရီးပမ်းပြီး နေမကောင်းဖြစ်နေပြီလို့ ထင် နေကြတာ၊ ဒါကြောင့် စိတ်အေးလက်အေး အနားယူပါစေဆိုပြီး ခင်ဗျားကို လာမခေါ်ကြတာ၊ ဒီအခန်းက ကျွန်တော့်အခန်းဖြစ် တော့ ညဥ့်နက်ပိုင်းရောက်ရင် ဘယ်လိုနေရမလဲဆိုတာ သိချင်ယ် လေ၊ ဒါကြောင့် ခင်ဗျားအတွက် စောင်နဲ့ခေါင်းအုံးလာပို့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



နော်ရှီးသည် မည်သို့တုန့်ပြန်ပြောဆိုရမည် မသိဖြစ်နေစဉ်မှာဘဲ ကျော်စွာက ခေါင်းအုံးနှင့် စောင်များပေးပြီးသည်နှင့် ထွက်ခွာသွားလေရာ ထိုအရာများကို ပွေ့ထားလျက်က ယောက်ျား ပီသခန့်ငြားသော ကျော်စွာ၏ နောက်ကျောကိုကြည့်၍ "ဟက်ခနဲ" ရယ်လိုက်လေတော့၏။

* * * *



## အခန်း (၁၁)

မြစ်ကြောင်းအတိုင်းအထက်ဖက်သို့ ဆန်တက်လာရာ ဆက်ကာလတစ်ပတ်သို့ ကြာမြင့်ခဲ့ပြီဖြစ်၏။ ထိုကာလအတွင်း သူတို့သည် ၎င်းသင်္ဘောပေါ်မှာပင် အချိန်ကုန်လွန်ခဲ့ကြ၏။ စားလိုက် ကောက်လိုက်၊ စကားပြောဆိုလိုက်ကြဖြင့် ဝေလမင်းသားအား ဆက်သမည့် ရှားပါးသစ်ခွများနှင့်ပတ်သက်၍ ဆွေးနွေးအဖြေရှာကြ၏။

ခုနှစ်ရက်လွန်မြောက်၍ ရှစ်ရက်မြောက်နေ့မှာပဲ သူတို့ ပင်နီးကို စတင်အကောင်အထည်ဖော်ခွင့်ရကြလေ၏။ အဖွဲ့ ခေါင်းဆောင်ဒေါက်တာထင်အောင်ကျော်မှာ သင်္ဘောဦးပိုင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



မြစ်ကမ်းတစ်ဖက်တစ်ချက် မြင်ကွင်းများကို စစ်သုံးမှန်ပြောင်းဖြင့် မပြတ်ကြည့်ရှုနေရာ ထိုနေ့မှာတော့ ၎င်းတို့လိုချင်သည့် သစ်ခွမျိုးစေ့များကို စတင်တွေ့ရှိရတော့၏။

ထိုအခါ သူတို့အဖွဲ့သည် သင်္ဘောကို ကမ်းကပ်ရပ်နားပြီး သစ်ခွတစ်တမ်းကောက်ယူရန် ပြင်ဆင်ကြတော့၏။ မြင်တွေ့ရသည့် ရုက္ခဗေဒမျိုးဗီဇများမှာလည်း သူတို့အဖွဲ့သားများအတွက် အံ့သြစရာ ဖြစ်နေတော့၏။ ရေစပ်တွင်ပေါက်နေသော သစ်ခြောက်ပင်သဏ္ဌာန် အစိမ်းရောင်အပင်ငယ်ကို တွေ့ရသဖြင့် သူတို့သည် စိတ်ဝင်တစား လေ့လာကြ၏။

အဖွဲ့ခေါင်းဆောင်ဒေါက်တာထင်အောင်ကျော်က အပင်ကို နှုတ်ယူလိုက်ပြီး ဤသို့ရှင်းပြလေ၏။

"ဒီအပင်က အယ်လ်ဂျီမျိုးရင်းပဲ၊ ရုက္ခပညာရှင်တွေက သူ့ကို လူသေလက်ချောင်းလို့ နာမည်ပေးထားတယ်၊ Dead Men's Finger ပေါ့၊ သူ့မှာ ကလိုရိုဖီးလ်ပါတဲ့ အစိမ်းရောင်ကလိုရိုပလပ်ရှိတယ်၊ အများစုက ရေချိုမှာ အပေါက်များတယ်၊ အစိုဓါတ်ရှိပြီး နေရောင်ခြည်ရတဲ့နေရာတွေမှာ ရှင်သန်ကြတယ်၊ အယ်လ်ဂျီအများစုမှာ ဆဲလ်တစ်ခုပဲရှိပေမယ့် ဒီလူသေလက်ချောင်း အယ်လ်ဂျီကတော့ ဆဲလ်အများအပြားနဲ့ ဖွဲ့စည်းထားတာဖြစ်တယ်"

"ကြံကြံဖန်ဖန် နာမည်ပေးတတ်တယ်နော်၊ တကယ်ပဲ လက်ချောင်းလေးတွေနဲ့ တူပါပေရဲ့"





ရှယ်လီစတုန်းက တအံ့တသြ မှတ်ချက်ပြုလေ၏။ ထိုနေရာကို ရွေးချယ်လိုက်ကြခြင်းမှာ မှန်ကန်သည်ဟု ယူဆရမည်ဖြစ်၏။ ၎င်းနေရာကို ဗဟိုထား၍ သူတို့သည် သစ်ခွမျိုးနွယ်စုများကို ရှာဖွေစူးစမ်းကြရာ ဂျပန်မြေလျှောက်သစ်ခွ (Japanese Ground Orchid)၊ တစ်ခါပွင့်လျှင် တစ်ပွင့်သာပွင့်သော လေဒီစလစ်ပါသစ်ခွ၊ ကတ်တလီယာသစ်ကပ်သစ်ခွ (Cattleya) တို့ကိုတွေ့ရှိပြီး မှတ်တမ်းတင်မျိုးယူကာ စာရင်းသွင်းနိုင်ခဲ့ကြ၏။

ဒေါက်တာထင်အောင်ကျော်တို့ အဖွဲ့သားများမှာ သူတို့ အထူးပြုလေ့လာလိုက်စားသည့် ရုက္ခဗေဒပညာရပ်အတွင်း၌ မမောနိုင်အောင် ရှာဖွေစူးစမ်းကြလေ၏။ ၎င်းတို့နှင့်ခွဲထွက်လျက် လေ့လာစူးစမ်းမှုများကို သီးခြားလုပ်ကိုင်နေသူမှာ ဆေးဆရာကြီးဦးဒေဝဖြစ်သည်။ သူသည် ဆေးဖက်ဝင်သစ်ပင်မျိုးနွယ်များကို အဓိကရှာဖွေစူးစမ်းလျက်ရှိ၏။ ထိုအလုပ်ကို လုပ်ကိုင်နေရင်းဖြင့် သူသည် တစ်ခါတစ်ရံတွင် ရှေ့နောက်ဝဲယာ ပတ်ဝန်းကျင်ကိုကြည့်လိုက်၊ တစ်စုံတစ်ရာကို လေးနက်စွာ တွေးလိုက်ဖြင့် တစ်ဦးတည်း အလုပ်ကိုင်နေလေ၏။

ထိုသို့ပြုလုပ်နေရင်းမှာ တစ်စုံတစ်ရာ ရည်ရွယ်ချက်ရှိကြောင်းကို ထိုအဖွဲ့တွင် သူနှင့်ဒေါက်တာထင်အောင်ကျော်သာလျှင် သိရှိကြ၏။ စခန်းချရပ်နားသည့်အခါတိုင်း သူတို့နှစ်ဦးသည် အခြားသူများနှင့် ရောနှောခြင်းမပြုဘဲ သီးခြားခွဲထွက်ကာ တီးတိုး



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်ကြစမြဲ ဖြစ်၏။

"အဘအတတ်နိုင်ဆုံး စဉ်းစားပုံဖော်နေပေမယ့် အခုချိန် ထိတော့ တစ်စုံတစ်ရာ၊ ရှင်းရှင်းလင်းလင်း ကောက်ချက်မချနိုင် သေးဘူး မောင်ထင်အောင်ကျော်၊ အဖြစ်အပျက်က ဆယ်စုနှစ် မက ကြာခဲ့ပြီဆိုတော့ အတော့်ကို စဉ်းစားပုံဖော်နေရတယ်၊ အဘ အထင်တော့ ဒီမြစ်ကြောင်းခရီးအတိုင်း အတော်ဝေးဝေးခရီးဆက် ရဦးမယ် ထင်တယ်"

ဆေးဆရာကြီးဦးဒေဝက ထိုသို့ပြောသော်လည်း ဒေါက် တာထင်အောင်ကျော်မှာ အနည်းငယ်မျှ စိတ်ဓါတ်ကျဟန်မရှိဘဲ စိတ်အားထက်သန်ဆဲပင် ရှိနေလေ၏။ သူတို့အဖွဲ့သည် ညနေ စောင်းသည်အထိ လေ့လာစူးစမ်းမှုများ ပြုလုပ်ပြီးနောက် ဆက် လက်ခရီးဆက်ခဲ့ကြ၏။

မြစ်ကြောင်းအတိုင်း ခရီးဆက်ခဲ့ရာ ညနေစောင်းသည် နှင့် နက်ရှိုင်းသည့် တောနက်ကြီးအတွင်း၌ဖြစ်၍ အမှောင်ကြီးစို မှုက လျင်မြန်စွာ ကျရောက်လို့လာ၏။

ကျော်စွာသည် မီးမောင်းထိုးရင်း သင်္ဘောစက်အရှိန်ကို လျှော့ချရန် စိုင်းလုံအား ပြောလိုက်၏။ အထက်ဖက်ရောက်လာ လေလေ ချောင်းမှာ သိပ်မကျယ်ဝန်းတော့ဘဲ အချို့နေရာများတွင် ချောင်းထဲကိုင်းနေသော သစ်ပင်များအောက်မှ ဖြတ်မောင်းသွား ရ၏။







အချို့သစ်ပင်များမှာ သင်္ဘောခေါင်မိုးနှင့်ပင် မလွတ်ပေ။ သူသူအရောက်အပေါက်ဟူ၍ မတွေ့ရတော့ဘဲ ကြည့်လေရာ၊ မြင်လေရာတိုင်းမှာ တောတန်းများ၊ တောနက်ကြီးများကသာ ဝန်းရံ ငြိမ်းမိုးထားလေ၏။

၄င်းတို့ဖြတ်သွားသော မလိခမြစ်သွယ်မှာ မြင့်မားသော တောင်နှစ်လုံးကြားမှ သွယ်တန်းစီးဆင်းနေသော မြစ်တစ်စင်းဖြစ် သည်။ ညနေစာစားသောက်ပြီးနောက် အခြားသူများ အိပ်စက် အနားယူနေကြချိန်တွင် ဆေးဆရာကြီးဦးဒေဝနှင့် ဒေါက်တာထင် အောင်ကျော်တို့နှစ်ဦးသည် ကော်ဖီသောက်ရင်း နှစ်ကိုယ်ကြား ဆွေးနွေးတိုင်ပင်နေကြ၏။

၄င်းတို့ရှေ့တွင် ခရီးစဉ်မြေပုံကြမ်းကို ဖြန့်ခင်းထား၏။

"ဝေလမင်းသားကိုဆက်သဖို့ တာဝန်အရဆိုရင် ဒီခရီး ဟာ ကျွန်တော်တို့မျှော်မှန်းတာထက် အောင်မြင်ခဲ့ပြီလို့ ယူဆနိုင် ပါတယ်၊ နောက်တစ်ရက်နှစ်ရက်ခရီးလောက်ဆိုရင် ကမ္ဘာမှာ အလွန်ရှားပါးတဲ့ သစ်ခွမျိုးနွယ်အများအပြား ခူးဆွတ်ရရှိမှာ သေချာပါတယ်၊ အဲဒီတာဝန်အရဆိုရင် ကျွန်တော်တို့အဖွဲ့ ခရီးစဉ် ကို အဆုံးသတ်လှည့်ပြန်ရုံပဲ ရှိတော့တယ်၊ ကျွန်တော်ကတော့ နောက်အနည်းငယ် အချိန်ယူပြီး ခရီးဆက်ချင်သေးတယ်၊ ပတ္တမြား သစ်ခွအတွက် သဲလွန်စတစ်ခုခု မရဘူးလို့ မပြောနိုင်ဘူးလေ"

ဦးဒေဝသည် ကော်ဖီခါးခါးကို တစ်ကျိုက်သောက်ပြီး မော့



www.burmeseclassic.com

www.burmeseclassic.com



သောက်လိုက်ပြီး . . .

"ဒီကိစ္စဟာ မောင်ထင်အောင်ကျော်အပေါ်မှာပဲ မူတည် ပါတယ်၊ ကျုပ်ဆန္ဒကိုပြောရရင် ခုလိုကြုံတောင့်ကြုံခဲ အခွင့်အရေး ကို လက်လွှတ်မခံဘဲ ရည်ရွယ်ချက်အောင်မြင်တဲ့အထိ ဆောင်ရွက် ချင်တယ်၊ တစ်ချို့အပိုင်းတွေ ကျုပ်သတိထားမိတာရှိတယ်၊ ကျုပ် တို့လိုချင်တဲ့ ပတ္တမြားသစ်ခွမျိုးတွေ ပွင့်တဲ့နေရာက ဒီမြစ်ကြောင်း အတိုင်းသွားလို့ ခရီးဆုံးရင် တောင်တစ်တောင်နဲ့ လှိုဏ်ကြီးတစ်ခုကို ဖြတ်ကျော်ပြီးမှ ရောက်လိမ့်မယ်ထင်တယ်၊ ရာသီဥတုသာယာရင် တော့ တဖြည်းဖြည်းသွားရင် ရောက်နိုင်ပါတယ်၊ ရာသီဥတုမကောင်း ရင်တော့ အခက်အခဲရှိနိုင်တာပေါ့လေ"

ဟုပြောပြီး ဆေးတံအိုးအတွင်း ဆေးတစ်ဆုံဖြည့်ကာ မီး ညှိဖွာရှိုက်လေ၏။

ဒေါက်တာထင်အောင်ကျော်သည် စီးကရက်တစ်လိပ်ကို အတန်ကြာအောင် ဖွာရှိုက်လိုက်ပြီးနောက် လေးလေးနက်နက် ပြောလိုက်လေ၏။

"ကျွန်တော်ကတော့ အခိုင်အမာ ဆုံးဖြတ်ထားပါတယ် ဒီကိစ္စကို ကျွန်တော်တို့ လျှို့ဝှက်ထားမြဲထားကြတာပေါ့"

သူတို့နှစ်ဦးသည် မည်သည့်စကားမှမဆိုဘဲ ကိုယ့်အတွေး နှင့်ကိုယ် ရှိနေလေရာ သူတို့နှင့် အတန်ငယ်ကွာလှမ်းသည့် အမှောင် ထုအတွင်း၌ လှုပ်ရှားသွားသည့် အရိပ်တစ်ခုကို သတိပြုမိခြင်း





မရှိခဲ့ပေ။ သူတို့အဖွဲ့သည် ထိုနေ့ရက်သို့ရောက်သည့်တိုင်အောင် ဘေးအန္တရာယ် အနည်းငယ်မျှ ကြုံတွေ့ရခြင်းမရှိသော်လည်း ရှေ့ ခရီးစဉ်များတွင် ကြုံတွေ့ရမည့် အန္တရာယ်အရိပ်အငွေ့ကို ထိုည မှာပဲ တွေ့ရှိလိုက်သူမှာ ကျော်စွာ၏ခွေးလိမ္မာလေး ရန်လုံဖြစ်လေ ၏။

ခွေးကလေးရန်လုံသည် တောတောင်များနှင့် အကျွမ်း ဝင်ရှိသည့် တိရစ္ဆာန်ဖြစ်၏။ သူ၏သခင်သွားရာနောက် အရိပ် သို့လိုက်ပါစမြဲဖြစ်ရာ တောကောင်များအား အနံ့ခံချောင်းမြောင်း ရာတွင် လွန်စွာပါးနပ်ကျွမ်းကျင်၏။ ခန္ဓာကိုယ်ပေါ့ပါးပြီး အခုန် အပျံ အကျော်အလွှား သွက်လက်လျင်မြန်လှ၏။

ရန်လုံသည် ထိုညတွင် သခင်ကျွေးသော ညနေစာကို စားသောက်ပြီး သဘော်ခေါင်မိုးပေါ်သို့ တက်သွားလေ၏။ ခေါင် မိုးပေါ်တွင် ဝပ်လျှက်နေရင်း တစ်နေရာသို့ ရောက်သောအခါ ကမ်းစပ်၌ပေါက်နေသော ညောင်လန်းပင်ကြီးတစ်ပင်၏ အကိုင်း တစ်ကိုင်းက ချောင်းထဲသို့ ကိုင်းကျနေသည်ကို ကြည့်နေရင်း ရုတ် တရက် ထရပ်လိုက်၏။ သူသည် တောကောင်ကိုမြင်လိုက်သည့် တောမုဆိုးပမာ စိတ်အားထက်သန်စွာဖြင့် တရွေ့ရွေ့နီးကပ်လာ သည့် ၄င်းသစ်ကိုင်းပေါ်သို့ ခုန်တက်ရန် ဟန်ပြင်လိုက်လေ၏။

ထိုသစ်ကိုင်းပေါ်ရှိ ဝင်းမှည့်နေသော အသီးများကိုကိုက် ဖြတ်စားသောက်နေသည့် ရှဉ့်ကလေးများကို တွေ့မြင်လိုက်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဖြစ်သည်။ ထိုသစ်ကိုင်းအောက်မှ သင်္ဘောဖြတ်မောင်း သွားသည်နှင့် ရန်လုံသည် သစ်ကိုင်းပေါ် ခုန်တက်လိုက်ရာ သင်္ဘော မှာ ရှေ့ဆက်ရွေ့လျားသွားသဖြင့် ၄င်းသစ်ကိုင်းပေါ်မှာ ကျန်ခဲ့ တော့၏။ သင်္ဘောလွန်သွားမှ ထိုအဖြစ်ကို သတိရပြီး အသံကုန် အော်ဟစ်ကာ သစ်ပင်ပေါ်မှ အလျင်အမြန်ဆင်း၍ ပြေးလိုက် လေ၏။

သို့သော် သင်္ဘောပေါ်ရှိလူများမှာ စက်သံကြောင့် ရန်လုံ အော်သံကို မကြားကြတော့ပေ။ ရန်လုံသည် ကမ်းစပ်တစ်လျှောက် သစ်ပင်ချုံနွယ်များကို တိုးဝှေ့ပြေးလွှားရင်း လိုက်လေ၏။ ထိုသို့ ပြေးလွှားရင်း တောင်ကုန်းတစ်ခုအနီးသို့ ရောက်သောအခါ ထူး ခြားစွာရရှိလာသည့် အနံ့ကြောင့် သူ၏ခြေလက်အစုံမှာ တုန့်ခနဲ ရပ်သွား၏။

ထိုအနံ့မှာ အန္တရာယ်အငွေ့အသက်ပင်ဖြစ်ကြောင်း မကြာ ခင်မှာပဲ သူသိလိုက်တော့၏။

"ဖြီး" ခနဲ နှာမှုတ်သံကြီး ကြားလိုက်ရပြီးနောက် လွန်စွာ ကြီးမားသော မြွေကြီးတစ်ကောင်၏ ဦးခေါင်းပိုင်းကို မြင်လိုက်ရ ၏။ မြွေကြီးမှာ အရွယ်နှင့်မမျှအောင် လျင်မြန်စွာဖြင့် သူ့ဆီသို့ တိုးဝင်လာရာ ရန်လုံသည် အထိတ်တလန့်အော်ဟစ်ပြီး ထွက်ပြေး လေ၏။ မြွေကြီးမှာ အလုံးအထည်ကြီးသလို အလျားကလည်း ရှည်လှ၏။



အဝါရောင်ကိုယ်လုံးပေါ်မှာ အနက်ပြောက်များရှိ၏။ အကောင်ကြီးသော်လည်း လှုပ်ရှားမှုက မြန်ဆန်လှ၏။ ထွက်ပြေး သွားသော ရန်လုံနောက်သို့ လိုက်လေတော့၏။

ရန်လုံကလည်း မီးရောင်ပြပြသာ မြင်နေရသော မိမိသခင် များရှိရာ သင်္ဘောဘက်ဆီသို့ မရပ်မနား ပြေးလေ၏။ ထိုသို့ ပြေးရင်းနှင့် ဂူတစ်ဂူကိုတွေ့သဖြင့် ထိုဂူထဲဝင်ရောက်ပုန်းခိုလေရာ ကြာသောအခါ အပေါက်ဝသို့ မြွေကြီးက ရောက်လာပြန် သဖြင့် အခြားအပေါက်ဝမှ အော်ဟစ်ကာ ဆက်ပြေးရပြန်၏။

မြွေကလည်း နောက်မှထပ်ကြပ်မကွာ လိုက်ပါနေဆဲဖြစ် ၏။ ရန်လုံ၏အဖြစ်အပျက်များကို သင်္ဘောပေါ်တွင် အိပ်နေကြ ပြီဖြစ်သော သူ့သခင်များကတော့ မသိနိုင်၊ မကြားနိုင်ကြပေ။ နောက်တစ်နေ့မနက်လင်းတော့မှ ရန်လုံပျောက်နေသည်ကိုသိပြီး ကျော်စွာက သင်္ဘောတစ်စင်းလုံး လိုက်ရှာသော်လည်း မတွေ့ရ သဖြင့် စိုင်းနော်ကို သင်္ဘောစက်သပ်ခိုင်းလိုက်၏။

ထိုအချိန်တွင် ဒေါက်တာထင်အောင်ကျော်တို့အဖွဲ့မှာ သည်း နံနက်စာသုံးဆောင်ပြီးပြီ ဖြစ်၏။ သင်္ဘောစက်ရပ်လိုက် သည့်အတွက် ကျော်စွာကို မေးလိုက်ရာ . . .

"ရန်လုံပျောက်နေလို့ သင်္ဘောပေါ်မှာလိုက်ရှာတာ မတွေ့ ဘူး ဖြစ်နေတယ်၊ ကျွန်တော့်အထင်တော့ ခေါင်မိုးပေါ်တက်အိပ် နေရင်း သစ်ကိုင်းနဲ့ရိုက်မိလို့ ရေထဲပြုတ်ကျပြီး ကျန်နေခဲ့တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်၊ စိုးရိမ်စရာတော့ မရှိပါဘူးလေ၊ ဒီကောင် သူ့အန္တရာယ်ကို ရှောင်ရှားပြီး ကျွန်တော်တို့နောက်ကို လိုက်လာနိုင်ပါတယ် ကျွန်တော်တို့ခဏတော့ စောင့်ကြည့်လိုက်မယ်"

ဟုရှင်းပြလိုက်လေ၏။

ထိုအချိန်မှာပဲ စိုင်းနော်က သင်္ဘောကို ကမ်းကပ်က ကြိုးချည်ထားလိုက်၏။ ထိုစဉ် အောင်ငွေတိုးက စိတ်အားထက် သန်သည့် အမူအရာဖြင့် . . .

"ဟာ . . . အဆင်သင့်လိုက်တာဗျာ၊ အခုလို ခဏနား နေတုန်း ကျွန်တော်တို့တွေ တောင်ပေါ်တက်ပြီး ဟင်းစားလေး ဘာလေးရအောင် အမဲလိုက်ကြမလား"

ဟုပြောလေရာ အားလုံးမှာ ထိုစိတ်ကူးကို သဘော လိုက်ကြပြီး ချက်ချင်းပင် လက်နက်များကို အသီးသီးကိုင်ဆော လိုက်ကြ၏။

သင်္ဘောတွင် စိုင်းနော်၊ ဆေးဆရာကြီးဦးဒေဝနှင့် အမ သမီးနှစ်ဦးသာ ချန်ခဲ့ပြီး အောင်ငွေတိုး၊ ကျော်စွာနှင့် ဒေါက်တာ ထင်အောင်ကျော်တို့မှာ အမဲပစ်ရန် ကမ်းပေါ်တက်ခဲ့ကြ၏။ အတ ကြာသောအခါ ဆတ်ဖားကြီးတစ်ကောင်ကို တွေ့လိုက်ရသဖြ ပိုင်ပိုင်နိုင်နိုင် ပစ်ခတ်လိုက်ကြ၏။

"ဒိုင်း . . ."

ထိမှန်သွားသော်လည်း ချက်ကောင်းကို ထိဟန်မတူပေ





ဆတ်ဖားကြီးမှာ သေနတ်ဒဏ်ရာကြောင့် ဗိုင်းခနဲ လဲကျသွားပြီး ချက်ချင်းပြန်ထပြေးလေ၏။

သူတို့ကလည်း တုန့်ဆိုင်းမနေဘဲ ဒဏ်ရာဖြင့် ပြေးထွက်သွားသော ဆတ်ဖားကြီးနောက်သို့ ပြေးလိုက်ကြ၏။ သူတို့သည် လူစုခွဲ၍ ပြေးလိုက်ကြခြင်းဖြစ်သည်။ သွေးစက်များကို ခြေရာခံကာ လိုက်လာသော ဒေါက်တာထင်အောင်ကျော်သည် တစ်နေရာအရောက်တွင် ရှေ့မှပြေးသွားသော ဆတ်ဖားကြီးအော်သံကို စီခနဲ ကြားလိုက်ရ၏။

သေချာပြီ၊ နောက်ထပ်အန္တရာယ်တစ်ခုနဲ့ တွေ့သွားပြီ။ ကျော်စွာနဲ့ တွေ့သလား၊ အောင်ငွေတိုးနဲ့ပဲ တွေ့သလား။ တစ်ခုခုတော့ တစ်ခုခုပင်။ မကြာမီမှာ သူ့အတွေး တက်တက်စင်အောင် မှားယွင်းကြောင်း သိလိုက်ရတော့၏။

ဆတ်ဖားကြီးကို အလွန်ကြီးမားသော မြွေကြီးတစ်ကောင်က ကိုက်ချီထားသည်ကို တွေ့လိုက်ရခြင်း ဖြစ်သည်။ သူသည် တွေတွေထူးထူး စဉ်းစားမနေတော့ဘဲ သေနတ်ဖြင့် လှမ်းပစ်လေ၏။

"ဒိုင်း . . ."

မြွေကြီးမှာ ချက်ကောင်းကို ထိမှန်သွားပြီး တွန့်လိမ်သွားလေ၏။ နောက်တစ်ချက် ပစ်ခတ်လိုက်သောအခါ ကိုက်ထားသော ဆတ်ကြီးကိုချပြီး တောနက်ထဲသို့ ဝင်ပြေးသွားတော့၏။ ထိုအချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ ကျော်စွာနှင့် အောင်ငွေတိုးတို့ ရောက်ရှိလာကြရာ . . .

"ဘာဖြစ်တာလဲ ဆရာ . . . ဘာဖြစ်တာလဲ . . ." ဟု

အောင်ငွေတိုးက အလောတကြီး မေးလေ၏။

ဒေါက်တာထင်အောင်ကျော်က အကျိုးအကြောင်း ပြော

ပြလိုက်ရာ အောင်ငွေတိုးမှာ တအံ့တသြဖြစ်သွားပြီး . . .

"အခု အဲဒီမြွေကြီးဘယ်ရောက်သွားပြီလဲ ဆရာ"

"တောထဲဝင်ပြေးသွားပြီ၊ ငါတစ်သက်မှာ ဒီလောက်ကြီး

တဲ့ မြွေမျိုးကို ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်၊ ဘယ်လိုမျိုးဗီဇကြော

များ ဒီလောက်ကြီးထွားသန်မာနေလဲ မသိဘူး"

ဟုပြောလိုက်ရာ အောင်ငွေတိုးမှာ မည်သို့မျှ မထူးခြာ

သော်လည်း ကျော်စွာကတော့ ထိုအဖြစ်အပျက်အပေါ်တွင် တစ်

တစ်ရာကို တွေးမြင်လိုက်ပြီး တစ်ကိုယ်တည်း ပြုံးလိုက်လေ၏

ထို့နောက် သူတို့သုံးယောက်သည် အသက်ပျောက်နေပြီဖြစ်သော

ဆတ်သေကြီးကိုထမ်းကာ ကမ်းစပ်သို့ ပြန်ဆင်းခဲ့ကြ၏။

သင်္ဘောပေါ် ကျန်ရှိနေသူများမှာ ဆတ်ဖားကြီးထမ်းပြီ

ပြန်လာသည့် သူတို့ကို တွေ့လိုက်ရသဖြင့် လွန်စွာပျော်ရွှင်သွာ

ကြ၏။ သင်္ဘောပေါ်ရောက်သည်နှင့် ထိုဆတ်ဖားကြီးကို စိုင်းနော်

က ခုတ်ထစ်ဖြတ်တောက်လေ၏။ ရှယ်လီစတုန်းနှင့် နော်ရှီးတို့က

ချက်ပြုတ်ရန်အတွက် ဝိုင်းဝန်းကူညီလေ၏။

ထိုသို့ပြုလုပ်နေသည့်အတွက် သင်္ဘောပေါ်မှာ သွေးညှီ





များဖြင့် နံဟောင်လျက်ရှိရာ အမဲဖျက်သည့် ကိစ္စပြီးသည်နှင့်

ိုင်းနော်က သွေးစသွေးနများကို မြစ်ရေဖြင့် ဆေးကြောလေ၏။

ထိုစဉ်မှာပဲ . . .

"ဝုန်း . . ."

"အမလေး . . ."

အမျိုးသမီးနှစ်ယောက်မှာ အလန့်တကြား အော်လိုက်

ကြပြီး သင်္ဘောခေါင်မိုးပေါ်မှတစ်ဆင့် ခုန်ဆင်းလာသည့် သတ္တဝါ

ကို ကြည့်လိုက်ကြ၏။ ထိုသတ္တဝါမှာ အခြားမဟုတ်ပေ။ ခွေးကလေး

ခုန်လုံပင် ဖြစ်လေ၏။

လူကြားထဲ ပြန်လည်ရောက်ရှိလာသော ရန်လုံသည်

ဘစ်စုံတစ်ခုကို ထိတ်လန့်ကြောက်ရွံ့ဟန်ဖြင့် တအီအီညည်းညူ

နေလေ၏။ အနီးသို့တိုးကပ်သွားသည့် ကျော်စွာကိုပင် ကြောက်ရွံ့

သလိုဖြင့် နောက်သို့ဆုတ်သွား၏။

"ကိုကျော်စွာ . . . ခင်ဗျား ခွေးကိုကြည့်ရတာ ကြောက်

ရောကောင်းတဲ့ အရာတစ်ခုကို တွေ့ခဲ့ရပုံပဲဗျ၊ ဘယ်လိုအန္တရာယ်

မျိုးနဲ့ ရင်ဆိုင်ခဲ့ရသလဲ မသိဘူး"

အောင်ငွေတိုးက သူ့အမြင်ကို ပြောလိုက်လေ၏။

ကျော်စွာမှာ မည်သို့မျှ ပြောဆိုခြင်းမပြုဘဲ ပင့်သက်ရှိုက်

သင်း ဦးခေါင်းကိုလေးပင်စွာ ခါရမ်းလိုက်၏။ ထို့နောက် ခွေးလေး

ရန်လုံကိုပွေ့ချီကာ အစာကျွေးရန် သင်္ဘောနောက်ခန်းသို့ ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားတော့၏။

ကျော်စွာ၏အမူအရာကို အကဲခတ်ရင်း ဒေါက်တာထင်အောင်ကျော်သည် တစ်စုံတစ်ခုကို လေးနက်စွာ တွေးလိုက်မိ၏။ တကယ်တော့ ခွေးကလေးရန်လုံ၏ အမူအရာများမှာ မကြာခင်ကာလအတွင်း ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရတော့မည်ကို နမိတ်ပြလိုက်ခြင်းဖြစ်ကြောင်း ကျော်စွာသာလျှင် သိရှိခဲ့လေ၏။

ထို့နောက် ကျော်စွာသည် သင်္ဘောထွက်ခွာခြင်းမပြုခင် အားလုံးကို အလေးအနက် မှာကြားလေ၏။

"အခုအချိန်ကစလို့ ရှေ့ခရီးမှာ ကျွန်တော်တို့အားလုံး သတိဝီရိယနဲ့ နေထိုင်ကြရမယ်၊ မြစ်ကြောင်းကလည်း ကျဉ်းသထက်ကျဉ်းလာပြီ၊ တောကလည်း နက်သထက်နက်လာပြီ၊ အန္တရာယ်ဆိုတာ ဘယ်လိုမှခန့်မှန်းလို့ မရဘူး၊ လက်နက်ခဲယမ်းတွေကို ကိုယ်နဲ့မကွာယူဆောင်ထားကြပါ"

ထိုသို့ သတိပေးပြောကြားပြီးသည်နှင့် သင်္ဘောကို စက်နှိုးကာ မောင်းထွက်ခဲ့တော့၏။

သူတို့သင်္ဘောထွက်ခဲ့ပြီး အတော်ဝေးဝေးသို့ရောက်သောအခါ စောစောက ၎င်းတို့ရပ်ခဲ့သော ချောင်းကမ်းစပ်ရှိ သစ်တောထဲမှ သတ္တဝါကြီးတစ်ကောင်ထွက်လာလေ၏။

အခြားမဟုတ်ပေ။ အလွန်ကြီးသော မြွေကြီးတစ်ကောင်ပင် ဖြစ်ပေတော့၏။



## အခန်း (၁၂)

သူတို့အဖွဲ့သည် ထိုမြစ်ကြောင်းအတိုင်း ခရီးဆက်ခဲ့ရာ နောက်နှစ်ရက်အကြာတွင် မလိခမြစ်သွယ်၏ ချောင်းအတွင်းပိုင်းသို့ ရောက်ခဲ့ကြ၏။ ချောင်းက ကျဉ်းသည်ကတစ်ကြောင်း၊ ဘေးဘစ်ဖက်တစ်ချက်တွင် သစ်ပင်သစ်ကိုင်းများသည်ကတစ်ကြောင်း၊ အကွေ့အကောက်များသည်ကတစ်ကြောင်းကြောင့် သင်္ဘောကို ခပ်ဖြည်းဖြည်းမျှသာ မောင်းရလေ၏။

မနက်စောစော အချိန်က ဖြစ်သည်။ မိုးနှင်းများကျနေသောကြောင့် ပတ်ဝန်းကျင်မှာ အုံ့မှိုင်းလျက်ရှိ၏။ သင်္ဘောဦးပိုင်းရှိ ဆလင်ခန်းမှာ စိုင်းနော်တစ်ယောက်တည်း သင်္ဘောမောင်းသော



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကိုယူရပြီး ကျန်လူများက မိမိတို့နေရာတွင် အသီးသီးအိပ်ပျော်လျက် ရှိနေကြ၏။

ကျော်စွာကတော့ သူ၏အခန်းကို နော်ရှိုးအားပေးရသောကြောင့် ဆလင်ခန်းဘေးနားမှာ ကြိုးပုခက်ကိုဆင်၍ အိပ်ပျော်လျက် လိုက်ပါလာ၏။ အားလုံးအိပ်မောကျလျက် ရှိနေချိန်တွင် ခွေးလေးရန်လုံသည် တအီအီညည်းညူရင်း ဂဏှာမငြိမ်ဖြစ်နေသည်ကို မည်သူမှ သတိမပြုမိကြပေ။

ထိုအခိုက်မှာပဲ တရွေ့ရွေ့သွားနေသော သင်္ဘောသည် တစ်စုံတစ်ခုနှင့် တိုက်မိသလိုဖြစ်သွားပြီး တုန်ခါသွားလေ၏။ ပြင်းထန်သည့် တုန်ခါမှုကြောင့် အိပ်ပျော်နေသူများမှာ "ဘာဖြစ်တာလဲ . . . ဘာဖြစ်တာလဲ . . ." ဟူ၍ အထိတ်တလန့် မေးမြန်းကြ၏။

ဆလင်ခန်းသို့ ကျော်စွာရောက်ရှိသွားသောအခါ စိုင်းနော်က စိတ်ပျက်လက်ပျက် ခေါင်းကုတ်လိုက်ပြီး . . .

"သစ်တုံးတစ်တုံးနဲ့ တိုက်မိတယ် ထင်တာပဲ"

ဟု မှတ်ချက်ပြုလေ၏။

ကျော်စွာမှာ မျက်မှောင်ကြုတ်လျက် စဉ်းစားလိုက်ပြီး-

"မဖြစ်နိုင်ဘူး စိုင်းနော်၊ ငါ့သင်္ဘောအကြောင်း ငါသိတယ် သစ်တုံးဝင်တိုက်တာလောက်တော့ ဒီလောက်မဖြစ်နိုင်ဘူး၊ အခုက သင်္ဘောတစ်စင်းလုံး အပေါ်ကိုကြွတက်သွားသလို ဖြစ်သွားတာ ရေတိမ်လား . . . အောက်မှာသောင်ရှိသလား"





"ရေမတိမ်ပါဘူး၊ သောင်လည်း မရှိပါဘူး"

ထိုသို့ပြောနေစဉ်မှာပဲ သင်္ဘောအောက်မှ တစ်စုံတစ်ရာနှင့် ဝင်ဆောင့်မိပြန်၏။

"ဂုန်း . . ." ဟူသောအသံနှင့်အတူ သင်္ဘောမှာ အပေါ်သို့ကြွတက်သွားပြီး သင်္ဘောပေါ်မှ ပစ္စည်းအချို့ပင် လဲကျကုန်တော့၏။

ကျော်စွာသည် အတွေ့အကြုံအရ အခြေအနေကို ကောင်းစွာခန့်မှန်းသိရှိလိုက်လေ၏။ ထို့ကြောင့် သူသည် သူ၏လက်စွဲတော် ရိုင်ဖယ်သေနတ်ကို ဖြုတ်ယူလိုက်ပြီး . . .

"စိုင်းနော် . . . စက်ရပ်ထားလိုက်တော့"

ဟုပြောလိုက်လေ၏။

စိုင်းနော်ကလည်း ကပျာကယာ စက်သတ်လိုက်ပြီး အသွားတွင်ဒစ်ပါသော ကြိုးတပ်စလွယ်ကြီးတစ်ချောင်းကို ကိုင်ဆောင်လိုက်၏။

"ဒုန်း . . . ဒုန်း . . ."

သင်္ဘောဝမ်းဗိုက်ကို သတ္တဝါဘစ်ကောင်က ကိုယ်လုံးနှင့် ဆောင့်တိုက်နေမှန်း သိရသော်လည်း ဘယ်လိုသတ္တဝါမျိုးဆိုတာ မသိရသေးပေ။ သင်္ဘောတုန်ခါသွားသည်ကို ကြည့်ရုံဖြင့် အတော်အတန်ကြီးမားသော သတ္တဝါတစ်ကောင်ဖြစ်မည်ဟု ခန့်မှန်းမိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာက . . .

"ဆရာထင်အောင်ကျော်တို့အဖွဲ့သားတွေအားလုံး သင်္ဘော
အလယ်မှာ စုနေကြပါ၊ သင်္ဘောကုန်းပတ်ဘက်ကို ဘယ်သူမှ
မသွားကြပါနဲ့"

ဟု အသံကျယ်ကျယ်နှင့် အော်ပြောလိုက်ရာ အားလုံးမှာ
ထိုအမိန့်အတိုင်း သင်္ဘောအလယ်မှာ စုနေလိုက်ကြ၏။ ကျော်စွာ
က သင်္ဘောဦးပိုင်းမှ အောက်သို့ငုံ့ကြည့်လိုက်၏။ ဝဲဂယက်ထသလို
ရေပွက်ကြီးများ ထနေသည်ကိုမြင်ရပြီး ထူးထူးခြားခြား မတွေ့ရ
ပေ။ ထိုအခိုက်မှာပင် သင်္ဘောပဲ့ပိုင်းမှာ သိသိသာသာ နိမ့်ဆင်း
သွားရာ အမျိုးသမီးများ၏ ကြောက်လန့်တကြား အော်ဟစ်သံများ
ဆူညံလို့သွား၏။

ကျော်စွာနှင့် စိုင်းနော်တို့နှစ်ယောက်လည်း လက်နက်
များကို အသင့်ပြင်ပြီး သင်္ဘောပဲ့ပိုင်းဘက်သို့ ပြေးကြလေ၏။ ထို
အခါမှ သူတို့အား ချောင်းမြောင်းတိုက်ခိုက်နေသည့် ရန်သူကို
တွေ့ရတော့၏။ သင်္ဘောပဲ့ပိုင်းရှိ ရေစင်ပေါ်သို့ ဦးခေါင်းကြီးထိုး
တက်လာသော မြွေကြီးတစ်ကောင်ပင် ဖြစ်၏။

ခန္ဓာကိုယ်အရှည်က ရေထဲမှာရှိနေသောကြောင့်
မည်မျှရှည်လျားလိမ့်မည်ကို မသိနိုင်သော်လည်း အဝါရောင်သန်း
နေသော ကိုယ်ပေါ်တွင် အုတ်ကွက်ကြီးများရှိသော မြွေကြီး၏ဦး
ခေါင်းပိုင်းမှာ ခံတောင်းတစ်လုံးစာခန့် ကြီးမားလှပေ၏။ ထိုဦးခေါင်း





၏အလေးချိန်ကြောင့် သင်္ဘောပဲ့ပိုင်းတစ်ခုလုံးမှာ နိမ့်ဆင်းသွားပြီး
ရေအောက်သို့ နစ်မြုပ်လုမတတ် ဖြစ်သွားလေ၏။ အကယ်၍
ဘစ်ကိုယ်လုံးတက်လာပါက ဦးထောင်ကာ ရေအောက်သို့ နစ်မြုပ်
သွားပေလိမ့်မည်။

ကျော်စွာသည် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ
လက်ထဲမှ သေနတ်နှင့်ချိန်ကာ ပစ်လိုက်၏။

"ဒိုင်း . . . ဒိုင်း . . ."

ချက်ကောင်းကို ထိမှန်သွားသော မြွေကြီးမှာ တစ်ကိုယ်
လုံးတွန့်လိမ်ပြီး ဦးခေါင်းကြီးကို ဖြီးခနဲ ထောင်ထလိုက်လေ၏။
မြင်ကွင်းမှာ သွေးပျက်တုန်လှုပ်ဖွယ်ကောင်းလှသဖြင့် အထိတ်
တလန့် အော်ဟစ်သံများ ဆူညံသွားလေ၏။

မြွေကြီး၏ကိုယ်အလေးချိန်ကြောင့် သင်္ဘောပဲ့ပိုင်းဘက်မှ
ရေများ အလုံးလိုက်ဝင်လာပြီဖြစ်၏။ ကျော်စွာသည် အနည်းငယ်
မျှ တုန့်ဆိုင်းတွေဝေမနေဘဲ ထပ်မံပစ်ခတ်လေ၏။

"ဒိုင်း . . . ဒိုင်း . . ."

ထိုတစ်ကြိမ်မှာတော့ ကျည်ဆံသည် ဦးခေါင်းကို တည့်
မတ်စွာ ထိမှန်သွားသဖြင့် ဦးခေါင်းမှာ နောက်သို့ယိုင်ထွက်သွားပြီး
ရေထဲသို့ လျှောဆင်းသွားတော့၏။ ထိုအခါမှ သင်္ဘောပဲ့ပိုင်းမှာ
ပြန်ပေါ်လာတော့၏။ မြွေကြီး၏လှုပ်ခါမှုကြောင့် ရေလှိုင်းကြီးများ
ထကာ သင်္ဘောတစ်စင်းလုံး ခါရမ်းသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အတော်ကြာသည့်တိုင်အောင် ရေပွက်ကြီးများ လှိုင်းထနေရာမှ တဖြည်းဖြည်း ပြန်လည်ငြိမ်ကျသွားသည်ကိုကြည့်ရင်း သင်္ဘောပေါ်မှ လူများလည်း ထိုအခါမှ သက်ပြင်းချနိုင်ကြတော့၏။

အခြေအနေငြိမ်သွားသည်နှင့် ကျော်စွာက . . .

"စိုင်းနော်ရေ . . . သင်္ဘောစက်နှိုးကြည့်စမ်းဟေ့"

ဟုလှမ်းပြောလိုက်ရာ တုံကင်ဖြင့် ရေများပက်ထုတ်နေသော စိုင်းနော်လည်း ဆလင်ခန်းထဲဝင်ပြီး စက်နှိုးကြည့်လေ၏။ သင်္ဘောစက်မှာ ချို့ယွင်းမှုမရှိဘဲ ချက်ချင်းနိုးလာသဖြင့် အားလုံးဝမ်းသာသွားကြ၏။ သို့သော် ရှေ့သို့မောင်းထွက်ရန် ဂီယာထိုးလိုက်သောအခါ သင်္ဘောက ရှေ့မတက်တော့ပေ။

စက်ရှိန်ထပ်မြှင့်၍ ကြိုးစားသော်လည်း ထိုအတိုင်းပင်ဖြစ်နေလေ၏။ ထိုအခါ စိုင်းနော်က စက်ပြန်ရပ်လိုက်ရ၏။ ထိုစဉ်မှာပဲ ကျော်စွာသည် ဓါးတစ်လက်ကို ပါးစပ်မှာကိုက်ပြီး "ဝုန်းခနဲ" ရေထဲသို့ ခုန်ဆင်းသွားလေ၏။ သင်္ဘောပေါ်ရှိနေသူများမှာ ရင်တမမဖြင့် ငုံ့ကြည့်နေကြလေ၏။

အတန်ကြာသောအခါမှ ပြန်ပေါ်လာသော ကျော်စွာသည် သင်္ဘောပေါ်တက်ပြီး . . .

"သင်္ဘောဆက်သွားလို့ မရတော့ဘူး၊ ပန်ကာတပ်ထားတဲ့ဝင်ရိုးကောက်သွားပြီး ပန်ကာလည်း မရှိတော့ဘူး"

ဟုပြောလိုက်ရာ အားလုံးမှာ "ဟာခနဲ . . . ဟင်ခနဲ"





ဖြစ်သွားကြ၏။

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"ဒို့ခရီးစဉ်တော့ ပျက်ပြီထင်တယ်"

တစ်ယောက်တစ်ပေါက်အသံများ ထွက်လာတော့၏။

ကျော်စွာသည် တစ်စုံတစ်ရာ တုန့်ပြန်ဖြေကြားခြင်း မပြုနိုင်အားဘဲ စိုင်းနော်နှင့်အတူ သင်္ဘောကျောက်ချသည့်ကိစ္စအား အမြန်လုပ်ကိုင်လေ၏။ ထိုကိစ္စပြီးတော့မှ ၎င်းခရီးတွင် တာဝန်အရှိဆုံးဖြစ်သည့် ဒေါက်တာထင်အောင်ကျော်ဆီသို့ လျှောက်လှမ်းသွားပြီး . . .

"ဆရာထင်အောင်ကျော် . . . အခြေအနေက ဆရာမြင်တဲ့အတိုင်းပဲ၊ ကျွန်တော်ဟာ ဆရာတို့ ငှားရမ်းခဲ့တဲ့ လမ်းပြတစ်ဦးပါ၊ ဘယ်လိုအခြေအနေမျိုးဖြစ်ဖြစ် ကျွန်တော့်တာဝန်ကို ပြီးဆုံးအောင် ဆောင်ရွက်ဖို့ ဆုံးဖြတ်ထားပြီးသားပါ၊ အခု ကျွန်တော်တို့ရောက်ရှိလာတဲ့ ခရီးဟာ ဆရာထင်အောင်ကျော်သတ်မှတ်ထားတဲ့ ခရီးစဉ်ရဲ့ သုံးပုံနှစ်ပုံရောက်ရှိနေပါပြီ၊ နောက်ထပ်ခရီးတစ်ချိုးလောက် ကျန်ပါသေးတယ်၊ အဲဒီခရီးပြီးဆုံးအောင် သွားမယ်ဆိုရင်ခြေလျင်ခရီးသွားကြရပါလိမ့်မယ်"

ဟုပြောလိုက်သောအခါ အားလုံးမှာ အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားကြ၏။

ကျော်စွာက အားလုံးကို အကဲခတ်ကြည့်လိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ကံကောင်းနိုင်တဲ့ အချက်တစ်ချက်တော့ ရှိပါသေးတယ်၊ ထူးထူးခြားခြား တိုက်ဆိုင်တယ်လို့ ပြောရမှာပေါ့လေ၊ ဆရာတို့သွားမယ့် ခရီးစဉ်ကို သွားရောက်ကြတဲ့ အဖွဲ့တစ်ဖွဲ့ ရှိပါတယ်၊ တရုတ်ကုန်သည်အဖွဲ့လို့ ယူဆရမယ်ထင်တယ်၊ ဆရာတို့မရောက်ခင် တစ်ပတ်လောက်စောပြီး ရောက်လာတဲ့ အဖွဲ့တွေပေါ့၊ သူတို့က ကျွန်တော့်ကို လမ်းပြအဖြစ် ငှားရမ်းပါသေးတယ်၊ တိုင်းတစ်ပါးသားတွေနဲ့ မပတ်သက်ချင်တာကြောင့် ကျွန်တော်ငြင်းလိုက်တယ်၊ သူတို့ဟာ အခြားလမ်းပြတစ်ဦးကို ငွေပုံပေးပြီး ငှားရမ်းခဲ့ကြတယ်၊ အခုလောက်ဆိုရင် အဲဒီလမ်းပြပုဂ္ဂိုလ်လည်း သူ့စက်လှေနဲ့ ပြန်လာလောက်ပါပြီ၊ ကျွန်တော့်အထင် အခုတစ်ရက်နှစ်ရက်အတွင်း သူပြန်ဆင်းလာလောက်ပြီ၊ ကျွန်တော်တို့ အခုရောက်နေတဲ့ မလိခမြစ်သွယ်ရဲ့မြောက်ဘက်မှာ နောက်ထပ်မြစ်ကြောင်းတစ်ခု ရှိတယ်၊ အဲဒီမြစ်ကြောင်းလမ်းက သူပြန်လာလိမ့်မယ်"

ကျော်စွာသည် ထိုသို့ပြောလိုက်ပြီး သူတို့အားလုံးကို မသိမသာ အကဲခတ်နေလိုက်၏။ ဟန်ဆောင်ထိန်းချုပ်ထားသော်လည်း သိသိသာသာ မျက်နှာပျက်သွားကြသူမှာ ဆေးဆရာကြီးဦးဒေဝနှင့် ဒေါက်တာထင်အောင်ကျော်တို့ဖြစ်ကြောင်း သတိထားလိုက်မိ၏။

အောင်ငွေတိုးကတော့ အနည်းငယ် ပြုံးလိုက်ပြီး မျက်နှာလွှဲသွားလေ၏။ အတန်ကြာသည်တွင် ဒေါက်တာထင်အောင်ကျော်





က မခံချိမခံသာလေသံဖြင့် . . .

"ဒီကနေ အဲဒီမြစ်ကို အတော်ဝေးသလား ကိုကျော်စွာ"

ဟုမေးလိုက်၏။

"သိပ်တော့ မဝေးလှပါဘူး၊ တောထဲကနေ တစ်ရက်ခရီးလောက်သွားရင် ရောက်ပါတယ်"

"ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ဒီလောက်ရောက်အောင်လာပြီးမှ ဒီအတိုင်းမပြန်ချင်ဘူး၊ ကိုကျော်စွာပြောတဲ့အတိုင်း ဟိုဘက်မြစ်လမ်းကိုသွားပြီး ပြန်ဆင်းလာမယ့် သင်္ဘောကို စောင့်စချင်တယ်၊ အခုအတိုင်းဆိုရင်လည်း ကျွန်တော်တို့ပြန်ဖို့ ခြေကျင်ခရီးကလွဲပြီး အခြားနည်းလမ်း မရှိဘူးလေ"

ဟူ၍ အောင်ငွေတိုးက ဝင်ရောက်အကြံပြုလေ၏။

အဖွဲ့ခေါင်းဆောင် ဒေါက်တာထင်အောင်ကျော်ကလည်း ဆိုအစီအစဉ်အတိုင်း သဘောတူလက်ခံလိုက်သဖြင့် ခရီးဆက်ရန် ပြင်ဆင်ကြလေ၏။ ထိုသို့ ပြင်ဆင်နေရင်း ကရင်တိုင်းရင်းသူလေး နော်ရှူးက လွှန်စွာတိုးကပ်လျက် . . .

"ဒါထက် ကိုကျော်စွာ၊ စောစောက ကျွန်မတို့ကို အန္တရာယ်ပြုတဲ့ မြွေက အတော့်ကိုကြီးလှပါလား၊ ကျွန်မတစ်သက်မှာ ဒီလောက်ကြီးတဲ့ မြွေမျိုး တစ်ခါမှ မတွေ့ဖူးသေးဘူး၊ အဲဒါက ဘာမြွေအမျိုးအစားလဲ ကိုကျော်စွာ"

ဟုမေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မြွေကတော့ ဘယ်လိုအရပ်ဒေသမှာမဆို ရှိပါတယ်၊ ဒါပေမယ့် စောစောတုန်းက ကျွန်တော်တို့ ရင်ဆိုင်ခဲ့ရတဲ့ မြွေဟာ သာမန်ကြီးထွားနေတာ မဟုတ်ဘူးလို့ ကျွန်တော်ထင်တယ်"

"ဘာကြောင့်လဲ ကိုကျော်စွာ"

"မြွေတွေရဲ့သဘာဝက အကောင်အရွယ်အစား ကြီးလာတာနဲ့အမျှ လှုပ်ရှားမှုဟာလည်း နှေးကွေးလေးလံသွားတတ်ပါတယ်၊ တချို့အကောင် သိပ်ကြီးသွားတဲ့ စပါးကြီးတွေနဲ့ မြွေပွေးကြီးတွေဟာ ဘယ်မှမသွားဘဲ တစ်နေရာထဲမှာ ငြိမ်နေလေ့ရှိပါတယ်၊ သူတို့ကိုယ်ပေါ်မှာ သစ်ပင်တွေ ဝါးပင်တွေ ပေါက်နေရင်လည်း နေရာမရွှေ့တော့ဘူး၊ အချို့ဆိုရင် အပေါ်က မြေကြီးတွေတက်ပြီး တောင်ကုန်းကြီးတွေတောင် ဖြစ်နေတတ်ပါတယ်"

ထိုအခါ ဆေးဆရာကြီးဦးဒေဝကလည်း . . .

"မောင်ကျော်စွာပြောတာ ဟုတ်တယ်ကွယ့်၊ ကျုပ်လည်း ငယ်ငယ်က ဒီလိုပဲ ကြားဖူးတယ်၊ မြေကြီးထဲရောက်နေတဲ့ မြွေပွေးကြီးတွေဟာ အဲဒီနေရာက နှစ်ပေါင်းများစွာ မရွှေ့ဘဲ ငြိမ်နေတတ်သတဲ့၊ အင်း . . . ကျုပ်နားမလည်တာက စောစောတုန်းက ကျုပ်တို့ကိုတိုက်ခိုက်တဲ့ မြွေကြီးပဲ၊ အကောင်ကလည်းကြီး၊ မြန်ကလည်း မြန်၊ သန်လိုက်တာလည်း လွန်ပါရော့ဗျာ၊ တကယ့်ကို မြွေပေါက်လေးတစ်ကောင် လှုပ်ရှားသွားတဲ့အတိုင်းပဲ"

ဟုပြောဆိုလိုက်ရာ ထိုအခါမှာတော့ ကျော်စွာသည် အနည်း





ငယ်မျှ ထင်မြင်ချက်မပေးတော့ဘဲ ရှိနေတော့၏။

ထိုအချိန်မှာပဲ ဒေါက်တာထင်အောင်ကျော်လည်း သူတို့အနားသို့ ရောက်လာပြီး ရင်းနှီးခင်မင်စွာဖြင့် ကျော်စွာကို မေးလိုက်ပြန်၏။

"ဒါနဲ့ စကားမစပ် ကျွန်တော်သိချင်တာလေး မေးပါရစေဦး ကိုကျော်စွာ၊ စောစောက ကိုကျော်စွာပြောခဲ့တဲ့ ခရီးသွားတရုတ်လူမျိုးတွေဟာ တောမုဆိုးတွေများလား၊ ဒီလောက်နက်ရှိုင်းတဲ့ တောနက်ကြီးထဲ စွန့်စားရောက်ရှိလာကြတာ အကြောင်းတစ်ခုခုတော့ ရှိလိမ့်မယ်ထင်တယ်"

ထိုစကားကြောင့် ကျော်စွာသည် သူတစ်ဦးသာလျှင် နားသည်သည့်သဘောဖြင့် ပြုံးလိုက်လေ၏။ ထို့နောက် ဒေါက်တာထင်အောင်ကျော်၏ မျက်ဝန်းတွေကို စူးစိုက်ကြည့်ရင်း . . .

"သိပ်ကိုသေချာတာပေါ့ ဆရာရယ်၊ ကျွန်တော့်ကို လမ်းပြအဖြစ်လိုက်ပါဖို့ လာငှားတုန်းက သူတို့အမူအရာတွေကိုကြည့်ရင်း ကျွန်တော်အကဲခတ်မိပါတယ်၊ သူတို့ဟာ တစ်စုံတစ်ခုကို လျှို့ဝှက်ထားပုံရတယ်"

ဟုပြော၍ အနည်းငယ်ရယ်လိုက်ပြီးနောက် . . .

"ဒါပေမယ့် ဆရာရယ်၊ ဒီလူတွေ ကံဆိုးသလား၊ ကံကောင်းသလားဆိုတာကိုတော့ ကျွန်တော်တို့ မကြာခင်သိရမှာပါ"

ဟူ၍ ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် အားလုံး၏ မျက်လုံးအကြည့်များက နားမလည်နိုင်အောင် ဖြစ်သွားကြစဉ်မှာပဲ ကျော်စွာသည် တောလမ်းခရီးဆက်ရန်အတွက် လိုအပ်သော ပစ္စည်းများထုပ်ပိုးရန် ထွက်ခွာသွားလေ၏။ ဤလမ်းခရီးကို အကျွမ်းကျင်ဆုံးမှာ ကျော်စွာဖြစ်သောကြောင့် အဖွဲ့သားများမှာ ၎င်းဦးဆောင်ရာနောက်မှ လိုက်ကြရလေ၏။

လူသူအရောက်အပေါက်နည်းသော တောနက်ထဲမှာ လူတစ်ယောက်သွားသာရုံ လမ်းတစ်လမ်းရဖို့ အတော်ကို ခုတ်ထွင်ရှင်းလင်းသွားရလေ၏။ သဘောာပေါ်မှာတော့ မည်သူမှ အစောင့်မကျန်ရစ်ခဲ့ပေ။ သူတို့သည် အမဲပစ်သေနတ်၊ ခြောက်လုံးပြူးသေနတ်နှင့် အခြားဓါး၊ လှံ၊ လေးမြှားပါမကျန် ယူဆောင်ခဲ့ကြ၏။

လမ်းခရီးမှာ ထင်ထားသည်ထက်ပင် ကြမ်းတမ်းခက်ခဲလွန်းလှ၏။ တောင်ကုန်းတောင်တန်းများ၊ ချိုက်တောများ၊ လျှိုများဆူးပွင့်န်းသော နေရာများမှ သွားရသည့်အခါများတွင် ယောက်ျားများပင် မခံနိုင်အောင် မောဟိုက်ပင်ပန်းကြလေ၏။ အမျိုးသမီးနှစ်ယောက်အတွက်တော့ ပြောစရာမရှိတော့ပါ။ ရှယ်လီစတုန်းကိုတော့ သူမ၏ချစ်သူ အောင်ငွေတိုးက ဖေးမတွဲခေါ်သဖြင့် အထိုက်အလျောက် သက်သာခွင့်ရရှိလေ၏။ နော်ရှီးကိုတော့ အဖွဲ့သားများထဲမှ တစ်ယောက်ယောက်က အလျဉ်းသင့်သလို ဖေးမတွဲခေါ်ကြ၏။ အထူးသဖြင့် သူမသည် ကျော်စွာအနီးမှ လိုက်လေ့ရှိရာ





သူမအခက်အခဲတွေ့လေတိုင်း ကျော်စွာကပင် ဖေးမတွဲခေါ်ရစမြဲဖြစ်၏။

နော်ရှီးကလည်း မိမိအကြံနှင့်မိမိ ဖြစ်၏။ ကျော်စွာ၏ စရိုက်နှင့် ဟန်ပန်အမူအရာများကို သဘောကျသဖြင့် အခွင့်အရေးရလျှင် မိမိသိချင်တာများ မေးမြန်းချင်သောကြောင့် ဖြစ်သည်။ ခေတ္တမျှရပ်၍ အမောဖြေသော နေရာများသို့ရောက်လျှင် . . .

“ကိုကျော်စွာက ကချင်လူမျိုးနဲ့ မတူဘူးနော်”

ဟူ၍ စကားကို အစပျိုးလိုက်ရာ ကျော်စွာက . . .

“နော်ရှီးက ကျွန်တော့်အကြောင်းကို သိချင်လို့လား”

ထိုအခါ နော်ရှီးက ဟျာဟျာသလဲ အမူအရာဖြင့် . . .

“အို . . . အို . . . ကိုကျော်စွာ . . . တစ်မျိုးမထင်ပါနဲ့၊ ကျွန်မက ခရီးသွားချင်း ခင်မင်ရင်းနှီးလို့ မေးမိတာပါ”

“ကိစ္စမရှိပါဘူးဗျာ၊ နော်ရှီးက မေးလာတော့လည်း ပြောရတော့မှာပေါ့၊ ကျွန်တော်ဟာ ဒီဇာတိမဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော်ကြီးပြင်းခဲ့တာကတော့ ဒီအရပ်ဒေသမှာပါ”

“မိဘမောင်ဘွားတွေကလည်း ဒီဒေသမှာ ရှိတယ်ပေါ့”

“မရှိပါဘူး၊ ကျွန်တော်က အနွှောင်အဖွဲ့ဆိုလို့ ဘာမှမရှိတဲ့ တစ်ကောင်ကြွက်ပါ”

ထိုစကားကြောင့် နော်ရှီးလည်း မေးလိုက်မိသည့်စကားအတွက် စိတ်မကောင်းဖြစ်သွား၏။ ထို့နောက် စကားလမ်းကြောင်း



www.burmeseclassic.com

www.burmeseclassic.com



လှဲလိုက်ပြီး . . .

"ကိုကျော်စွာက သတ္တိကောင်းသလို စကားပြောနဲ့ အတွေးအခေါ်လည်း ကောင်းတယ်၊ အလျဉ်းသင့်တုန်း ကျွန်မ . . . ကိုကျော်စွာကို ဝန်ချတောင်းပန်ပါရစေ၊ ကိုကျော်စွာအခန်းထဲက စာအုပ်တွေကို ခွင့်ပြုချက်မယူဘဲ ကျွန်မယူဖတ်မိတယ်၊ စာအုပ်တွေကလည်း စိတ်ဝင်စားစရာကောင်းလို့ပါ"

"တောင်းပန်စရာ မလိုပါဘူးဗျာ၊ ဆိပ်ကမ်းမှာ တွေ့ကတည်းက နော်ရှီးကို ကျွန်တော်အကဲခတ်မိပါတယ်၊ ဒီလောက်ဝေးလံတဲ့ ခရီးသွားရတဲ့အချိန်မှာ စာအုပ်တွေကို အပင်ပန်းခံပြီး ဘယ်ယူလာတာ တွေ့လိုက်လို့ပေါ့၊ စာဖတ်ခြင်းဟာ မိတ်ဆွေကောင်းတစ်ဦးနဲ့ ခရီးသွားသလိုပဲ၊ အင်မတန် အကျိုးရှိတဲ့အလုပ်ပဲလေ"

"ကိုကျော်စွာကိုကြည့်ရတာ တစ်မျိုးပဲနော်၊ စပ်စုတယ်လို့ မထင်စေချင်ဘူး၊ ကိုကျော်စွာဘဝမှာ လူတွေနဲ့ပတ်သက်ပြီး စိတ်ထိခိုက်စရာ တစ်ခုခုကြုံခဲ့ရတယ် ထင်တယ်"

ကျော်စွာသည် ရုတ်တရက် မဖြေသေးဘဲ အနည်းငယ်ပြုံးလိုက်လေ၏။ ပြီးနောက် . . .

"လူတစ်ယောက်ရဲ့ဘဝမှာ ပြီးပြည့်စုံတယ်ဆိုတာ အင်မတန်ရှားပါတယ်၊ ကောင်းတာထက် ဆိုးတဲ့အတွေ့အကြုံတွေက ပိုပြီးတွေ့လေ့ရှိတတ်တယ်၊ ကျွန်တော့်ဘဝမှာတော့ စိတ်ထိခိုက်





ဘယ်ဆိုတာထက် စိတ်ဒဏ်ရာရခဲ့တယ်ဆိုရင် ပိုပြီးမှန်ပါလိမ့်မယ်"

ထိုအချိန်မှာပဲ ရှေ့ခရီးဆက်ရန် အချိန်ကျရောက်ခဲ့၍ သူတို့နှစ်ဦးလည်း စကားဖြတ်လိုက်ကြ၏။ နေ့ဝက်ခရီးမျှသွားမိသောအခါ သူတို့သည် တောင်ကုန်းထိပ်တစ်ခုပေါ်သို့ ရောက်ခဲ့ကြ၏။ ၎င်းတောင်ကုန်းထိပ်မှ လှမ်းကြည့်လိုက်လျှင် မြောက်ဘက်မြစ်ကြောင်းကို မြင်နေရ၏။ တောင်နှစ်လုံးကြားမှ စီးဆင်းနေသောမြစ်ကြောင်းသည် တွန့်လိမ်ကောက်ကွေးလျက် အဖြူရောင်မြွေတစ်ကောင်နှင့်မခြား တူလှပေ၏။

မြစ်ကြောင်းကို လှမ်းမြင်လိုက်ရသဖြင့် ပင်ပန်းနွမ်းနယ်မှုများ အတန်အသင့် ပြေပျောက်သွားကာ အားအင်ပြည့်ဝလာသလို ခံစားရလေ၏။ ထို့ထက်ပို၍ အားတက်စရာကောင်းသည်မှာ မြစ်ချောင်းအထက်ပိုင်းမှ အောက်ဘက်သို့ မောင်းလာသောစက်လှေတစ်စင်း၏စက်သံကို ခပ်သဲ့သဲ့ကြားလိုက်ရခြင်း ဖြစ်သည်။

"ကဲ . . . ကျွန်တော်တို့ မြစ်ကမ်းထိပ်ရောက်အောင် ဆင်းကြရလိမ့်မယ်၊ ဒါမှ သဘော်ဆင်းလာတဲ့အခါမှာ တားလို့ရမှာ"

ဟုကျော်စွာက ပြောလိုက်ရာ သူတို့လည်း တောင်အောက်သို့ဆင်းရန် အသင့်ပြင်လိုက်ကြ၏။ တောင်၏သဘောမှာ အတက်သည်းမသက်သာ၊ အဆင်းလည်း မသက်သာလှပေ။ တက်သောအခါ အားပြုရသဖြင့် ဒူးညောင်းပြီး ဆင်းသောအခါ ထိန်းရသောကြောင့် တံခေါက်ကြောနာသည့် အရှိန်နှင့် လိမ့်မကျအောင် ထိန်း



www.burmeseclassic.com

www.burmeseclassic.com



ရသဖြင့် စိတ်ပင်ပန်းရလေ၏။

သို့သော်လည်း သူတို့အဖွဲ့သည် အခက်အခဲမရှိဘဲ တောင်အောက်သို့ ရောက်ခဲ့ကြ၏။ တောင်ခြေနှင့် မလှမ်းမကမ်းတွင် ရေအိုင်ကြီးရှိ၏။ ရေအိုင်ကြီးမှာ ဘေးပတ်လည်မှ တောအုပ်ကြီးများ ဝန်းရံထားပြီး ရေအလယ်မှာတော့ ကိုင်းပင်အချို့ပေါက်ရောက်လျက် ရှိ၏။ လူသွား၍မရလောက်အောင် ထူထပ်ခြင်းမျိုး မရှိပေ။ ရေက ကြည်လင်သော်လည်း ခါးလောက်အထိနက်သော ကြောင့် အောက်ခြေသို့ မမြင်ရပေ။

ရေအိုင်ကို ဖြတ်သန်းကြသည့်အခါ သူတို့အဖွဲ့သည် လက်နက်များအသင့်ကိုင်ဆောင်လျက် သတိဖြင့် သွားလာကြ၏။ အထူးသဖြင့် သေနတ်များကို အသုံးပြုခြင်းထက် ဝါးများကိုသာ အားထားရ၏။

သူတို့သည် ရင်တထိတ်ထိတ်ဖြင့် ဖြတ်ကူးရင်း ရေအိုင် တစ်ဖက်ရှိ တောင်ကုန်းတစ်ခုပေါ်သို့ ဖြတ်ကူးကြရာ အန္တရာယ် တစ်စုံတစ်ရာ ကျရောက်ခြင်းမရှိဘဲ ရေအိုင်တစ်ဘက်ရှိ တောင်ကုန်း တစ်ခုပေါ်သို့ ရောက်ရှိကြလေ၏။

ကမ်းပေါ်ရောက်သောအခါမှ အခြားဒုက္ခများ ပါလာ သည်ကို တွေ့ကြရ၏။ အခြားမဟုတ်ပေ။ တစ်ကောင်လျှင် လေး လက်မ၊ ငါးလက်မခန့် ကြီးမားရှည်လျားသော မျှော့မည်းကြီးများ က သူတို့ကိုယ်ခန္ဓာပေါ်မှာ အသီးသီးတွယ်ကပ်လိုက်ပါလာခြင်း





ဖြစ်သည်။ ထိုအခါ အမျိုးသမီးနှစ်ယောက်မှာ ကြွေမထိန်းနိုင်လောက်အောင် အထိတ်တလန့် အော်ဟစ်ကြတော့သည်။

အတွေ့အကြုံရှိကြသည့် ကျော်စွာနှင့် စိုင်းနော်တို့က အထုပ်အပိုးများထဲမှ ဆားထုပ်များကို အလျင်အမြန်ထုတ်ယူကာ တွယ်ကပ်သွေးစုပ်နေသော မျှော့ကြီးများပေါ်သို့ ဆားများဖြူးလိုက်တော့မှ ကွာကျသွားလေ၏။ မျှော့များမှာ လူကိုတွယ်ကပ်မိလျှင် သက်ဖြင့်ဆွဲခွာ၍ မရပေ။ ၎င်းတို့စုပ်ခွက်များဖြင့် အသားကိုကပ်ထားသောကြောင့် ဖြစ်သည်။ ဆား၊ ထုံး၊ ဆေးရွက်ကြီး စသည်တို့နှင့် တို့ထိမှ ကွာကျလေ၏။ ထိုသို့ကွာကျသည့်တိုင် ၎င်းတို့စုပ်ခွက်ကပ်မိသောနေရာမှ သွေးများစိမ့်ထွက်လာစမြဲ ဖြစ်သည်။ အတန်ကြာမှ ထိုသွေးများက တဖြည်းဖြည်း ရပ်တန့်သွား၏။ မျှော့ကြီးများစုပ်ခွက်မှ သွေးများအဆက်မပြတ် ထွက်နေသည်ကို ဆေးဆရာကြီးဦးဒေဝက တောစပ်တွင်တွေ့သော ဂမုန်းရွက်အချို့ကို ခူးပြီး ကပ်ပေးတော့မှ သွေးများတိတ်သွားတော့၏။

"ဒီမျှော့ကြီးတွေကိုကြည့်ရင်း ကျုပ်တော့ တကယ့်ကို အံ့သြပါတယ်၊ ဒီလောက်ကြီးတဲ့မျှော့မျိုး ကျုပ်တစ်ခါမှ မတွေ့ဖူးဘူး၊ ဒီနားတစ်ဝိုက်က တိရစ္ဆာန်တွေဟာ သေးသေးမွှားမွှား အကောင်ဘစပြီး ဘာလို့များ ဒီလောက်ကြီးထွားနေသလဲ မသိဘူး"

ဟူ၍ စိုင်းနော်က ညည်းတွားပြောဆိုလေ၏။

ထို့နောက် သူတို့သည် ကမ်းစပ်ဘက်သို့ ဦးတည်ထွက်ခွာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြ၏။ အဝေးမှ ခုတ်မောင်းလာသော စက်လှေစက်သံကလည်း တဖြည်းဖြည်း နီးလာပြီဖြစ်၏။ သစ်တောများ ကာဆီးနေသဖြင့် စက်လှေကို မမြင်ရသော်လည်း မကြာမီအချိန်တွင် သူတို့ရှိရာ ဆိပ်ကမ်းဘက်သို့ ရောက်လာပေတော့မည်။

သို့သော် ထိုတစ်ကြိမ်မှာလည်း ကံကြမ္မာသည် သူတို့အား သွေးပျက်ခြောက်ခြားဖွယ် အဖြစ်မျိုးနှင့် ရင်ဆိုင်ကြုံတွေ့ရစေပြန်၏။

အထက်ဖက်မှ စုန်ဆင်းလာသော စက်လှေပေါ်တွင် လူနှစ်ယောက်လိုက်ပါလာသည်ကို တွေ့လိုက်ရ၏။ စက်လှေမောင်းသူနှင့် အဖော်လိုက်ပါသူတစ်ယောက် ဖြစ်ပေလိမ့်မည်။ အစုန်ခရီးဖြစ်၍ အရက်ကလေးတမြမြနှင့် အေးအေးဆေးဆေး မောင်းလာကြခြင်း ဖြစ်သည်။

တစ်နေရာသို့ ရောက်သောအခါ တဖြည်းဖြည်းသွားနေသော စက်လှေမှာ ဝမ်းဗိုက်အောက်မှ တစ်စုံတစ်ခုနှင့် ငြိလိုက်သကဲ့သို့ တုန့်ခနဲဖြစ်သွားပြီး ရပ်တန့်သွား၏။ ထိုအခါ အဖော်လိုက်ပါသူသည် အကျႌကိုချွတ်ပြီး ဓါးတစ်လက်ကိုကိုင်လျက် ရေအောက်သို့ ငုံ့ဆင်းသွား၏။

ရေအောက်သို့ ရောက်သောအခါ သဘော်ပန်ကာတွင် တစ်စုံတစ်ခု ပတ်နေသည်ကို တွေ့ရ၏။ သူသည် လွန်စွာထိတ်လန့်တုန်လှုပ်သွား၏။ ထိုသို့ ရစ်ပတ်နေသည့်အရာမှာ ဒိုက်၊ အမှိုက်





နှင့် သစ်တုံးများ မဟုတ်ပေ။ ထိုသူသည် ရေထဲက ဘယ်တော့မှ ပြန်တက်လာနိုင်တော့မည် မဟုတ်ပေ။

အတန်ကြာသည်အထိ ရေထဲမှ ပြန်ပေါ်မလာသည့်အတွက် အပေါ်က တစ်ယောက်မှာ စိတ်ပူသွားပြီး ပဲ့ပိုင်းသို့လာကြည့်နေ၏။ ထိုအခိုက်မှာပဲ သဘော်ပဲ့ပိုင်းသို့ လွန်စွာကြီးမားသော မြွေတစ်ကောင်၏ဦးခေါင်းပိုင်းသည် 'ဝုန်းခနဲ' လျှောထိုးတက်လာသည်နှင့် ရင်ဆိုင်လိုက်ရ၏။

"ဟင် . . ."

သူသည် ရုတ်တရက် ငေးကြောင်သွားသော်လည်း လွန်စွာသတိကောင်းသူဖြစ်သည်။ အခြေအနေကို သိလိုက်သည်နှင့် သူသည် စက်ခန်းထဲရှိ သေနတ်ကို ပြေးယူလေ၏။ မြွေကလည်း နောက်မှထိုးလိုက်လာ၏။ အကောင်ကြီးသလောက် လှုပ်ရှားမှုမှာ လွန်စွာမြန်၏။ ထိုသူ သေနတ်ဆီမရောက်ခင်မှာပင် မြွေကြီးက သူ့ခြေထောက်ကို နောက်မှလှမ်းကိုက်လိုက်ပြီး ဒရွတ်တိုက်ဆွဲချသွားတော့၏။

ထိုအခါ ၄င်းက ဆွဲမိဆွဲရာ လှမ်းဆွဲလိုက်သဖြင့် ဂီယာတံကို ဆွဲချလိုက်သလိုဖြစ်သွား၍ စက်လှေမှာ "ဝူးခနဲ" အရှိန်ဖြင့် မောင်းထွက်သွားတော့၏။ ထိုသူကတော့ မြွေကြီးဆွဲချသွားရာ ရေအောက်သို့ ရောက်ရှိသွားတော့သည်။ စက်ကုန်ဖွင့်လျက်သား မောင်းထွက်သွားသော စက်လှေမှာ အထိန်းအကွပ်မရှိတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ရေလယ်ခေါင်တွင် ချာချာလည်နေပြီး တစ်ကြိမ်တွင် ကမ်းစပ်မှ ကျောက်ဆောင်တစ်ခုအား အရှိန်ဖြင့် ဝင်ဆောင့်လိုက်ရာ "ဝုန်း ခနဲ" ပေါက်ကွဲမီးလောင်သွားတော့၏။

* * * *



## အခန်း (၁၃)

သူတို့တစ်ဖွဲ့လုံးသည် ထိုမြင်ကွင်းကို အစ၊ အလယ်၊ အဆုံး တွေ့မြင်လိုက်ရသဖြင့် ထိတ်လန့်တုန်လှုပ်မှုနှင့်အတူ စိတ်ဓါတ်လည်း အကြီးအကျယ်ကျသွားလေ၏။

ရက္ခပေဒစစ်တမ်းကောက်ယူသည့် အဖွဲ့သားများမှာ ကမ်းစပ်တွင် ရှိနေကြပြီး ကျော်စွာနှင့် စိုင်းနော်ကတော့ မီးလောင်ပျက်စီးသွားသော စက်လှေရှိရာသို့ ထွက်လာခဲ့၏။ ထိုသူများမှာ မည်သူမည်ဝါဖြစ်ကြောင်း သိရှိလို၍ သဲလွန်စတစ်ခုတစ်လေ ရလိုငြား သဘောမျိုးဖြင့် စက်လှေအပျက်အစီးများကြား၌ ရှာဖွေကြည့်ရှုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မီးလောင်ရာမှ လွင့်စင်ထွက်လာဟန်ရှိသော သေတ္တာ ငယ်တစ်လုံးကို တွေ့သဖြင့် ဖွင့်ကြည့်လိုက်ရာ အတွင်း၌ သေနတ် တစ်လက်နှင့် ကျည်ကာဒ်အချို့ကို တွေ့ရသဖြင့် သိမ်းယူခဲ့ကြ

ရေစီးအားပြင်းထန်သည့် မြစ်ဖြစ်၍ ပစ္စည်းတော်တော် များများမှာ ရေစီးနှင့်အတူ မျောပါသွားပြီဖြစ်၏။ လက်ရှိ သူ ကြုံတွေ့နေရသည့်အဖြစ်မှာ "ဆုပ်လည်းရှူး၊ စားလည်းရှူး" ဆိုသ ဖြစ်နေတော့၏။

"ကျွန်တော် အလေးအနက် အကြံပြုချင်ပါတယ်၊ အဖွဲ့ သားများအားလုံးလည်း စဉ်းစားကြပါ၊ အခု ကျွန်တော်တို့ ရင်ဆိုင် နေရတဲ့ အခြေအနေဟာ အလွန့်ကို ဘေးကျပ်နံကျပ် ကြုံတွေ့ ရတဲ့ အနေအထားမျိုးပဲ၊ ကျွန်တော်တို့ အမိကအားထားတဲ့ လမ်းခရီးလည်း မဖြစ်နိုင်တော့ဘူး၊ အပြန်ခရီးကို ခြေလျင်ပြန် ဆိုတာ ဘယ်လိုမှ စိတ်ကူးလို့မရတဲ့ကိစ္စ ဖြစ်သွားပြီ၊ တစ်ခါတ လေ ဒီဒေသမှာ ရွှေရှာတဲ့လူတွေ စွန့်စားရောက်ရှိလာတာမျိုး တတ်တယ်၊ ထိုင်နေတာထက်စာရင် တစ်ခုခု ထလုပ်လိုက်တာ အကျိုးရှိမယ်လို့ ကျွန်တော်ယူဆတယ်၊ ဒါကြောင့် ရပ်နားမနေ ရှေ့ကိုခရီးဆက်ဖို့ ကျွန်တော်တိုက်တွန်းပါရစေ"

ကျော်စွာ၏စကားမှာ မှန်ကန်သည့် ဆုံးဖြတ်ချက်ဖြစ် ရာ တစ်စုံတစ်ရာ ကန့်ကွက်ခြင်းမရှိဘဲ သဘောတူလိုက်ကြ ထို့နောက် ခရီးဆက်ရန် ပြင်ဆင်ကြလေ၏။





သူတို့အဖွဲ့သည် တောတောင်ခရီးများကို ဆက်လက် ဖြတ်သန်းကြပြန်၏။ ထိုသို့သွားရာတွင် လမ်းတစ်လျှောက်လုံး အနှောင့်အယှက် အန္တရာယ်ဟူ၍ အနည်းငယ်မျှ မတွေ့ရပေ။

ထိုအရပ်ဒေသမှာ သက်တမ်းရင့် သစ်ပင်ကြီးများ အများ အပြားရှိလေရာ နေ့အချိန်များမှာပင် နေပျောက်မထိုးနိုင်အောင် ရှိလေ၏။

တစ်နေ့တာခရီး လွန်မြောက်သည်တွင် တောထဲမှာ ရုပ် ပျက်ဆင်းပျက် သေဆုံးနေသော အလောင်းများကို တွေ့ကြရ၏။ ထိုမြင်ကွင်းကြောင့် အမျိုးသမီးနှစ်ဦးမှာ စက်ဆုပ်ရွံရှာသွားပြီး အော့အန်ကုန်ကြ၏။ အလောင်းများမှာ လွန်ခဲ့သော ရက်အနည်း ငယ်ခန့်က သေဆုံးခဲ့ပုံရ၏။

ကျော်စွာသည် အလောင်းများအနီး ချဉ်းကပ်၍ အသေ အချာကြည့်ရှုလိုက်ရာ ထိုသူများမှာ မိမိတို့ရှေ့မှ ထွက်ခွာသွား သည့် တရုတ်ခရီးသွားအဖွဲ့များဖြစ်ကြောင်း သိလိုက်လေ၏။

ထိုအကြောင်းကို ကျော်စွာက အဖွဲ့သားများအား ပြော ပြလိုက်၏။ အလောင်းများတွေ့ရပုံမှာ တစ်စုတစ်ဝေးတည်း တွေ့ ရခြင်းမျိုးမဟုတ်ဘဲ တစ်နေရာစီမှာ တွေ့ရခြင်းဖြစ်သည်။ တစ် နေရာသို့အရောက်တွင် ခေါင်းတစ်ပိုင်းကိုယ်တစ်ပိုင်းဖြစ်ကာ သေ ဆုံးနေသော မြွေအသေတစ်ကောင်ကို တွေ့ရလေ၏။ မြွေ၏ကိုယ် လုံးမှာ အစိမ်းနှင့်အဝါရောင် ရောယှက်နေကြောင်း အနက်ကွက်



www.burmeseclassic.com

www.burmeseclassic.com



များ ဖုံးအုပ်ထား၏။ အလျားမှာ အတော်ရှည်လျားပြီး အလုံး အထည်မှာလည်း တုတ်ခိုင်ကြီးမားလှသည်။ ကိုယ်ကြီးက တစ်နေရာ မှာရှိပြီး ဦးခေါင်းမှာ ဓါးဖြင့်ခုတ်ဖြတ်ထားခြင်း ခံရသောကြောင့် တစ်နေရာမှာ ရောက်ရှိနေ၏။

ထူးထူးခြားခြား အမူအရာပျက်နေသူမှာ အောင်ငွေတိုး ဖြစ်၏။ အောင်ငွေတိုးသည် သေဆုံးနေသည့် တရုတ်များကို စေ့ စေ့စပ်စပ်ကြည့်ရင်း အကြိမ်ကြိမ် ပင့်သက်ရှိုက်နေလေ၏။

ထိုအခိုက်မှာပဲ ဆေးဆရာကြီးဦးဒေဝ၏ အားရဝမ်းသာ အော်ပြောလိုက်သည့် စကားသံကြောင့် သူတို့အားလုံး ဆေးဆရာ ကြီးအနီး ရောက်သွားကြ၏။ ဆေးဆရာကြီးမှာ ဓါးနှင့်ပိုင်းဖြတ် ခံထားရသော မြွေဦးခေါင်းအနီးတွင်ရပ်လျက် အစွမ်းကုန်ဟမြ လျက်ရှိသည့် မြွေပါးစပ်ထဲမှ အနီရောင်ပန်းပွင့်အချို့ကို လက်ညှိ ထိုးပြလေ၏။

သူတို့မျက်ဝန်းများမှာ ထိုပန်းပွင့်ကိုကြည့်ရင်း အံ့သြလွန် သည်ကြောင့် မျက်ဝန်းတွေက ပြူးကျယ်ဝိုင်းစက်သွားကြ၏။ ဒေါက်တာထင်အောင်ကျော်နှင့် ဆေးဆရာကြီးဦးဒေဝသည် တစ်ဦး ကိုတစ်ဦး အားရကျေနပ်စွာကြည့်လျက် ပြုံးလိုက်ကြ၏။

ထိုအနီရောင်ပန်းပွင့်များမှာ သူတို့မျှော်လင့်တောင့်တနေ သည့် ပတ္တမြားသစ်ခွပွင့်ဖတ်များဖြစ်ကြောင်း သိလိုက်ကြ၍ပြုံး သည်။ အောင်ငွေတိုးသည် အနားသို့တိုးကပ်သွားပြီး ထိုပန်းပွင့်





ဘတ်များအား ကော်ယူလိုက်ပြီး အနီးကပ်ကြည့်ရှုနေလေ၏။

သို့ဆိုလျှင် ၄င်းပတ္တမြားသစ်ခွအပင်နှင့်အပွင့်မှာ ထိုအရပ် ဒေသတစ်ဝိုက်တွင် တွေ့ရှိရမည်ဟု ဒေါက်တာထင်အောင်ကျော် ယုံကြည်လေ၏။ သူတို့သည် စခန်းအတွင်း လှည့်ပတ်ကြည့်ရှုရာ သက်ရှိသတ္တဝါဟူ၍ တစ်စုံတစ်ယောက်မျှ မတွေ့ရဘဲ ပုပ်ပွစပြု သာပြီဖြစ်သည့် အလောင်းများမှ ထွက်ပေါ်လာသည့် အနံ့များကို မသတီစရာ ရှူရှိုက်နေရ၏။

မိမိတို့အဖွဲ့ရှေ့မှ ရက်အနည်းငယ်စော၍ ရောက်ရှိခဲ့ သည့် တရုတ်ခရီးသွားအဖွဲ့သည် တစ်ယောက်မကျန် သေဆုံးသွား ကြပုံရ၏။ သူတို့သည် အန္တရာယ်ဆိုးနှင့် ရင်ဆိုင်ကြုံတွေ့ရသည့် အခါ အသေအကြေ တိုက်ခိုက်ခုခံပါလိမ့်မည်။ သို့သော်လည်း ထိုအန္တရာယ်မှာ ရှောင်ခွာထွက်ပြေး၍ မရလောက်အောင် အင် အားပြင်းထန်လိမ့်မည်ဟု ယူဆရ၏။

မိမိတို့အဖွဲ့သည်လည်း ထိုသူတို့ကိုကြည့်ရင်း ကြုံတွေ့လာ မည့် အန္တရာယ်ကို ရင်ဆိုင်ရန် ပြင်ဆင်မှုများ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ကျော်စွာက သတိပေးပြောဆိုလေ၏။ ထို့နောက်မှာ တော့ သူတို့သည် လက်နက်ကိရိယာများကို အသင့်ပြင်ဆင်ကြရာ လေကွယ်ရာအရပ်ကို ရွေးချယ်၍ ခေတ္တစခန်းချလေ၏။

ထိုနေရာမှာ လေကွယ်ရာနေရာ ဖြစ်သောကြောင့်အပုပ် နံ့ရှူရှိုက်ရခြင်းမှ သက်သာခွင့်ရရှိလေ၏။ ထိုနေရာမှာ ချောင်းရိုး



www.burmeseclassic.com

www.burmeseclassic.com



နှင့် နီးသောနေရာဖြစ်၏။ ယာယီရွက်ဖျင်တဲများ အလျင်အမြန် ဆောက်လုပ်ပြီးသည်နှင့် မီးမွေးသူကမွေး၊ စားသောက်ရန် ချက် ပြုတ်စီစဉ်သူက စီစဉ်၊ ဖောင်ပြုလုပ်ရန် ဝါးခုတ်သူက ခုတ်၊ လျှော် ဆုတ်သူက ဆုတ်နှင့် အသီးသီး အလုပ်ရှုပ်ကုန်ကြ၏။

ကျော်စွာသည် ဖောင်လုပ်ရန်အတွက် သမန်းလျှော်ပင် များရှိရာ ချောင်းစပ်ဆီသို့ ထွက်လာခဲ့၏။ သမန်းပင်မှ ခွာယူရ သော လျှော်အမျိုးအစားမှာ လွန်စွာခိုင်ခံ့ရုံမက ကြာရှည်အသုံးခံ ၏။ သမန်းလျှော်ဆုတ်ခွာရာတွင် လက်မောင်းလုံးခန့် အရွယ်ရှိ သော သမန်းပင်များကို လေးတောင်ခန့်ဖြတ်ယူရ၏။ သမန်းသား များကို ရသောအခါ အခွံများကွာတက်လာသည်အထိ ထုရပြီး အပေါ်ယံအခေါက်ကို ခွာယူရ၏။

လျှော်ဆုတ်ရသည့်အလုပ်မှာ လွယ်ကူသော အလုပ်မဟုတ် ပေ။ အင်အားသုံးဆုတ်ခွာရသဖြင့် လွန်စွာပင်ပန်းလှ၏။ သူသည် ကမ်းစပ်ဘက်လှည့်ကာ လျှော်များကို အားရပါးရ ဆုတ်ခွာနေစဉ် တောထဲမှထွက်လာသော နော်ရှီးသည် သူ့ဆီလျှောက်လှမ်းလာ လေ၏။ သူမက မလှမ်းမကမ်းနေရာတွင် ဝင်ထိုင်လျက် . . .

"ကျွန်မက ကိုကျော်စွာကို မမြင်မိလို့ လိုက်ကြည့်ရတာ"

"ကိစ္စရှိလို့လား"

"အထွေအထူးတော့ မရှိပါဘူး ကိုကျော်စွာ၊ ဒါပေမယ့် ကျွန်မသိချင်တာလေးရှိလို့ပါ"





"နော်ရှီးက ဘာများသိချင်လို့လဲ"

"တခြားတော့ မဟုတ်ပါဘူး၊ အခု ကျွန်မတို့ သွားမယ့် ခရီးဟာ အန္တရာယ်ဘယ်လောက်များလဲဆိုတာ သိချင်လို့ပါ"

ကျော်စွာက လျှော်ခွာနေရင်းမှ တစ်ချက်ပြုံးလိုက်ပြီး . . .

"ကိုယ့်ဆီရောက်မလာသေးတဲ့ ပြဿနာတွေ၊ အန္တရာယ် တွေကို ကြိုတင်တွေးကြောက်ပြီး စိတ်ပူနေမယ့်အစား တွေ့လာ တော့မှ ရင်ဆိုင်ဖြေရှင်းတဲ့နည်းက ပိုကောင်းပါတယ်၊ ထွက်ပေါက် ဆိုတာ အခက်အခဲတွေ့လေ ပိုလို့ရှာဖွေလို့ ကောင်းလေလေဆိုတဲ့ စကားလိုပေါ့"

ဟုပြောလိုက်ရာ နော်ရှီးက ယုံကြည်ကိုးစားသည့် မျက် ဝန်းဖြင့် ကြည့်လိုက်ပြီး . . .

"ကိုကျော်စွာရဲ့ စကားကိုကြားလိုက်ရတော့ အားအင် အသစ်တွေ ရရှိလိုက်သလို တကယ့်ကို လန်းဆန်းတက်ကြွသွား တယ်"

ဟု အားတက်သရော ပြောလိုက်လေ၏။

ထို့နောက်မှာတော့ သူတို့နှစ်ဦးသည် အခြားအကြောင်း အရာများကို အတန်ကြာအောင် ပြောဆိုနေကြပြီးနောက် ဆုတ် ခွာပြီးသားလျှော်များကို ပွေ့ပိုက်လျက် ဝါးဖောင်တွဲသောနေရာသို့ ဆင်းခဲ့ကြလေ၏။

ညသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိရာ မီးပုံကြီးဆီမှ



www.burmeseclassic.com

www.burmeseclassic.com



သစ်တုံးများကိုမီးစွဲ၍ တဖျစ်ဖျစ်မြည်သံများသော ဝန်းကျင်တစ်ခွင် ကို လွှမ်းမိုးနေလေ၏။ ကျန်လူများမှာ စခန်းတဲအတွင်း၌ အိပ်စက် အနားယူနေကြပြီဖြစ်သော်လည်း ထိုမီးပုံနံဘေးမှာတော့ မီးလှုံရင်း စကားပြောနေကြသူနှစ်ဦးရှိ၏။

အောင်ငွေတိုးနှင့် ရှယ်လီစတုန်းတို့ ဖြစ်ကြလေ၏။ အောင် ငွေတိုးသည် မီးဖိုပေါ်မှာ ကျိုထားသော ဖက်ခါးရည်တစ်ခွက်ကို ဝါးဆစ်ခွက်ထဲ ငှဲ့ထည့်ပြီး တစိမ့်စိမ့်သောက်ရင်း လှပချစ်စဖွယ် ကောင်းသော ရှယ်လီစတုန်း၏မျက်နှာကို ရွှန်းရွှန်းစားစား ကြည့် နေလေ၏။

ရှယ်လီစတုန်းမှာ အိပ်စက်အနားယူချင်နေသော်လည် အောင်ငွေတိုးက အရေးတကြီး ပြောစရာရှိသည်ဟုဆို၍ ခေါ်လာ ခြင်းဖြစ်သည်။

"ရှယ်လီ . . . အတော်ပင်ပန်းနေပြီ ထင်တယ်"

"ပင်ပန်းတယ်ရယ်လို့ မယူဆပါဘူး၊ ရှယ်လီတို့လို ရှာ ပညာရှင်တွေအတွက်တော့ စာအုပ်အသိတစ်ခုတည်းကို အားမကို ဘဲ အခုလို အပင်ပန်း၊ အဆင်းရဲခံပြီး လက်တွေ့သုတေသနပြုလုပ် ရတာ သိပ်ကိုကျေနပ်စရာကောင်းပါတယ်၊ အခုအတွေ့အကြုံ တော့ ကိုယ့်အတွက်ရော တိုင်းပြည်အတွက်ပါ အတော့်ကို အကျိ ရှိတယ်လေ"

ထိုအခါ အောင်ငွေတိုးက 'ဟက်ခနဲ' သဘောကျစွာ ရယ်





ိုက်ပြီး . . .

"ဒါတင်ဘယ်ကမလဲ ရှယ်လီရယ်၊ ဒီခရီးက ပြန်တဲ့အခါ ကိုယ်တို့ဘဝတွေလည်း အများကြီးပြောင်းလဲသွားမှာကို ရှယ်လီ မရိပ်မိဘူးလား"

ရှယ်လီစတုန်းမှာ မျက်မှောင်ကျုံ့လျက် နားမလည်နိုင် ဖြစ်သွားပြီး . . .

"ဘယ် . . . ဘယ်လို . . ."

ဟုမေးလိုက်ရာ အောင်ငွေတိုးက သူမ၏မျက်နှာအနီးသို့ ဘိုးကပ်သွားပြီး နှစ်ကိုယ်ကြားလေသံဖြင့် . . .

"ဒီအကြောင်းတွေပြောချင်လို့ ကိုယ်ရှယ်လီ့ကို ခေါ်လိုက် ဘာပေါ့၊ ရှယ်လီက ကိုယ်နဲ့လက်ထပ်မယ့်သူဆိုတော့ ဒီအကြောင်း တွေကို ကိုယ့်လိုပဲ သိထားပြီး ဝမ်းသာစေချင်လို့ပါ၊ ကိုယ် ဒီခရီး ကို လိုက်လာခဲ့တာဟာ သာမန်ရည်ရွယ်ချက်နဲ့ လိုက်ခဲ့တာမဟုတ် ဘူး၊ သစ်ခွစစ်တမ်းကောက်ယူဖို့ ကိစ္စအတွက်နဲ့တော့ ဒီလောက် အန္တရာယ်များတဲ့ခရီးကို သက်စွန့်ဆံဖျား လိုက်လာပါ့မလား ရှယ်လီ ရယ်၊ စဉ်းစားကြည့်ပါဦး၊ ဒီခရီးကို ထွက်မလာခင်ကတည်းက ကိုယ်နိုင်ငံခြားကုမ္ပဏီတစ်ခုနဲ့ ချိတ်ဆက်ထားခဲ့တယ်၊ အကျိုးတူ ဆောင်ရွက်တဲ့သဘောပေါ့၊ သူတို့ဆီက အခကြေးငွေတစ်ချို့တောင် ရထားပြီးလို့ ရန်ကုန်မှာ ကိုယ့်နာမည်နဲ့ ဘဏ်စာရင်းတောင်ဖွင့် ထားပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူသည် စကားကို ခေတ္တရပ်လိုက်ပြီး သဘောကျစွာ ရယ်လိုက်လေ၏။ ရယ်လီစတုန်းသည် အောင်ငွေတိုး၏စကားများကို နားထောင်ပြီး အံ့ဩမင်သက်ဖြစ်နေတော့၏။ ထို့အတူ လွှန်စွာလည်း တုန်လှုပ်ချောက်ခြားသွားလေ၏။ အောင်ငွေတိုးသည် မင်းသားယောင်ဆောင်ထားသည့် ဘီလူးတစ်ကောင်ပင်ဖြစ်ကြောင်း ကိုယ်ထင်ပြနေပြီဖြစ်၏။

အောင်ငွေတိုးပြောပြ၍ သိလိုက်ရသည်မှာ အောင်ငွေတိုးသည် မိမိတို့ခရီးမစတင်မီ တစ်နေ့တွင် လွှန်စွာထူးဆန်းသည့် သတင်းတစ်ခုရရှိခဲ့လေ၏။ လွှန်စွာပညာဉာဏ်ပြည့်ဝသလို စိတ်ရင်းစေတနာကောင်းမွန်သည့် ဒေါက်တာထင်အောင်ကျော်အပေါ်တွင် မရိုးသားသည့် စိတ်အကြံဖြင့် ၎င်းသတင်းကို အရယူခဲ့ခြင်းဖြစ်သည်။

ထိုသတင်းရရှိခဲ့ပုံမှာ သူသည် ဒေါက်တာထင်အောင်ကျော်ကို ဆေးဆရာကြီးဦးဒေဝနေအိမ်သို့ လိုက်ပို့ပြီး ဆေးဆရာကြီးနှင့် ဒေါက်တာထင်အောင်ကျော်တို့ ပြောဆိုဆွေးနွေးနေသည့် စကားများကို ချောင်းမြောင်းနားထောင်ရင်းဖြင့် သိခဲ့ရခြင်းဖြစ်သည်။

ဆေးဆရာကြီးဦးဒေဝနှင့် ဒေါက်တာထင်အောင်ကျော်၏ အဖိုးဖြစ်သူတို့မှာ လွန်ခဲ့သည့် နှစ်များစွာကတည်းက တောနက်ကြီးအတွင်း စွန့်စားသွားရောက်ပြီး ကမ္ဘာပေါ်တွင် လွှန်စွာရှားပါးအဖိုးတန်သည့် ပတ္တမြားသစ်ခွကို တွေ့ရှိခဲ့ကြ၏။





ထိုစဉ်က လက်ထဲရောက်ခါနီးမှ လက်လွှတ်ဆုံးရှုံးခဲ့ရသည့်အဖြစ်ကို ဒေါက်တာထင်အောင်ကျော်သည် သူ၏အဖိုးရေးသားသည့် မှတ်တမ်းကို ဖတ်ရှုမိ၍ သိခဲ့ရခြင်းဖြစ်သည်။ ဆေးဆရာကြီးဦးဒေဝမှာလည်း ဒေါက်တာထင်အောင်ကျော်၏ ဖိတ်ခေါ်မှုကို ဝမ်းမြောက်ဝမ်းသာလက်ခံပြီး ထိုခရီးစဉ်တွင် အတူတကွလိုက်ပါရန် သဘောတူခဲ့လေ၏။

သူတို့နှစ်ဦးသည် ပါမောက္ခဒေါက်တာသောမတ်(စ်)ပေးအပ်သည့် သစ်ခွစစ်တမ်းကောက်ယူသည့် တာဝန်ကိုထမ်းဆောင်ရင်း ၎င်းပတ္တမြားသစ်ခွကိုလည်း ရှာဖွေရန် လျှို့ဝှက်ကြံစည်ခဲ့ကြသည်ကို အောင်ငွေတိုးသည် ချောင်းမြောင်းနားထောင်ရင်း သိခဲ့ရခြင်းဖြစ်သည်။

ထိုစဉ်က သူသည် ဆေးဆရာကြီးအား နှုတ်ဆက်ပြီး ပြန်လည်ထွက်ခွာလာရာ ဆေးဆရာကြီးနေအိမ်ဘေးရှိ မြေကွက်လပ်တွင် စိုက်ပျိုးထားသည့် ဂမုန်းပင်များကို စိတ်ဝင်တစားဖြစ်သွားပြီး တိတ်တဆိတ် ကြည့်ရှုလေ့လာနေရင်းက ဆေးဆရာကြီးနှင့် ဒေါက်တာထင်အောင်ကျော်တို့ ပြောဆိုဆွေးနွေးနေသည့် စကားများကို ကြားသိခဲ့ရခြင်းဖြစ်သည်။

ထို့နောက်မှာတော့ သူသည် ၎င်းပတ္တမြားသစ်ခွ (Ruby Orchid) အကြောင်းကို လက်လှမ်းမီသမျှ လေ့လာခဲ့ရာ နိုင်ငံခြားသား ပြည်ကြီးသားပေါက်ဖော်တစ်ဦးနှင့် ချိတ်ဆက်မိခဲ့၏။ ထို



www.burmeseclassic.com

www.burmeseclassic.com



တရုတ်မှာ ထိုင်ဝမ်သစ်ခွကုမ္ပဏီတစ်ခုမှ ကိုယ်စားလှယ်ဖြစ်၏။

ထိုသူသည် ပတ္တမြားသစ်ခွအကြောင်းကို ကြားလိုက်ရသည်နှင့် လွန်စွာစိတ်ဝင်တစားဖြစ်သွားပြီး ၎င်း၏ကုမ္ပဏီကို ထိုသတင်းပေးပို့ရာ ကုမ္ပဏီပိုင်ရှင် ထိုင်ဝမ်တရုတ်သူဌေးက အောင်ငွေတိုးကို တိတ်တဆိတ်ဖိတ်ခေါ်ပြီး ညှိနှိုင်းကျွေးမွေးလေ၏။ ထိုညှိခံပွဲမှာပင် အောင်ငွေတိုးသည် ၎င်းပတ္တမြားသစ်ခွ (Ruby Orchid) နှင့်ပတ်သက်သည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ ထိပ်တန်းလျှို့ဝှက်ဖြစ်သည့် ဝေလမင်းသားအား ဆက်သမည့် သစ်ခွစစ်တမ်းသတင်းကိုသော်လည်းကောင်း ပြောပြလေရာ ထိုင်ဝမ်တရုတ်မှာ ဝမ်းမြောက်ပျော်ရွှင်သွားပြီး အောင်ငွေတိုးကို မက်လုံးအမျိုးမျိုးပြ၍ စည်းရုံးတော့၏။

အောင်ငွေတိုးသည် ပင်ကိုယ်အားဖြင့် နွမ်းပါးချို့တဲ့သူ ဖြစ်ရာ သူ့တစ်သက်လုံး ဘယ်လိုမှ အိပ်မက်ပင် မမက်ဘူးသော ငွေကြေးအမြောက်အမြားကို ထိုခရီးထွက်ခွာခြင်း မပြုခင်မှာပင် ရရှိခဲ့လေ၏။ လျှို့ဝှက်သတင်းနှင့် မိမိတို့သုတေသနအဖွဲ့သွား ရောက်မည့် ခရီးစဉ်မြေပုံကို ရောင်းလိုက်သဖြင့် ရရှိလိုက်သည့် ငွေကြေးများပင်ဖြစ်သည်။

ထိုမျှသာမက ပတ္တမြားသစ်ခွ (Ruby Orchid) ပန်းမျိုး ကို အပွင့်ရောအပင်ပါ ပေးအပ်ပါက ထပ်မံ၍ ငွေကြေးအမြောက် အမြား ပေးဦးမည်ဖြစ်ကြောင်း အခိုင်အမာ ကတိပြုပြောဆိုလေ





၏။

"ဒါ . . . ဒါဆိုရင် ကျွန်မတို့ တွေ့ခဲ့ရတဲ့ စခန်းက တရုတ်အလောင်းတွေဟာ အဲဒီထိုင်ဝမ်ကုမ္ပဏီက စေလွှတ်လိုက်တဲ့ ပုဂ္ဂိုလ်တွေပေါ့၊ ဟုတ်လား"

"သိပ်ကိုသေချာတာပေါ့၊ ကိုယ့်ဆီက ဝယ်လိုက်တဲ့ ခရီးစဉ်မြေပုံအတိုင်း သူတို့က ကိုယ်တို့ထက် လက်ဦးမှုရယူဖို့ ရောက်လာကြတာလေ၊ ဟား . . . ဟား . . . ဟား . . . ဟား . . . အခု ဒီကောင်တွေ အကုန်လုံးသေကုန်ကြပြီ၊ ကံကြမ္မာက ကိုယ်တို့ကို မျက်နှာသာပေးလိုက်တာလေ၊ ဒီပတ္တမြားသစ်ခွကို ကိုယ်တို့တစ်ဦးတည်း ပိုင်ဆိုင်ရတော့မယ်၊ ကိုယ့်အတွက်တော့ ဒါဟာ သစ်ခွပန်း မဟုတ်တော့ဘူး၊ တကယ့်ရတနာတွေပဲ၊ ဒီသစ်ခွပန်းတွေကိုသာ နိုင်ငံခြားက ဆေးဝါးလုပ်ငန်းတစ်ခုခုကိုပဲဖြစ်ဖြစ် ဒါမှမဟုတ် သစ်ခွကုမ္ပဏီတစ်ခုခုကိုပဲဖြစ်ဖြစ် ရောင်းလိုက်ရရင် ကိုယ်တို့အတွက် ဒီတစ်သက်မဟုတ်ဘူး၊ ဆယ်သက်စားလို့တောင် ကုန်မှာမဟုတ်တော့ဘူး သိရဲ့လား၊ ဒါကြောင့် ကိုယ်တို့နှစ်ယောက်လက်ထပ်ပြီးရင် ကမ္ဘာမှာ အချမ်းသာဆုံးသူဌေးကြီးတွေ ဖြစ်ပြီပေါ့ ရှယ်လီရယ်"

ရှယ်လီစတုန်းသည် ရှုံမှက်ခိုးဝေနေသည့် မျက်ဝန်းဖြင့် ကြည့်နေသည့် အောင်ငွေတိုးကို စက်ဆုပ်ရွံရှာစွာ ကြည့်လိုက်ပြီး မျက်နှာကို လွှဲဖယ်လိုက်၏။ ထိုအပြုအမူကြောင့် အောင်ငွေတိုးသည်း နားမလည်နိုင်သလို မျက်ခုံးတွန့်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီစကားတွေကို ကြားရတာ ရှယ်လီဝမ်းမသာဘူးလား ဟင်"

ထိုတစ်ကြိမ်မှာတော့ ရှယ်လီစတုန်း၏ မျက်ဝန်းတွေက မီးတောက်မတတ် စူးရဲတောက်ပသွားတော့၏။ ထိုမျက်ဝန်းဖြင့် ကြည့်ရင်း . . .

"ရှင့်ဆီက ဒီလိုစကားမျိုးကြားရတာ ကျွန်မဖြင့် အံ့ဩလို့ မဆုံးဘူး၊ ရှင့်လိုလူမျိုးတစ်ယောက်ကို ချစ်သူအဖြစ် ရွေးချယ်မိခဲ့တဲ့ ကျွန်မကိုယ်ကျွန်မလည်း နောင်တရလို့ မဆုံးဘူး၊ ဝမ်းနည်းမိပါတယ် ကိုအောင်ငွေတိုး၊ ရှင်ပြောတဲ့ အကြံအစည်ကို ကျွန်မ လုံးလုံးငြင်းပယ်တယ်၊ ရှင်ခေါ်တဲ့နောက်ကိုလည်း ကျွန်မ,မလိုက်နိုင်ဘူး၊ ရှင့်လို အတ္တကြီးတဲ့ လူတစ်ယောက်ကို ရွေးချယ်မိခဲ့တဲ့ အတွက် ကျွန်မကိုယ်ကျွန်မ အပြစ်တင်ရတော့မှာပဲလေ၊ ဒါပေမယ့် ရှင့်ကိုတော့ ကျွန်မသတိပေးလိုက်မယ်၊ သစ္စာဖျက်တဲ့သူဟာ တစ်ချိန်ချိန်မှာ သစ္စာတရားရဲ့ ဒဏ်ခတ်တာကို မလွဲမသွေ ခံရလိမ့်မယ်"

ဟုပြောပြီး မြေစိုက်တဲများဆီသို့ လှည့်ထွက်သွားတော့၏။

အောင်ငွေတိုးသည် ထင်မှတ်မထားသည့် တုန့်ပြန်စကားကို ကြားလိုက်ရသဖြင့် မကျေမနပ် တောက်ခေါက်ရင်း ကျန်ရစ်ခဲ့တော့၏။ တကယ်တော့ အောင်ငွေတိုးသည် ဘိုကပြားမလေး





ရှယ်လီစတုန်းကို လျှော့တွက်မိခဲ့ခြင်း ဖြစ်သည်။

သူမသည် လွန်စွာလှပသည်။ ခေတ်ဆန်သည်။ အပြောအဆို ရဲတင်းပွင့်လင်းပြီး ပွဲလမ်းသဘင်၊ အပျော်အပါး မက်မောသည်။ ထိုအကျင့်စရိုက်ရှိသူ အများစုမှာ ငွေကြေးကို လွန်စွာမက်မောကြစမြဲဖြစ်ရာ အောင်ငွေတိုးက သူမကိုလည်း ထိုသို့သတ်မှတ်ထားလေ၏။

အမှန်မှာတော့ ရှယ်လီစတုန်းသည် ခေတ်ကာလအလျောက် ငယ်ရွယ်သူတို့သဘာဝ လွတ်လပ်ပေါ့ပါးစွာ နေထိုင်ခြင်းဖြစ်သည်။ ကိုယ်ကျင့်တရားထိပါးသည့် အပြုအမူ၊ အနေအထိုင်မျိုးဖြင့် ပျော်ပါးသူမဟုတ်ပေ။ အပေါ်ယံအမြင်ဖြင့် ကိုယ်လိုရာဆွဲတွေးပါက မှားယွင်းသွားပေလိမ့်မည်။

ထိုသို့ လွတ်လပ်ပွင့်လင်းစွာ နေထိုင်သော်လည်း သူမသည် ရိုးသားမှုကို မြတ်နိုး၏။ သစ္စာတရားကို ယုံကြည်ကိုးစားတန်ဖိုးထား၏။

အောင်ငွေတိုးသည် သူမကို အပေါ်ယံအမြင်ဖြင့်ကြည့်ရင်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ သူသည် ၄င်းမီးဖိုအနီး၌ အချိန်အတော်ကြာသည့်တိုင်အောင် ငိုင်တွေနေမိသည်။ ဘယ်လိုမှ ပြင်ဆင်ခွင့်မရတော့မည့် အမှားကြီး ကျူးလွန်မိလိုက်သည့်အတွက် မိမိကိုယ်မိမိ မကျေမနပ် ဖြစ်နေလေ၏။

ခရီးစဉ်တလျှောက်လုံး အနည်းငယ်မျှ ရိပ်မိခြင်းမရှိအောင်



www.burmeseclassic.com

www.burmeseclassic.com



သတိကြီးစွာ လျှို့ဝှက်ထားသည့် အကြံအစည်မှာ အခုတော့ မိမိ လွန်စွာချစ်မြတ်နိုးသူတစ်ဦးကို လွဲမှားစွာ ယုံကြည်မိပြီး ဖွင့်ပြော မိလေပြီ။ ကြမ်းကျွံလျှင် နှုတ်၍ရသည်။ စကားကျွံလျှင် တစ်သက် လုံးနှုတ်၍မရ ဟူသောစကားပုံအတိုင်း မိမိစကားများမှာ အနေ့ နှင့်အမြန်ဆိုသလို အခြားသူများ သိရှိသွားမှာ သေချာသည်။

အောင်ငွေတိုးသည် အမြင်အာရုံ၌ ထင်ဟပ်လာသည့် ရှယ်လီစတုန်းကို မကျေမနပ် ကျိန်ဆဲလိုက်သည်။ ထိုခံစားမှုကြောင့် တစ်ချိန်က ရင်ခုန်ကြည်နူးမှုများမှာ အမုန်းဖြင့် လောင်မြိုက်သည့် ဒေါသအစိုင်အခဲများ ဖြစ်သွားလေ၏။

"တွေ့ကြသေးတာပေါ့ကွာ၊ ငါဆိုတဲ့အကောင်က ပါးစပ် ထဲရောက်လာတဲ့အစာကို ထွေးထုတ်ပစ်ရိုးထုံးစံမရှိဘူး၊ ကျားတစ် ကောင်ကို အမြီးက ဆွဲမိပြီဆိုမှ တစ်ကောင်လုံးဆွဲသွင်းရုံကလွဲပြီး တခြားနည်းလမ်းမရှိဘူးလေ။ မိရှယ်လီ . . . မင်း ငါ့အကြောင်း ကောင်းကောင်းသိရစေမယ်"

* * * *



## အခန်း (၁၄)

အောင်ငွေတိုးသည် သူ၏အကြံအစည်ကို ထိုညမှာပဲ အကောင်အထည်ဖော်ရန် အခွင့်အခါ ချောင်းမြောင်းအကဲခတ် နေတော့၏။ ချောင်းရိုးတွင် အသင့်ရှိသော ဝါးဖောင်ကို အရယူ ရန် ညဥ့်နက်သည်အထိ မအိပ်သေးဘဲ စောင့်ကြည့်နေလေ၏။

သူတို့အဖွဲ့သည် နောက်တစ်နေ့ရောက်သည်နှင့် ၄င်းဝါး ဖောင်ဖြင့် ပတ္တမြားသစ်ခွ (Ruby Orchid) ရှိရာနေရာသို့ သွား ရောက်ကြပေတော့မည်။ သူ၏အကြံအစည်မှာ ၄င်းသစ်ခွမျိုးပင် များနှင့် ပန်းပွင့်များကို အခြားသူများမတွေ့မီ လက်ဦးမှုယူပြီး ခိုးယူ မည်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သစ်ခွများရရှိပါက တောထဲတွင် ရက်အတော်ကြာ ပုန်းအောင်းနေထိုင်ပြီး မှတ်သားခဲ့သည့် လမ်းပြမြေပုံအတိုင်း ပြန်မည်ဖြစ်၏။ အတွေးဖြင့်ပင် စိတ်ထဲ၌ အကြိမ်ကြိမ် ပီတိဖြစ်ရလေ၏။

ထိုအကြံအစည်ကို အကောင်အထည်ဖော်ရာတွင် သူ့ချစ်သူရှယ်လီစတုန်းလည်း အတူတကွ ပါဝင်ခဲ့ပါက ဘယ်လောက်များ ပျော်စရာကောင်းလိုက်မလဲလေ . . .။

ထိုအတွေးဝင်လာသည်နှင့် ရင်တစ်ခုလုံး တင်းကြပ်ခံစားရပြန်၏။ ထို့ကြောင့် အမုန်းတရားကို ဒေါသဖြင့် ဖြေသိမ့်ရင်း အလျင်အမြန် ဖျောက်ဖျက်ပစ်လိုက်၏။ လွန်စွာအရေးကြီးသောအချိန်တွင် အဟန့်အတားဖြစ်စေမည့် အတွေးများကို ဖယ်ရှားရမည် မဟုတ်ပါလား။

ညဉ့်သန်းခေါင်ယံအချိန်တွင် ဖြစ်သည်။

ကျော်စွာ၏ ကင်းအလှည့်သည် ညဉ့်သန်းခေါင်ယံအချိန်တွင် ပြီးဆုံးပြီဖြစ်၏။ ကျန်အချိန်မှာ စိုင်းနော်၏ ကင်းအလှည့်ဖြစ်၏။ စိုင်းနော်သည် လက်နက်ကိရိယာ အစုံအလင်ဖြင့် ရောက်ရှိလာပြီး သူ၏တာဝန်ကို ထမ်းဆောင်လေ၏။

ထိုသို့ တာဝန်ထမ်းဆောင်ရင်း စိုင်းနော်သည် မည်သူ့ကိုမျှမပြဘဲ လျှို့ဝှက်ထားသည့် သေတ္တာလေးတစ်လုံးကို ယူလာ၏။ ၎င်းသေတ္တာမှာ မလိခမြစ်ကမ်းနံဘေး သင်္ဘောပျက်မှ ရရှိခဲ့ခြင်းဖြစ်သည်။





သူသည် ထိုသေတ္တာငယ်ကို များစွာစိတ်ဝင်စားမှုရှိသော်လည်း လူမလစ်သေး၍ တစ်ကြိမ်တစ်ခါမှ ဖွင့်မကြည့်ရသေးပေ။ အတွင်း၌ ငွေနှင့် အခြားတန်ဖိုးရှိသော ပစ္စည်းများရှိနေမည်ဟု ယုံကြည်နေမိသည်။

ထိုညမှာတော့ သူ၏အကြံအစည်ကို အကောင်အထည်ဖော်ခွင့်ရရှိလိုက်လေ၏။ အခြားသူများမှာ အိပ်မောကျနေပြီဖြစ်၍ မည်သူမှ သတိပြုမိကြမည် မဟုတ်ပေ။ သေတ္တာလေးမှာ သော့ခတ်ထားသောကြောင့် ဓါးဦးချွန်ဖြင့် ခက်ခက်ခဲခဲဖွင့်မှ သော့ပွင့်သွားလေ၏။

အထဲမှပစ္စည်းများကို ထုတ်ယူကြည့်သောအခါ ထူထဲသော ပိတ်စဖြင့် ပတ်ထုပ်ထားသော ငွေစက္ကူအချို့နှင့် ခြောက်လုံးပြူးသေနတ်တစ်လက်၊ ကျည်ဆံအချို့နှင့် လက်ပစ်ဗုံးနှစ်လုံးကို တွေ့ရလေ၏။ ငွေစက္ကူများကို ရေတွက်ကြည့်ရာ ငါးထောင်ခန့် ငွေပမာဏရှိနေသည်ကို တွေ့ရသဖြင့် လွန်စွာပျော်ရွှင်သွား၏။

ခြောက်လုံးပြူးသေနတ်နှင့် ကျည်ဆံများကလည်း တန်ဖိုးရှိသော အရာများဖြစ်သည်။ လက်ပစ်ဗုံးနှစ်လုံးကိုတော့ နောင်အကြောင်းကိစ္စများပေါ်လျှင် အသုံးပြုရန် စိတ်ကူးပြီး ထိုပစ္စည်းများကို သူ့အိတ်ထဲသို့ ပေါင်းထည့်လိုက်၏။ အခွံချည်းကျန်ခဲ့သော သေတ္တာကို အစဖျောက်သည့်အနေဖြင့် တောစပ်တစ်နေရာသို့ ပစ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ၏လှုပ်ရှားမှုများကို အလုံးစုံတွေ့မြင်လိုက်သူတစ်ဦး ရှိနေသည်ကို အနည်းငယ်မျှ ရိပ်မိခြင်းမရှိလိုက်ခြင်းမှာ သူ့အတွက် လွန်စွာဆိုးဝါးသော ကံကြမ္မာပင် ဖြစ်လေ၏။

တောစပ်မှ ပြန်လာသောအခါ သူ့အားပြုံးလျက်ကြည့် နေသည့် အောင်ငွေတိုးကို တွေ့လိုက်ရသဖြင့် သူသည် အထိတ် တလန့် ဖြစ်သွား၏။

“ဟာ . . . ဆရာအောင်ငွေတိုး မအိပ်သေးဘူးလား”

“အိပ်မပျော်တာနဲ့ စကားလေးဘာလေး ပြောရအောင် ထွက်လာခဲ့တာ၊ ပြီးတော့ သွေးပျက်ခြောက်ခြား မြင်တွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေကို မြင်ယောင်မိပြီး မွန်းကျပ်နေတာနဲ့ အဲဒီ အတွေးတွေ ပျောက်ပျက်သွားအောင် ကိုစိုင်းနော်နဲ့ စကားပြော ရင်း ဒါလေးလည်း လုပ်ချင်လို့ပါ”

ဟု သူ၏ဂျာကင်အိတ်ထဲမှ နိုင်ငံခြားဖြစ် စကော့ဝီစကီ အရက်ပုလင်းကို ထုတ်ပြလိုက်၏။

ထိုအခါကျမှ စိုင်းနော်လည်း မလုံမလဲ အမူအရာများ ပျောက်ကွယ်သွားပြီး အားတက်သရော အမူအရာဖြင့် . . .

“ကောင်းတာပေါ့ ဆရာအောင်ငွေတိုးရာ၊ ဆရာနဲ့တွေ့မှ ပဲ ကျွန်တော်လည်း ဒီလိုအရက်မျိုးတွေ သောက်ဖူးတော့တယ်”

ဟုပြောလိုက်ရာ အောင်ငွေတိုးလည်း သဘောကျစွာ တဟဲဟဲ ရယ်လိုက်လေ၏။





ထို့နောက်မှာတော့ သူတို့နှစ်ဦးသည် အရက်ကို ခွက် သည့်သောက်ရင်း ရောက်တတ်ရာရာ စကားများကို ပြောဆိုကြ လေ၏။ အောင်ငွေတိုးမှာ အရက်ကို အနည်းငယ်မျှသာသောက် ပြီး စိုင်းနော်ကို များများတိုက်လေ၏။ အရက်ပုလင်းတစ်ဝက်ခန့် ကုန်သွားသောအခါ စိုင်းနော်သည် အတော်အတန် ရီဝေမူးမော နေတော့၏။

ပြောနေသည့် အောင်ငွေတိုး၏ စကားများကလည်း သူ့ အတွက် စိတ်ဝင်စားဖွယ် ကောင်းနေပြန်၏။ မြို့ကြီးပြကြီးအကြောင်း၊ မိန်းမလှလေးတွေအကြောင်း၊ ထူးဆန်းသည့် အသုံးအဆောင် ပစ္စည်းများ၏အကြောင်း စသဖြင့် မရိုးနိုင်အောင် စိတ်ဝင်တစား ဖြစ်နေလေ၏။

အရက်ကလေးသောက်လိုက်၊ စကားလေးပြောလိုက် ရှိ နေရာမှ နောက်ဆုံးလက်ကျန်တစ်ခွက်ကို သောက်မိစဉ်မှာတော့ စိုင်းနော်သည် ကိုယ့်ကိုယ်ကို တည့်မတ်နိုင်စွမ်း မရှိလောက်အောင် မူးဝေသွားပြီး ထိုင်လျက်ကပင် နောက်လန်လဲကျသွားတော့၏။

အောင်ငွေတိုးသည် စိုင်းနော်၏မျက်နှာကိုငုံ့လျက် အနီး ကပ်ကြည့်လိုက်ပြီး အားရကျေနပ်စွာ ပြုံးလိုက်ပြီးနောက် စိုင်းနော် အနီးတွင်ကျနေသော အိတ်ကိုယူ၍ အတွင်းမှ ခြောက်လုံးပြူး သေနတ်ကို ထုတ်ယူကာ ခါးကြားတွင် ထိုးလိုက်ပြီးနောက် တောစပ် ဘက်သို့ တစ်ယောက်တည်း ဆင်းသွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းစပ်မှာတော့ သူတို့အဖွဲ့သားများ ကြိုးစားလုပ်ထားသော ဝါးဖောင်တစ်ခုက သူ့အတွက် အဆင်သင့်ရှိနေလေ၏။ အောင်ငွေတိုးသည် သူ၏အမိုက်ဇာတ်ကို မီးကုန်ယမ်းကုန် ကြလိုက်လေပြီး . . .

နောက်တစ်နေ့နံနက်မှာပဲ အဖွဲ့သားများသည် မြင်လိုက်ရသည့် အခြေအနေအပေါ်တွင် တအံ့တသြ ဖြစ်သွားကြ၏။ ပန်းဝင်ခါနီးရောက်မှ ခြေထောက်ရိုက်ချိုးခံလိုက်ရသည့် အဖြစ်မျိုးနှင့် ရင်ဆိုင်လိုက်ရသဖြင့် မချိတင်ကဲ ခံစားနေရ၏။

ကမ်းစပ်မှာထားသော ဝါးဖောင်လည်း မရှိတော့ပြီမို့ လွန်စွာအခက်တွေ့နေ၏။ ထို့ထက်ဆိုးသည်မှာ အရက်မူးလွန်ပြီး သတိလစ်မေ့မျောနေသော စိုင်းနော်၏အခြေအနေပင် ဖြစ်သည်။ စိုင်းနော်သည် ပုံမှန်အရက်မူးလွန်ပြီး သတိလစ်မေ့မျောသွားခြင်းမျိုး မဟုတ်ပေ။

မူးယစ်ဆေးဝါးအချို့ကို အရက်နှင့်ရောပြီး သတိလစ်မေ့မျောသွားစေရန် ကြိုတင်ကြံစည်ခဲ့ခြင်း ဖြစ်သည်။ ထိုအဖြစ်ကို ဆေးဆရာကြီးဦးဒေဝသည် အချိန်မီသိရှိလိုက်သဖြင့် စိုင်းနော် အဖို့ အသက်ဆုံးရှုံးမည့်အဖြစ်မှ လက်မတင်လေး လွတ်မြောက်သွားခဲ့ခြင်း ဖြစ်သည်။

ဦးဒေဝသည် အသင့်ယူဆောင်လာသော ဂမုန်းနီသုံးရွက်ကိုထုတ်၍ တစ်ရွက်ကိုကြိတ်ကာ အရည်ကို တိုက်၏။ ထိုသို့တိုက်ရာတွင် ကျော်စွာသည် ပါးစပ်မဟနိုင်အောင် မေးစေ့နေပြီဖြစ်သည့် ပါးစပ်အတွင်းသို့ ဇွန်းတစ်ချောင်းဝင်သာအောင် ကြိုးစားသွင်းပြီး ဆေးတိုက်ရလေ၏။

ထို့နောက် ပါလာသော နို့ဆီကို ရေနွေးပူပူနှင့်ဖျော်၍ နွားနို့ပြုလုပ်ကာ ဂမုန်းနီရွက်ကို နွားနို့ထဲစိမ်ပြီး တိုက်ပြန်၏။ ထိုအရည်များကို မိနစ်အနည်းငယ်ခြားပြီး မပြတ်တိုက်ကျွေးသည်တွင် အခြေအနေမှာ သိသာစွာ တိုးတက်ကောင်းမွန်လာတော့၏။

စိုင်းနော်သည် အနည်းငယ် လူးလွန့်လှုပ်ရှားလာပြီး . . .

"ကျွန် . . . ကျွန်တော် . . ."

ဦးဒေဝက သူ၏ပါးစပ်ကို လက်ဖဝါးဖြင့် အုပ်လိုက်ပြီး-

"သက်တောင့်သက်သာ နေလိုက်ဦး မောင်စိုင်းနော်၊ မင်းဝေဒနာ စိုးရိမ်စရာ မရှိတော့ဘူး၊ တစ်ရက်နှစ်ရက်လောက် အနားယူလိုက်ရင် ပုံမှန်အတိုင်း ပြန်ကောင်းသွားမှာပါ"

ထိုအခါ စိုင်းနော်လည်း ဦးခေါင်းကို ခပ်ဖြည်းဖြည်းညိတ်လျက် ဦးဒေဝကို ကျေးဇူးတင်သည့်မျက်ဝန်းဖြင့် ကြည့်နေလေ၏။ စိုးရိမ်စရာ မရှိတော့ပြီမို့ တဲအပြင်သို့ ဦးဒေဝထွက်လာသည့်အခါ မိမိတို့ မသိရှိခဲ့သော အကြောင်းကိစ္စများကို ဘိုမလေးရှယ်လီစတုန်းက ရှိုက်ရင်းရှင်းပြလေ၏။

"ကျွန်မတို့တစ်ဖွဲ့လုံး အခုလို အဖြစ်ဆိုးမျိုးနဲ့ ကြုံတွေ့ရတာ ကျွန်မလည်း အပြစ်မကင်းပါဘူး၊ ကျွန်မသိလိုက်ရတော့







www.burmeseclassic.com

www.burmeseclassic.com



အရမ်းကိုနောက်ကျသွားပါပြီ ဒေါက်တာရယ်၊ ဒီလောက် သစ္စာမဲ့တဲ့လုပ်ရပ်မျိုး ကြံစည်စိတ်ကူးလိမ့်မယ်လို့ ကျွန်မလုံးဝထင်မထားဘူး၊ မနေ့ညကမှ သူ့အကြံအစည်ကို သိလိုက်ရတာပါ၊ အခုလောက်မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်လိမ့်မယ်လို့ ကျွန်မထင်မထားဘူးလေ၊ ကျွန်မစိတ်ကူးတာက သူ့ရဲ့အကြံအစည်တွေကို ကျွန်မတို့အဖွဲ့သားတွေ အားလုံးက ဝိုင်းဝန်းဖျောင်းဖျပြီး ဟန့်တားမယ်လို့ စိတ်ကူးခဲ့မိတယ်၊ ခုတော့ . . . ”

သူမသည် ဝမ်းနည်းလှိုက်ဖိုငိုရှိုက်ရင်းက ပြောနေသဖြင့် စကားသံများမှာ တုန်ရီနေလေ၏။ သူမပြောပြတော့မှ ဒေါက်တာထင်အောင်ကျော်နှင့် ဦးဒေဝတို့၏ ပတ္တမြားသစ်ခွ (Ruby Orchid) ရှာပုံတော် ဇာတ်လမ်းကြီးမှာလည်း အားလုံးရှေ့တွင် ဖွင့်ချလိုက်သလို ဖြစ်သွားတော့၏။

ရှယ်လီစတုန်းသည် အောင်ငွေတိုးပြောပြ၍ သိရှိခဲ့ရသည့်အကြောင်းအရာများကို မခြွင်းမချန် ပြောပြလိုက်သောကြောင့်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ သူတို့အားလုံးသည် ရဲဘော်ရဲဘက်စိတ်ဓါတ်ဖြင့် သစ္စာတရားကို တန်ဖိုးထားသော ဘိုမလေးရှယ်လီစတုန်းကို သနားဂရုဏာဖြစ်သွားကြ၏။

ဒေါက်တာထင်အောင်ကျော်မှာလည်း ဘယ်လိုမှ လျှို့ဝှက်ထိန်ချိန်ထား၍ မရတော့ပြီမို့ ၄င်းပတ္တမြားသစ်ခွ (Ruby Orchid) အပေါ်တွင် ထားရှိသည့် သူ၏အတွေးအခေါ် အယူအဆများကို





ပွင့်ပွင့်လင်းလင်း ရှင်းပြလိုက်တော့၏။

ထိုစကားများကို နားထောင်နေရင်း နော်ရှိုးသည် အသိရခက်သော မျက်ဝန်းဖြင့် ကျော်စွာကို မကြာမကြာ ကြည့်နေလေ၏။ သူတို့အဖွဲ့သားများမှာလည်း ရက်ကာလကြာမြင့်စွာ တစ်ခရီးတည်း အတူတကွ သွားခဲ့ကြပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး နားလည်မှု အတော်အသင့် ရရှိခဲ့ကြပြီဖြစ်၏။

ဒေါက်တာထင်အောင်ကျော်သည် မိမိတို့အဖွဲ့သားထဲမှ သစ္စာဖောက်သူတစ်ဦးကြောင့် လက်ထဲရောက်ခါနီးမှ ဆုံးရှုံးရတော့မည့် အခြေအနေမျိုး ကြုံတွေ့လိုက်ရသဖြင့် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်နေလေ၏။

ထိုစဉ်မှာပဲ ကျော်စွာက စိတ်အားထက်သန်သည့် အမူအရာဖြင့် . . .

“ကျွန်တော် ဆရာထင်အောင်ကျော်ရဲ့ စိတ်နေသဘောထားကို ခရီးစဉ်တစ်လျှောက်လုံး ကောင်းကောင်းအကဲခတ်မိပါတယ်၊ ဆရာ့နှုတ်က ခုလိုကြီးကျယ်မြင့်မြတ်တဲ့ စကားမျိုး ကြားလိုက်ရလို့ ကျွန်တော်အရမ်းကို ဝမ်းသာကြည်နူးမိတယ်၊ အခုခရီးစဉ်ဟာ ဆရာပြောသလို အဆုံးသတ်မသွားပါဘူး၊ ပတ္တမြားသစ်ခွရယူပိုင်ဆိုင်နိုင်မယ့်နည်းလမ်း ကျွန်တော့်မှာ ရှိပါတယ်”

ဟူ၍ ပြောပြီးသည်နှင့် ၄င်းပတ္တမြားသစ်ခွသည်လည်း သူ့ဘဝနှင့် အဘယ်မျှဆက်နွယ်လျက်ရှိကြောင်းကို ဖွင့်ဟပြောဆို



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် သူ၏ဂျင်းဂျာကင်အင်္ကျီကိုချွတ်၍ သူ့ကျောပြင်မှာ ရေးထားသော မြေပုံကို စာရွက်တစ်ရွက်ပေါ်မှာ ကူးရေးခိုင်းလေ၏။

နော်ရှိုးတစ်ယောက်ကလွဲပြီး ကျန်လူများမှာ အံ့ဩနေကြ၏။ ဒေါက်တာထင်အောင်ကျော်က ကူးရေးပြီးသောအခါ ကျော်စွာက မြေပုံစာရွက်ကို ရှေ့တွင်ချပြီး လမ်းများကို ပြလေ၏။

"ပန်းတွေရှိတဲ့နေရာက ကျောက်တောင်တန်းတွေရှိတဲ့နေရာမှာပါ၊ ဒီကနေသွားရင် ကျောင်တောင်တန်းတစ်ခုကိုဖြတ်ပြီး သွားရပါမယ်၊ အားလုံးဆန္ဒရှိရင်တော့ သွားကြရုံပါပဲ၊ ညဘက်ဆိုတော့ အန္တရာယ်တော့ ရှိနိုင်ပါတယ်"

ထို့နောက် သူတို့အဖွဲ့သည် အတန်ကြာအောင် ညှိနှိုင်းတိုင်ပင်ပြီးနော့က် ခရီးဆက်ရန် ဆုံးဖြတ်လိုက်ကြ၏။ ဝေဒနာခံစားနေရသော စိုင်းနော်ကို စခန်းတွင် ဆေးဆရာကြီးဦးဒေဝက ပြုစုစောင့်ရှောက်ရင်း ကျန်နေရစ်ခဲ့မည်ဖြစ်သည်။

ဒေါက်တာထင်အောင်ကျော်၊ ကျော်စွာ၊ နော်ရှိုးနှင့် ရှယ်လီစတုန်းတို့ လေးယောက်ဖြစ်သည်။ သူတို့လေးယောက်သည် လက်နှိပ်ဓါတ်မီးများ၊ မီးတုတ်များကို ကိုင်ဆောင်ကာ ညတွင်းချင်းပင် ခရီးဆက်ကြည်၏။ မှောင်မိုက်သည့်အချိန်ဖြစ်၍ ကြယ်များကိုသင်္ကေတထားပြီး အရှေ့အနောက်တောင်မြောက် မှတ်သားကာ ခရီးဆက်ကြရ၏။

ခရီးက ကြမ်း၏။ လမ်းမရှိသောကြောင့် သင့်တော်သလို





လမ်းဖောက်ကာ သွားကြရလေ၏။

"ကိုကျော်စွာ . . . အခု ဘယ်အရပ်ကို ဦးတည်သွားနေတလဲ"

ဒေါက်တာထင်အောင်ကျော်က မေးလိုက်၏။

"သွားရမှာက အရှေ့ဖက်ကိုပဲ၊ ဒါပေမယ့် အခုမြောက်ဘက်ကို ဦးတည်နေတယ်၊ အလယ်မှာ ကျောက်တောင်ကြီးတစ်တောင်ခံနေလို့ အပေါ်က ဖြတ်တက်လို့ မရဘူး၊ ဒါကြောင့် တောင်ကိုပတ်ပြီး သွားနေရတာ"

ကျွန်တော်တို့ သတ်မှတ်တဲ့ နေရာရောက်ဖို့ ဘယ်လောက်သွားရဦးမလဲ"

"နောက်တစ်နေ့ညပိုင်းလောက်ဆိုရင် ရောက်သွားမှာပါ"

ထိုသို့ဖြင့် သူတို့သည် မည်းမှောင်နေသော တောနက်ကြီးအတွင်း မီးတုတ်များ၊ လက်နှိပ်ဓါတ်မီးများ အကူအညီဖြင့် ခက်ခက်ခဲခဲသွားကြရာ အာရုံတက်ချိန်သို့ အရောက်တွင် တောင်တန်းများပေါ်မှ ကျော်တက်လာသော အာရုံဦးအလင်းရောင်ကြောင့် အတန်အသင့် မြင်နိုင်ပါတော့၏။

နောက်ဆုံးကျော်ဖြတ်ရမည့် ကျောက်တောင်ကြီးအနီးသို့ ရောက်သောအခါ သူတို့သည် ခေတ္တအနားယူကြ၏။ ထိုနေရာမှာပဲ အစားအသောက်များကို ဖြစ်သလိုစားသောက်ပြီးနောက် အရိပ်ကောင်းသော သစ်ပင်များအောက်မှာ တရေးအိပ်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အချိန်အနည်းငယ်မျှသာ အိပ်စက်ပြီး နောက်ခရီးဆက်ကြပြန်၏။ တောတောင်ခရီးကို ဖြတ်သန်းရသောအခါ ယောက်ျားတွေချည်းပဲဆိုလျှင် စိတ်ရှိတိုင်း သွားလာနိုင်ကြမည်ဖြစ်သော်လည်း မိန်းကလေးနှစ်ယောက်ပါနေသောကြောင့် စိတ်သွားတိုင်းကိုယ်မပါ ဖြစ်ရလေ၏။

နောက်ရှိုးနှင့် ရှယ်လီစတုန်းတို့နှစ်ဦးမှာလည်း အဘယ်မျှပင် အားတင်း၍ လိုက်စေကာမူ တစ်ခါတစ်ရံမှာတော့ ဆက်မလိုက်နိုင်လောက်အောင် ပင်ပန်းနွမ်းနယ်လာကြ၏။ ထိုအခါ ကျော်စွာက နော်ရှိုးကို ဖေးမတွဲခေါ်၍ ရှယ်လီစတုန်းကိုတော့ ဒေါက်တာထင်အောင်ကျော်က တွဲခေါ်ခဲ့ရ၏။

"ဒေါက်တာ့ကို အားနာလိုက်တာ၊ ကျွန်မအတွက်နဲ့ အလုပ်တစ်ခုပိုသလို ဖြစ်နေပြီ"

ရှယ်လီစတုန်းက အားတုံ့အားနာ အမူအရာဖြင့် ထိုသို့ စကားဆိုလေရာ . . .

"ဒါအားနာစရာမှ မဟုတ်ဘဲ ရှယ်လီရယ်၊ ကျွန်တော်တို့တစ်တွေက သေဖော်ရှင်ဖက် ခရီးသွားကြတဲ့ မိတ်ဆွေတွေပဲ၊ တစ်ယောက်အကြောင်းရှိရင် တစ်ယောက်က ကူညီရမှာပေါ့"

"ကျွန်မသာ အောင်ငွေတိုးရဲ့ အကြံအစည်ကို အချိန်မီဟန့်တားနိုင်ခဲ့ရင် ကျွန်မတို့အားလုံး အခုလိုအဖြစ်မျိုး ကြုံတွေ့ရမှာ မဟုတ်ဘူး၊ လူတွေဟာ လောဘနဲ့တွေ့ကြတဲ့အခါမှာ ဘာ





ကြောင့်များ ပင်ကိုယ်အရည်အချင်းတွေ ပျောက်သွားကြတာလဲ မသိဘူးနော်"

"လောဘဆိုတာ မကောင်းမှန်းသိပေမယ့် လူတွေအားလုံးရဲ့ရင်ထဲမှာရှိနေတဲ့ အရာပဲလေ၊ တစ်ချို့က မိမိရင်ထဲမှာ လောဘရှိမှန်း မသိကြဘူး၊ အချို့ကတော့ သိကြတယ်၊ ဒါပေမယ့် လူတိုင်းမှာ လောဘဆိုတာ အတိုင်းအတာတစ်ခုအထိတော့ ရှိသင့်တဲ့အရာပဲလေ"

ရှယ်လီစတုန်းက ဇဝေဇဝါဖြစ်သွားသည့် မျက်လုံးဖြင့် ကြည့်လိုက်ရင်း . . .

"ဒေါက်တာ့စကားက တစ်မျိုးကြီးပဲ၊ ကျွန်မသဘောမပေါက်သလိုပဲ"

ဟုပြောလိုက်ရာ ဒေါက်တာထင်အောင်ကျော်က အနည်းငယ်ပြုံးလိုက်ပြီး . . .

"ဒီလိုပါ၊ လောဘမရှိရင် လူဟာ သာမန်ဘဝကနေပြီး မတိုးတက်နိုင်ဘူးလေ၊ လောဘရှိမှ ကြိုးစားချင်စိတ်ရှိလာမယ်၊ ကြိုးစားချင်စိတ်ရှိမှ ဘဝတိုးတက်မှုတွေ ရနိုင်ပါတယ်၊ ဒါပေမယ့် လောဘကို အသုံးချတဲ့နေရာမှာ မှန်ကန်ဖို့တော့ လိုတယ်၊ မစ္ဆရိယ၊ အာဃာတနဲ့ ဒုစရိုက်မှုတွေအတွက် အသုံးချရင် မှားမှာအမှန်ပဲ၊ မှန်ကန်ကောင်းမွန်တဲ့ ရည်ရွယ်ချက်အတွက် အသုံးချမှသာ အောင်မြင်မှုတွေ ရကြမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ့်ကို တန်ဖိုးရှိတဲ့ စကားပဲ ဒေါက်တာရယ်၊ ဒီစကားတွေ ပြောပြပေးတဲ့ ဒေါက်တာ့ကို ကျေးဇူးတင်ပါတယ်၊ ကျွန်မကို အခုလို ဖေးမကူညီပေးတဲ့ ကျေးဇူးတရားတွေကို ကျွန်မတစ်သက် ဘယ်တော့မှ မမေ့နိုင်တော့ပါဘူး"

ဟူ၍ပြောလိုက်ပြီး ဒေါက်တာထင်အောင်ကျော်၏ လက်မောင်းတစ်ဖက်ကိုတွဲ၍ ရှေ့သို့ခရီးဆက်ခဲ့လေတော့၏။

* * * *



## အခန်း (၁၅)

"ကိုကျော်စွာရေ . . . ဒီမှာ ကျွန်တော်တို့လုပ်ထားတဲ့ ဝါးဖောင်ကို တွေ့ရပြီ၊ အောင်ငွေတိုးကိုတော့ မတွေ့ရဘူး၊ သစ်ခွ ပန်းတွေ ရှိတဲ့နေရာကို သွားပြီထင်တယ်"

ဟူ၍ ဒေါက်တာထင်အောင်ကျော်က တအံ့တသြ ပြောလိုက်၏။

"ဟုတ်တယ်ဆရာ၊ ဒီနေရာက ပတ္တမြားသစ်ခွပန်းတွေ ပွင့်တဲ့နေရာနဲ့ မဝေးတော့ဘူး၊ သူပန်းနီတွေ ရှိတဲ့နေရာကို သွားပြီထင်တယ်"

သူတို့အားလုံး ဝါးဖောင်အနီး စုဝေးရောက်ရှိနေစဉ်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



တောစပ်ဖက်ဆီမှ ဟိန်းလျက်ထွက်ပေါ်လာသည့် အသံကို ကြားလိုက်ရသဖြင့် တအံ့တသြ လှည့်ကြည့်လိုက်ကြ၏။

"အားလုံးတစ်ယောက်မှ မလှုပ်ကြနဲ့၊ လှုပ်တာနဲ့ ကျပ်ပစ်လိုက်မှာနော်"

ထိုသူမှာ သစ္စာဖောက်အောင်ငွေတိုးပင် ဖြစ်၏။ သူသည် လက်ထဲမှ သေနတ်ဖြင့် ချိန်ထားရင်း တောစပ်မှ ထွက်လာလေ၏။ ထိုအခါ ရှယ်လီစတုန်းက . . .

"ဒီမှာ အောင်ငွေတိုး၊ နင့်အကြံပစ်စက်လှချည်လား၊ နင်ယုတ်မာသလို သူများတွေကို ယုတ်မာမယ် မထင်နဲ့၊ ငါတို့ဟာ အချင်းချင်းတွေအပေါ်မှာ သစ္စာဖောက်မယ့်လူ၊ ယုတ်မာရက်စက်မယ့်လူ တစ်ယောက်မှမပါဘူး"

ဟု အော်ပြောလေ၏။

"ဟား . . . ဟား . . . ဟား . . . အေးပေါ့လေ၊ မင်းက အခုတော့ သူတော်ကောင်းလေသံဟစ်နိုင်ပြီပေါ့။ အခု ငါ့ရည်မှန်းချက်တွေ ပြည့်ပြီ၊ ငါဟာ နေ့ချင်းညချင်း သန်းကြွယ်သူဌေးကြီးဖြစ်တော့မယ်၊ မင်းစိတ်ကူးမလွဲစမ်းပါနဲ့၊ အခုချိန် ငါ့ဆီ မင်းလာမယ်ဆိုရင် အချိန်မီသေးတယ်"

"ဝေးပါသေးတယ် အောင်ငွေတိုး၊ အဲဒီလို စိတ်ထားမျိုးဆိုတာ လူယုတ်မာတွေမှာပဲ ရှိတယ်၊ ငါတို့အဖွဲ့ထဲမှာ အဲဒီလိုယုတ်မာတဲ့စိတ်မျိုး ဘယ်သူမှမရှိဘူး"



BURMESE CLASSIC .com



"ဪ . . . မင်းက ဒီလိုလား၊ ကောင်းပြီလေ၊ မင်းတို့အားလုံးကို ငါဘယ်လိုပညာပေးမယ်ဆိုတာ ကြည့်ကြသေးတာပေါ့၊ ကိုင်း . . . အားလုံးလက်တွေ အပေါ်မှာမြှောက်ပြီး ရှေ့ကသွားကြပေတော့၊ နည်းနည်းလေးလှုပ်တာနဲ့ သေနတ်ကျည်ဆံက ခင်ဗျားတို့အသက်ကို ဇီဝိန်ချွေသွားမှာ အမှန်ပဲနော်"

သူတို့အားလုံးမှာ လေးယောက်တစ်ယောက်ဖြစ်သော်လည်း သူက သေနတ်ဖြင့်ချိန်ကာ လက်ဦးမှုရထားသောကြောင့် မလှုပ်သာကြပေ။ အဆုံးတော့ အမျိုးသမီးနှစ်ဦးကို ငဲ့ညှာပြီး သူ့အမိန့်အတိုင်း နာခံလိုက်ရတော့၏။

ဝါးဖောင်ထားရာနေရာနှင့် သစ်ခွပန်းများရှိသောနေရာမှာ မိုးရေဖြင့်ချောနေသော ကျောက်တုံးများဖြစ်၍ လျှောက်လှမ်းရသဖြင့် ခရီးမတွင်လှပေ။ တောင်ထိပ်ပေါ်သို့ရောက်ပြီး တစ်ဖက်ကျောက်နံ့ရံကို ကြည့်လိုက်သောအခါ ကျောက်နံရံတလျှောက်တွင် ရဲရဲနီလျက် ပွင့်နေသော ပတ္တမြားသစ်ခွပန်းများကို တွေ့လိုက်လေရာ အားလုံးအံ့သြသွားကြလေ၏။

သူတို့အားလုံး စိတ်ကူးဖြင့် တမ်းတခဲ့ရသော သစ်ခွပန်းများမှာ မျက်စိရှေ့မှာ အမှန်တကယ် တွေ့မြင်လိုက်ရလေပြီ။

ကျော်စွာသည် အခြေအနေကို ကောင်းစွာသတိပြုမိလိုက်၏။ ထိုအရာမှာ သူတို့ရှေ့တွင် တွေ့နေရသော တွင်းနက်ကြီးဖြစ်၏။ ဖခင်ပြောပြချက်အရ တွင်းနက်ကြီးထဲမှာ မြွေကြီးများ အထွေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရှိနေမည်ကို တွေးမိလိုက်သောကြောင့် ဖြစ်သည်။

သူလှမ်းကြည့်တော့ ဒီဖက်ကမ်းမှ ဟိုဘက်ကမ်းသို့ သွယ်တန်းနေသော သစ်ပင်ကြီးကိုလည်း တွေ့ရ၏။

အောင်ငွေတိုးက ရှယ်လီစတုန်းရှေ့သို့ အိတ်တစ်လုံးပစ်ချပေးလိုက်ကာ သေနတ်ဖြင့်ချိန်ရင်း . . .

"သစ်တုံးပေါ်ကနေ ဟိုဘက်ရောက်အောင် ကူးသွားပြီး ဒီအိတ်ထဲမှာ သစ်ခွပင်နဲ့ သစ်ခွပန်းပွင့်တွေ ထည့်ယူလာခဲ့ . . ."

ထိုအခါ ရှယ်လီစတုန်းက ရွံရှာမုန်းတီးသည့် မျက်ဝန်းဖြင့်ကြည့်ရင်း . . .

"မသွားနိုင်ဘူး"

ဟု အပြတ်ငြင်းလိုက်၏။

အောင်ငွေတိုးသည် ရုတ်တရက်ပင် ဒေါသတကြီး မျက်နှာနီမြန်းသွားပြီး . . .

"ငါခိုင်းတာ မလုပ်ရင် ဒီလူတွေ ဘာဖြစ်သွားမလဲသိလား။ သူတို့ကို တန်းစီပြီး တစ်ယောက်ချင်းပစ်သတ်ပြမယ်"

ဟုပြောပြီး နော်ရှီးကို သေနတ်နှင့် ချိန်လိုက်၏။ ထိုအခါ ရှယ်လီစတုန်းလည်း မာန်လျှော့လိုက်ရပြီး ရှေ့တွင်ရှိသော အိတ်ကိုကောက်ယူလိုက်ကာ . . .

"နင် . . . နင် . . . လူယုတ်မာ . . ."

ဟုရေရွတ်ကာ လဲကျနေသော သစ်တုံးရှိရာသို့ တိုးကပ်





သွားလေ၏။

"ရှယ်လီ . . . သတိထား . . . သတိထား၊ သစ်တုံးက အတော်ဆွေးနေပုံရတယ်"

ဟု ဒေါက်တာထင်အောင်ကျော်က အော်ဟစ်သတိပေးလိုက်၏။

ရှယ်လီစတုန်းသည် အိတ်ကိုကျောတွင် သိုင်းလွယ်လိုက်ပြီး သစ်တုံးထိပ်မှာ ရပ်လိုက်၏။ အောက်ဖက်သို့ လုံးဝငုံ့မကြည့်မိလောက်အောင် သတိထားရင်း ခေါင်းကိုမော့ကာ အသက်ကိုဝအောင် ရှူလေ၏။ ရှေ့သို့ ခြေတစ်လှမ်းလှမ်းထိုးလိုက်သည်နှင့် သစ်တုံးက လှုပ်လာ၏။

အလယ်လောက်ရောက်သောအခါ သစ်တုံးမှာ ပိုပြီးလှုပ်သွားလေရာ ထိုလှုပ်ခါမှုကြောင့် အဖျားဖက်မှ အကိုင်းအခွေးများကျိုးထွက်ကုန်ပြီး အောက်သို့နိမ့်ဆင်းသွား၏။

"အား . . ."

နော်ရှီးမှာ မကြည့်ဝံ့သောကြောင့် မျက်နှာလွှဲလိုက်လေ၏။ ကျန်လူများမှာလည်း အသက်ရှူရန်ပင် မေ့နေကြပြီး ရင်တမမနှင့် လှမ်းကြည့်နေကြ၏။ သို့သော် ရှယ်လီစတုန်းအတွက် ကံကောင်းသည်ဟု ဆိုရပေမည်။ သစ်ကိုင်းဖျားတစ်ခုက ကျောက်ဆောင်အစွန်းတွင် တင်နေသောကြောင့် အောက်သို့ဆက်မကျဘဲ ယိုင်တန့်သွား၍ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ အသီးသီး သက်ပြင်းချနိုင်ကြတော့၏။

ထိုအခါ ကိုယ်ကိုမတ်မတ်လျှောက်၍ မရတော့သဖြင့် သစ်လုံးကိုဖက်ကာ လေးဘက်တွားပြီး သွားရတော့၏။ ထိုအခါ အောက်ဖက်မှ မြင်ကွင်းကို သွေးပျက်တုန်လှုပ်ဖွယ် တွေ့လိုက်ရ၏။ တွင်းနက်ထဲမှာရှိနေသော မြွေကြီးများ လှုပ်ရှားလာသည့် မြင်ကွင်းပင် ဖြစ်သည်။

အချို့အကောင်များက အပေါ်မှ လှုပ်ရှားမှုကိုတွေ့သဖြင့် တွင်းထဲမှ အပေါ်သို့တက်ရန် ဟန်ပြင်နေကြ၏။ ထိုအဖြစ်ကို အား လုံးလည်း သတိပြုမိလိုက်ရာ ဒေါက်တာထင်အောင်ကျော်က . .

"ရှယ်လီ . . . အောက်ကိုမကြည့်နဲ့၊ သစ်တုံးက သိပ်မခိုင် ဘူး၊ ဒီဘက်ရောက်အောင် အမြန်ကူးလာခဲ့"

ဟု အော်ပြောလေ၏။

ထိုအသံများကြားတော့မှ ရှယ်လီစတုန်းလည်း စိတ်ကို တင်းပြီး တဖြည်းဖြည်း နောက်ဆုတ်ရွေ့လျားလေ၏။ သစ်တုံးက လည်း တဖျစ်ဖျစ်အသံများ ပို၍ပင်ထွက်ပေါ်လာ၏။

ထိုအချိန်မှာ တွင်းထဲမှ အလွန်ကြီးသော မြွေကြီးတစ် ကောင်သည် ကျောက်နံရံပေါ်မှ တဖြည်းဖြည်း အပေါ်သို့တက် လာနေပေပြီ။

ရှယ်လီစတုန်းသည် တဖြည်းဖြည်း နောက်ဆုတ်ရွေ့လျား ခဲ့ရာ ကျောက်နံရံအစွန်းသို့ ရောက်ကာနီးမှ သစ်တုံးက ခါးလည်မှ





ကျိုးကျသွားတော့၏။

"အမလေး . . ."

"ဟာ . . ."

"ဟင် . . ."

"ရှယ်လီ . . ."

အော်သံများ အသီးသီး ထွက်ပေါ်သွားတော့၏။

ခါးလည်မှ ထက်ပိုင်းကျိုးသွားသော သစ်တုံးကြီး၏အဖျား ပိုင်းက တွင်းထဲသို့ကျသွားလေရာ မြွေများကို လှုပ်နှိုးလိုက်သလို ဖြစ်သွားတော့၏။

ကံကောင်းသည်ဟု ဆိုရပေမည်။ သစ်တုံးအရင်းပိုင်းကို ဖက်လျက်သားပါလာသော ရှယ်လီစတုန်းသည် ဒီဖက်ကျောက် နံရံသို့ ရောက်သောအခါ နွယ်ကြိုးတစ်ချောင်းကို မိမိရရ ဆွဲလိုက် နိုင်သဖြင့် သစ်တုံးကြီးနှင့်အတူ အောက်သို့ပါမသွားခြင်း ဖြစ်သည်။

ထိုအခါ ဒေါက်တာထင်အောင်ကျော်လည်း ဖြစ်ချင်ရာ ဖြစ်ဟူ၍ ဆုံးဖြတ်ပြီး နွယ်ကြိုးကိုကိုင်ကာ တန်းလန်းကြီးဖြစ်နေ သော ရှယ်လီစတုန်းအား အပေါ်သို့ဆွဲတင်ရန် ကြိုးစားလေ၏။ အပေါ်သို့ရောက်သောအခါ ရှယ်လီစတုန်းမှာ ကြောက်ရွံ့စိတ်များ သွန်းနေသဖြင့် သတိမေ့လုမတတ်ဖြစ်နေလေရာ ထင်အောင်ကျော် က တွဲ၍တောစပ်ဖက်သို့ ခေါ်လာခဲ့ရ၏။

ထိုအခိုက်မှာပဲ သေနတ်ကိုင်ရင်း မင်တက်ငေးမောနေ



www.burmeseclassic.com

www.burmeseclassic.com



သော အောင်ငွေတိုး၏ အထိတ်တလန့် အော်သံကို ကြားလိုက်ရ
၏။

"ကယ်ကြပါဦး . . . ကယ်ကြပါဦး၊ ကျုပ်ကို ကယ်ပေး
ကြပါဦး"

သူသည် မြေတွင်လူးလိမ့်ရင်း ငြီးတွားအော်ဟစ်နေလေ
ရာ အားလုံးမှာ တအံ့တသြဖြစ်သွားပြီး အနီးသို့သွားရောက်ကြည့်
ရှုရာ လွန်စွာအဆိပ်ပြင်းထန်သည့် ပင့်ကူနက်ကိုက်ခြင်းကို ခံလိုက်
ရခြင်းဖြစ်ကြောင်း တွေ့ရှိကြရလေ၏။

ထိုအခါ ဒေါက်တာထင်အောင်ကျော်က အောင်ငွေတိုး
ကို မသက်မသာကြည့်ရင်း . . .

"လောကမှာ မကောင်းမှုဝဋ်ကြွေးဆိုတာ နောင်ဘဝထိ
အောင် မစောင့်ဘူး၊ ခုဘဝမှာတင် ပြန်ဆပ်ရတယ်၊ ခုတော့ မင်း
အတွက် အများကြီးနောက်ကျသွားပြီ . . . အောင်ငွေတိုး"

ဟုပြောလိုက်လေ၏။

ထိုစဉ် နောက်ဘက်ချောက်ကမ်းပါးဆီမှ အလွန်ကြီးသော
မြွေတစ်ကောင်၏ ဦးခေါင်းထိုးတက်လာသည်ကို . . .

"ဆရာ . . . ဒီကို မြန်မြန်လာ မြွေကြီးတက်လာနေပြီ"

ကျော်စွာက ထိုသို့ပြောပြီး စိုင်းနော်အိတ်ထဲမှ ယူလာ
သည့် လက်ပစ်ဗုံးနှစ်လုံးကို တစ်ပြိုင်နက် စနက်တံဖြုတ်ပြီး မြွေ
တွင်းထဲသို့ ပစ်ချလိုက်တော့၏။





"ဝုန်း . . . ဝုန်း . . ."

ပေါက်ကွဲသံကြီးများ ပြင်းထန်စွာ ပေါ်ထွက်လာပြီး ကျောက်
တောင်တစ်ခုလုံး သိမ့်သိမ့်တုန်သွားလေသည်။ ပေါက်ကွဲသံ၊
ကျောက်တောင်ပြိုသံ၊ ပွဲတင်သံကြီးများ ငြိမ်ကျသွားတော့မှ သူတို့
အားလုံး အမောဖြေခွင့်ရကြတော့၏။

"အခုမှပဲ လူတွေကို ဒုက္ခပေးတဲ့ မြွေကြီးတွေရော၊ သစ်ခွ
ပန်းနီတွေပါ မျိုးပြုန်းကုန်တော့တယ်"

ဟု ဒေါက်တာထင်အောင်ကျော်က ပြောလိုက်ရာ . . .

"ဒါဖြင့် ကျွန်မတို့ သက်စွန့်ကြိုးပမ်းစွန့်စားပြီး လာရကျိုး
မနပ်တော့ဘူးပေါ့နော်"

ဟု နော်ရှီးက ဝမ်းနည်းသံလေးဖြင့် ပြောလေ၏။

"ဒါကတော့ ဘယ်တတ်နိုင်ပါ့မလဲ နော်ရှီးရယ်၊ ကံတရား
ပေါ့"

ဒေါက်တာထင်အောင်ကျော်က ထပ်မံနှစ်သိမ့်ပြောလိုက်
ရပြန်၏။

ထိုအခါ ကျော်စွာက . . .

"ဒီခရီးဟာ ကျွန်တော်တို့အတွက် ဘဝတသက်လုံး အမှတ်
ရစေမယ့် ခရီးဖြစ်လို့ နစ်နာဆုံးရှုံးတယ်လို့ ကျွန်တော်တော့ မယူဆ
ဘူး၊ ကျွန်တော်တို့ရဲ့ ဇွဲဝီရိယ၊ သစ္စာတရားတွေကို အနိုင်အမာ
ဆုပ်ကိုင်ထားနိုင်ခဲ့တဲ့ အောင်မြင်မှုအဖြစ် ကျွန်တော့်တစ်သက်လုံး အမြဲ



www.burmeseclassic.com

www.burmeseclassic.com



အမှတ်ရနေမယ့် ခရီးတစ်ခုပါပဲ"

ထိုအခါ ကျန်လူများမှာ ကျော်စွာ၏စကားကို ထောက်ခံသည့်အနေဖြင့် ဝမ်းမြောက်ဝမ်းသာ အော်ဟစ်လိုက်ကြလေ၏။ ထိုအချိန်မှာပဲ အရှေ့ဖက်မှ အာရုံဦးအလင်းရောင်များ ထွက်ပေါ်လာပြီဖြစ်ရာ သူတို့အားလုံး ထိုကျောက်ဆောင်ကြီးကို ကျောခိုင်းလျက် ဝါးဖောင်ဆိုက်ကပ်ထားရာ ချောင်းရိုးဆီသို့ တစ်ဦးကိုတစ်ဦး ဖေးမရင်း ကြည်နူးပျော်ရွှင်စွာ ထွက်ခွာခဲ့ကြလေတော့သတည်း။

BURMESE CLASSIC .com

စာဖတ်ပရိသတ်များ၏

မေတ္တာကိုခံယူလျက် . . .

တိက္ကမ

www.burmeseclassic.com